

www.burmeseclassic.com
အောင်မြင်
စာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြပုလဲခင်
ချစ်သူသူ့ဆီ
ပန်းချီ သိန်းဇေ ရွှေကြည်
2010
www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၇
မြပုလဲခင်
ချစ်သူ သူ့ဆီ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၀။
၂၆၆ - စာ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) မြပုလဲခင်


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - - ၅၀၁၇၈၄၀၂၁၀ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - - ၅၀၀၁၂၄၀၄၁၀

ဖြန့်ချိရေး အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးကျောက်မြောင်း။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ဂုပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။


ထုတ်ဝေသူ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၁၀ ခုနှစ်၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး ၁၅၀၀ ကျပ်။




www.burmeseclassic.com

www.burmeseclassic.com





(၁)

BURMESE CLASSIC .com

"ဝုတ်. . ဝုတ်. . ဝုတ်"

မမျှော်လင့်ဘဲ အင်းခွေးကြီးတစ်ကောင်နှင့် ဘွားခနဲ ပြိုင်ဆိုင်တိုးလိုက်ရချိန်တွင် တန်ခြာမျက်လုံးများ ပြာဝေသွားသည်။

"ဘုရား. . . ဘုရား"

ဘုရားမှတပါး ကိုးကွယ်ရာ မရှိသောဘဝဖြစ်၍ တန်ခြာ မျက်လုံးစုံမှိတ်ထားလိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

ဟောင်သာ ဟောင်သည်၊ မကိုက်တတ်ဘူး ထင်ပါသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အနားတွင် ရှိနေသော ထိုးဝါးနှင့် ရိုက်ရန်လည်း တန်ဖြာစိတ်ကူးထဲတွင် မရှိပါ။ ခွေးသည် အပြစ်မရှိ။ သူ့သခင်ပစ္စည်းတွေကို သူ့ဝတ္တရားအရ စောင့်ရှောက်ခြင်းဖြစ်သည်။ မိမိသာ ပိုင်ရှင်ခွင့်ပြုချက် မရှိဘဲ ကျူးကျော်ဝင်ရောက်နေသူဖြစ်သည်။

"ကျွတ်. . ကျွတ်. . ကျွတ်၊ ငါ နင့်သခင်ပစ္စည်းတွေ ခိုးမလို့ မဟုတ်ပါဘူးကွာ၊ ငါ့မှာ နေစရာမရှိလို့ ခဏလေး နေပါရစေနော်၊ ဘာပစ္စည်းမှ မတို့ပါဘူးနော်. . . လိမ္မာပါတယ်"

ခွေးကြီးက နားလည်သည် နားမလည်သည် အပထား၊ တန်ဖြာက တီးတိုးဖြေရှင်းချက် ထုတ်လိုက်သည်။ များသောအားဖြင့် ခွေးသည် လူစကား နားလည်တတ်သည်။

"ဝုတ်. . ဝုတ်"

ခွေးကြီးဟောင်သံ အနည်းငယ် တိုးသွားသည်။ အမြီးအနည်းငယ် ခါစပြုလာလေပြီ။ တန်ဖြာ သက်ပြင်းချပြီး. . .

"တကယ်ပါနော်. . . ငါ နင့်ရန်သူ မဟုတ်ပါဘူး၊ ပစ္စည်းတွေလည်း မယူပါဘူး၊ ခဏလေး ခိုအောင်းနေရုံပါ၊ ငါ့မှာ ရန်သူတွေ ဝိုင်းနေလို့ပါနော်. . နော်၊ ငါ ခဏလေး ပုန်းနေမယ်၊ နင့်သခင်လာလည်း သတင်းမပေးလိုက်ပါနဲ့ဦးနော်. ."

ခွေးကို မျက်နှာချိုသွေးပြီး စကားပြောရသည့်ဘဝကို တန်ဖြာ ရောက်နေပြီ။ ပိုင်ရှင်မသိအောင် ပိုင်နက်ကျူးလွန်မိနေပြီကိုး။

"အီ. . . အီ. . . အီ"

တော်သေးသည်။ ဤခွေးသည် လူစကား နားလည်ဟန်တူသည်။ တန်ဖြာ၏စကားကို နားလည်ဟန်နှင့် တန်ဖြာရှေ့တွင် ငုတ်တုတ်ထိုင်လေပြီ။



BURMESE CLASSIC .com



"အာ. . . နင်က တော်တယ်၊ လူစကား နားလည်တယ်နော်၊ ငါ ဒုက္ခရောက်လာလို့ပါ၊ နင်မကယ်ရင် ငါသေဖို့ပဲ ရှိတော့တယ်၊ ခုမှပဲ သတိရတယ်၊ သကြားလုံး စားဦး"

စလင်းဘက်အိတ်ကြီးထဲမှ ဘာလီသကြားလုံး နှိုက်ကာ တစ်လုံးဖြေကျွေးလိုက်သည်။ ခွေးကြီးကား ရုတ်တရက် မစားသေး။ နမ်းကြည့်သည်။ ပြီးတော့ တန်ဖြာကို လှမ်းကြည့်သည်။ တန်ဖြာ တဒင်္ဂ အရှာရာကို မေ့ပျောက်သွားသည်။

"အံမယ်. . . နင်က ငါ့ကို မယုံလို့လား၊ အဆိပ်ခတ်ထားမှာစိုးလို့လား၊ နေ. . . ဒါဆိုရင် ငါအရင်စားပြမယ်"

တန်ဖြာ ဘာလီသကြားလုံး ထပ်ဖြေကာ ငုံပြပြီးမှ ခွေးကြီးကို ချကျွေးလိုက်သည်။

"ရော့. . . နင့်ကို ငါက ဘာကိစ္စ အဆိပ်ခတ်ရမှာလဲ၊ နေခွင့်ပေးတာတောင် ကျေးဇူးတင်လှပြီ"

ထိုအခါကျမှ ခွေးကြီးက စိတ်ချလက်ချ စားတော်မူလေသည်။ တန်ဖြာ ပြုံးလိုက်မိသည်။

"ကြီးကျယ်လိုက်တာ. . . နင် တော်တော်လူလည်ကျတာပဲလေ. . . ခွေးလည်ကျတာပဲ"

တန်ဖြာချပေးသော ဘာလီသကြားလုံး နှစ်လုံးသုံးလုံးမျှကို စားသည်။ တန်ဖြာက ခွေးကြီးလည်ဆံမွေးလေးများကို အသာပွတ်သပ်ပေးလိုက်သည်။

ခွေးသည် ယဉ်ပါးလွယ်သောသတ္တဝါဖြစ်သည်။ တန်ဖြာအပေါ် နားလည်လက်ခံသွားသည်။ တန်ဖြာဘေးတွင် ဝင်တွားလာသည်။

"နင်နဲ့ငါနဲ့ ဘော်ဒါဖြစ်သွားပြီနော်၊ ငါအိပ်ချင်တယ်ဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ခဏအိပ်လိုက်မယ်နော်၊ နင့်သခင် လာရင် ငါ့ကို ကူပြောပေးဦးနော်"

တန်ဖြာက ပြောပြောဆိုဆို ပေါင်းမိုးအောက်က ချောင်ကလေးတွင် ခပ်ကွေးကွေးလေး အိပ်လိုက်သည်။ စိုးရိမ်ခြင်း၊ သောကကြီးစွာ ရောက်ခဲ့ခြင်း၊ လူရောစိတ်ပါ ပင်ပန်းခဲ့ရခြင်းတို့သည် အင်းခွေးကြီး၏စောင့်ရှောက်မှုအောက်ဝယ် လုံခြုံစိတ်ချစွာ ရှိသဖြင့် တဒင်္ဂအတွင်း အိပ်ပျော်သွားလေသည်။

အိပ်ပျော်ခြင်းသည် ခေတ္တခဏလေး သေဆုံးခြင်းဖြစ်သည်။ စိုးရိမ်သောက ဗျာပါဒတို့သည် မြူမှုန်မျှ မတင်၊ ကင်းစင်ပပျောက်လျက် အေးချမ်းစွာ ရှိနေချေသည်။



BURMESE CLASSIC .com





(၂)

ရှစ်ခွင်တစ်ခုလုံး မဟူရာဝတ်ရုံကို လွှမ်းခြုံထားသည်။ မိုးတိမ်သားတို့၏စည်တော်ယွန်းကာ စစ်ခင်းသံကား သောသောညံလျက်။ ဓားလှံလက်နက်တို့၏ပြိုးပြိုးပြက်ပြက် အရောင်လက်မှုတံလျှပ်ပန်းလျှပ်နွယ်သဖွယ် တန်ဆာဆင်လျက် ရှိချေသည်။

ကံဆိုးမ သွားရာ မိုးလိုက်လို့ ရွာချေပြီထင့်။ သဲသဲမဲမဲ နှင့်ပဲကြီးစွာ ရွာချလာသောမိုးဆီ ဥပေက္ခာပြုလျက် သေလုမျောပါး ပြေးနေခဲ့ရသည်။

ရှူးရှူးရှဲရှဲ မောဟိုက်သံသည် မိုးည၏ငြိမ်းချောက်မှုကို



www.burmeseclassic.com

www.burmeseclassic.com



အံတုထွက်ပေါ် လျက်ရှိသည်။

နောက်သို့ လှည့်ကြည့်လိုက်တိုင်း အရိပ်မည်းကြီးက လိုက်လာစမြဲ။

ခြေလက်တို့ ပန်းကျကာ နွမ်းလျဖြေလျော့ခွေ အနားယူချင်လှပါပြီ။

ဇောချွေး၊ သောကမျက်ရည် စွန်းထေးနေသော သွေးစက်တို့ကို မိုးသီးမိုးပေါက်တို့က ဆေးကြောသုတ်သင်ပေးသဖြင့် တော်သေးသည်။

သို့သော် ခိုက်ခိုက်တုန်အောင် ချမ်းကာ ခြေလက်တို့မသယ်နိုင်အောင် ဆင်းရဲကြီးစွာ ပင်ပန်းနွမ်းနယ်လာသည်။ ဒူးပါ ညွတ်ခွေကျလာသည်။

မူးဝေကိုက်ခဲကာ လှုပ်မရအောင် ခံစားလိုက်ရသည်။ အာကာသ ဟင်းလင်းပြင်ထဲ ရောက်လုလုကို ဆောက်တည်ရာမရ။ အားကိုးတကြီး ဖမ်းဆွဲရန် ကြိုးစားရင်း အော်ဟစ်လိုက်သည်။

"မေမေ. . မေမေ. ."

"အား. ."

ကြီးမားသော မိုးရေမိုးပေါက်ခဲကြီး သူ့ခန္ဓာကိုယ်ပေါ် ပြိုဆင်းလာသည်။

"အား. . မေမေ. . မေမေ"

ကြောက်လန့်တကြား တွန်းဖယ်ရင်း ရုန်းကန်ထရန် ကြိုးစားလိုက်သည်။

"ဟေ့. . . ထစမ်း"

"ဗွမ်း. ."

ရေလုံးအရှိန်က မျက်နှာပြင်ပေါ် ပြင်းထန်စွာ ကျလာ





သည်။ ပြာဝေကျိန်းစပ်သွားသောမျက်လုံးကို ဖွင့်ရန် ကြိုးစားသည်။ ခေါင်းထူနိုင်ရန် ကြိုးစားသည်။

"အီ. . အီ. . အီ. ."

"ဟေ့ကောင်. . . ဂုမ္ဘာန် ဖယ်စမ်း၊ မင်းနဲ့ ဘာဆိုင်လို့လဲ၊ ခင်းမယားမို့လား"

ဘုရား. . . ဘုရား။ တန်ခြာ လက်ရှိအနေအထားကို သတိရလာသည်။ ပွဲခိုတ်တစ်စင်း၏ပေါင်းမိုးကလေးထဲဝယ် အိပ်ပျော်သွားခဲ့သည်။ အင်းခွေးကြီးနှင့် မိတ်ဆွေဖြစ်သွားခဲ့ပြီး လုံခြုံစိတ်ချမှုဖြင့် စိတ်ဒုံးဒုံး ချကာ အနားယူ အိပ်ပျော်သွားခဲ့ရာမှ ပိုင်ရှင်ပြန်ရောက်လာလေပြီ။

ရင့်သီးကြမ်းတမ်းခက်ထန်လွန်းသော စကားကြောင့် တန်ခြာ သေချင်စိတ် ပေါက်သွားသည်။

မူးဝေကိုက်ခဲနေသော ခေါင်းကို ထူရန် ကြိုးစားစဉ် နောက်တစ်ချီ ရေလုံးအရှိန်ဖြင့် ပစ်လောင်းခံလိုက်ရသောအခါ. . .

"အား. . . အမေ့"

တန်ခြာ ခေါင်းလည်ထွက်သွားပြီး မျက်လုံးမီးတောက်ကာ အာကာသဟင်းလင်းပြင်ဆီ ဆောက်တည်ရာမရ လွင့်ပါးသွားလေပြီ။ နောက်ဆုံး အသံတစ်ခုတော့ ကြားလိုက်ရသည်။

"တောက်. . ."



www.burmeseclassic.com

www.burmeseclassic.com





(၃)

သူ ဒေါ်သတကြီး ရေပုံးကို ပစ်ချလိုက်သည်။ တုတ်တုတ်မျှ မလှုပ်တော့သောမိန်းမကို ကြည့်ကာ စိတ်တိုလာသည်။

"ဟော့ မိန်းမ. . . ထစမ်း၊ မူယာမာယာ လာမများနဲ့"

သူ့အပြောသည် တစ်ဖက်သတ် သက်သက်သာ ဖြစ်နေသည်။ မိန်းမက လှုပ်ရှားမှု မရှိ။

"အီး. . . အီး. . . အီး"

ဂုမ္ဘာန်က မိန်းမကို နမ်းလိုက်၊ သူ့အား မော့ကြည့်ပြီး အမြီးလေး နှံ့ကာနှင့်. . . မလုပ်ပါနဲ့ သခင်ရယ်၊ သနားပါတယ်၊





သူ့ခမျာ မိန်းမသားပါဟု တောင်းပန်နေသယောင်ယောင် ရှိနေ၏။

"နင် ဘာသိလို့လဲ ဂုမ္ဘာန်၊ အဲဒီမိန်းမသားတွေဟာ ယောက်ျားတွေရဲ့ဘဝကို ပျက်ပြားအောင် အလုပ်တတ်ဆုံး မိစ္ဆာတွေပဲ"

ရုတ်တရက် သူ ဘာဆုံးဖြတ်ရမှန်း မသိသေး။ ဒေါသစိတ်သည် မှန်ကန်သောဆုံးဖြတ်ချက်ကို ရုတ်တရက် ရှာမတွေ့တတ်။

ဒေါသများဦးသည် ငြိမ်သက်နေသောမိန်းမကို ပါးလျက်နားလျက် လုပ်နေသော ဂုမ္ဘာန်အပေါ် လှည့်သွားသည်။

"ဂုမ္ဘာန်"

ဂုမ္ဘာန်က ဝုန်းခနဲ ထလိုက်သော သူ့ကို ထိတ်လန့်သော မျက်ဝန်းအစုံဖြင့် မော့ကြည့်သည်။

"လာစမ်း. ."

မဝံ့မရဲ သူ့အပါးသို့ တွန့်ဆုတ်တွန့်ဆုတ် ကပ်လာသည်။

"တောက်. . နင်အသုံးမကျလို့၊ တာဝန်မကျေလို့ ဖောင်ပေါ် လူရောက်လာတာပေါ့၊ သွား. . မနေနဲ့တော့"

ဘယ်ခြေဖြင့် ကျုံးကန်လိုက်သည်။

"ဂိန်. . ဂိန်. ."

"အင်းနေခဲ့တော့. . . နင့်လို တာဝန်မကျေတဲ့ကောင်ကို ငါ ဆက်မမွေးနိုင်ဘူး၊ အမေကျော် ဒွေးတော်လွမ်းတဲ့ကောင် သစ္စာမဲ့တဲ့ကောင်. ."

အဆက်မပြတ် ကန်ကြောက်ပြီး လှေပေါ်မှ ကန်ချလိုက်သည်။

"ဂိန်. . ဂိန်. . ဂိန်. ."

"ပွမ်း. ."



www.burmeseclassic.com

www.burmeseclassic.com



ဂုမ္ဘာန် ရေထဲ ယက်ကန်ယက်ကန်ဖြစ်နေသည်။ ရေကူး တတ်သည်။ သူ လှည့်မကြည့်ဘဲ သိနေသည်။ ဂုမ္ဘာန်သည် ပွဲချိတ် နောက်မြီးမှာ ခိုတွဲပြီး လိုက်ပါလာတော့မည်ဟု။

ဂုမ္ဘာန်ကိစ္စကို ရှင်းပြီးလျှင် ဟိုမိန်းမကိစ္စကို ရှင်းရဦးမည်။ ခွေခွေကလေး လဲနေသော မိန်းမထံ အကြည့်ရောက်သွားသည်။

ထွီခနဲ တံတွေး‌ထွေးလိုက်ပြီး တက်တစ်ချက် ခေါက်လိုက် သည်။

"တောက်. ."

သည်မိန်းမကို သူ ဘယ်လိုရှင်းရမလဲ။ ရှုပ်ပါတယ်။ ရေထဲ ပစ်ချလိုက်တာပဲ အေးမည်။ ဤခရီးလမ်း မြစ်ကြောင်းတစ်လျှောက် တွင် သူ့လှေတစ်စင်းမှအပ ဘာမှမရှိ။ လူသားရယ်လို့လည်း သူတစ် ယောက်တည်း။

စဉ်းစားနေရသည်မှာ ကြာသည်။ ချက်ချင်းအကောင် အထည် ဖော်လိုက်မည်။

သူ မိန်းမနား ကပ်သွားသည်။ သေနေပြီလား။ အနည်း ငယ်မှ မလှုပ်မရှား ရှိနေသည်။

"ဟေ့. ."

အသားကို ထိရမှာ ရွံ့ရှာသကဲ့သို့ ရှိသဖြင့် အနားရှိသော သားရေဂျာကင်ကြီးဖြင့် ရိုက်ပုတ်နှိုးလိုက်သည်။

"ဟေ့. . . ထစမ်း။ မသေသေးဘူး မဟုတ်လား. . . ထစမ်း"

လှုပ်ရှားမှုက ရရှိမလာသေး။

"သေနေပြီလား"

ဂွမ်းစလေး ဆေးဘူးမှ နှိုက်ယူကာ သူမနှာခေါင်းရှေ့ ထား





ကြည့်သည်။ လှုပ်ရှားနေသည်။

"တောက်. . . သေနေရင်လည်း ကောင်းသား၊ တစ်ခါ တည်း ရေထဲ ပစ်ချလိုက်ရုံပဲ"

ခုတော့ မသေမရှင် မိန်းမကို သူ ဘာလုပ်ရမည်နည်း။ စိတ်ရှုပ်ထွေးစွာဖြင့် မုဆိုးထိုင် ထိုင်ချလိုက်သည်။

အကြည့်က မိန်းမဆီ ရောက်သွားပြန်သည်။ သွေးမရှိ သလို ဖြူလျော်နေသောမျက်နှာက ထူးထူးကဲကဲ ရှိသည်။ နက်မှောင် ကော့ပျံနေသော စင်ရော်တောင်မျက်ခုံး၊ စင်းကျနေသော မျက် တောင်မွေး၊ နက်နက်ရှိုင်းရှိုင်းရှည်ရှည် ပေါ်လွင်နေသော နှာတံစင်း စင်း၊ အပေါ်အောက်ညီကာ ငုံဖူးနေသော နှင်းဆီဖူး နှုတ်ခမ်းလေး။

"ဟူး. . ."

သက်ပြင်းချလိုက်သည်။ လှတော့ အတော်လှသည့်မိန်းမ။ အဲသည်လို လှသည့်မိန်းမတွေကပဲ ယောကျ်ားတွေကို အများဆုံး နှောင့်ယှက်... 

ရှုပ်ပါတယ်။ သနားစရာ မလိုတော့ မိန်းမကို သူ ဘာငဲ့ စရာ လိုသနည်း။

ဆတ်ခနဲ ထလိုက်သည်။ ဆိုးဆိုးဆတ်ဆတ်နှင့် ပွေ့ချီလိုက် သည်။

ပူခြစ်နေသော ခန္ဓာကိုယ်က တုန်တုန်ယင်ယင်လေးနှင့် သူ့လက်ထဲဝယ် စွေ့ကနဲ ပါလာသည်။

ဖျားနေပြီ။ သည်မိန်းမ ဖျားနေပြီဟု သူသိလိုက်သည်။

ဝေခွဲမရသောစိတ်ဖြင့် ပွေ့ချီထားပြီး ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ရပ်နေမိသည်။ စိတ်ရိုင်းကတော့ ဤမိန်းမကို ရေထဲ ပစ်ချရန် ရည်ရွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပင်ကိုယ်မသိစိတ်က လူတစ်ယောက်အသက်ကို ဖက်ရွက်ကလေးလို ခြေလောက်အောင် သူ မပြုရက်။

"ဝုတ်. . . ဝုတ်"

ဂုမ္ဗာန်က လှေပေါ် ရောက်လာပြီး သူ့ခြေထောက်ကို ခေါင်းနှင့် တိုးဝှေ့ကာ တောင်းပန်သည်။

"မလုပ်ပါနဲ့ သခင်ရယ်၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ ဒုက္ခသည်လေးနဲ့ တူပါတယ် သခင်. . . မလုပ်ပါနဲ့" ဟူ၍ လူစကားသာ ပြောတတ်လျှင် ပြောပေလိမ့်မည်။

သူ ဂရုမစိုက်။ ဤမိန်းမကို ချီလျက် လှေဦးထိပ်သို့ တစ်လှမ်းချင်း လျှောက်ခဲ့သည်။

လှေဦးထိပ်မှာ ရပ်နေစဉ်. . .

"အင်း. . အင်း. . အင်း. . မေ. . မေမေ. . မေမေ"

ညည်းညူသံလေး ထွက်ပေါ်လာသည်။

သူ့ခန္ဓာကိုယ်၏အနွေးဓာတ်က သူမကို ကူးစက်သွားသည် ထင်ပါသည်။ ဤမိန်းမ သတိလည်လာသည်။

"မေမေ. . . မေမေ"

သူ့ရင်တွင်း ပွဲတင်ထပ် မြည်ဟည်းဝင်ရောက်လာသည်။

"မေမေ. ."

"တောက်. ."

"ဝုန်း. ."

သူ့စိတ်ရိုင်းသည် ချွန်းအုပ်၍မရတော့။ ရေထဲသို့ ပစ်ချလိုက်သည်။

"ဝုတ်. . . ဝုတ်"

ဂုမ္ဗာန်သည် ရေထဲ ခုန်ဆင်းကာ ထိုမိန်းမကို ဆယ်ယူရန်





ကြိုးစားသည်။

ရေထဲသို့ ခဲလုံးတစ်လုံး ပစ်ချလိုက်သလို မြုပ်သွားသော အရာကို ကြည့်ရင်း သူ့ရင်၌ ဆောက်တည်ရာမဲ့ ခံစားလိုက်ရသည်။

ရေက မြစ်လယ်မဟုတ်သဖြင့် သိပ်မနက်။ သူမ မြုပ်သွားသည်။ ယက်ကန်ယက်ကန်ဖြစ်နေရသည်။ ဂုမ္ဗာန်က သူမဆံပင်ကို ကိုက်ချီပြီး ဆွဲတင်ရန်ကြိုးစားသည်။

ဂုမ္ဗာန်သည် တိရစ္ဆာန်။ သူသည် လူသား။ အိပ်စား ကာမကိုသာ သိသော တိရစ္ဆာန်တောင် အကြင်နာသနားဖြင့် လူသားတစ်ဦးအသက်ကို ကယ်တင်ရန် ကြိုးစားနေသည်။

အသိဉာဏ်ရှိသည်ဆိုသောလူသားက လူသားအသက်ကို ဖက်ရွက်ကလေးလို ခြေရန် ကြိုးစားနေပါလား။

သူဟာ ဂုမ္ဗာန်လောက်ပင် အသိတရား အကြင်နာတရား မရှိပါလား။

အကြင်နာတရား ရှိစရာကော ကောင်းပါသလား။ မိန်းမကို ကယ်တင်ခြင်းသည် မြွေပွေးခါးပိုက် ပိုက်မိခြင်းသာ ဖြစ်ပေမည်။

ဂုမ္ဗာန်အင်အားနှင့် မိန်းမအင်အား မျှဟန်မတူ။ အနည်းငယ် ပေါ်လာလိုက် ပြန်မြုပ်လိုက်ဖြစ်နေသည်။ သူ ကြည့်မရတော့။

"တောက်. . . တော်တော်ဒုက္ခပေးတဲ့မိန်းမတွေ"

သူ ဝုန်းကနဲ ရေထဲ ဆင်းလိုက်သည်။ လွယ်လင့်တကူပင် သူ ဆယ်ယူလိုက်သည်။

အလန့်တကြား ဖက်တွယ်လာသောလက်များက သူ့လက်ကို ရစ်ပတ်နှောင်ဖွဲ့လာသည်။ ကသိကအောက် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ် ရောက်သည်နှင့် ပစ်ချလိုက်သည်။ ရေများ ထိုးအန်သည်ကို တွေ့သည်။ သူ ကျောခိုင်းလိုက်သည်။ အဝတ်လဲလိုက်သည်။

တိတ်ဆိတ်ငြိမ်သက်နေသည်။ သူမကို လှမ်းကြည့်လိုက်သည်။ မောက်ခုံကလေး ငြိမ်သက်နေသည်။ ပြန်လည်မေ့မြောသွားပြန်ပြီထင်ပါသည်။

အံ့ဩစရာကောင်းသည်က ဂုမ္ဗာန် စောင်တစ်ထည် ဆွဲထုတ်ကာ သူမကို ဖုံးအုပ်ပေးရန် ကြိုးစားသည်။

"ဂုမ္ဗာန်"

သူ၏ခက်ထန်သောအသံ ကြားတော့ ဂုမ္ဗာန် တုန်လှုပ်သွားသည်။ သို့သော် ဆက်လက်၍ စောင်ကို ဆွဲယူကာ သူမခြေဖျားလေးများအထိ ဖုံးအုပ်ရန် ကြိုးစားဆဲ။

"ဟူး. ."

မိန်းမရယ်လို့ မသိဘဲ ဒုက္ခရောက်သူတစ်ဦးကို ခေတ္တကူညီလိုက်တာ လူဆန်တဲ့ ဝတ္တရားတစ်ခုပေပဲ။

သူ ဆုံးဖြတ်ချက် ချကာ သူမကို ပြန်လည်ပွေ့ချီ၍ပြီး ပေါင်းမိုးအောက် သွင်းခဲ့သည်။ မီးသွေးမီးဖိုလေး ဘေး၌ ချထားလိုက်သည်။ ဂုမ္ဗာန်အလိုကျ စောင်ပါ ခြုံပေးထားလိုက်သည်။

တော်ပြီ။ သည်လောက်ဆိုလျှင် လုံလောက်ပြီ။ ရှင်လည်း သူမကံ၊ သေလည်း သူမကံပေပဲ။

သူ အလုပ်ပျက်သည်။ လှော်တက်ကို ကောက်ကိုင်ကာ. .

"ဂုမ္ဗာန်. . . သွားမယ်၊ ကြိုးသွားဖြေ"

ဂုမ္ဗာန်က ဆင်းပြီး ကမ်းပါးတွင် ချည်ထားသောကြိုးကို သွားဖြေသည်။





လှေကို ရေဆန်ကာ သူထွက်ခဲ့သည်။ သူ့အကြည့်တို့သည် ပေါင်းမိုးအောက် မရောက်စေရန် သတိထားလိုက်သည်။

မြို့ကို ပြန်ပြီး သက်ဆိုင်ရာကို အပ်နှံရန် စိတ်ကူးလိုက်သော်လည်း လူတွေနှင့် အဆက်အဆံ မလုပ်ချင်သဖြင့် ခပ်တင်းတင်း နေခဲ့ကာမှ သပွတ်အူကြီး ရေထဲ မျောပါလာသည့်ကိန်း ဆိုက်နေလေပြီ။

သတိကောင်းစွာရပါက ပြန်လွှတ်လိုက်တော့မည်။ သို့တည်းမဟုတ် အနီးစပ်ဆုံးရွာတစ်ရွာ၌ ချထားလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

ရေစီးနှင့် လှော်တက် ထိတွေ့သံလေးမှအပ တစ်လောကလုံး တိတ်ဆိတ်လျက်ရှိသည်။

သူ့ရင်ထဲမှာတော့ မတိတ်ဆိတ်နိုင်။ ဒေါသစိတ်ဖြင့် စိတ်ထဲ စနိုးစနောင့်ဖြစ်နေသည်။ ဘယ်ကမိန်းမ လာရှုပ်နေသနည်း။

ဘာလာလုပ်တာလဲ။

ဘာဖြစ်လာတာလဲ။

ဘာဖြစ်လို့ သူ့ဖောင်ပေါ် ရောက်နေတာလဲ။

ဂုမ္ဗာန်က ဘာဖြစ်လို့ သည်မိန်းမကို လက်ခံထားရတာလဲ။ ကျားတစ်ကောင်လို ရဲရင့်ပြီး တောကောင်တွေကိုတောင် လိုက်လံဖမ်းဆီးသတ်ဖြတ်ပေးတတ်သော၊ သူ့ပစ္စည်းများကို လုံခြုံစွာ စောင့်ရှောက်ပေးတတ်သော၊ အနားသီခွင့်ပင် မပေးတတ်သော ဂုမ္ဗာန်သည် ဤမိန်းမနှင့်ကျမှ ကြည်ဖြူစွာ ကူညီနေခြင်းကို အံ့အားသင့်ရသည်။

အတွေးများဖြင့် အိမ်ပြန်ခရီးကို ခက်ရာခက်ဆစ် လှော်ခတ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ချို၊ ကျားသားရေ၊ ပြောင်ချိုများကို ရောင်းချပြီး ဝယ်ခဲ့ရသော ရိက္ခာပစ္စည်းများကြားတွင် ခွေခွေကလေး လဲလျောင်း မိန်းမောနေသော မိန်းမထံ အမှတ်မထင် မျက်စိရောက်သွားသည်။


သေတော့ မသေတန်ပါဘူး။

သေသွားလျှင် အကောင်းဆုံးဖြစ်ပေမည်။ ရေထဲ ပစ်ချထားခဲ့လိုက်ရုံသာ ရှိသည်။

ယခုတော့. . .။







(၄)

အိပ်မက်ခရီးသည် ယခုတိုင် ခြောက်လှန့်ဆဲဖြစ်သည်။ လေးလံနေသော မျက်ခွံကို အားယူဖွင့်လိုက်သည်။ မှောင်နေသည်။ အလင်းရောင်ပျပျသာ မြင်ရသည်။

မိုးချုပ်ခြင်းလား၊ မိုးလင်းခြင်းလား ဝေခွဲ၍မရ၊ အားယူ၍ ထကြည့်သည်။ ကိုယ်လက်တို့ လေးလံကိုက်ခဲနေသည်။

"အီး. . . အီ. . . အီ"

နွေးထွေးသောအရာလေးက တန်ပြာခြေဖျားကို လာပွတ်တိုက်သည်။

"အင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရပ်ရပ်ကို တဒင်္ဂအတွင်း တန်ဖြာ သတိရလိုက်သည်။ လှေပေါ်မှာ ရှိနေဆဲ။ တန်ဖြာကိုယ်မှ အဝတ်တို့ပင် ခြောက်သွေ့နေသည်။ ဘေးမှ မီးဖိုလေးကို မီးသွေးများ ရှိနေဆဲ။

ဂုမ္ဘာန်က တန်ဖြာကို စောင့်ရှောက်ဆဲ။

ဒါဖြင့်. . . သူ. . . လူကြီးကော။ မုတ်ဆိတ်ကျင်စွယ် ပါးမြိုင်းမွေးများနှင့် ကြောက်လန့်တုန်လှုပ်ဖွယ်ကောင်းလှသော လူကြီးကော ဘယ်ရောက်သွားပြီလဲ။

"ဟင်"

တန်ဖြာ အသာထလိုက်သည်။ အုံခဲကိုက်ခဲနေသော ခေါင်းတို့မှာ တူအစုံနှင့် ထုနှက်ထားသည်အလား နာကျင်ကိုက်ခဲနေသည်။

"ဂုမ္ဘာန်"

အားကိုးတကြီး ခေါ်လိုက်မိသည်။

ဂုမ္ဘာန်က အမြီးနှံ့ပြသည်။ ဂုန်နီအိတ်၊ ဆာလာအိတ်များနှင့် ထည့်ထားသော အထုတ်အပိုးများလည်း မရှိတော့။ ဒါဆို လူကြီး သူ့ကို ထားသွားလေပြီထင့်။

"ဂုမ္ဘာန်. ."

"ဝုတ်. ."

"နှင့်သခင်ရော"

"ဝုတ်. . ဝုတ်. ."

လှေပေါ်မှ ဆင်းပြေးလေသည်။ နောက် ပြန်တက်လာသည်။ နေမင်းက တောတောင်ရိပ်များကို ခိုဝင်ကာ ပျောက်ကွယ်သွားပြီဖြစ်သည်။ ပြိုးပြိုးပျပျ အရောင်လေးများသာ ကျန်ရစ်သဖြင့် ညီအစ်ကို မသိတသိ အချိန်မျိုးဖြစ်သည်။

တောသံ၏သစ်ရွက်လှုပ်ခတ်သံ၊ တိရစ္ဆာန်တို့၏ဘာသာ





သဘာဝအသံ၊ စမ်းရေစီးသံတို့မှအပ တော၏ခြောက်သွေ့ခြင်းမှာ ချောက်ချားဖွယ်ရာအတိ ရှိနေချေသည်။

တန်ဖြာ အားငယ်ကြောက်လန့်စိတ်ဖြင့် မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

အအေးမိခြင်းကြောင့်လည်း နှာက အဆက်မပြတ် ချေလာသည်။ ရေတကောင်းအိုးလေး တွေ့သဖြင့် ဆေးသောက်ရန်ကို သတိရလိုက်သည်။ စလင်းဘက်အိတ်ကြီးထဲ ရှိနေသော ဆေးပုလင်းကို နှိုက်ကာ ပါရာစီတမောနှင့် ဘာမီတွန်တစ်ပြား ယူသောက်လိုက်သည်။

အစာမရှိသဖြင့် ရင်တုန်မည်ကို သိသည်။ သို့သော် မတတ်နိုင်။ ဆေးအပြင်းအထန်များလည်း မသောက်ရဲ။

"ချွတ်. . ချွတ်. . ကျွတ်. . ချလွတ်"

သစ်ကိုင်းသစ်ရွက်ခြောက် နင်းသံများကို ကြားမိသည်။

တုတ်တုတ်မှ မလှုပ်ရဲတော့။ ဂုမ္ဘာန်ကို ဖက်ကာ ငြိမ်သက်နေလိုက်သည်။ ယခုအချိန်မှာ ဂုမ္ဘာန်သည်သာ သူ့အတွက် အကောင်းဆုံးသောမိတ်ဆွေဖြစ်သည်ဟု တန်ဖြာယုံကြည်သည်။

"အီး. . အီး. ."

ဂုမ္ဘာန်အသံက ရန်သူသံမဟုတ်၊ ချစ်ခင်သံဖြစ်သည်။ သို့ဆိုလျှင် သူ့သခင်ပြန်လာခြင်းလား။

တန်ဖြာ ရင်အစုံ လှုပ်ခတ်သွားသည်။ အားတက်သွားခြင်းလား၊ ကြောက်လန့်သွားခြင်းလားကိုတော့ ဝေခွဲမရ။

ဂုမ္ဘာန်က သူ့လက်မှ ရုန်းထွက်ကာ ပေါင်းမိုးလေးအပြင်ဘက်သို့ ထွက်သွားသည်။ လှေလေး အလူးအလွန့်၌ ဂုမ္ဘာန်တစ်ယောက်တည်း မဟုတ်မှန်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓါတ်မီး မီးရောင်အောက်ဝယ် တန်ဖြာ မျက်စိကျိန်းသွားသည်။ ပစ္စည်းကျန်သေးလို့ လာသယ်ခြင်း ဖြစ်သည်ထင်သည်။ ဂုန်နီအိတ်တစ်လုံးရှိနေသည်။

"ဟော့. . သတိရပြီလား"

"ဟုတ်. ."

"မိုးလင်းရင် ဒီမြစ်ရိုးကမ်းပါးအတိုင်း ပြန်ဆင်းသွား၊ မင်းလာခဲ့တဲ့မြို့ကို ပြန်ရောက်သွားလိမ့်မယ်"

"ရှင်. . ကျွန်မ. . ကျွန်မ. ."

တန်ဖြာ တောင်းပန်တိုးလျှိုးရန် စကားစ ရှာသည်။ မတွေ့။ ရှုတ်တရက် ရှာမရ။

"ကျုပ်ကို ဘာမှထပ်မပြောနဲ့၊ ကျုပ်လှေပေါ်မှာ မိန်းမတစ်ယောက် တင်ထားခဲ့တာတောင် လွန်လှပြီ. . . ဒါပဲ၊ မင်းကို မနက်ဖြန် ဒီလှေပေါ်မှာ မမြင်ချင်ဘူး၊ မြင်ရရင် မင်းမလွယ်ဘူးမှတ်၊ လာခဲ့ ဂုမ္ဘာန်. . . သွားမယ်"

"ဟင်. ."

တန်ဖြာ လန့်သွားသည်။ ဤလူကြီးသည် လူစင်စစ်မှ ဟုတ်ပါလေစ။ လူသားအသည်းနှလုံးမှ ရှိပါလေစ။ လူ့ဘီလူးကြီး ထင်ပါသည်။ ထွားကြိုင်းတုတ်ခိုင်လှသည့် ခန္ဓာကိုယ်ကြီးနှင့် မျက်နှာပြင်မှ အမွေးအမှင်များကလည်း ကြောက်စရာ။

တန်ဖြာ ကြောက်လန့်စိတ်ဖြင့် တုန်ယင်နေစဉ် လူကြီးသည် ဂုန်နီအိတ်ကြီးကို ထမ်းကာ ကျောခိုင်းထွက်ခွာသွားသည်။

အကြင်နာတရား ကင်းမဲ့လွန်းသော လူကြီးကို ကြည့်ကာ တန်ဖြာမျက်ဝန်း၌ ပုလဲမြစ်တို့ အဆက်မပြတ် စီးဆင်းလာချေသည်။





"ဝုတ်. . ဝုတ်. ."

ဂုမ္ဘာန်က ဖောင်ပေါ်မှ မဆင်းဘဲ လူကြီးရှိရာသို့ ဟောင်လိုက် အမြီးနှံ့လိုက် လုပ်လေသည်။

ကမ်းပါးပေါ် ရောက်သွားသောလူကြီးသည် နောက်သို့ လှည့်ကြည့်သည်။

"ဂုမ္ဘာန် လာခဲ့စမ်း"

လူကြီးအသံက ဒေါသဖြင့် ခက်ထန် ဟိန်းထွက်လာသည်။

"အီး. . အီး. . အီး. ."

ဂုမ္ဘာန်က အမြီးနှံ့လျက် တန်ဖြာဆီ ပြေးလာသည်။

"သခင်ရယ်. . . မိန်းမသားတစ်ယောက်တည်း ပစ်မထားပါနဲ့. . . သနားပါတယ်" ဟုများ လူစကားသာ တတ်လျှင် ပြောပေလိမ့်မည် ထင်ပါသည်။

"တောက်. . . မင်းတော့လား၊ ကြာပွတ်စာ မိချင်တယ်ထင်တယ်"

တန်ဖြာ ကြက်သီးမွေးညင်းတို့ ခေါင်းထောင်ထသွားသည်။ ကျောတွင်း အရိုးချဉ်ဆီ စိမ့်တက်အောင် ကြောက်လန့်သွားသည်။

"ကျွန်. . ကျွန်မ တောင်းပန်ပါတယ်၊ ဂုမ္ဘာန်ကို ဒီညတော့ ကျွန်မနဲ့ ပေးထားပါရှင်၊ ကျွန်. . ကျွန်မကြောက်လို့ပါ"

"ဘာ. . ဘာကြောက်တာလဲ၊ တစ်ယောက်တည်း သူစိမ်းဖောင်ပေါ် ရောက်လာတဲ့မိန်းမကများ ကြောက်တယ်တဲ့၊ ဟတ်. . ဟား. . ဟား. . ဟား. . ဟား"

အဆက်မပြတ် ရယ်မောလိုက်သော ဝမ်းခေါင်းသံကြီးနှင့် ရယ်သံကြီးက ကြောက်မက်ဖွယ် ထွက်ပေါ်လာသည်။

"မာယာတစ်သိန်း အပလိန်းအနန္တနဲ့ ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းတို့ မိစ္ဆာမိန်းမတွေပဲ၊ လောကကြီးမှာ မင်းတို့ထက် ကြော စရာကောင်းတဲ့အရာ ဘာမှမရှိဘူး၊ ဟတ်. . ဟား. . ဟား၊ ခု မင်းမာယာလက်နက်နဲ့ ဂုမ္ဗာန်ကိုတောင် ပစ်ခွင်းထားနိုင်ပြီ မဟုတ် လား"

တန်ဖြာ ဘာမှမပြောရဲ။ မျက်ရည်ဝဲနေသော မျက်လုံးအ ဖြင့်သာ လူ့ဘီလူးကြီး၏ကျောပြင်ကို ငေးစိုက်ကြည့်ရင်း ကျန်ခဲ့ သည်။

"အီး. . အီး. . အီး. ."

ဂုမ္ဗာန်သည် တန်ဖြာအပါးမှ တစ်ဖဝါးမှ မခွာချေ။ တန်ဖြာ ဗိုက်ဆာလာသည်။

"ဩော်. . . မေ့နေလိုက်တာ၊ အိတ်ထဲမှာ အာရှပေါင်မုန့် ရှိသေးတာပဲ"

တန်ဖြာ စလင်းဘက်ဘေးအိတ်ကို ဖွင့်လိုက်သည်။ အာရှ ပေါင်မုန့်သုံးလုံး ပြားကပ်နေလေသည်။

"ရော့. . . ဂုမ္ဗာန်"

"ဝုတ်. . ဝုတ်. ."

ဂုမ္ဗာန်က မစား၊ တန်ဖြာကိုသာ ကြည့်လျက် ဟောင်ပြန် သည်။

"ဩော်. . . မင်းက မစားဘူးလား၊ စားပြီးပြီလား"

"ဝုတ်. . . ဝုတ်"

"စားလိုက်ပါကွာ. . . ငါ့မှာ နှစ်ခုကျန်သေးတယ်"

တန်ဖြာက ပေါင်မုန့်စားရင်း ပြောလိုက်သည်။ ထိုအခါကျ မှ ဂုမ္ဗာန်က သူချပေးသောပေါင်မုန့်ကို စားလေသည်။

စားရင်း တန်ဖြာစဉ်းစားနေသည်။ ရှေ့ဆက်ရမည့်ခရီးစဉ်





ဖြစ်သည်။ တန်ဖြာ ဘယ်သွားရမလဲ။ မြို့လိုနေရာကို ပြန်၍တော့ ဖြစ်နိုင်ပါ။

ဤတောရွာဒေသလေးများ၏အခြေအနေကို မနက် ရောက်မှ လေ့လာကြည့်ရမည်။ အကယ်၍ လုံခြုံစိတ်ချရပါက ဤနေရာ၌ပင် ဇာတ်မြှုပ်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

မီးသွေးဖိုလေးအတွင်း မီးသွေးထပ်ဖြည့်ရင်း ပြန်ခွေလိုက် သည်။ ငန်းနီကျော် သွေးဆေးတစ်ခွက် ထပ်သောက်လိုက်သည်။

လက်စွပ်ရောင်းပြီး စိတ်ကူးတည့်ရာ တော်သေးသည်။ လေးတွေ လျှောက်ဝယ်ထည့်လာခဲ့သဖြင့် အဆင်ပြေနေသည်။

ရင်ဆိုင်နေရသော ပြဿနာရပ်က ထူးဆန်းသောကြောင့် အတိတ်တစ္ဆေကိုပင် ခေတ္တမေ့ပျောက်သွားသည်။

"ဂုမ္ဗာန်. ."

"ဝုတ်. ."

"နင့်သခင် စိတ်မှ ကောင်းရဲ့လားဟယ်၊ ဂေါက်ထင်တယ်"

တန်ဖြာ ပြောရင်း ကြက်သီးထသွားပြန်သည်။ မနက်ကျ လျှင်တော့ သူရောက်မလာခင် တန်ဖြာအတွက် ပုန်းအောင်းစရာ နေရာတစ်ခုတော့ ရှာရပေမည်။

"ဂုမ္ဗာန်"

"ဝုတ်. . . ဝုတ်. ."

"ငါ့ကို နေဖို့ နေရာတစ်နေရာ ရှာပေးပါလား၊ မြွေပါး ကင်းပါးလည်း မရှိ၊ သားရဲတိရစ္ဆာန်လည်း မလာနိုင်တဲ့နေရာလေး"

"အီး. . အီး. . အီး. ."

ဂုမ္ဗာန် နားလည်သည် မလည်သည်အပထား၊ တန်ဖြာ အတွက် အားထားရာမှာ ဂုမ္ဗာန်သာလျှင်ဖြစ်နေ၍ တိုင်တည်နေမိ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

"ရှုပ်ပါတယ်ကွာ. . . အိပ်တာပဲ ကောင်းတယ်"

တန်ခြာ ပြန်လည်အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ စောင်ကို လုံလုံခြုံခြုံ ဖြစ်စေရန် ခြေဖျားကလေးများကအစ ထွေးပိုက်ဖုံးအုပ်လိုက်သည်။

"အဲတော့. . . လူ့ဘီလူးကြီးက စောင်တော့ ယူမသွားပါလား၊ မေ့သွားတယ်ထင်တယ်"

သတိတရ ပြောလိုက်မိသည်။ ဂုမ္ဘာန်က သူ့ခြေရင်းတွင် ဝပ်တွားကာ ခွေလေသည်။

"ကျေးဇူးကမ္ဘာပဲ ဂုမ္ဘာန်၊ နင်သာ ငါ့အသက်သခင်ပါ ဩော်. . . မေ့လို့ ဘုရားရှိခိုးရဦးမယ်"

တန်ခြာသည် အိပ်နေရာမှ ပြန်ထကာ ပုဆစ်ဒူးတုပ် ထိုင်ပြီး ဘုရားရှိခိုး ဆုတောင်းရလေသည်။


"မဟာကရုဏာတော်ရှင် အတုမရှိ ဗုဒ္ဓမြတ်စွာဘုရား. . . တပည့်တော်မ၏ရင်ဆိုင်နေရသော ဘေးဒုက္ခ၊ အန္တရာယ် အခက်အခဲအပေါင်းမှ လွတ်မြောက်ပြီးတကွ စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် နေထိုင်ရပါလို၏ အရှင်ဘုရား"

ဟု လောလောလတ်လတ် ရင်ဆိုင်နေရသော ပြဿနာ အခက်အခဲမှ လွတ်မြောက်ရန်အလို့ငှာ ဆုတောင်းမိလေသည်။

လောကသံသရာ ခရီးသည်အတွက် အန္တရာယ်လမ်းသည် လည်း ကြုံတွေ့တတ်သည်ပဲ။







(၅)

တန်ခြာ ကိုယ်လက်တို့သည် လှုပ်ရှားမရအောင် လေးလံနေသည်။

ခေါင်းကို ဓာရာမ တူကြီးများနှင့် ထုနှက်နေလေရော့လား မခံမရပ်နိုင်အောင် ဖြစ်နေသည်။ ခေါင်းကြီးသွားပြီး ဖောက်ထိုးမိုးမျှော် ဖြစ်နေသည့်အလား ဟိုသည် လှမ်းဆုပ်ကိုင်သည်။ မရ။ တွယ်ရာမဲ့ လွင့်မျောသွားသည်။

အာခေါင်များ ခြောက်သွေ့အက်ကွဲလာသည်။ ခေါင်းမှာ ဦးခွံကြီးအစုံ အက်ကွဲပွင့်ထွက်သွားလေမတတ် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေ. . ရေ. ."

လောလောလတ်လတ် တမ်းတမိသည်။ ခြောက်သွေ့နေသော အာခေါင်အလိုကို လိုက်ရန်သာ ဦးစွာသတိရမိသည်။

ရေစက်လေးများ လည်ချောင်းတွင် စီးကျလာသည်။ ရေကို အငမ်းမရ သောက်မိသည်။

"အား. . "

ခါးသီးသောအရသာများ လည်ချောင်းတွင်း စီးဝင်လာသည်။ ပူသလိုလို တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းနှင့် ခံလိုက်ရပြီး နွေးထွေးလာသည်။ ပြန်လည်အိပ်ပျော်သွားသည်။

အိပ်မပျော်ခင်တော့ တန်ဖြာသိလိုက်သည်။ သူဖျားနေပြီ။ ဖျားသည်မှ အကြီးအကျယ်ကို ဖျားနေပြီ။ ဘယ်ကာလထဲက ဖျားနေခဲ့သည်ကို မခန့်မှန်းနိုင်။ သို့သော် လှေကလေးအတွင်း၌ အိပ်ပျော်သွားခဲ့ခြင်းကိုတော့ မှတ်မိနေသည်။

လောလောဆယ်တော့ ကြောက်လန့်ခြင်း၊ စိုးထိတ်ခြင်း ဗျာပါဒတွေ တန်ဖြာမှာ ဘာမှမရှိတော့ချေ။







(၆)

အဖျားဝေဒနာမှ လွတ်မြောက်လာပြီဖြစ်၍ တန်ဖြာ မျက်လုံးအသာဖွင့်လိုက်သည်။

လှေယံတစ်စင်း၏ပေါင်းမိုးအောက်တွင် မဟုတ်တော့။ အိမ်လေးတစ်အိမ်ထဲ ရောက်နေသည်။ သစ်လုံးခင်း၊ သစ်လုံးကာ အိမ်ကလေးအတွင်း တန်ဖြာရောက်နေသည်။ ဂွမ်းကပ်ကြီးတစ်ခု အောက်ဝယ် တန်ဖြာ နွေးထွေးစွာ ရှိနေသည်။

လက်မှ နာရီကို စမ်းလိုက်သည်။ ရှိသေးသည်။ လက် မြောက်ကာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

(၆)ရက်တောင် လွန်မြောက်လာပါလား။

(၆)ရက်တွင် လှေပေါ် ရောက်ခဲ့သည်အထိက သုံးရက်ဆိုတော့ တန်ဖြာ အဖျားရှိန်ဖြင့် သတိမေ့မျောခြင်းက သုံးရက်တောင် ကျော်ဖြတ်ခဲ့သည်ပေါ့။

"အီး. . အီး. . အီ"

"ဂုမ္ဘာန်"

တန်ဖြာ အားတက်သွားသည်။ တန်ဖြာမိတ်ဆွေသစ်ကြီး ဂုမ္ဘာန် ရှိနေသေးသည်။ တန်ဖြာကိုယ်ပေါ်မှ အဝတ်အစားများ ယခင်အတိုင်း ရှိနေဆဲ။

စိမ်းရွှေရွှေအနံ့များဖြင့် ပျို့အန်ချင်လာသည်။ တော်သေးသည်။ တန်ဖြာ မသေ။ အို. . . သေသွားတော့လည်း ဘာဖြစ်သနည်း။ သေမထူး နေမထူး ဘဝပေပဲ။

"ငါဘယ်ရောက်နေသလဲ ဂုမ္ဘာန်"

"ဝုတ်. . ဝုတ်. ."

တန်ဖြာ ပြောပြောဆိုဆို ဂွမ်းစောင်ကြီးအောက်မှ ထွက်လိုက်သည်။

အားအင်ဆုတ်ယုတ်သလိုဖြစ်နေသဖြင့် လူက ကောင်းကောင်းမရပ်နိုင်သေး။ မျက်နှာသစ်ချင်သည်။ အဝတ်အစားလဲချင်သည်။ ရေတစ်ခွက်လောက် သောက်ချင်သည်။

ကျန်ကိစ္စများကို တန်ဖြာ ဘာမှမစဉ်းစားမိချေ။

ရေနွေးကရားလေး တွေ့သည်နှင့် တန်ဖြာ ငုံ့သောက်လိုက်သည်။ တန်ဖြာ ခြေလှမ်းအနည်းငယ် တုန်ခါသယောင်ရှိသည်။

မီးဖိုပေါ်၌ အသားကင်နံ့ တသင်းသင်း ထွက်နေသည်။





"ဟော့. . . သတိရပြီလား"

"ဟင်. ."

အိမ်ကို လှည့်ပတ်ကြည့်ရန် ကြိုးပမ်းစဉ် ဘွားကနဲ ပေါ်ဘသောလူကြီးကြောင့် တန်ဖြာ ဆတ်ကနဲ တုန်ယင်ထိတ်လန့်သွားသည်။

"ရှင်. ."

"မင်း သေလုမြောပါး ဖြစ်နေတယ်၊ ကျုပ်လှေထဲမှာ ဖြစ်နေတော့ ကျုပ်အမှုပတ်မှာစိုးတာနဲ့ အိမ်ကို ခေါ်လာလိုက်တာ"

"ကျေးဇူး"

"ဘာ. ."

"ကျေးဇူးတင်ပါတယ်"

လူကြီးက အပြုံးအရယ်မရှိ။ ကျောက်ဆစ်ရုပ်မျက်နှာနှင့်သာ ရှိနေသည်။

"မလိုဘူး. . . ကျေးဇူးတင်ရင် မင်းနေကောင်းတာနဲ့ ငါ့အိမ်ကနေ အမြန်ဆုံး ထွက်ခွာသွားပေးပါ၊ ဒါ ကျေးဇူးဆပ်ခြင်းပဲ"

"ရှင်. . ဟုတ်. . ဟုတ်ကဲ့၊ ကျွန်မ အားမရှိသေးလို့ တစ်ရက်နှစ်ရက်တော့ နေခွင့်ပေးပါ"

"ကောင်းပြီ. . . မင်းစားချင်တာစား၊ နေကောင်းတာနဲ့ အမြန်ဆုံး ထွက်သွားပေး"

"ဟုတ်. . ဟုတ်ကဲ့"

ပြောပြောဆိုဆို ချာကနဲ လှည့်ထွက်သွားသည်။

ဘယ်သွားသနည်း။ ဘာလုပ်သနည်းကို တန်ဖြာ သိချင်သည်။ မိန်းမသားသည် စပ်စုတတ်သော သဘာဝ ရှိသည်။

တန်ဖြာ အိမ်ပြင်သို့ အသာချောင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. ."

မူးဝေမကျသွားစေရန် သတိထားလိုက်ရသည်။ သစ်ပင်ပေါ်၌ လင့်စင်သဖွယ် ထိုးကာ ဆောက်ထားသောအိမ်ဖြစ်နေသည်။ ကညင်ပင်ကြီးသည် မြေပြင်နှင့် အတော်အလှမ်းကွာဝေးနေသည်။ ကြိုးလှေခါးဖြင့် ဆင်းသွားသောလူကြီးကို ကြည့်ရင်း တန်ဖြာ တုန်လှုပ်ကျန်ခဲ့သည်။

တောသားလူရိုင်း မဟုတ်ပါ။ ဝတ်စားဆင်ယင်မှုကလည်း သားရေဂျာကင်၊ ဂျင်းအကျီ၊ ဂျင်းဘောင်းဘီ၊ တောစီးဖိနပ်တို့ ဝတ်ဆင်ထားသည်။ တောပစ်သေနတ်လည်း အန်ကယ်မောင်တို့ ကိုင်သည်ကို တွေ့ဖူးသည်။ လူဆိုးလား။

"ဟော့. . . မိန်းမ"

အောက်မြေပြင်ပေါ် ရောက်နေသောလူကြီးက သူ့အား လှမ်းခေါ်သည်။ တန်ဖြာ သောကများ မေ့ပျောက်ကာ သတိလက်လွှတ် ရယ်လိုက်ချင်သည်။ ခေါ်ပုံကြီးက စီးစီးပိုးပိုး။

"မူယာမာယာ သိပ်များမနေနဲ့၊ အဖျားပျောက်တာနဲ့ ပြန်သွား၊ ကျုပ်ပြန်လာလို့ မင်းကို တွေ့ရရင် ကျုပ်အဆိုးမဆိုနဲ့"

"ရှင်က ဘယ်တော့ ပြန်လာမှာလဲ"

"မင်းအပူ မပါဘူး၊ ဘယ်တော့ ပြန်လာမယ် မလာမယ် မင်းသိဖို့မလိုဘူး၊ မင်းသိထားဖို့က မင်းနေကောင်းလာတာနဲ့ ထွက်သွားတော့. . . ဒါပဲ"

"ဟုတ်. . ဟုတ်ကဲ့. . . စိတ်ချပါ"

တန်ဖြာ လှမ်းအော်ပြောရသည်မှာ ပင်ပန်းနွမ်းနယ်သွားသည်။ အားအင်ကုန်ဆုံးသကဲ့သို့ ခံစားလိုက်ရသည်။ သတိလစ်နေသော သုံးရက်အတွင်း ဘာတွေ တိုက်ပြီး ဘာတွေ ကျွေးမွေးခဲ့သည်





ကို တန်ဖြာမသိနိုင်။

"ဂုမ္မာန်. . . လာခဲ့"

ဂုမ္မာန်သည် တန်ဖြာခြေအစုံကို နမ်းရှုပ်ပြီး ကြိုးလှေကားမှ တဆင့် မျောက်တစ်ကောင်အလား ဆင်းသွားလေသည်။

တန်ဖြာသည် အားငယ်စွာ ကျန်ရစ်ခဲ့လေသည်။ တောအုပ်အတွင်း ပျောက်ကွယ်သွားသော လူကြီးနှင့် နောက်ဆံတင်းစွာ လှည့်ကြည့်လှည့်ကြည့်နှင့် လိုက်ပါသွားသော ဂုမ္မာန်ကို မြင်ယောင်ရင်း ကျန်ရစ်ခဲ့လေသည်။

တိတ်ဆိတ်ခြင်းနှင့်အတူ တောခြောက်သံမှတစ်ပါး ဘာသံမှ မကြားရ။

တန်ဖြာ ဆာလောင်မွတ်သိပ်လာသည်။ ထင်းမီးသွေးမီးဖိုလေးများကို သွပ်များဖြင့် အကာအရံ ပြုလုပ်ထားပုံကို ကြည့်ပြီး တန်ဖြာ အံ့အားသင့်ရသည်။ မီးမလောင်စေရန် စီမံထားပုံရသည်။ အံ့ဖွယ်ရာအတိ ရှိနေသည်။

အိုးမက်တိုင်းပြည်သို့များ အလည်ရောက်လေနေသလား။

မီးဖိုပေါ်မှ အသားကင်ကို ယူကာ ဖဲ့စားလိုက်သည်။ ဆားပြာ အနေတော်ဖြစ်သည်။ ရေနွေးအိုးလေး ကောက်တည်လိုက်သည်။ ရယ်ဒီမိတ် ကော်ဖီမှုန့်ထုတ်များ ရှိနေသည်။ ကော်ဖီသောက်မည်။ ဆေးသောက်မည်။

အသားကင်က ညှီနံ့နံ့သလို ရှိသည်။ ရုတ်တရက် ပျို့တက်သွားသည်။ ဟင်းခတ်အမွှေးအကြိုင်များ ဘယ်ရနိုင်ပါမလဲ။ ဆားရယ်၊ ဆီရယ်၊ ငရုတ်သီးရယ်၊ ကြက်သွန်နီရယ်၊ နနွင်းရယ်မှအပ ဘာမှမရှိ။ စဥ့်အိုးကြီးတစ်လုံး၌တော့ အပြည့်ဖြည့်ထားသည်။ အသားကင်ကို ခပ်စားမရသဖြင့် တန်ဖြာစိတ်ညစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချဉ်ရှိလျှင် ကောင်းမည်။ အချဉ်လေး ညှစ်ပြီး စားလိုက်ရလျှင်တော့ အညှီနံ့ ဖုံးသွားနိုင်သည်။ ရှောက်သီးနှစ်လုံး စင်လေးပေါ်၌ သွားတွေ့သည်။ ရွှေအိုးကောက်ရသလိုမျိုး တန်ဖြာ ဝမ်းသာသွားသည်။

တန်ဖြာ ကြက်သွန်နီ ပါးပါးလှီးကာ ဆီချက်,ချက်လိုက်သည်။ ကြက်သွန်နီစိမ်းကို ရှောက်သီးညှစ်၊ ဆတ်သား အမျှင်ထုတ်၊ ဆီချက်နှင့် သုတ်လိုက်သည်။ အသင့်ရှိနေသောထမင်းနှင့် စားလိုက်သည်။ တစ်ပန်းကန်မောက်မောက် ကုန်သွားသည်။

ထို့နောက် သူ့အိပ်ရာဘေးတွင် ရှိနေသော ငှက်ဖျားအမြစ်ဖြတ်ဆေးဆိုသည့် ဆေးပုလင်းကို ယူသောက်လိုက်သည်။ သည်ဆေးများကို သူ့အား ဟိုလူကြီး တိုက်ခဲ့ခြင်းဖြစ်သည်။

နောက် ကော်ဖီမှုန့်ထုပ်တစ်ထုပ် ဖျော်သောက်လိုက်သည်။

အားအင်များ ပြည့်ဖြိုးသလို ခံစားလိုက်ရသည်။ ချွေးများဖြင့် နံစော်နေသောအဝတ်ကို ချွတ်၊ ရေပတ်တိုက်ကာ အဝတ်သစ်တစ်စုံ လဲလှယ်လိုက်သည်။ ရယ်ဒီမိတ် ဂျင်းရှပ်တစ်ထည်က အပူအအေးကို ခံနိုင်ရည် ရှိချေသည်။

အိမ်တံခါးများကို အလုံပိတ်ကာ အိပ်ယာကို ခါပြီး တစ်ရေးပြန်အိပ်လိုက်သည်။

နာလန်ထစဖြစ်ဖြင့် အိပ်ခြင်းစားခြင်းဖြင့် အားပြန်မွေးယူရသည်။

လူကြီး၏ ခံစားမှု အလျှဉ်းမရှိသောမျက်နှာကို ပြန်မြင်ယောင်လာသောအခါ ကျောချမ်းသွားသည်။

မည်မျှကြောက်လန့်ဖွယ်ရာကောင်းစေကာမူ သူ့အသက်





ကို ကယ်တင်ထားသော အသက်သခင် ကျေးဇူးရှင်ဖြစ်သည်။

အစစအရာရာ သည်းခံပြီး တောင်းပန်တိုးလျှိုး နေသွားလျှင် တန်ဖြာအတွက် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဤနေရာသည် လူအရောက်အပေါက်နည်းသော နေရာဒေသဖြစ်နေသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ချွမ်း . ."

"အား . ."

တန်ဖြာ အလန့်တကြား ငွမ်းစောင်ကြီးအောက်သို့ တိုးဝင်လိုက်သည်။ ကြာပွတ်ကြီးနှင့် ငွမ်းစောင် ထိတွေ့သည်။ တန်ဖြာ အသားကို ထိခိုက်လိုက်သကဲ့သို့ နာကျင်သွားသည်။ ထိများထိလျှင် တန်ဖြာအသားအရေများ စုတ်ပြတ်သွားနိုင်သည်။

"ထွက်စမ်း မိစ္ဆာမ၊ မင်းကို ကျုပ် ဘာပြောထားသလဲ"

ငွမ်းစောင်ကြီးကို ဆွဲဖယ်ရန် ကြိုးစားသည်။ တန်ဖြာ အားအင်သည် လူကြီး၏ယောကျ်ားအားဝယ် အရှုံးပေးလိုက်ရသည်။





ငွမ်းစောင်ကြီး စွေ့ခနဲ ပါသွားသည်။

တန်ဖြာ အိပ်ရာ၌ ပုဆစ်ဒူးတုပ် ထိုင်ကာ လက်အုပ်ချီလိုက်သည်။

"ကျွန် . . ကျွန်မကို ချမ်းသာပေးပါ၊ ကျွန်မ နေစရာ မရှိလို့ပါ ဒီမှာနေပါရစေ"

"ဘာ . . ကောင်းကောင်းလိမ်နေလို့ လိမ်ချင်တာလား၊ ဆင်းစမ်း . . မလိုချင်ဘူး၊ ရိုက်ထည့်ရ . ."

"ချွမ်း"

"အား . ."

တန်ဖြာ ကျောကော့သွားသည်။ တုန်လှုပ်ခြောက်လန့်ခြင်းကြီးစွာဖြင့် မျက်ရည်များ အပေါက်လိုက် စီးကျပြီး အသားများ တဆတ်ဆတ် တုန်ယင်လာသည်။

ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း၊ ရက်စက်ခြင်းတို့သည် တန်ဖြာဘဝတစ်ဆစ်ချိုး၌ တွေ့ခဲ့ရလိမ့်မည်ဟု တန်ဖြာ မမျှော်လင့်ခဲ့မိ။

မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော ခရီးကြမ်းမုန်တိုင်းဝယ် တန်ဖြာ မည်ကဲ့သို့ ကူးခတ်ရမည်နည်း။

"ကျွန်မမှာ နေစရာမရှိလို့ပါ . . . နေပါရစေ"

တန်ဖြာ သူ့ခြေအစုံကို ဦးခိုက်ကန်တော့ရင်း တောင်းပန်သည်။ တန်ဖြာဘဝအတွက် အလင်းရောင်သည် ဤလူကြီးမှတပါး အခြားမမြင်ပါ။

"ဖယ်စမ်း . . ကျုပ်အသားကို မထိနဲ့ . . . သွား"

တန်ဖြာ၏ဦးခိုက်ရှိခိုးမှုကိုမှ မငဲ့ကွက် မထောက်မညှာ ခင်ဝကို ခြေထောက်နှင့် ကန်ထုတ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



"အမေ့ . ."

အသက်ရှူရပ်မတတ် ရင်ထဲ အောင့်တက် ခံစားလိုက်ရသည်။ နောက်လန်ကျသွားပြီးနောက် နာကျင်မှုဝေဒနာကို သတိမပြုနိုင်ဘဲ အိမ်ထောင့်ကွေးလေး၌ ကုပ်ကုပ်ကလေး ထိုင်ကာ. . .

"ကျွန်မကို နေခွင့်ပေးပါ၊ ခိုင်းချင်ရာ ခိုင်းပါ၊ ကျွန်မလုပ်ပေးပါ့မယ်"

"ဘာမှအသုံးမကျတဲ့ မိန်းမတစ်ယောက်ကို ကျုပ်က ဘာအတွက် နေခွင့်ပေးရမှာလဲ၊ စကားကြော မရှည်နဲ့၊ ခုထွက်သွား၊ ကျုပ် လက်မလွန်ခင် ထွက်သွား"

တန်ဖြာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ တန်ဖြာဘဝ၌ သန်းခေါင်ထက် ညဥ့်နက်စရာအကြောင်းမှ မရှိတော့ပေပဲ။

"ခိုင်းပါ. . . ကျွန်မကို ခိုင်းချင်ရာခိုင်းပါ၊ ကျွန်မလုံခြုံရေးအတွက် ကျွန်မနေပါရစေ"

"ဘာ. . . မင်းလုံခြုံရေးအတွက် ကျုပ်က ဘော်ဒီဂတ်လုပ်ပေးရမှာလား၊ ထွီ. . . မိန်းမတစ်ယောက်အတွက် ကျုပ် အချိန်မပေးနိုင်ဘူး၊ နေရာမပေးနိုင်ဘူး၊ မင်းတို့မိန်းမတွေကြောင့် ကျုပ်တို့ယောကျ်ားတွေရဲ့ဘဝ ပျက်စီးရပေါင်းများပြီ"

တန်ဖြာကို ကျောခိုင်းပြီး ဘီယာဖောက်ကာ မော့သောက်နေလေသည်။

အရူးတစ်ယောက်လိုပင်ဖြစ်နေသည်။ သူ့မျက်လုံးများသည် တန်ဖြာပေါ်တွင် မရှိတော့။ တန်ဖြာကို သူမေ့သွားပြီ။

"ဟတ်. . ဟား. . ဟား. . မိန်းမတွေဟာ ယောကျ်ားတွေဘဝကို ဒုက္ခပေးဖို့အတွက် သက်သက်လူဖြစ်လာတာ၊ တကယ်တော့





မိန်းမတွေ၊ တစ္ဆေတွေ၊ သူ့ကို ဘယ်သူမှ မမြင်ရဘူး၊ သူတို့အတွင်းစိတ်ဟာ ဘယ်သဏ္ဍာန် ရှိတယ်ဆိုတာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ပုံဖော်ကြည့်ကြတယ်၊ ကိုယ်မြင်ချင်သလို မြင်တယ်၊ ဒါပေမယ့် ကျုပ်တွေ့လိုက်တာက မိန်းမတွေလောက် ကြောက်စရာကောင်းတဲ့တစ္ဆေလောကမှာ မရှိဘူးထင်တယ်"

တန်ဖြာ ကုပ်ချောင်းချောင်းလေးနှင့် ငြိမ်သက်နေလိုက်သည်။ တန်ဖြာဘေး၌ ဝပ်တွားငြိမ်သက်နေသည်က ဂုမ္ဘာန်။ ဂုမ္ဘာန်သည် တန်ဖြာကို ခင်တွယ် သံယောဇဉ်ရှိနေပြီ ထင်ပါသည်။

တန်ဖြာ ခေါင်းထဲ ပေါ်ထွက်လာသော ဘုရားစာများကို တိုရောက်သည်ရောက် ရွတ်ဖတ်သရဇ္ဈာယ်နေလိုက်သည်။

"အဟတ်. . ဟား၊ မင်းတို့မိစ္ဆာတွေကို ကျုပ်က ကြောက်လို့တောရွာဇနပုဒ်မှာ ဇာတ်မြုပ်နေတာ မဟုတ်ဘူး. . . မုန်းလို့ကွ၊ တစ်စက္ကန့် မြင်ရရင် တစ်နှစ်စာလောက် အသက်တိုမယ်၊ ဒါကြောင့် ငါ ဒီမှာ လာနေတာ၊ ဒါကို မင်းက ရောက်ဖြစ်အောင် ရောက်လာသေးတယ်၊ မင်းကို ငါ သတ်စရာ မလိုဘူး၊ ပစ်ထားလိုက်ရုံပဲ၊ ဒါပေမယ့် ငါပစ်ထားလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အသက်၊ သူ့အသက်ဖြစ်နေလို့ပဲ"

တွေးတောငေးမောရင်း ဖြည်းဆေးစွာ ပြောနေသောသူကြီးကို ကြည့်ကာ တန်ဖြာ ကြောက်လန့်စိတ်တို့ လွင့်ပါးသွားလေသည်။

အရူးကြီးများလား။ အရူးနှင့်တော့ မတူပါ။ မိန်းမသားတစ်ဦးအပေါ် နာကြည်းချက် နှလုံးသား သန္ဓေတည်ပြီး ခြုံငုံကာ မိန်းမသားအားလုံးကိုပါ သိမ်းကျုံးမုန်းတီးနေသော လူသားတစ်ဦးဖြစ်သည်ဟု တန်ဖြာ သဘောပေါက်မိသည်နှင့်အမျှ သပွင့်အူ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရပ်ကြီးကိုပင် မေ့ပျောက်သွားကာ မိမိရှေ့၌ ရှိနေသော သတိလက်လွတ် လူသားကြီးကို ငေးမောကြည့်နေမိသည်။

ပုလဲမြစ်ချောင်းတို့ ရေစီးအဟုန် တုံ့သွားလေပြီ။ ပါးမို့မို့ လွင်ပြင်ထက်၌ လိုးလိုးလက်လက် မြစ်ရေကြောင်းကျန်တို့ကိုပင် သုတ်ရန် မေ့သွားသည်။

ကျောပြင်တစ်ချက်ရှိ ကြာပွတ်ရာ စပ်ဖျဉ်းဖျဉ်းတို့ ပျောက်ကွယ်သွားသည်။

"ကျုပ်ဘဝတစ်ခုလုံးကို မွမွချေ ပျက်သုဉ်းအောင် လုပ်ဆောင်ခဲ့တဲ့မိန်းမတွေကို ကျုပ်တစ်သက် မေ့မရအောင် နာကြည်းတယ်၊ မုန်းတယ်၊ သည်တော့ ကျုပ်တောင်းပန်တယ်၊ လူဖြစ်တဲ့ကျုပ်က လူသားတစ်ဦးဖြစ်တဲ့ ဒုက္ခရောက်နေတဲ့သူတစ်ဦးဖြစ်တဲ့ မင်းကို ကယ်တင်ခဲ့ပြီးပြီ၊ သည်တော့ ကျုပ်ကို အနှောင့်အယှက်မပေးဘဲ မင်းလမ်းကို မင်းပြန်သွားတော့၊ ဒါပဲ နောက်ဆုံးပြောမယ်"

အရက်အရှိန်ဖြင့် မူးဝေနေဟန်တူသော လူကြီးသည် တန်ဖြာ ရှိနေသော အိပ်ယာထက်သို့ မလာဘဲ ရှေ့ ကျားသစ်ရေခင်းပေါ်တွင် လှဲချလိုက်သည်။

"လောကကြီးမှာ ကျားမ မခွဲခြားဘဲ လူဆိုတဲ့ဝေါဟာရ တစ်ခုတည်းသာ ရှိရင် ကောင်းမယ်ထင်တယ်"

တန်ဖြာ ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရသည်။ ဘယ်လိုလုပ်၍ လူသားမျိုးဆက် ပွံ့ပွားလာမည်နည်း။ ဤလူကြီး ကြောင်နေပြီ၊ ပုံမှန်စိတ် မဟုတ်တော့ဘူးဟု တန်ဖြာ ယုံကြည်လာသည်။

သို့ဆိုလျှင် တန်ဖြာ ဤမှာ ဆက်လက်နေထိုင်သွားရမည်လား။ မိန်းမများကို ရွံရှာမုန်းတီးနေသော သူတစ်ယောက်နှင့် နေထိုင်ရခြင်းသည် တန်ဖြာအတွက် လုံခြုံစိတ်အချရဆုံး ဖြစ်ပေ





မည်။

တန်ဖြာ လူကြီးကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

လူကြီးကား အိပ်ပျော်နေလေပြီ။

အရက်သောက်ပြီးလျှင် မူးပြီး အာဝဇ္ဇန်းရွှင်သောလူ၊ မူးပြီး ဆိုးသွမ်းရမ်းကားသောသူ၊ မူးပြီးအိပ်ပျော်နေတတ်သောသူ စသည်ဖြင့် အမျိုးအစားများစွာ ရှိပေလိမ့်မည် ထင်သည်။ တန်ဖြာ တပ်အပ်သေချာမသိ။

တန်ဖြာ သိသည်က ဤလူကြီးသည် မူးလျှင် အိပ်ပျော်နေတတ်သည်ဟု . . .။

"ဂုမ္ဘာန် . . . မင်းသခင်တော့ မူးမူးနဲ့ အိပ်သွားပြီ၊ တို့လည်း အိပ်တာပေါ့။ သူ မနိုးခင် ထပြီး တစ်နေရာရာမှာ သွားပုန်းနေမယ်၊ ငါ့ကို ပစ်မထားနဲ့နော်"

တန်ဖြာသည် ဂွမ်းစောင်တစ်ထည်ကို ခွာကာ လူကြီးပေါ်သို့ သွားခြုံပေးလိုက်သည်။ လူကြီးကား တုတ်တုတ်မှ မလှုပ်တော့။

တောတွင်းအရိုင်းအစိုင်း မဟုတ်သော လူကြီး၏နာကြည်းမှု အတိတ်တံခါးကို ဖွင့်လှစ်လိုပါသည်။ အသက်သခင် ကျေးဇူးရှင်ဖြစ်ခဲ့သော ဤလူကြီး၏ရိုက်ချက်သည် အရေပြားပေါ်တွင်သာ ထင်နေသည်။ နှလုံးသားကိုတော့ မထိသေးပါချေ။

လုံခြုံစိတ်ချခြင်းသည် အိပ်ပျော်ခြင်းကို အကောင်းဆုံး ပံ့ပိုးပေးနိုင်သည် ထင်ပါသည်။ တန်ဖြာ ဂွမ်းစောင်ပုံကြီးအောက် ဝယ် နွေးထွေးစွာ အိပ်ပျော်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





(၂)

"မင်း တယ်ပြောရခက်ပါလား"

လူကြီးနိုးလာချိန်တွင် တန်ဖြာက ထမင်းအိုး ချက်နေပြီး ရေနွေးအိုးကြိုပြီး လက်ဖက်ရည် ဖျော်ထားပြီးသား၊ ဂျုံသားဟင်းအိုး တစ်အိုးကို ရှိရှိသမျှ အမွှေးအကြိုင်ကလေးများနှင့် ချက်ထားသည်။

ဒေါသရှိန်ကြောင့်လားမသိ၊ လူကြီးမျက်နှာ နီရဲနေသည်။ မျက်မှောင်ကြီး ချီထားလိုက်သည်မှာ မျက်ခုံးနှစ်ဖက် ဆက်ကာ သိန်းငှက်အတောင်ခတ်နေသည့်အလား ရှိနေသည်။

"ကျွန်မကို ခိုင်းချင်ရာ ခိုင်းပါ၊ ထမင်းနှစ်နပ် ကျွေးပြီး





အိပ်စရာ နေရာတစ်နေရာ ရလျှင် တော်ပါပြီ၊ ဒုက္ခရောက်နေတဲ့ လူသားတစ်ဦးကို ကယ်တင်ကောင်းမှုပါတယ် အစ်ကိုကြီးရယ်"

"ဘာ. ."

ဒေါသတကြီး လက်ရွယ်လိုက်သောကြောင့် တန်ဖြာသည် ထိတ်လန့်တကြား နောက်ဆုတ်လိုက်သည်။

"ရှိခိုးပါတယ်. . . ကျွန်မဒုက္ခရောက်နေလို့ပါ အစ်ကိုကြီး ရယ်"

တန်ဖြာ ရင်နင့်စွာနှင့် တောင်းပန်ရပါသည်။ အသက် (၂၂)နှစ်ပင် မပြည့်ခဲ့သေးသော သူမဘဝတွင် လူတစ်ဦး တစ်ယောက်ကို ခယတောင်းပန်ခြင်းသည် ဤအကြိမ်သည် ပထမဦးဆုံး ဖြစ်၏။

ကံကြမ္မာ အလှည့်အပြောင်းက ရုတ်တရက် ရက်ရက်စက်စက် ရောက်ရှိလာချေပြီ ထင်ပါသည်။

"ဘာအစ်ကိုကြီးလဲ. . . ကျုပ်ကို ဘာမှမခေါ်နဲ့၊ ခေါ်စရာ မလိုဘူး"

"ဟုတ်. . ဟုတ်ကဲ့၊ မကြိုက်ရင် ဘာမှမခေါ်တော့ပါဘူး၊ ကျွန်မကို ဂုမ္ဘာန်လိုပဲ သဘောထားပြီး နေခွင့်ပေးပါနော်၊ ကျွန်မ ဒုက္ခရောက်လာလို့ပါ"

"ရှေးလူကြီးတွေက ဒါကြောင့် ပြောခဲ့တာ၊ ခြေနှစ်ချောင်း သည်း မကယ်နဲ့၊ မီးလေ့မျောလည်း မဆယ်နဲ့တဲ့၊ ဒီစကား ခုတော့ သွေးထွက်အောင် မှန်နေပြီပေါ့"

တန်ဖြာ အားတက်သွားသည်။

"ဂုမ္ဘာန်တောင် မွေးသေးရင် ကျွန်မကိုလည်း မွေးသင့်ပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးက အမဲလိုက်ဖော် ရတယ်၊ အိမ်စောင့်ဖော် ရတယ် မင်းက. . ."

"ကျွန်မ ထမင်းချက်ပေးမယ်၊ အဝတ်လျှော်ပေးမယ် အို. . . ခိုင်းတာ အကုန်လုပ်ပေးပါ့မယ်၊ ဂုမ္မာန်နိုးပါးတော့ အဖော် ရစေရပါ့မယ်"

လူကြီးသည် မျက်နှာအရင်သစ်ပြီး သွားတိုက်လေသည်။ တောတွင်း၌ နေပြီး သွားပွတ်တံနှင့် သွားတိုက်ဆေးကို အသုံးပြုပုံကို အကဲခတ်မိ၍ တန်ခြာ ဤလူကြီး၏ လူနေမှု အဆင့်အတန်းကို ခန့်မှန်းကြည့်မိသည်။

မတ်ခွက်ထဲ လက်ဖက်ရည် ထည့်ပေးထားသည်။

သံပန်းကန်ပြားထဲ ထမင်းပူ ဆီဆမ်းနှင့် ဆတ်သားခြောက် ကင်ပြီး မွမွလေး ဖွကာ ထည့်ပေးထားသည်။

ဝါးစားပွဲလေးပေါ်တွင် တင်ထားပေးပြီး တန်ခြာက ဂွမ်းစောင်များကို ထုတ်ကာ နေရောင်ခြည် ကျလာသော ဝရန်တာတွင် ထုတ်လှန်းလိုက်သည်။

"ဘာလုပ်တာလဲ"

"နေလှန်းတာပါ. . . အောက်သိုးသိုးအနံ့ ရနေလို့ နေပြ ပေးတာ"

"မလိုပါဘူး အပိုအလုပ်တွေ"

လူကြီး ဘာမှထပ်မပြောတော့ဘဲ တန်ခြာ ပြင်ဆင်ထား ပေးသည်တို့ကို စားသောက်လေသည်။

"ဂုမ္မာန်ကော စားပြီးပြီလား"

ဂုမ္မာန် အမြီးနှံ့ပြသည်။ ပြီးတော့ တန်ခြာကို လှမ်းကြည့် သည်။ လူကြီးက သဘောပေါက်ဟန်တူသည်။





"မစားကြရသေးဘူးပေ့ါ"

"ကျွန်ဆိုတာ သခင်စားပြီးမှ စားရတာပဲ၊ ကျွန်မတို့ နောက် မှ စားပါ့မယ်"

တန်ခြာက မိမိကိုယ်ကို ချိုးနှိမ်ပြီး ပြောလိုက်သည်။ လူကြီး က မျက်မှောင်တစ်ချက် ချီကာ လှမ်းကြည့်ပြီး ဘာမှမပြောဘဲ ဆက်စားလေသည်။

တန်ခြာကလည်း ဂျီသားဟင်းအိုး အနွေးလိုသေးသဖြင့် ရေအနည်းငယ် ထည့်ကာ မီးထပ်ထည့်လိုက်သည်။

နောက် လျှော်စရာအဝတ်များကို စုစည်းလိုက်သည်။ ခေါင်းအုံးစွပ်ကအစ ချွတ်လိုက်သည်။ ဇီဇာကြောင်သည်တော့ မဟုတ်။ နေကောင်းလာသည်နှင့် အောက်သိုးသိုးဖြစ်နေသော အနံ့ များက တန်ခြာကို ပျို့အန်ချင်လာအောင် နှိပ်စက်နေလေပြီ။ ခေါင်းအုံးပါ နေရောင်၌ ထုတ်လှန်းလိုက်သည်။ သူက ကျားရေခွံ၊ ကျားသစ်ရေခွံကြီးများ၏အနံ့ကလည်း ခြောက်သွေ့နေပြီဆိုသော် လည်း မိုးတွင်းကာလဖြစ်၍ ပုပ်သိုးသိုးအနံ့ ရမိသည်။

တန်ခြာ နေရောင်ခြည် ရရာနေရာသို့ ရွှေ့လှန်းလိုက် သည်။ သူ စားသောက်ပြီးသည်နှင့် ဂုမ္မာန်ကိုပါ ခူးခပ်နယ်ကျွေးပြီး အောက်သို့ ဆင်းသွားလေသည်။

"ဂုမ္မာန်. . . စားပြီးရင် လိုက်လာခဲ့"

ဟုတော့ ပြောသွားသေးသည်။ ဂုမ္မာန်လောက်ပင် အရေး ပေးမခံရသော မိမိဘဝကို တန်ခြာ ဝမ်းနည်းသွားသည်။ သို့သော် ဖြေသာပါသည်။

တန်ခြာအား နေထိုင်ခွင့်ပြုသည်ဟု တစ်ခွန်းမှ မဆိုသော် လည်း ထိုနှုတ်ဆိတ်နေခြင်းကပင် ခွင့်ပြုလိုက်ကြောင်း သိသာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျေးဇူးတင်နေမိသည်။

ရေနစ်သူအတွက် ကောက်တစ်မျှင်သည်လည်း ကြီးမားသော အားကိုးရာ ကယ်တင်ရှင်ပင်ဖြစ်သည်။

ဂုမ္ဗာန် စားသောက်ပြီးသည်နှင့် မျောက်တစ်ကောင်လိုပင် ကြိုးလှေကားကို ဇောက်ထိုးဆင်းသွားသည်။

တန်ဒြာ စဉ်းစားကြည့်မိသည်။ ဤကြိုးလှေကားကို မိမိမည်သို့ ဆင်းရမည်နည်း။ နောက်ပြန် ဆင်းရမည်ပင်။ လူကြီးဆင်းသွားသကဲ့သို့ ဆင်းရမည်။

ဝရန်တာလေးမှ ရပ်၍ သဘာဝရှုခင်းများကို ငေးကြည့်သည်။ မလှမ်းမကမ်း မှုန်ပျပျတွင် ရွာလေးတစ်ရွာ ရှိနေသည်။ သို့သော် ဝါးပင်ကြီးများ အုပ်ဆိုင်းနေသဖြင့် ရွာကို အထင်အရှားမမြင်ရ။ အိမ်တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာဝေးလွန်းလှသည်။

တန်ဒြာတို့ နေသော လင့်စင်ကြီးကတော့ အချက်အချာကျသောနေရာတွင် ရှိသည်။ ကိုက်(၃၀၀)ခန့်အကွာ စမ်းချောင်းကလေးတစ်ခု ရှိနေသည်။ ထိုစမ်းချောင်း၌ တန်ဒြာ ရေချိုးရမည်ထင်သည်။

ဆပ်ပြာရှာဖွေလိုက်သည်။ ဂုန်နီအိတ်ကြီးများတွင် တိုလီမုတ်စများ ရောထွေးနေသည်။ ထိုအထဲ၌ ဆပ်ပြာတောင့်များ သွားတွေ့သည်။ ဆပ်ပြာတောင့်များကို ထုတ်ယူလိုက်သည်။ ကိုးပိုင်းတောင် ရှိသည်ပဲ။ တစ်တောင့်ကို သုံးပိုင်းစီ ပိုင်းကာ ကျွတ်ကျွတ်အိတ်ထဲ ထည့်ပြီး ထုတ်တန်း၌ ချိတ်ဆွဲလိုက်သည်။

ဆပ်ပြာခွက်၌ လပ်ဆပ်ပြာမွှေးကိုပါ တွေ့ရသဖြင့် လူကြီးကို အထင်မသေးဝံ့။ နဂိုကတည်းက တောတွင်းသားနှင့် မတူ။ လောကကြီးကို နာကြည်းနေပုံရသောလူကြီးကို ခွင့်လွှတ်ပါသည်။





အသက်သခင် ကျေးဇူးရှင်လည်း ဖြစ်နေပြီပဲ။

လူကြီး၏ညစ်ပတ်နံစော်နေသော အဝတ်အစားများ၊ ခေါင်းအုံးစွပ်များကိုယူကာ ပုဆိုးတစ်ထည်နှင့် ထုပ်ပြီး အောက်သို့ ပစ်ချလိုက်သည်။ နောက်မှ ဂျီသားဟင်းအိုးကို နှပ်ပြီး လက်ဖက်ရည်တစ်ခွက် သောက်ကာ အောက်သို့ ဆင်းခဲ့သည်။

လှုပ်ခါသွားသော ကြိုးလှေကားကြောင့် ရင်တုန်ပန်းတုန်ဖြစ်မိသော်လည်း နောက်ပြန်ဆင်းခြင်းကား လွယ်ကူလေသည်။

တန်ဒြာ ပြုံးမိလေသည်။


လောကကြီး၏အလှည့်အပြောင်းသည် အံ့သြဖွယ်ရာကောင်းလွန်းလှချေပြီတကား။



www.burmeseclassic.com

www.burmeseclassic.com





(၉)

ရှင်းလင်းနေသောမြင်ကွင်းကြောင့် သူ့မျက်စိသူ မယုံကြည်ချင်။

အခန်းမရှိ။ ဆယ်ပေ ပတ်လည်ကျော်ကျော် လင့်စင်၌ စားစရာသောက်စရာများ သူ့နေရာနှင့်သူ ရှိနေသည်။ သူ အမြင်ထူးခြားနေသည်တော့ အမှန်။ ယခင်ကဆိုလျှင် သူ့ခမျာ ကျောချစရာ တစ်နေရာ ရလျှင်ပြီးရောဟု သဘောမျှသာ ရှိသည်။

ဟိုမိန်းမ ဘယ်ရောက်နေသနည်း။

သူ့အကြည့်တို့ ဝေ့ဝဲရှာကြည့်မိသည်။





မတွေ့။ မနေ့ညက သူ ပြန်မအိပ်။ ဂုမ္ဘာန်ကိုတော့ ပြန်လွှတ်လိုက်သည်။

မိန်းမ၏အိတ်ကတော့ ရှိနေသည်။ ချက်ပြုတ်ထားပြီး သမင်းဟင်း ပူပူနွေးနွေးတို့ ရှိနေသည်။ ဘယ်ရောက်သွားသနည်း။

ကျားပဲ ဆွဲသွားပြီလား။

ဆွဲသွားလည်း အေးသည်ပေါ့။

ဖျက်ထားပြီးအမဲကို ကြမ်းပြင်ပေါ် ပစ်ချမည် လုပ်ပြီးမှ ရှင်းလင်းသန့်ပြန့်နေသောကြမ်းပြင် ညစ်ပတ်သွားမှာ စိုးရိမ်သွားသည်။ ထို့ကြောင့် ရေပုံးထဲ ထည့်ထားလိုက်သည်။ ဆတ်ချိုကို သံချိတ်၌ ချိတ်ကာ ဆွဲထားလိုက်သည်။ သေနတ်ကို ချိတ်နေကျချိတ်၌ ချိတ်လိုက်သည်။

ဝရန်တာမှ ထွက်ကာ အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဟာ. . . သေတော့မှာပဲ"

အေးအေးလူလူနှင့် တောစံပယ်ပန်းများ ခူးနေသောမိန်းမကို လှမ်းတွေ့လိုက်ရသည်။ တရွေ့ရွေ့ လာနေသော စပါးကြီးမြွေ၏ အန္တရာယ်ကို သူမ မမြင်။

သေနတ် ကမန်းကတန်း ဖြုတ်လိုက်သည်။ သေချာစွာ ချိန်လိုက်သည်။ တစ်ကိုက်အကွာအဝေးတွင် ရှိနေသော စပါးကြီးမြွေသည် ပါးပျဉ်းကို ထောင်ကာ ညို့ဟန်ပြင်နေလေပြီ။

"ဒိုင်း"

သူ့ပခုံးသို့ သေနတ်ဒင် ဆောင့်တွန်းပြီး ကျည်ဆန်ထွက်သွားသည်။

"အဟင်း. ."

သူ ကျေနပ်စွာ ပြုံးလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. ."

ကျည်ဆန်သည် စပါးကြီးမြွေ၏လည်ပင်းကို ဖြတ်သန်းသွားသည်။ အသက်ပြင်းသော စပါးကြီးမြွေတို့၏ထုံးစံအတိုင်း အကြောဆွဲမှု၊ တွန့်လိမ်ရိုက်ခတ်မှုက မြေပြင်ကို တဘုန်းဘုန်း မြည်စေသည်။

သေနတ်သံကြောင့်လား၊ မြွေကြီး၏လှုပ်ရှားမှု အထိတ်တလန့်မြင်ကွင်းကြောင့်ပေလားမသိ၊ မချောမှာ မြေပြင်ထက်သို့ အရုပ်ကြိုးပြတ် လဲသွားလေသည်။

စပါးကြီးသည်းခြေထုတ်၊ အသားကင်ရမည်။ လောလောဆယ်တော့ မချောကို ထမ်းခေါ်ရဦးမည်။

ဂုမ္ဘာန် ဘယ်ရောက်နေသနည်း။

သေနတ်ပြန်ချိတ်ပြီး အောက်သို့ ဆင်းခဲ့ရသည်။

"ဝုတ်. . ဝုတ်. . ဝုတ်. ."

လက်စသတ်တော့ ကိုယ်တော်ချောက မချောအတွက် ပန်းသွားခူးပေးနေသည်ကိုး။ သစ်ခွပန်းအုံတစ်အုံ ကိုက်ချီလျက် ပြန်လာပြီး မချောဘေးနား ချကာ ဟောင်လျက် သူ့အား ခေါ်နေလေပြီ။

"တော်တော်ဟုတ်ကဲ့ကောင်"

သူ ဂုမ္ဘာန်ကို စိတ်ဆိုးရအခက်ဖြစ်နေသည်။ သို့သော် တောထဲမှာလည်း လာနေသေးသည်။ သေနတ်သံ ကြားရုံမျှ၊ မြွေကြီးအကြောဆွဲတာ မြင်ရုံမျှနှင့် မူးလဲသွားသောမိန်းမကိုတော့ စိတ်တိုမိသည်။

"သည်လောက်တောင် ပျော့ညံ့တဲ့မိန်းမ၊ မှတ်လောက်အောင်တော့ ပညာပေးဦးမှ"





သူ တစ်ကိုယ်တည်း ပြောလိုက်သည်။

နောက် ပုံ့ပုံ့ကလေး သတိလစ်နေသော မိန်းမချောကို ခွေ့ကနဲ ပွေ့ကာ စမ်းချောင်းဘက် ချီခဲ့သည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

ဂုမ္ဘာန်ကလိုက်လာပြီး သူ့ခြေထောက်ကို ခေါင်းနှင့် ဝှေ့ကာ တောင်းပန်သည်။

"သွား. . . မင်းမိန်းမမို့လို့လား"

သူ စိတ်တိုစွာဖြင့် ဂုမ္ဘာန်ကို ကန်ကြောက်ပစ်လိုက်သည်။

"ဂိန်. . . ဂိန်"

ဂုမ္ဘာန် အော်ဟစ်ပြီး နောက်ဆုတ်သွားလေသည်။ စမ်းချောင်းအစပ်ထိ သူဆင်းပြီး မိန်းမချောကို ပစ်ချလိုက်သည်။

"ပွမ်း. ."

ရေနှင့် ထိတွေ့မှုကြောင့် မိန်းမ လူးလွန့်လာသည်။ ရေစီးညင်သာသောချောင်းဖြစ်၍ သူမ မျောမသွားနိုင်ပါ။

သူမ ယက်ကန်ယက်ကန်ဖြစ်နေသည်။ နောက် လူးလဲထလိုက်သည်။ ထိတ်လန့်အံ့သြဝိုင်းစက်သော မျက်လုံးအစုံဖြင့် သူ့အား လှမ်းကြည့်လေသည်။

"တောထဲ လာနေပြီး နန်းမတော်မယ်နှ လုပ်နေလို့ မရဘူးဟေ့၊ မင်းမူးလဲတိုင်း ကျုပ်ပြုစုမနေနိုင်ဘူးဆိုတာ မှတ်ထားလိုက်"

"ဟုတ်. . ဟုတ်ကဲ့"

ရေထဲမှ တက်လာရင်း သူမက အသံတုန်လေးနှင့် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

ဩော်. . . အအေးဓါတ် လွှမ်းစပြုနေသည့် ညနေခင်းအချိန်၌ သူမ ချမ်းသွားပြီထင်ပါသည်။ သူ့လုပ်ရပ် မှားသွားပြီလား၊



www.burmeseclassic.com

www.burmeseclassic.com



မမှားပါ၊ မိန်းမများကို ခုလိုချိုးနှိမ်ထားကာမှ တန်ကာကျသည်။

"အီး . . အီး . . အီး . ."

ဂုမ္ဘာန်က အခွဲပိုကာ အားပေးသည့်အလား သူမကို ပြေးကြိုလာသည်။

"တောက် . . . တော်တော်ဟုတ်တဲ့ ခွေးမသား"

"ဟော့ . ."

သူမကို စေ့စေ့ကြည့်ကာ ခေါ်သည်။

သူမက မထူး။ မျက်လုံးအဝိုင်းသားနှင့်သာ လှမ်းကြည့်သဖြင့် သူ စိတ်ကိုကာ . . .

"ဟေ့ . . . မိန်းမ ကျုပ်ခေါ်တာ မကြားဘူးလား"

"ရှင် . . ဟုတ်၊ ကြားပါတယ်"

"မြွေရဲ့အမြီးကို ကိုင်ထားပေးစမ်း"

"ရှင် . ."

သူမ၏ဝိုင်းစက်သောမျက်လုံးများမှာ ပို၍ကြီးမားလာသည်။

"မြွေအရေခွံ ယူရမယ်ကွ"

"ရှင် . ."

"ကျုပ်ခိုင်းတာ လုပ်လေ"

"ဟို . . ဟို . . ကျွန်မ မကိုင်ရဲ"

"ဘာ . . . ဒါနဲ့ ကျုပ်ခိုင်းတာ အကုန်လုပ်ပေးမယ်ဆိုဗျ"

သူ၏ဒေါသတကြီးအော်ဟစ်မှုအောက်ဝယ် သမင်မငယ်၏ကြောက်ရွံ့ပုံမျိုးနှင့် သူမတုန်လှုပ်နေလေပြီ။

"ဟို . . . တခြားဟာတွေ ခိုင်းပါ၊ တိရစ္ဆာန်တွေနဲ့ ပတ်သက်ပြီး ကျွန်မကို မခိုင်းပါနဲ့"





မြွေကို ယောင်၍မျှပင် မကြည့်ဘဲ မျက်နှာကို လွှဲထားသော သူမကို သူ အသည်းယားသဖြင့် . . .

"ကျုပ်ခိုင်းတာကို မလုပ်နိုင်ရင် ကျုပ်နဲ့ မနေနဲ့"

"ဟင်"

မျက်လုံးအစုံ၌ မျက်ရည်ကြည်များ ပြည့်လျှံလာသည်။

သူ့ကို တောင်းပန်တိုးလျှိုးသောမျက်ဝန်းဖြင့် ကြည့်သည်။ သူက အကြည့်ကို လွှဲဖယ်လိုက်သည်။ သနားစရာကောင်းခြင်းတည်းဟူသောအကြည့်ဖြင့် ယောကျ်ားသား၏သံမဏိနှလုံးသားကို အရည်ပျော်အောင် ဖန်တီးသော မာယာလက်နက်ကို သူ ရှောင်လွှဲလိုက်ခြင်းဖြစ်လေသည်။

"ဝေါ့ . ."

သူမအကြည့်က မြွေဆီသို့အရောက်၌ ပျို့တက် အန်ချင်လာသည်။ ရင်ထဲ အသည်းထဲ တုန်ရင်လှိုက်မောနေသည်။ မူးပြီးအန်ချင်သည်။ ထိဖို့နေနေသာသာ မြွေဆိုလျှင် မြင်သည်နှင့် ကြက်သီးမွေးညင်းတောင် ထကာ ကြောက်တတ်သော သူမအဖို့ မြွေကို မထိရဲပါ။

သူသည် မြွေကြောက်တတ်သော မိန်းမသားအချို့၏ သဘာဝကို သိထားသည့်အားလျော်စွာ သူမကို မမှိတ်မသုန် အကဲခတ်နေမိသည်။

ဟန်လုပ်ခြင်းလား၊ တကယ်ကြောက်လန့်ခြင်းလား။

"ဝေါ့ . ."

မြွေအနီး တိုးသွားတိုင်း တွန့်ဆုတ်ကြောက်လန့် ပျို့အန်နေသော သူမကို သူ သနားသွားသည်။

ရေစိုအဝတ်ကြောင့် ချမ်းအေးနေခြင်းပေလားမသိ။ သူမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး တုန်ယင်နေသည်။

သူစိတ်ပြောင်းသွားသည်။ သူမ ဟန်ဆောင်ခြင်းမဖြစ်နိုင်။ တကယ်ကြောက်လန့်ရွံ့ရှာတုန်လှုပ်ခြင်းသာဖြစ်ပေမည်။

"ဟော့. ."

"အမေ့. ."

"သွားတော့. ."

"ရှင်. ."

နားမလည်ခြင်း၊ မယုံကြည်ခြင်း မျက်ဝန်းများနှင့် သူ့အား ကြည့်လေသည်။

အပြစ်ကင်းစင်သော သမင်ငယ်၏မျက်ဝန်းဟန် ဖြစ်သည်။

"သွားတော့လို့ ပြောနေတာ မင်းမကြားဘူးလား"

"ကြားပါတယ်"

"ကြားရင် သွားလေ"

"ဘယ်ကို သွားရမှာလဲ"

"အိမ်ကိုပေါ့. . . အိမ်ကို၊ တော်တော်တုံးတဲ့မိန်းမ၊ ဘာမှ အသုံးမကျဘူး"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

သူမသည် ပြုံးလျက် ဇက်ကလေး ပုကာ. . .

"တုံးအတဲ့မိန်းမဆိုတာကိုပါ"

ဟု ပြောပြီး လှစ်ခနဲ ထွက်ပြေးသွားလေသည်။

သူ ဇောင်းထဲမှ လွတ်လိုက်သောမြင်းသဖွယ် ပြေးထွက်သွားသော သူမကို ရုတ်တရက် ငေးကြည့်နေရာမှ သတိရပြီး





မျက်နှာလွှဲလိုက်သည်။

စပါးကြီးသည်းခြေကို ထုတ်ပြီး ကျောက်ချဉ်ရေနှင့် စိမ်ထားမည်။ အရေခွံကို ခွာရဦးမည်။ ခေါင်းကို သပ်ရိုက်၊ အမြီးကို ရှည်နိုင်သမျှ ရှည်အောင် ဆွဲဆန့်ပြီး သပ်ရိုက်ကာ အရေခွံကို ခွာယူရသည်။ မသေခင် အကြောဆွဲစဉ် လုပ်ဆောင်နိုင်မှ ရသည်။ တုံ့ဆိုင်းမနေဘဲ လုပ်စရာရှိသည်ကို အမြန်လုပ်လိုက်သည်။

ပြန့်ကျဲနေသော တောစပယ်နှင့် သစ်ခွပန်းများကို သူ ကြည့်မိသည်။

ပန်းကြိုက်တတ်သော မိန်းမသားများ၏နှလုံးသားသည် အလွန်နူးညံ့သိမ်မွေ့တတ်သည်ဟု သူ့သူငယ်ချင်းအချို့ ပြောဖူးသည်ကို သူအမှတ်ရမိသည်။

သူမ နှလုံးသား နူးညံ့သိမ်မွေ့သည် မမွေ့သည်ကိုတော့ သူ မသိ။ ပျော့ညံ့သည်ကိုတော့ သူသတိထားမိသည်။ ထိုပျော့ညံ့သော၊ ကြောက်တတ်သော သူမသည် မည်သည့်အတွက်ကြောင့် အိမ်ပြေးဘဝကို ရောက်ရှိလာသနည်း။

ဆုတ်ခွာထားသောအရေခွံကို တစ်နေ့လုံး နေရောင်ခြည် ရနိုင်မည့်နေရာ၌ အတွင်းဘက်ကို လှန်ကာ သပ်ရိုက်ပြီး ထားလိုက်သည်။

သည်းခြေကို ထုတ်ပြီးယူခဲ့သည်။ အသားကိုတော့ မစားချင်တော့၊ တောအုပ်ခပ်နက်နက်သို့ သွားပစ်လိုက်သည်။

သူ လင့်စင်ပေါ် တက်လာတော့ မီးထွန်းချိန်ရောက်လေပြီ။ မှန်အိမ်ကို သူမ ထွန်းထားပြီးဖြစ်သည်။

ပူနွေးနေသောထမင်းပွဲက သူ့ကို အဆင်သင့် စောင့်ကြို နေသည်။ စပါးကြီးသည်းခြေကို ပုလင်းတွင် ထည့်ကာ ကျောက်ချဉ်

www.burmeseclassic.com

www.burmeseclassic.com



ရေနှင့် စိမ်ထားလိုက်သည်။ ထို့နောက် လက်ကို စင်အောင် ဆေးကြောလိုက်သည်။

သူမက သူ့အရိပ်အကဲကို စောင့်ကြည့်နေသည်။ သူ ထမင်းစားပွဲ ထိုင်မှ ဟင်းချိုပူပူတစ်ခွက် လာချပေးလိမ့်မည်။

သူ မကြိုက်။ ဟင်းကို အားပါးတရ နယ်စားပြီး ရေသောက်ချလိုက်မည်။ ယခုတော့ ဧည့်သည်တစ်ဦး အိမ်လည်စားသောက်သလို ပြုစုခြင်း ခံရခြင်းကို သူ မလိုချင်။

"နောက် ကျုပ်အတွက် ထမင်းပွဲ ပြင်မထားနဲ့"

"ရှင်. ."

"နားမကန်းဘူး မဟုတ်လား"

"ဟုတ်ကဲ့. ."

သူ သူမကို ကျောခိုင်းပြီး စားလိုက်သည်။ စိတ်ကျဉ်းကြပ်သည်။ သူစိမ်းတစ်ဦး ရှိနေခြင်းက အနေအစား ကျုံ့စေသည်။

"ကျွန်မ ဘာမှားလို့လဲ"

ထမင်းပူပူနွေးနွေးသည် လည်ချောင်းအတွင်း ရှောရှောရှုရှု ဆင်းသွားခဲ့သည်။ အရသာရှိအောင် သူမ ချက်ကျွေးသည်။ သူ ယခင်စားခဲ့သည်နှင့် တခြားစီ ဖြစ်နေသည်ကိုတော့ သူ ကောင်းကောင်းသတိပြုမိသည်။

သို့သော် ထိုအရသာပေါ် ခုံမင်နေခြင်းသည် မကောင်း။

"မှားတယ်. ."

"ရှင်. ."

"ဟုတ်တယ်. . . မှားတယ်၊ ထမင်းပွဲ ပြင်ထားတာကိုက အမှားပဲ၊ ဒါ အိမ်မဟုတ်ဘူး. . . လင့်စင်၊ တောပစ်မုဆိုးရဲ့လင့်စင်၊ ထမင်းပွဲ အကျအန စားပြီး အကျအန ဇိမ်ခံနေရမယ့်နေရာ မဟုတ်





ဘူး"

သူမ မည်သို့ရှိနေမည်ကို သူလှည့်မကြည့်ဘဲ စကားရှည်ရှည်ဝေးဝေး ပြောလိုက်သည်။

သူမထံက အသံထွက်မလာပါ။

"ကျုပ်နေရာက တောကောင်တွေနဲ့ ဝေးတယ်ဆိုပေမယ့် ကျုပ်မရှိတုန်း တောကောင်လာဆွဲရင်တော့ မင်းထိုက်နဲ့မင်းကံပဲ"

"ရှင်. . . ဒါဖြင့် ကျွန်မ ရှင့်နောက်လိုက်. . ."

"တော်စမ်း. . . မင်းလိုက်မှ တောကောင်တစ်ကောင်မှ မရဘဲ မင်းကို ထမ်းတဲ့အလုပ်ပဲ လုပ်နေရလိမ့်မယ်၊ သရဲရှိတယ်၊ မင်း ရွာထဲ သွားနေမလား"

"မနေပါရစေနဲ့"

"ဘာဖြစ်လို့လဲ"

စားသောက်ရင်းမှ လှမ်းကြည့်ရင်း မေးလိုက်သည်။ အဖျားကင်းစင်ပြီး အားအင်ပြည့်ဖြိုးလာဟန်တူသော သူမသည် ပါးအို့ကလေးများ နီကာ နှင်းဆီငုံဖူးနှယ် နှုတ်ခမ်းနှစ်လွှာလေး ဟဟလှုပ်ရှားသွားသည်။

"လူတွေနဲ့ မနေချင်တော့လို့ပါ"

"ဟတ်. . . ဟား. . . ဟား"

သူ ထမင်းသီးမတတ် ရယ်မောလိုက်သည်။

"ကျုပ်က လူမဟုတ်ဘူးပေါ့. . . ဟုတ်လား"

"ကျွန်မ အဲသည်လို ဆိုလိုတာ မဟုတ်ပါဘူး၊ ရှင်က မုဆိုးပဲ"

"မုဆိုးလည်း လူပဲ"

"ဒါပေမယ့် ရှင်က မနုဿမုဆိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. ."

သူ သူမစကားကြောင့် အံ့သြသွားသည်။ သူ မေ့လျော့နေသောအချက်၊ မေ့ပျောက်ထားခဲ့သောအချက်ကို သွားသတိရသည်။

မနုဿမုဆိုး၊ သူသည် မနုဿမုဆိုး မဟုတ်။ မနုဿမုဆိုးသည် ယောက်ျားများမှသာ ဖြစ်တတ်တာလား။ မိန်းမသားများသည်ကော မနုဿမုဆိုး မဖြစ်ပေဘူးလား။ သေနတ်ကိုင်ပြီး တောကောင်ပစ်သော ယောက်ျားသား သေနတ်ကိုင် တောပစ်မုဆိုးများထက် ကြောက်လန့်စရာ အကောင်းဆုံးသော မုဆိုး၊ လက်နက်မကိုင်ဘဲ နှင်းဆီပွင့်ဖတ်နှုယ် နှုတ်ခမ်းနှစ်လွှာ ဟဟကလေး လှုပ်ရှားပြီးလေးမြားနှင့် ပစ်ခတ်တတ်သော၊ ယောက်ျားသားတို့၏အသည်းနှလုံးကိုမှ ပစ်ခွင်းယူတတ်သော မနုဿမုဆိုး မိန်းမသားများသာကြောက်စရာအကောင်းဆုံးဖြစ်သည်။

သို့ဆိုလျှင် သူ့ရှေ့မှ မိန်းမသားသည် မနုဿမုဆိုးဖြစ်နေလျှင်ကော။

သူ သူမကို စူးစိုက်ကြည့်လိုက်သည်။ သူ့အကြည့်ကို ထိတ်လန့်တကြား တုံ့ပြန်ကြည့်နေသောမျက်ဝန်းတွင် မျက်ရည်စများစွန်းထေးနေလေသည်။

"အင်း. . . ကျုပ်က မနုဿမုဆိုး မဟုတ်သလို မင်းလည်း မနုဿမုဆိုး မဟုတ်ပါစေနဲ့လို့ ကျုပ်ဆုတောင်းတယ်"

ရင်မှာ အနာတရ ဖြစ်လာသည့်အခါတိုင်း ဒေါသစိတ်ကို တုံ့လျှိုးပြီး ဝမ်းနည်းမှုက လှိုင်းထလာသည်။ မျက်ရည်ကျပြီး မငိုတတ်သော ယောက်ျားဖြစ်နေ၍သာ သူ့မျက်ဝန်း၌ ခြောက်သွေ့နေသည်။

သို့သော် သူ့နှလုံးသား၌ သောကအိုင်ထွန်းနေလေပြီ။





ထမင်းစားခြင်းအလုပ်ကို သူဆက်မလုပ်နိုင်တော့။ လက်သဆေးကာ ဘီယာပုလင်းကို ကောက်ကိုင်လိုက်သည်။

လူ့လောကကြီးနှင့် ခေတ္တအဆက်အသွယ် ဖြတ်ချင်နေပါသည်။

သူမနှင့်ဂုမ္ဘာန်သည် ထမင်းစားနေသည်။

ဂုမ္ဘာန်ကိုတောင် သူ မွေးထားနိုင်သည်ပဲ။

သူမကိုကော။ သူမသည် ခွေးလောက်တော့ သစ္စာရှိတန်ကောင်းပါသည်။


လင့်စင်ကြီး ချာချာလည်လာသည်။ သူမနှင့်ဂုမ္ဘာန်သည် ခေါင်မိုး၌ ပြေးကပ်နေသည်ထင့်။ သူအိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# (၁၀)

လူကြီးမရှိတုန်း လူကြီး၏သံသေတ္တာကို ရှာဖွေကြည့်ချင်လာသည်။ သို့သော် သော့ခတ်ထားသည်။

လူကြီးဖတ်သောစာအုပ်များမှာ အင်္ဂလိပ်စာအုပ်များသာဖြစ်သည်။ မုဆိုးအကြောင်း ရေးထားသောစာအုပ်များ ဖြစ်သည်ကိုတော့ တန်ဖြာသိသည်။

တန်ဖြာအနေဖြင့် လူကြီးအိပ်ပျော်သွားသော်လည်း လူကြီးလက်မှ စာအုပ်ကို ယူမကြည့်ရဲပါ။

လူကြီးသည် သူ့ကို စကားမပြောသည်မှအပ မရိုးသား





သော အပြုအမူ လုံးဝမရှိ။ အစားအသောက်အတွက်လည်း သူ့ဘာသာ ခူးခပ်စားသည်။ တစ်ခါတစ်ရံ စမ်းချောင်းထဲတွင် ရေသွားချိုးသည့်အခါ သူ့အဝတ်အစားများကို သူလျှော်ခဲ့သည်။

တန်ဖြာ၌ အချိန်များ အားလပ်နေသည့်အခါ ပျင်းရိပြီးငွေ့လာသည်။

"ဂုမ္ဘာန်"

"ဝုတ်. ."

"နင့်သခင်က လူမှ ဟုတ်ရဲ့လားဟယ်"

"ဝုတ်. ."

"တောထဲမှာ နှစ်ယောက်တည်း ရှိတာတောင် သူမို့လို့စကားမပြောဘဲ နေနိုင်တယ်. . မပျင်းမရိုနဲ့"

ဂုမ္ဘာန် နားလည်သည် မလည်သည် အပထား၊ သူမကတော့ ပြောနေသည်။ ထိုသို့မပြောလျှင် ကြာလျှင် စကားပြောခြင်းအတတ်ပါ မေ့လျော့သွားနိုင်သည်။

တန်ဖြာသည် ဂုမ္ဘာန်ကို လူကဲ့သို့ သဘောထားကာ စကားပြောသည်။ လောလောဆယ်ဆယ် ပြောစရာကလည်း လူကြီးအကြောင်းသာ ရှိသည်။

"ဟော့. . . ဟော့. . . မိန်းမ"

တန်ဖြာ ဆတ်ခနဲ တုန်လှုပ်သွားသည်။

အောက်ကနေ လှမ်းခေါ်နေခြင်းဖြစ်သည်။ ကပျာကသီသကာ ဝရန်တာသို့ ထွက်လိုက်သည်။

"အို. . . ဘုရား. . . ဘုရား"

ကျားသေကြီးတစ်ကောင် ထမ်းလာသောလူကြီးသည်ကျားသေကို ပစ်ချကာ ခြေပစ်လက်ပစ် မြေကြီးပေါ် လှဲချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘုရား. . ."

လူကြီးကိုယ်မှာလည်း သွေးများ လူးနေသည်။ ဒဏ်ရာရ လာသလား၊ တန်ဖြာ စိုးရိမ်သွားသည်။ ဂုမ္ဘာန်က အရင်ပြေးဆင်း သွားသည်။ သူက နောက်မှ လိုက်ဆင်းသည်။ အရေးဆိုလျှင် တုန်လှုပ်ချင်သေးသည်။ ခြေချော်သွားသဖြင့် သတိထား ဆင်း သည်။

အနားရောက်ပြန်တော့ ကျားကြီးအနီး လဲနေသော လူကြီး ကို မဝံ့မရဲ ကြည့်ကာ. . .

"ဘာ. . ဘာလုပ်ပေးရမလဲ"

"စာရွက်နဲ့ဘောပင် ပေးစမ်း"

ဒဏ်ရာရထားသည့်တိုင် သြဇာသံက မပျောက်သေး။

'စောစောက ပြောရောပေ့ါ' ဟု စိတ်ထဲ၌သာ ကရုဏာ ဒေါသော အပြစ်တင်ရသည်။ နှုတ်ဖျားက မထွက်ရဲဘဲ အပေါ်သို့ ပြန်တက်ရသည်။ အလျင်လိုကာမှ အနှေးဖြစ်ရသည်။

စိတ်စောနေ၍ ထင်သည်။ ကြိုးလှေကားပေါ်ကအဆင်း နှစ်ထစ်အလို၌ ချော်ကျလာသည်။ လူကြီးက မှိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်သည်။ ဘာမှမပြော၊ ပြောအားမရှိ၍ ဖြစ်မည်။

"စာရွက်ရပြီ"

"ရေး. ."

ဗလာစာအုပ်ကို ဒူးပေါ် တင်ကာ အဆင်သင့် နားစွင့် လိုက်သည်။

"ကိုကြည်မောင်"

သူပြောသည့်အတိုင်း ရေးလိုက်သည်။





"ကျွန်တော့်ဆီ အမြန်ဆုံး လာခဲ့ပါ. . . အရေးကြီးတယ်"

သည်လိုတော့လည်း ယဉ်ကျေးသိမ်မွေ့ပေသားပဲ၊ ကျွန်တော်တဲ့ဟု တန်ဖြာက တွေးလိုက်သည်။ တစ်ဆက်တည်း သူ့ နာမည် သိခွင့်ရတော့မည်ဟု ကြိတ်၍ဝမ်းသာသွားရသည်။ သို့သော်

"ပေး. ."

သူ့ထံမှ စာအုပ်ကို တောင်းလိုက်သည်နှင့် မျှော်လင့်ချက် ကုန်ဆုံးသွားပြီဟု သိလိုက်သည်။ မြေပြင်မှ အသာကုန်းပြီး စာအုပ် ပေါ်၌ သူ့ဆိုင်းထိုးလေသည်။ လက်တုန်ယင်နေသည်ကို တန်ဖြာ သတိထားလိုက်မိသည်။

ရင်ဘတ်မှ သွေးများ စို့ထွက်နေသည်။ သူ့ဒဏ်ရာကို ပုဆိုးတစ်ထည်နှင့် ချည်နှောင်ထားသည့်ကြားက သွေးများ စို့ထွက် နေသည်ဆိုတော့ ဒဏ်ရာမသေးလှ။

"ဂုမ္ဘာန်"

သူ့အပါးသို့ ဂုမ္ဘာန် လှစ်ခနဲ ရောက်လာသည်။ ဂုမ္ဘာန် လည်ပတ်၌ စာရွက်ကို ခေါက်ကာ ရစ်ပတ်ပေးလိုက်သည်။

"ဦးကြည်မောင်ဆီသွား"

ဂုမ္ဘာန်ခေါင်းကို တစ်ချက်ပုတ်ပြီး လွှတ်လိုက်သည်။ ဂုမ္ဘာန် သည် လေးမှ လွှတ်သောမြားတံနှယ် လှစ်ခနဲ ပြေးထွက်သွားလေ သည်။

ကျားထံမှ ညှီစို့စို့အနံ့ကြောင့် တန်ဖြာ ပျို့အန်ချင်လာ သည်။

"ကျွန်မ. . ဘာလုပ်ပေးရမလဲ"

"ဘာလုပ်တတ်လို့လဲ"

ဟုတ်သည်၊ တန်ဖြာ ဘာမှမလုပ်တတ်။ ဒဏ်ရာကို ဖြေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရဲလောက်အောင်လည်း သတ္တိမရှိပါ။ သို့သော် အဆုံးစွန်ဆုံးသော အခက်အခဲကို ကျော်ဖြတ်လာပြီးမှတော့ တန်ဖြာ ဤဒဏ်ရာမျှလောက်ကို ကြည့်ရဲရမည်။

“ဒဏ်ရာ ဆေးထည့်ပေးရမလား”

“မလိုဘူး. . . လာလိမ့်မယ်၊ ရေနွေးတစ်အိုး ဆူအောင်တည်ထားလိုက်”

“ဟုတ်ကဲ့. . . အပေါ်တက်ပါလား၊ ကျွန်မ တွဲတင်ပေးမယ်”

“ကျားကို ထားခဲ့ရမှာလား”

“ထားခဲ့ပေါ့. . . ဘယ်သူမှ လာမဆွဲပါဘူး”

“လင်းတတွေက လေထက်တောင် မြန်သေးတယ်၊ ကျားတစ်ကောင်ရဲ့တန်ဖိုး ဘယ်လောက်ထင်လို့လဲ”

ဒဏ်ရာရနေသောလူနာက လေသံမပျော့ပါ။ ခပ်မာမာပင် စကားဆိုနေသည်။

“မသိဘူးလေ”

“သိန်းဂဏန်းကျော်တယ်”

“ဟင်. . ”

တန်ဖြာ အံ့သြရသည်။ စိတ်ရှည်လက်ရှည် စကားပြောဖော်ရသော လူကြီးကို ကျေးဇူးတင်ပြီး သနားနေသည်။

“ဒါဖြင့် ကျွန်မ ရေနွေးတည်ပြီးရင် ဒီကျားကြီးကို စောင့်ပေးမယ်၊ ရှင် အပေါ်မှာ တက်ပြီးနားနေပါ”

“ကောင်းပြီ”

သူက ပြောပြောဆိုဆို ထလေသည်။ သေနတ်ကို လွယ်လိုက်ရာ. . .





“ပေး. . . ကျွန်မ သယ်ပေးမယ်”

သူ ကမ်းပေးသည်။ စိတ်ကတော့ အတော်မာသည့်လူပင်။ ဒဏ်ရာကပဲ မကြီး၍လားဟု ထင်ရလောက်သည်။ သို့သော် ဖြူရော်ရော် ဖြစ်နေသောမျက်နှာက ဒဏ်ရာ၏အနေအထားကို ဖော်ပြနေသည်။

ကျောပိုးအိတ်ကော သေနတ်ပါ မသယ်ချင်အောင် ခြေကုန်လက်ပန်း ကျနေဟန်တူသော ဤလူကြီး လင့်စင်ပေါ် ရောက်အောင် တက်နိုင်ပါ့မလားဟု ရင်တထိတ်ထိတ်ဖြစ်နေသည်။

သို့သော် ချောမောစွာ သူတက်သွားနိုင်သည်။ တန်ဖြာသည် ရေနွေးအိုး ကြိုလိုက်ပြီး လင့်စင်ပေါ်မှနေ၍ ကျားသေကို စောင့်ကြည့်သည်။ အပုပ်နံ့ မရသေးသရွေ့တော့ လင်းတများ မလာနိုင်ပါ။

သို့သော် တစ်ချက်တစ်ချက် ပျံဝဲလာသော ကျီးကန်းများကြောင့် တန်ဖြာ အောက်ပြန်ဆင်းခဲ့သည်။

မြွေအရေခွံ ခြောက်၍ သိမ်းပြီးပြန်တော့ ကျားအရေခွံကို စောင့်လှန်းရဦးမည် ထင်ပါသည်။

“ဝုတ်. . . ဝုတ်”

ချောက်ချားပြီး ငြီးငွေ့ဖွယ်ရာအချိန်တို့ကို မည်ကဲ့သို့ ဖြတ်ကျော်ခဲ့သည် မသိလိုက်ပါ။ ဂုမ္ဗာန်နှင့်အတူ လူနှစ်ယောက် ရောက်လာသည်။

ပြူးကျယ်သောမျက်လုံးနှစ်စုံက တန်ဖြာကိုယ်ပေါ်သို့ စူးစူးရဲရဲ ကျရောက်လာသည်။ တစ်ယောက်က ခေတ်မီပြီး တစ်ယောက်ကတော့ တောသားစစ်စစ် ဖြစ်ဟန်တူသည်။ အင်္ကျီမပါ၊ ပုဆိုးခါးတောင်းကျိုက်လျက် ဒူးလေးလွယ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်သူလဲ"

မြို့သားဟန်ပေါက်သောသူက မေးလိုက်သည်။

"ကျွန်မဘယ်သူလဲ ရှင်သိဖို့မလိုဘူး။ ရှင်သိရမှာ အပေါ်က လူနာက ကိုကြည်မောင်ဆိုတဲ့လူကို စောင့်နေတယ်၊ ရှင်က ကိုကြည်မောင်ဆိုရင် အမြန်သွားတွေ့လိုက်ပါ"

လူကြီးနှင့် ပတ်သက်လာလျှင် ချုပ်တီးခဲ့ရလေသမျှ စိတ်သည် ယခုတော့ လွတ်လပ်စွာပင် ဆတ်ဆတ်ထိမခံတတ်သော ပင်ကိုယ်စရိုက်အတိုင်း ပြောမိလေသည်။

"ကောင်းပြီလေ. . . ကိုကြည်မောင်ဆိုတာ ကျွန်တော်ဖြစ်နေတော့ ခင်ဗျားလေး အမိန့်အတိုင်း သွားရမှာပေါ့၊ ကိုင်း. . . ကိုသာအေး ကျားအရေတို့ အပွန်းအပဲ့မရှိ ဖျက်ပေးလိုက်ပေတော့၊ အရိုးပါ ရုပ်လုံးမပျက်စေနဲ့နော်"

"စိတ်ချပါ ဆရာ"

"ကိုင်း. . . ခင်ဗျားလေးကကော လိုက်ခဲ့ဦးမှပေါ့"

တန်ခြာက ကျွန်မသဘောပါဟု ပြောလိုက်မည် လုပ်ပြီးမှ လူကြီးကို ကူညီချင်စိတ်ကြောင့် မျိုသိပ်လိုက်ရသည်။ ကိုကြည်မောင်ဆိုသောသူ၏ မျက်လုံးအနေအထားကို မကြိုက်ပါ။

တန်ခြာကို ကြည့်သောအကြည့်သည် သန့်ရှင်းမှု မရှိ။ တပ်မက်မှုအခိုးများ လျှံထွက်နေသည်ဟု တန်ခြာထင်မိသည်။ လူကြီးကိုလည်း အပြစ်တင်မိသည်။ ဘာကြောင့်များ နွားဘူးကြီးနဲ့ အပေါင်းအသင်း ဖြစ်နေရတာလဲဟု။

"ရေနွေးရှိလား"

"ရှိတယ်"

တန်ခြာက ခပ်ပြတ်ပြတ် ဆိုမိသည်။ ဆရာဝန်လား၊





ကျန်းမာရေးမှူးလား တန်ခြာ မခွဲခြားတတ်။

"အနားလာနေပေးပါလား"

ကိုကြည်မောင်က တန်ခြာကို ခေါ်သည်။ တန်ခြာ မကူညီချင်၍ မဟုတ်ပါ။ တမင် ရမယ်ရှာကာ အနားခေါ်နေခြင်းကို မကြိုက်၍. . .

"ကျွန်မ မကြည့်ရဲဘူး"

"သတ္တိကတော့ ဗန္ဓုလသွေး ပါတယ်ထင်တယ်၊ ဘယ့်နှယ့်လဲ မစ္စတာဟတ်၊ ခင်ဗျားက အပြောတခြား လက်တွေ့တခြားစီပါလား"

"ဘာလဲဗျ ကိုကြည်မောင်. . . ကျုပ်ဘာလုပ်နေလို့လဲ"

"မိန်းမတွေကို မုန်းလွန်းလို့ တောထဲ လာနေတဲ့ ခင်ဗျားတဲ့ ပေါ်က သူက မိန်းမ မဟုတ်လို့ ဘာလဲဗျ"

"သည်မှာ ကိုကြည်မောင်"

လူကြီးက ကိုကြည်မောင်ကို ခပ်စိမ်းစိမ်း ကြည့်လေသည်။

မိမိဒဏ်ရာကို ကုပေးနေသူပါလားဟု အားနာခြင်း အလျဉ်းမဖြစ်ဘဲ. . .

"ခင်ဗျားကို ခေါ်တာ မိန်းမရှင်းတမ်း ထုတ်ဖို့ မဟုတ်ဘူး၊ ကျုပ်ဒဏ်ရာကို ကုပေးဖို့ ခေါ်တာ၊ မကုပေးနိုင်ဘူးဆိုရင် ပြန်တော့"

"ဆောရီးဗျာ. . . နတ်သွင်ယိုးမှား လှသူဇာမယ်လေး ဆိုတော့လည်း ခင်ဗျားအလွန် မဟုတ်ပါဘူးလေ၊ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ သဘောသဘာဝပါပဲ၊ ဒဏ်ရာက အတော်များတာပဲ၊ အဖျားပါ ဝင်လိမ့်မယ်၊ ကျွန်တော် ဆေးထိုးခဲ့ပေးမယ်၊ ဒဏ်ရာလည်း ဆေးထည့်ခဲ့မယ်၊ နောက်ငါးရက်အကြာမှာ ဒဏ်ရာကို လာဖြေမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရေမထိစေနဲ့နော်၊ သောက်ဆေးလည်း ပေးခဲ့မယ်၊ ခြောက်နာရီခြား တစ်ကြိမ် တိုက်ပေး"

ကိုကြည်မောင်အကြည့်က တန်ဖြာအပေါ်၌သာ ကျရောက်နေသည်။

ဘာကြောင့်ရယ်မသိ၊ လူကြီးမျက်နှာသည် နီရဲနေသည်။ ဒေါသကြောင့်လား အဖျားကြောင့်လား တန်ဖြာတွေးမိသည်။

တန်ဖြာက အမြင်ကတ်သဖြင့် ဝရန်တာ ထွက်နေလိုက်သည်။ သို့သော် ကြာရှည်နေ၍မရ။ အဘယ့်ကြောင့်ဆိုသော် ကိုသာအေးဆိုသည်က ကျားသာရေကို ခွာထုတ်နေသောကြောင့်ဖြစ်သည်။

တော၏အနိဋ္ဌာရုံမြင်ကွင်းများက တန်ဖြာကို ချောက်ချားစေသည်။ သို့သော် တောသဘာဝတရား၏အဖြစ်အပျက်တို့သည် မြို့ကြီးပြကြီး၏အရှုပ်အထွေးလောက်တော့ ရက်စက်ယုတ်မာလိမ့်မည်မဟုတ်ဟု တန်ဖြာတွေးမိသည်။ သို့သော် ထိုအတွေးတို့သည် ကိုကြည်မောင်ဆိုသူ၏မျက်လုံးများကြောင့် ပျက်စီးသွားပြန်သည်။

"ကျွန်တော် ဘာကူညီပေးရမလဲ"

"မလိုပါဘူး. . . ကျေးဇူးတင်ပါတယ် ကိုကြည်မောင်"

လူကြီး၏အပြောအဆိုက သိမ်မွေ့နေပြန်သည်။

"ဒါဖြင့် ကျွန်တော်ပြန်မယ်၊ ခင်ဗျားမိန်းမနဲ့ မိတ်ဆက်မပေးတော့ဘူးလား၊ နာမည်ဘယ်သူလဲ"

တန်ဖြာရင်ထဲ ထိတ်သွားသည်။ လူကြီးက အမှန်ဖွင့်ပြောလိုက်မှာ စိုးရိမ်သည်။

"ကိုကြည်မောင်"

တန်ဖြာ ခပ်ပြတ်ပြတ်အခေါ်ကြောင့် ကိုကြည်မောင်အကြည့်က တန်ဖြာထံ ရောက်လာသည်။





"နေမကောင်းတဲ့သူ နားပါစေတော့၊ နာမည်တို့ဘာတို့ဆိုတာ ဆက်သွယ်စရာ ရည်ညွှန်းစရာအတွက် သတ်မှတ်ချက်လိုဖြစ်နေတော့ ကျွန်မကို ကြိုက်သလို သတ်မှတ်ခေါ်ဝေါ်လိုက်ပေါ့၊ ကိုကြည်မောင်ရဲ့တာဝန် ပြီးဆုံးပြီဆိုရင်လည်း အေးအေးသာပြန်သွားပေတော့"

လူကြီး၏မျက်မှောင်ချိုလျက် ကြည့်သော အကြည့်များက တန်ဖြာရင်ကို စိုးထိတ်မှု လှိုင်းဂယက်များ ဖြစ်သွားစေသည်။

သူ စိတ်ဆိုးသွားပြီလား။ လောလောဆယ်တော့ မိမိမှီခိုအားထားနေရသူ ကျေးဇူးရှင်၏စိတ်ဆိုးမှုကို တန်ဖြာမခံနိုင်ပါ။

"အဟင်း. . ဟင်း. . ခင်ဗျားတို့လင်မယားက တော်တော်လိုက်ဖက်ညီတယ်၊ တော်တော်လည်း သိရခက်တယ်၊ ခင်ဗျားနာမည်ကို မသိလို့ မုဆိုးကျော် ဆာရိုက်ခါဟတ်ကို အစွဲပြုပြီး မစ္စတာဟက်လို့ ခေါ်တယ်၊ ခင်ဗျားကိုလည်း မစ္စဟတ်ပေါ့၊ တီဗွီဇာတ်လမ်းတွဲက ဟတ်တူဟတ် မောင်နှံလို့ သဘောထားလိုက်တာပေါ့ဗျာ"

ကိုကြည်မောင် အသောမပျက် ပြောသွားနိုင်သည်။ လူကြီးမျက်နှာ မည်သို့ရှိမည်ကို တန်ဖြာ အကဲမခတ်ရဲတော့။

သို့သော် တန်ဖြာမျက်နှာ ကျပ်ကင်ခံရသကဲ့သို့ ပူရှိန်းရှိန်းဖြစ်နေသည်။ စိုးထိတ်မှုများက ရင်မှာ လှုံ့ဝေနေသည်။

"သွားပြီ မစ္စဟတ်၊ ပြုစုပေးမယ့် ရာသက်ပန်နှာစ်က ရှိနေတော့ ကျွန်တော် စိတ်ချလက်ချ ထားသွားလိုက်မယ်"

"သိုင့်ခ်. . ကိုကြည်မောင်"

လူကြီးအသံက ပုံမှန်အတိုင်း ထွက်ပေါ်နေသဖြင့် တန်ဖြာသက်ပြင်းသူခိုး ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စဟတ်. . . ခွင့်ပြုပါဦး"

"ဟုတ်ကဲ့. ."

တန်ဖြာက ပုံမပျက် တုံ့ပြန်လိုက်သည်။ တန်ဖြာရင်၌ လျှောင်လှိုင်း လှုပ်နေပြီ။ လူကြီးနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့်အရေး အတွက် ရင်လေးနေသည်။

"ဆရာ. . . ကျားရေခွံ ယူခဲ့မယ်နော်"

"အေး. . . ကျပ်ခိုးစင်ပေါ် တင်ထားလိုက်"

မီးဖို၏အပေါ်ဘက် ကျပ်ခိုးစင်ပေါ်သို့ ကျားအရေခွံကို ဖြန့်၍တင်လိုက်သည်။ တန်ဖြာ ကျောထဲ စိမ့်တက်လာသည်။

အနံ့အသက်ကတော့ ဆိုးဆိုးရွားရွား မရနိုင်ပါ။ ကျပ်ကင်ပြီးသား ဖြစ်သွားပါက ပျောက်သွားလိမ့်မည်။ နေပွင့်ပါက နေရောင် ဖြန့်ကျက်ရာနေရာ၌ ထားပေးရမည်။ သည်အရေခွံကြီးကို မည်သို့ ကိုင်ရမည်နည်း။

"ဟော့. . ."

တန်ဖြာကော ကိုသာအေးရော လှမ်းကြည့်လိုက်သည်။ တန်ဖြာက မိမိကို ခေါ်မှန်း သိသည်။ ကိုသာအေးက ဘုမသိ ဘမသိ သူ့ကို ခေါ်သည်ထင်ကာ. . .

"ဗျာ. . . ဆရာ"

"မိန်းမကို ပြောတာ၊ အိတ်ထဲက ငွေကိုးဆယ်တန်တစ်ရွက် ကိုသာအေးကို ထုတ်ပေးလိုက်"

"ဟုတ်ကဲ့. ."

တန်ဖြာက သူ့စစ်လွယ်အိတ်ထဲမှ ကိုးဆယ်တန်တစ်ရွက် ကို ယူပေးလိုက်သည်။ ကောရိုင်းတိရစ္ဆာန်တစ်ကောင်သည် ငွေတွင်းတစ်ခုနှင့် တူညီနေမှန်း တန်ဖြာ လုံးဝမသိခဲ့ပါချေ။





ကျားအရေခွံကို ခွာဆုတ်ပေးရုံမျှဖြင့် ကိုးဆယ်တန် တစ်ရွက် ရသွားသော ကိုသာအေးမှာ ကွမ်းချိုးတက်နေသော ိကျင်ကျင် သွားများကို ဖြဲပြကာ. . .

"အဟဲ. . ဟဲ. ."

"ကျေနပ်ရဲ့လား ကိုသာအေး"

"ကျေနပ်ပါတယ် ဆရာ၊ ဘာမှမပေးလဲ လုပ်ပေးရမှာပဲ၊ ဆရာက ကျွန်တော့်အသက်သခင်ပဲဟာ၊ ခုလို ယူရတာတောင် မလွှဲသာလို့"

"တော်စမ်းပါဗျာ. . . အပိုတွေ ပြောမနေပါနဲ့၊ ခင်ဗျားမှာ ကလေးတစ်ဒါဇင်လောက်နဲ့၊ ပေးတာတောင် နည်းနေသေးတယ်၊ ဒီကောင်ကြီး ရောင်းပြီးမှ ခင်ဗျားတို့အတွက် အဝတ်အစား ဝယ်ခဲ့ ပေးဦးမယ်"

ဘယ်လိုလူစားပါလိမ့်၊ အကြွင်းနာ ခေါင်းပါးလိမ့်မယ် ထင် ထားသော သံမဏိနှလုံးသားပိုင်ရှင်ကြီး၏ မနောစေတနာတွေ ပလပ္ပ ရှိနေပါလား။

"ဪ. . ကိုသာအေးကို ဆတ်သားခြောက်နည်းနည်း ထည့်ပေးလိုက်ဦး"

တန်ဖြာကလည်း မဆိုင်းမတွ ဆတ်သားခြောက် တစ် ပိဿာခန့်ကို ပလတ်စတစ်အိတ်ကလေးနှင့် ထုပ်ပေးလိုက်သည်။

အိပ်ယာပေါ်မှ ပက်လက်နှင့် ရှိနေသော ဒဏ်ရာနှင့် လူကြီးသည် ပါးစပ်လေးနှင့် အလုပ်လုပ်သွားသည်။

"သွားမယ် ဆရာ"

"အေး. ."

ကိုသာအေး လင့်စင်ပေါ်မှ ဆင်းသွားသောအခါ တန်ဖြာ



www.burmeseclassic.com

www.burmeseclassic.com



ကာ. . .

"တစ်ခုခုသောက်မလား"

"ကောင်းသားပဲ"

တော်သေးသည်။ ကိုကြည်မောင်၏စွပ်စွဲချက်နှင့် ပတ်သက်၍ လူကြီးဘာမှထပ်မပြော။

ဟောလစ်ဖျော်ပေးလိုက်သည်။ မုန့်က ဝယ်ထားခြင်း မရှိသဖြင့် တန်ဖြာမဖန်တီးပေးနိုင်။ သို့သော် ကြက်ဥတစ်လုံးကို ဖောက်ထည့်ပေးလိုက်သည်။

လူကြီးသည် ဘာမှမပြော။ တန်ဖြာထည့်ပေးသမျှ ဟောလစ်ကို သောက်သည်။

ဆေးကို ရေကျက်အေးနှင့် သောက်နိုင်ရန် တန်ဖြာက မှတ်ထားပေးသည်။ သူ ချောမောစွာ ယူသောက်သည်။

"မင်းနာမည် ဘယ်သူလဲ"

"ရှင်. ."

တန်ဖြာ ရုတ်တရက် အံ့အားသင့်သွားသည်။ တန်ဖြာ တောတွင်း ရောက်ခဲ့သည်မှာ ဆယ့်နှစ်ရက် ရှိပြီ။ ယခုမှ အမည်မေးဖော်ရသည်။

"လိမ်ညာဖို့ ကြိုးစားမယ် မကြံနဲ့၊ ငါ အမှန်အတိုင်း သိချင်တယ်"

"တန်ဖြာ"

လူကြီးက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။ ပြီးတော့ အသာလှဲအိပ်ချလိုက်ပြီး. . .

"မဆိုးပါဘူး. ."

"ဘာကိုလဲ"





"မင်းမညာတတ်ဘူး"

တန်ဖြာ ပြုံးလိုက်မိသည်။ လိမ်ညာခြင်းအလုပ်ကို တန်ဖြာ မုန်းတတ်သည်။ လိမ်ညာကောက်ကျစ်သူများကိုလည်း တန်ဖြာ မုန်းသည်။

"ရှင့်နာမည်ကော. ."

"ကိုကြည်မောင်ပြောသွားတဲ့အတိုင်း မှတ်ထားလိုက်ပေါ့၊ ကျုပ်အိပ်တော့မယ်"

ပြောပြောဆိုဆိုနှင့် မျက်လုံးစုံမှိတ်လိုက်လေသည်။

တန်ဖြာစိတ်ထဲ ဟူးကဲသောဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။ သိချင်စိတ်က လွန်ကဲနေသည်။ တန်ဖြာအမည်ကို သူသိနေနှင့်သည်။ တန်ဖြာမှတ်ပုံတင်ကို သူတွေ့ထား၍ဖြစ်မည်။ သို့ဆိုလျှင် တန်ဖြာလိပ်စာကိုပါ သူသိနေသည်။ တန်ဖြာကို သူလက်မခံချင်လျှင် တန်ဖြာလိပ်စာနှင့် အကြောင်းကြားလိုက်ရုံသာ ရှိသည်။

အကြောင်းများ ကြားပြီးပြီလား။ မြို့ကို သွားသည်လည်း မတွေ့ရ။ တောပစ်သာ သူထွက်နေသည်။

အိပ်ပျော်နေသောလူကြီးကို တန်ဖြာလှမ်းကြည့်လိုက်သည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများသာ ဖယ်ရှားပစ်လိုက်လျှင် လူချောလူခန့်တစ်ဦးဖြစ်သွားနိုင်သည်။ ယခုလည်း သူ၏ခန့်ညားမှုက မပပျောက်ချေ။

"ဟင်. ."

သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သည်နေ့ညစာ ထမင်းစား၍မကောင်းတော့၊ ဂူမှာန် ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။ ဂူမှာန်က သူ့ကို မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"စားမကောင်းဘူးလား"

ဟု မေးသယောင်ယောင်။

"ရင်ထဲမှာ တစ်မျိုးကြီးပဲဟာ"

လူတစ်ပိုင်း ခွေးတစ်ပိုင်း ဖြစ်နေပြီလားပင် မသိတော့။ ခွေးနှင့်သာ စကားပြောနေရသောဘဝ ရောက်ရှိနေပြီ။ ကံကြမ္မာ အလှည့်အပြောင်းက ဤမျှ ခါးသီးဆိုးရွားလိမ့်မည်ဟု တန်ဖြာ အိပ်မက်မျှပင် မမက်ဖူးခဲ့ပါချေ။ ယခုတော့. . .။







(၁၁)

ဆောင်းဦးအကြိုကာလ အေးစက်နေသောလေ လက်သရမ်းမှုကြောင့် တန်ဖြာ ရိုးတွင်းချဉ်ဆီထဲပင် စိမ့်တက်ကာ အိပ်မရအောင်ဖြစ်နေသည်။

"အဟင်းဟင်း. . . ဟင်း. . . ဟင်း"

ညည်းညူသံသဲ့သဲ့ ကြားရသည်။ တန်ဖြာ ဖျတ်ခနဲ ထထိုင်လိုက်သည်။ မီးအိမ်ကို ထွန်းညှိလိုက်သည်။ လူနာ အဖျားတက်နေလေသလား။

သေတ္တာနှစ်လုံး ခြားထားသော အိပ်ရာနှစ်ခုမှာ နီးလျက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝေးနေသည်။

မီးအိမ်ကို ကျွန်းသေတ္တာပေါ် တင်လိုက်ပြီး သေတ္တာများကို ကွေ့ပတ်ကာ ညည်းညူနေသော လူကြီးနား ကပ်ခဲ့သည်။

မီးရောင်အရှိန်ကြောင့်လားမသိ။ လူကြီးမျက်နှာ နီရဲနေသည်။

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း"

မာန်မာနတို့ ကင်းကွာနေသော လူကြီး၏မျက်နှာမှာ အပြစ်ကင်းစင်လျက်ရှိသည်။ နဖူးကို တန်ဖြာ တို့ထိစမ်းလိုက်သည်။

"ဘုရား. . . ချစ်ချစ်တောက်လို့ပါလား"

တန်ဖြာလှုပ်ရှားမှုကြောင့် ဂူမှာန်က နိုးလာသည်။ ဂူမှာန်ပါ တန်ဖြာနည်းတူ လူကြီးအနား လာ၍ထိုင်သည်။ လူကြီးက မနိုး၊ မှိန်းနေခြင်းလား၊ အဖျားရှိ၍ သတိလစ်နေခြင်းလား တန်ဖြာ ခွဲခြား မသိနိုင်။ နာရီကို လှမ်းယူကြည့်လိုက်သည်။ ညတစ်နာရီကျော်နေပြီ။

သို့ဆိုလျှင် ဆေးတိုက်ချိန် တစ်နာရီပင် လွန်သွားပြီပေါ့။ တန်ဖြာ အိပ်ပျော်သွားခဲ့သည် ထင်ပါသည်။ တန်ဖြာ ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ ဤမျှ ပေါ့ဆရမလား။

ဟောလစ်တစ်ခွက် ဖျော်လိုက်သည်။

ကြက်ဥတစ်လုံးလည်း ဖောက်ထည့်ပေးလိုက်သည်။ ရေကျက်အေးဗူးထဲမှ ရေကို အဆင်သင့် ထားပေးလိုက်သည်။

ဆေးကလည်း တစ်ခါသောက်စာ ပလတ်စတစ်များနှင့် အဆင်သင့် ထည့်ထားပေးပြီဖြစ်ရာ တန်ဖြာအတွက် အခက်အခဲ မရှိ ယူလိုက်သည်။

ခက်နေသည်က လူကြီးကို နှိုးဖို့။ တန်ဖြာ မနှိုးရဲ။ လူကြီးသည် ကြောက်လန့်စရာကောင်းသည်။ စိတ်မထင်လျှင် တန်ဖြာကို





ရိုက်နှက်လိုက်က ခက်မည်။

ကဲ. . . ကိုယ့်ကျေးဇူးရှင်ပဲ၊ ရိုက်ချင်ရိုက်ပါစေတော့ဟု ဆုံးဖြတ်ချက်နှင့် ပခုံးကို လှုပ်နှိုးရန် ကြံလိုက်သည်။

ဒုက္ခရာများ နာသွားနိုင်သလား၊ တန်ဖြာ စိုးထိတ်သွားသည်။ လှုပ်ခေါ်ပြီး နှိုးရခက်လျှင် အမည်ခေါ်ပြီး နှိုးရမည်။ အမည်ခေါ်စရာ နာမ်စားမှ မရှိလေဘဲ။

စိတ်ထဲက ခေါ်သလို 'လူကြီး' ဟု ခေါ်ရမည်လား။ တန်ဖြာ စိတ်ရှုပ်ပါသည်။ ကိုကြည်မောင် ခေါ်သလို မစ္စတာဟတ်ဟု ခေါ်ရမည်လား။ တီဗွီဇာတ်လမ်းတွဲ "Heart to Heart" မှ မင်းသားကို မြင်ယောင်မိသည်။ ထိုမင်းသားထက် လူကြီးက ပိုချောသည်။

တန်ဖြာ ပြုံးလိုက်မိသည်။ ဘာဖြစ်သလဲ။ သူတောင် မိမိကို 'ဟေ့' ဟု လည်းကောင်း၊ 'မိန်းမ' ဟု လည်းကောင်း ခေါ်သေးသည်ပဲ၊ အိမ်က လူကြီးဟု ခေါ်တာ ဘာဖြစ်သလဲ။

"လူကြီး. . လူကြီး. ."

တန်ဖြာက လူကြီးမျက်နှာနား ကပ်၍ အသာခေါ်ကြည့်သည်။

"အင်. ."

လူကြီးသည် လူးလွန့်မှု အနည်းငယ် ပြုသည်မှအပ မျက်လုံးပွင့်မလာသေး။

"လူကြီး. ."

အသံကို အနည်းငယ် မြှင့်တင်လိုက်သည်။

"အင်း. . . ဘာလဲ"

တန်ဖြာ အားတက်သွားသည်။ ရီဝေသောမျက်လုံးအစုံ ဖွင့်ရန် မျက်ခွံတခါး လှုပ်ရှားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီး. ."

"ဘာလဲ"

သတိတရားကောင်းပုံရသော လူကြီးသည် ချက်ချင်း တန်ဖြာကို တုံ့ပြန်ပြောနိုင်သည်။

"ဆေးသောက်ရအောင်"

"နိုးတော့ သောက်မှာပေါ့၊ ဘာဖြစ်လို့ နှိုးရတာလဲ"

"တအားညည်းပြီး ကိုယ်တွေ ချစ်ချစ်တောက် ပူနေလို့"

"မင်း ကျုပ်အသား ထိစရာမလိုဘူး"

လူကြီး၏စိမ်းကားခက်ထန်သောအကြည့်က တန်ဖြာရင်ကို စူးရှနာကျင်စေသည်။ ခေါင်းကို ငုံ့ချလိုက်သည်။

မျက်ရည်ပေါက်က တန်ဖြာပေါင်ပေါ် ခုန်ဆင်းလာသည်။

"ဆေးသောက်လိုက်ပါ"

"ကျုပ်ကို အမိန့်ပေးစရာ မလိုဘူး"

နေမကောင်းတာတောင် မာန်မကျသည့် လူကြီးပါလား။ စေတနာကို ဥပေက္ခာပြုခံရတာလောက် ကြေကွဲဖွယ်ရာ ရှိနိုင်ပါ့မလား၊ တန်ဖြာ ဘာမှမပြောတော့ဘဲ လူကြီးကို မကြည့်မိစေရန် သတိထားလိုက်သည်။

လူကြီးက ဆေးမသောက်ဘဲ ပြန်လှဲအိပ်သည်။ တန်ဖြာ မနေသာ။

"ကိုကြည်မောင်က ခြောက်နာရီတစ်ကြိမ် ဆေးသောက်ရမယ်ဆိုလို့"

"ကိုကြည်မောင်က မင်းလင်မို့လို့ သူ့စကား နားထောင်တာလား"

ခက်ထန်ကြမ်းတမ်းသောစကားက တန်ဖြာနားထဲ သံရည်





ပူနှင့် လောင်းချလိုက်သည့်ပမာ ခံစားလိုက်ရသည်။

"ရှင်. ."

ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်စက်တို့ကြောင့်

"ဟော့. . . ကျုပ်ရှေ့မှာ အလွမ်းလာသယ်ပြမနေနဲ့. . . အပိုပဲ၊ မိန်းမတွေရဲ့မာယာလက်နက်ထဲမှာ အကြီးမားဆုံးနဲ့ အပြင်းထန်ဆုံးလက်နက်က မျက်ရည်ခံထိုးခြင်းပဲ၊ ငါ့ကို မျက်ရည်ခံထိုးပြီး မြူဆွယ်မနေနဲ့ သည်လိုသာ မျက်ရည်ကျပြနေမယ်ဆိုရင် မနက်ဖြန် မိုးလင်းတာနဲ့ ကျုပ်ပိုင်နက်ကနေ အမြန်ဆုံး ထွက်သွားတော့"

တန်ဖြာမျက်ရည်များကို သုတ်ပစ်လိုက်သည်။ ရင်တွင်း ကျနေသော မျက်ရည်စက်ကိုတော့ သူ မတွေ့တန်ပါဘူး။ တန်ဖြာ ရင်တွင်း၌ ငိုကြွေးနေလိုက်သည်။

မျက်လုံးအိမ်က မျက်ရည်စများ ယိုစီးငိုရှိုက်ရခြင်းထက် နှလုံးအိမ်က မျက်ရည်ကျရခြင်းက ပို၍ခံရခက်ကြောင်း ခံစားဖူးသူမှသာ သိရှိနိုင်ပေမည်။

"ဆေးကော ဟောလစ်ကော အဆင်သင့်ပဲနော်"

လူကြီးထံမှ တုံ့ပြန်သံ ထွက်မလာ။ တန်ဖြာ ပင့်သက်မော တစ်ချက်ရှိုက်လိုက်ပြီး အိပ်ယာပြန်ဝင်ခဲ့သည်။

တိတ်တိတ်ကလေး ဂွမ်းစောင်အောက်တွင် ငြိမ်သက်ရင်း မျက်ရည်သွယ်သွယ် ကျဆင်းနေမိသည်။

ကြမ်းတမ်းသော တောနက်ကြီးအတွင်း ခက်ထန်ကြမ်းတမ်းသောလူကြီးနှင့်မိမိ မည်မျှကြာအောင် နေရဦးမည်နည်း။

အသက်ပင် ရဲရဲမရှူဝံ့ဘဲ ငြိမ်သက်နေစဉ် အတန်ကြာတော့ လူကြီးက ဝေါက်ခနဲ ထထိုင်ကာ သူမ အဆင်သင့် ချပေးထားသော ဟောလစ်နှင့်ဆေးကို ယူသောက်သည်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟွန်း. . . မသောက်တာလည်း မဟုတ်ဘဲနဲ့ လူကို ဟိန်းလားဟောက်လားနဲ့ မုန်းစရာကြီး"

စိတ်ထဲက ပြောလိုက်သည်။ သို့သော် ရင်တွင်း၌ကား ကျေနပ်မှု အပြည့်အဝ ဖြစ်သွားသည်။

ဆေးသောက်ပြီး လူကြီးအတန်ကြာ ထိုင်နေသည်။ လူကြီးမည်သူ့ကို ကြည့်နေသနည်း။ သူ့ကိုလား၊ ဂူမှာန်ကိုလား၊ သို့တည်းမဟုတ် ကျားအရေခွံကိုလား၊ ပြောင်ချိုကြီးကိုလား၊ တစ်ခုခုတော့ တစ်ခုကိုပါပဲ။

တောသံ၏တိတ်ဆိတ်မှုကို ချစ်ချစ်ခြောက်ခြောက်နှင့် ကြီးစိုးသည်။ လူကြီးမရှိသောရက်များတွင် တန်ဖြာမှာ ဘုရားစာများ ရသမျှ ရွတ်ဆိုခြင်းဖြင့် အိပ်ပျော်ရသည်။

လူကြီးရှိသောညများတွင် စိတ်ချလုံခြုံမှုဖြင့် နွေးထွေးစွာ အိပ်ပျော်နေခဲ့တတ်သည်။

"ဟင်. ." ခနဲ သက်ပြင်းချသံနှင့်အတူ မီးအိမ်ပါ ငြိမ်းသတ်ပြီး အမှောင်ထုက ကြီးစိုးသွားသည်။

တောင်ထန်းမိုးထားသောခေါင်မိုးမှ မလုံမလဲ ကျိုးတိုးကျဲတဲ ရှိနေသော ယိုပေါက်တို့မှ လရောင်က ချောင်းကြည့်လေသည်။ တန်ဖြာ မျက်လုံးစုံမှိတ်လိုက်သည်။

လူကြီးဆေးသောက်ပြီးမှန်း သိရှိပြီးဖြစ်သဖြင့် စိုးရိမ်မှု မရှိတော့ဘဲ နှစ်ခြိုက်စွာပင် အိပ်ပျော်ခြင်းကို ရရှိလေတော့သည်။







(၁၂)

တန်ဖြာ ရေချိုးဆင်းသွားတုန်း ကိုကြည်မောင် ရောက်လာသဖြင့် သူ့ရင်ထဲ ကျေနပ်သွားသည်။

ကိုကြည်မောင်၏အကြည့်ရိုင်းကို သူမကြိုက်။

ကိုကြည်မောင်က တန်ဖြာကို ကြည့်သောအကြည့်သည် ကျားငစဉ်းလဲက သမင်ကို ချောင်းကြည့်သောအကြည့်မျိုးဖြစ်သည်။

"မစွဟတ်ကော. ."

"ခင်ဗျား ဘာလုပ်မလို့ မေးတာလဲ"

ကိုကြည်မောင်ကို သူ ဘုတောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ပါဘူး. . . မတွေ့လို့ မေးမိတာပါ"

"ကိုင်း. . . ပတ်တီးဖြေဗျာ"

သူ့အနေဖြင့် ကိုကြည်မောင်ကို ရှိုင်းရှိုင်းစိုင်းစိုင်း မဆက်ဆံချင်။ သူ့ဒဏ်ရာနှင့် သူ့ဝေဒနာကို ကုသပေးနေသူတစ်ယောက်ဖြစ်သည်။ ကျေးဇူးဟူသည် အပြန်အလှန် ရှိသည်။ ကိုကြည်မောင်ကို တောဝက် ပက်လုလု အန္တရာယ်ဟွင်းမှ သူကယ်တင်ခဲ့ဖူးသည်။ ထိုမှ ခင်မင်ရင်းနှီးသွားသည်။ ယောကျ်ားအချင်းချင်း ရင်းနှီးခင်မင်မှုသည် 'မ' ဟူသောသတ္တဝါနှင့် မပတ်သက်လျှင် အစွန်ရှည် တည်တံ့ခိုင်မြဲသွားနိုင်သည်။ 'မ' ဟူသောသတ္တဝါနှင့် ပတ်သက်လာလျှင်တော့ ခင်မင်မှုသက်တမ်း တိုတောင်းသွားလိမ့်မည် ထင်သည်။

သူ ကိုကြည်မောင်ကို ကြည့်မရချင်တော့။

ဤဒေသရှိ ငွေးထော်ရွာမှ ကျန်းမာရေးမှူးတစ်ဦးဖြစ်သော ကိုကြည်မောင်သည် မိန်းမနှင့် ပတ်သက်လာလျှင် စိတ်ချရသောသူတစ်ဦးမဟုတ်ဟု သူသိလိုက်ပြီးနောက် ခင်မင်စိတ်လျော့ပါးသွားသည်။

"ဒီလောက်ခေါင်လှတဲ့ဒေသမှာ မစ္စဟတ်လို မိန်းမလှတစ်ဦးကို တွေ့လိုက်ရတော့ ကျွန်တော့်မျက်စိ ကျွန်တော် မယုံနိုင်အောင် ဖြစ်မိတယ်၊ ဒါပေမယ့် နောက် ချက်ချင်းပဲ သတိရလိုက်တာကလည်း ဒီဒေသကို ထူးထူးဆန်းဆန်း ရောက်လာခဲ့တယ်ဆိုတော့ အသွင်တူအိမ်သူ ဖြစ်တဲ့သဘောမို့ မဆန်းဘူးလို့ သဘောပေါက်မိတယ်"

ကိုကြည်မောင်က ရိုးသားစွာ ပွင့်ပွင့်လင်းလင်း စကားဆိုခြင်း ဖြစ်မည်မှန်သော်လည်း သူကတော့ စိတ်ထဲ မယုံကြည်သလိုဖြစ်မိသည်။ တုံ့ပြန်ပြောဆိုချင်စိတ် မရှိသဖြင့် ငြိမ်သက်နေလိုက်





သည်။

"ကျွန်တော်မြင်ဖူးသမျှမိန်းမတွေထဲမှာတော့ ခင်ဗျားမိန်းမအလှဆုံးပဲ"

ဝန်တိုရမည်လား။ ဝန်တိုစရာ အကြောင်းမရှိ။ သို့သော်မိန်းမသားများ၏အလှအပကို ကိုးကွယ်တတ်သော ယောကျ်ားများကို သူ အပေါင်းအသင်း မပြုလုပ်ချင်တော့။ ဤသည်က သူ့ခံယူချက်။

သို့သော် တန်ဒြာကို အခုအချိန်၌ ရောက်ရှိမလာစေချင်သေး။

"အနာကတော့ စိတ်ချရပါပြီ၊ ဒါပေမယ့် ဆေးထပ်ထည့်ခဲ့ပြီး ပတ်တီးစည်းပေးခဲ့ဦးမယ်၊ သည်တစ်ခါ ဖြေရင်တော့ အကင်းသေလောက်ပြီ"

"ဒီကြားထဲ တောပစ်ထွက်လို့ ရမလား"

"ရတယ်. . . ဒါပေမယ့် သိပ်ပြင်းပြင်းထန်ထန်တော့ မလှုပ်ရှားစေချင်သေးဘူး၊ ကျားတစ်ကောင်တောင် ရထားပြီးပြီပဲဗျာ"

သူ့အနေဖြင့် ငွေရေးကြေးရေးကို အဓိကထား၍ အမဲလိုက်ခြင်း မဟုတ်ကြောင်း ရှင်းပြစရာမလိုဟု ထင်ပါသည်။

သူ ခပ်မဆိတ် နေလိုက်သည်။

သူ့ဆန္ဒ မပြည့်ဝချေ။ တန်ဒြာ ပြန်ရောက်လာသည်။

ရေချိုးပြီးစ ဖြူစင်ဝင်းမွတ်နေသော အသားအရည်နှင့် ပင်ကိုယ်အလှက ကိုကြည်မောင်အကြည့်အားလုံးကို သိမ်းကျုံးယူသွားလေပြီ။

သူ စိတ်ညစ်သွားသည်။ တန်ဒြာက အပြုံးအရယ်မရှိ၊



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်နှင့် ကိုကြည်မောင်ကို လှမ်းကြည့်ပြီး မျက်နှာလွှဲသွားသည်။

သည်မိန်းမ ကလက်တက်တက် အမူအရာ မရှိခြင်းက သူ့အတွက် နေထိုင်စရာ ရရှိစေခြင်းဖြစ်သည်။ သူမအမူအရာသာ မျက်စိနောက်စရာ ဆတ်စလူးပုံစံဆိုပါက သူလက်ခံထားလိမ့်မည် မဟုတ်။

"ပြန်လာပြီလား မစ္စဟတ်"

"ဟုတ်ကဲ့"

ကိုကြည်မောင်နှုတ်ဆက်မှုကို မျက်နှာမကြည့်ဘဲ ကျော ပေးလျက် ဟုတ်ကဲ့လိုက်သော တန်ဖြာကို ကျေနပ်သွားသည်။

"မနက်ဖြန် မြို့ဘက် သွားမလို့. . . ဘာမှာဦးမလဲ"

"ဘာမှ မမှာဘူး"

သည်လူ စကားတော်တော်ရှည်သည်။ တန်ဖြာက ဝရန် တာထွက် အဝတ်လှန်းနေလိုက်သည်။ ကိုကြည်မောင်အကြည့်က လိုက်ပါသွားသည်။ တောင့်တင်းလှပသော နွဲ့နှောင်းပြေပြစ်သော ခန္ဓာကိုယ်က ဖိုသတ္တဝါများ ကျလောက်စေသည်။

သူ သက်ပြင်းတစ်ချက်ချပြီး မျက်နှာလွှဲလိုက်သည်။

တုံ့ပြန်မှုက နွေးထွေးမှု မရှိခြင်းကြောင့် ထင်သည်။ ကိုကြည်မောင် မျက်နှာပြောင်တိုက် မနေရဲတော့ဘဲ နှုတ်ဆက်ပြန် သွားသည်။

ကိုကြည်မောင် ပြန်သွားသည်နှင့် တန်ဖြာ သူ့နား ကပ်လာ ပြီး ပတ်တီးဟောင်းစနှင့် ဂွမ်းစများကို သိမ်းဆည်းသည်။

"မင်း ဒီမှာပဲ တစ်သက်လုံး နေတော့မှာလား"

"ရှင်. ."





"ပြောလိုက်ရင် အူသလိုလို အသလိုလိုနဲ့"

သူ စိတ်မရှည်ချင်တော့။

"ဟိုလူစွပ်စွဲချက်ကို ကြားတယ်မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါကို ကျေနပ်ပြီး ငြိမ်ခံနေတယ် မအောက်မေ့နဲ့၊ မင်း ဘဝလုံခြုံရေးအတွက် ကျုပ်သိက္ခာအကျခံပြီး လဲလှယ်လိုက်တာ"

"တန်ဖြာမှာ အားထားစရာဆိုလို့ ရှင်ပဲ ရှိလို့ပါ၊ တန်ဖြာ အခြားသွားစရာလည်း မရှိပါဘူး"

သူမကိုယ်သူမ ကျွန်မအစား တန်ဖြာဟု ပြောင်းလဲသုံး လိုက်သည်ကို သတိထားလိုက်မိသည်။

"တန်ဖြာ ရှင့်ကို အရမ်းကျေးဇူးတင်ပါတယ်"

"ကျုပ် ကျေးဇူးအတင်ခံချင်လို့ ကူညီတာ မဟုတ်ဘူး၊ လူသားတွေနဲ့ မပတ်သက်ချင်လို့ လူတွေနဲ့ အလှမ်းဝေးရာမှာ မုဆိုး ဘလုပ်နေပေမယ့် လူဖြစ်တဲ့ကျုပ်ဟာ လူသားဆန်တဲ့ဝတ္တရား တစ်ခု ရှိနေတယ်၊ အဲဒါဟာ ဘာလဲဆိုတော့ ဒုက္ခရောက်နေတဲ့ လူသားအချင်းချင်း ရိုင်းပင်းရမယ်ဆိုတဲ့ဝတ္တရားပဲ"

"ဝတ္တရားလား. . . စိတ်ဓါတ်လား"

တန်ဖြာ ရုတ်တရက် မေးလိုက်မိသည်။ ထိုအခါ လူကြီးက မျက်မှောင်ချီလျက်. . .

"ကျုပ်အတွက်ကတော့ ဝတ္တရားပဲ ဖြစ်လိမ့်မယ်"

"ဝတ္တရားဆိုရင် ရှင်မလုပ်ဆောင်လည်း ရတာပဲ၊ ဘယ်သူ ကမှ အပြစ်တင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က လူတောထဲမှာ နေတာမှ မဟုတ်တာ"

လူကြီးက တန်ဖြာကို ကြည့်နေသည်။ သူ့အကြည့်၌ ငြူးကဲ



www.burmeseclassic.com

www.burmeseclassic.com



သော ဝေဒနာ ကပ်ပါလာသည်ဟု တန်ဖြာထင်မိသည်။

နာနာကျင်ကျင် မချိတင်ကဲဝေဒနာနှင့် နှုတ်ဆက်တွန့်ရင်း

“မင်း မဆိုးပါဘူး. . . ဆက်ပါဦး”

ခနဲ့တဲ့တဲ့ စကားလားဟု တန်ဖြာထင်လိုက်သည်။ သို့သော် ရသောအခွင့်အရေးကို ပြည့်ပြည့်ဝဝ အသုံးချလိုက်သည်။

“တန်ဖြာကို ကယ်လိုက်တာ ရှင့်ရဲ့လူပီသတဲ့စိတ်ကြောင့်လို့ တန်ဖြာ ထင်တယ်. . . ယုံကြည်တယ်”

“ဒါကတော့ မင်းယုံကြည်ချက်နဲ့မင်းလေ၊ ဒါပေမယ့် ကျုပ် စိတ်ထဲမှာ မင်းကို လက်ခံထားဖို့ စိတ်ကူးမရှိဘူး၊ မင်းရှိတာ ကျုပ် ဘဝရဲ့အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်စေတယ်၊ ဒီတော့ မင်း နားခိုဖို့ တစ်နေရာကို အမြန်ဆုံး ရှာပါ”

“ရှင်. . . တန်ဖြာ. .”

ရင်မှာ ဆို့နင့်လာမှုကြောင့် တန်ဖြာ စကားမဆက်တော့။

“ဟုတ်တယ်. . . မင်းကို ကျုပ် ကြာရှည်လက်မခံနိုင်ဘူး၊ ကျွေးမွေးရတာ အကြောင်းမဟုတ်ပေမယ့် ကျုပ် အနေကျဉ်းကျပ်တယ်၊ နောက် မင်းဟာ ဂုမ္ဘာန်လိုမျိုး မဟုတ်တာ ခက်တယ်”

ဂုမ္ဘာန်ဖြစ်ရင် ကောင်းမယ်၊ အခုနေ အချိန်ကာလမျိုး၌ တန်ဖြာသည် လူဖြစ်ရခြင်းထက် ခွေးလေးတစ်ကောင် ဖြစ်နေရခြင်း ကတောင် လူကြီးက ကြည်ကြည်ဖြူဖြူ ခွင့်ပြုနိုင်မည် ထင်ပါသည်။ တန်ဖြာဘဝက ခွေးလောက်ပင် မကောင်းတော့ပါလားဟု တွေးပြီး မျက်ရည်က လည်လာသည်။

“ဟော့. . . ဒီမှာ မိန်းမ၊ မျက်ရည်ခံထိုးဖို့ မကြိုးစားနဲ့၊ မင်း အတွက် လုံခြုံမှုရှိတဲ့နေရာတွေ အများကြီး ရှိတယ်၊ ဥပမာ သီလရှင် ဇရပ်တို့ဘာတို့ပေါ့၊ အဲဒီလိုနေရာမျိုးဟာ ကျုပ်လင့်စင်ထက် ပိုပြီး





လုံခြုံစိတ်ချရတယ်၊ ဒီတော့ မင်းရှာဖွေထားပါ၊ ကျုပ်ဆီမှာ အမြဲနေဖို့တော့ စိတ်ကူးမထားနဲ့၊ မှားသွားလိမ့်မယ်. . . ဒါပဲ”

စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားသည်။ တန်ဖြာ အတွက် လုံခြုံမှု ရှိသောနေရာသည် အရေးကြီးကြောင်း တန်ဖြာ သဘောပေါက်မိပြီ။

တရှုံ့ရှုံ့ မြည်နေသောဝါးပင်များကို လေတိုးဝှေ့သံသည် အားငယ်ကြေကွဲမှုကြောင့် မျက်ရည်မိုး သည်းထန်နေသော တန်ဖြာ အား လွမ်းချင်းတေး သီဆိုပေးနေသည့်အလား ရှိနေသည်။

“တန်ဖြာအတွက် နားခိုရာ ဘယ်မှာ ရှာရပါ့မလဲ လူကြီး ရယ်”



www.burmeseclassic.com

www.burmeseclassic.com





(၁၃)

မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါဆိုသော်ငြား တန်ဖြာသည် မုဆိုးနား နီးသော်လည်း မုဆိုးမဖြစ်ခဲ့။

အဘယ်ကြောင့်ဆိုသော် နူးညံ့သောဗီဇနှင့် နှလုံးသားနုနယ်သည့် တန်ဖြာသည် သွေးမြင်လျှင် လန့်ဆဲ။ သားရေများကို မကိုင်ရဲ။ ညှီစို့စို့အနံ့များကို ခေါင်းမူးနောက်ဆဲဖြစ်သည်။

အသားကျပ်တင်နံ့များ ပျောက်စေရန် ပြတင်းပေါက်များကိုဖွင့်၊ တတ်နိုင်သမျှသော စံပယ်ပန်းများကို ခူးကာ သီကုံးပြီး ချိတ်ဆွဲထားလေ့ရှိသည်။





"ဟော့. ."

"ရှင်. ."

"ကျုပ် မနက်ဖြန် မြို့တက်မလို့. . . ဘာမှာဦးမလဲ"

ထူးဆန်းအံ့ဩဖွယ် စကားတစ်ခုကြောင့် တန်ဖြာပါးစပ်အဟောင်းသားလေးဖြစ်သွားသည်။

"အူတူတူ အတတန့်. . . မေးနေတာ မကြားဘူးလား"

"ကြားပါတယ်. . . ဟိုလေ. . . ဘုရားပုံတော် ပါတဲ့ပြက္ခဒိန်"

"မင်းလိုချင်တာ ဘုရားပုံတော်လား. . . ပြက္ခဒိန်လား"

"နှစ်မျိုးစလုံးပဲ"

"ကျုပ်မေးတာ ဘုရားကိုးကွယ်ချင်တယ်ဆိုရင် ဘုရားပုံတော်ပဲ ဝယ်၊ ပြက္ခဒိန်ကြည့်ချင်တာနဲ့ ဘုရားပုံတော် အတည်တကျ မနေရဘဲ ခဏခဏ အလှန်ခံနေရမှာစိုးလို့၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုး မလုပ်စေချင်ဘူး"

အမယ်လေး. . . ပြောမယ့်ပြောတော့လည်း စကားကအမျှင်မပြတ်ဟု စိတ်ထဲက ပြောလိုက်သော်လည်း ရှားရှားပါးပါးရလာသော အခွင့်အရေးလေးဖြစ်၍ လက်လွတ်ဆုံးရှုံးရမှာ ကြောက်သောကြောင့် မျက်နှာသေလေးနှင့်သာ။

"ဟုတ်ကဲ့. . . တန်ဖြာ နားလည်ပါပြီ၊ တန်ဖြာက ဘုရားပုံလည်း လိုချင်တယ်၊ နောက်ပြီး ပြက္ခဒိန်လည်း သိချင်လို့ပါ"

"ကျုပ်အတွက်ကတော့ ဘုရားစင်ဆိုတာ မထားအပ်ဘူးလေ၊ မုဆိုးနဲ့ဘုရားစင်ဆိုတာ အပ်စပ်တဲ့အရာမှ မဟုတ်တာ၊ နောက် ရက်တွေလတွေနှစ်တွေဆိုတာလည်း မလိုအပ်တော့ဘူး၊ လူ့ဘဝကြီးမှာ လူသားတွေအတွက် ရှိနေကြတဲ့ အမှတ်အရန်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း သိစရာ မလိုတော့ဘူး၊ ဒါကြောင့် ကျုပ်အိမ်မှာ. . အဲ. . ကျုပ်လင့်စင်တဲလေးမှာတော့ ဘုရားစင်တို့ ပြက္ခဒိန်တို့ မထားတာ ဒါပေမယ့် မင်းက လူ့လောကကြီးအပေါ် သံယောဇဉ်မပြတ်နိုင် တော့လည်း လူသားတွေအတွက် လိုအပ်တယ်ဆိုတဲ့ လူ့အသုံး အဆောင်တွေ ကျုပ်ဝယ်ခဲ့ရတာပေါ့"

"ဘုရားဆိုတာ လူ့အသုံးအဆောင် မဟုတ်ပါဘူး"

လက်မခံသင့်အောင် မှားယွင်းသောစကားဖြစ်၍ တန်ခြာ လက်မခံနိုင်ပါ။ ထို့ကြောင့် ခပ်ရဲရဲပင် ပြန်ပြောလိုက်သည်။

လူကြီးသည် ရုတ်တရက် အံ့အားသင့်သွားသည်။ နောက် တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် နှုတ်ခမ်းတွန့်ရုံ ပြုံးကာ. . .

"ဒါဖြင့် ဘာလဲ"

"ဘုရားဆိုတာ ကိုးကွယ်အားထားရာ တုနှိုင်းစရာ မရှိ အောင် တန်ခိုးတော်အနန္တနဲ့ပြည့်စုံပြီး သံသရာဝဋ်ဆင်းရဲက လွတ် မြောက်အောင် တရားတော်များ နည်းလမ်းများ ရှာဖွေချမှတ်ပေး သွားတဲ့ဘုရားဖြစ်လို့ ကိုးကွယ်ဆည်းကပ်ထိုက်လို့ ကိုးကွယ်သမှု ပြုကြတာပါ၊ လူ့အသုံးအဆောင်အနေနဲ့ အလှထားဖို့ မဟုတ်ပါဘူး ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ကိုးကွယ်ဆည်းကပ်ဖို့ပါ"

"မင်း မဆိုးပါဘူး၊ ကျုပ်ပြောတာ မှားသွားတယ်၊ ဘုရားပုံ မရှိလည်း စိတ်မှာ အမြဲဦးခိုက်ပြီး ဘုရားဂုဏ်တော်တွေကို အောက် မေ့ထား လိုက်နာရှိခိုးနေလည်း ရတာပဲ မဟုတ်လား၊ ပုံတော်ရှိမှ လား"

"တန်ခြာတို့ လူတွေရဲ့အယူအဆ အစွဲအလန်းကြောင့် ထင် ပါတယ်၊ ပုံတော်လေးရှေ့မှာ ပုဆစ်ဒူးတုပ် ရှိခိုးရမှ အားပါးတရ ရှိပြီး တကယ့်ဘုရားရှင်ကို ရှိခိုးပူဇော်နေတာလို့ အမှတ်ထားမိသလို





လန်းမိလို့ ဖြစ်ပါလိမ့်မယ်၊ ပါရမီကံက မရင့်သန်သေးတော့ စိတ် မှန်းနဲ့ကို ဦးချလို့ မရသေးတာ အမှန်ပါပဲ"

"မင်းပြောသလိုဆိုရင် ကျုပ်ကပဲ ပါရမီကံ ရင့်သန်နေ သလိုပေါ့"

"ဒါဖြင့် ရှင်က စိတ်မှန်းနဲ့ ဦးချတယ်ပေါ့"

"အင်း. ."

လူကြီး ပြုံးလိုက်လေသည်။ မုတ်ဆိတ်မွေး ပါးမြိုင်းမွေး များအကြားက ပြုံးလိုက်သောကြောင့် လူကြီး၏အပြုံးသည် လှပ သည်။ ခံ့ညားသည်။ ခက်ထန်မှုများ လွင့်စင်သွားကာ မနော ကောင်းမှုကို ဖွင့်လှစ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ တိမ်ညိုကြားက ကြယ်ပွင့်တန်းနှယ် သွားစွယ်တန်းကလေးများ ပေါ်သွားပုံက လှစ် ခနဲ လူကြီး၏အလှကို ဖော်ပြလိုက်သကဲ့သို့ ရှိသည်။ မြင်ရခဲသော အပြုံးဖြစ်၍ တန်ခြာ မှင်တက်ငေးမိလိုက်သည်။

"မင်း ရှေ့နေလုပ်စားဖို့ ကောင်းတယ်၊ ကျုပ်စိတ်ထဲက လုပ်ရပ်ကိုတောင် မင်းဖော်ထုတ်နိုင်တယ်၊ ကဲ. . . အခြားကော ဘာမှာဦးမလဲ၊ မင်းအတွက် အဝတ်အစား လိုသေးသလား"

တန်ခြာ စဉ်းစားလိုက်သည်။ သုံးစုံသောအဝတ်အစားမှာ တောတွင်းမှာတော့ ရလောက်ပါသည်။

"မမှာတော့ပါဘူး"

"ဂုမ္မာန်ကိုတော့ မင်းအတွက် အဖော်အဖြစ် ထားခဲ့မယ်၊ ကျုပ် မထားခဲ့လည်း ဒီကောင်က နေခဲ့မယ့်ပုံပါပဲ"

ဂုမ္မာန်က အမြီးနှံ့ပြသည်။ မျက်လုံးလေး ပိတ်ကာ ဝပ်ပြ လိုက်သေးသည်။ ထိုအခါ လူကြီးက ခြေထောက်ဖြင့် ခွယ်လျက်. .

"မင်းတော့ကွာ. . . ငါကန်ထည့်လိုက်ရ လွင့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်"

တန်ဖြာ တကယ်ကန်မည်ထင်၍ ဟန့်တားရန် ပြင်လိုက်သော်လည်း မဟုတ်မှန်း သိသောအခါ ပြုံးလိုက်မိသည်။

လူကြီးက လှစ်ခနဲအကြည့် တန်ဖြာကအပြုံး ဆုံမိသောအခါ တန်ဖြာမှာ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။ ဆက်လက်ရယ်ရအခက် မရယ်ရအခက်နှင့် မချိုမချဉ်မျက်နှာလေးဖြင့် မျက်လွှာအချ၊ လူကြီးက. . .

"ဘာပြုံးတာလဲ"

"ဟို. ."

တန်ဖြာ ရင်ထဲ ရှိသောစကား တကယ်ဖြေလိုက်လျှင် လူကြီးစိတ်ဆိုးသွားမည်လား၊ ကြည်လင်နေသောမျက်နှာမှာ မနေကောင်းပုံရသဖြင့်. . .

"ဘာမှမဟုတ်ပါဘူး"

"အမိပွါယ်မဲ့တော့ မပြုံးတတ်ပါဘူး၊ ထားတော့. . . မပြောချင်လည်း နေလို့ရတာပဲ၊ လူ့အခွင့်အရေးပဲဟာ"

တန်ဖြာစိတ်ထဲ အလိုလို ကြည်နူးပျော်ရွှင်သွားသဖြင့်. . .

"တကယ်လည်း မကန်ဘဲနဲ့၊ တန်ဖြာက တကယ်ကန်မယ်ထင်လို့ လန့်သွားတာ"

ထိုအခါ လူကြီးက လှစ်ခနဲ ပြုံးကာ တစ်ဖက်လှည့်ပြီး. . .

"မင်းက ကျုပ်ကို လူကြမ်းကြီးလို့ ထင်နေတာကိုး၊ မုဆိုးဖိုကျုပ်စရိုက်ကို ကြမ်းကြမ်းတမ်းတမ်းနဲ့ နေချင်တယ်၊ နေနိုင်အောင်လည်း နေတယ်၊ ကြိုးစားပြီး နေရမှာပဲ၊ သဘာဝအတိုင်း ဖြစ်ချင်တယ်"

ပြောပြောဆိုဆို ထွက်သွားလေသည်။ နိဒါန်းမပျိုး၊ နိဂုံး





ဆုံး၊ နှုတ်ဆက်မှုမရှိ၊ ပြောချင်ပြောပြီး ထွက်ချင်ထွက်သွားတတ်သော လူကြီးစရိုက်ကို သိထားပြီးသူပီပီ တန်ဖြာ သိပ်မခံစားရတော့ချေ။

လင့်စင်ပေါ်က ဆင်းသွားသော လူကြီးကို ဝရန်တာမှ ထွက်ကြည့်လိုက်သည်။ သေနတ်မပါဘဲ ထွက်သွားသဖြင့် ဘယ်ကိုလဲဟု တန်ဖြာ မှန်းဆကြည့်သည်။

ရွာထဲများလား၊ ရေလည်း ချိုးပြီးပါပြီ၊ တန်ဖြာ သိချင်စိတ်များကို ဖယ်ရှားလိုက်သည်။

သေတ္တာသော့မခတ်ဘဲ ရှိနေသည်ကို တန်ဖြာ တွေ့လိုက်၏။ ရင်ထဲ လှိုက်ခနဲဖြစ်သွားသည်။

မိန်းမသားများသည် စပ်စုတတ်သော သဘာဝ ရှိသည်။ သိချင်စိတ် ပြင်းထန်သည်။ စိတ်အလိုကို လိုက်တတ်သောသဘောရှိသည်။

တန်ဖြာ သေတ္တာနား ချဉ်းကပ်ပြီး ဖွင့်ရကောင်းနိုး၊ ချီတုံချတုံဖြစ်နေသည်။

"ငါဖွင့်လိုက်ရမလား ဂုမ္ဘာန်"

သူခိုးသေဖော်ညှိစရာဆို၍ ဂုမ္ဘာန်သာ ရှိရာ လှမ်း၍ အဖော်ညှိလိုက်သည်။

ဂုမ္ဘာန်က နားလည်သလား မလည်သလားမသိ၊ အမြီးနှံ့ပြသည်။

ပစ္စည်းခိုးဖို့ မဟုတ်ပါဘူးလေ၊ စုံစမ်းဖို့။ လူကြီးဘဝပဟောင်းကို ဖော်ထုတ်ဖို့အတွက် လေ့လာခြင်းဟာ လူ့ကျင့်ဝတ်တရား ဖောက်ဖျက်ခြင်းလား၊ လူ့စည်းကမ်းဘောင် ကျော်လွန်ခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



တောတွင်းမှာ လူနှင့် ဝေးနေသော်လည်း မိမိသည်လည်း လူ၊ လူကြီးသည်လည်း လူပေပဲ၊ လူ့စည်းကမ်း လိုက်နာသင့်သည်။

တန်ဖြာသည် သက်ပြင်းချလိုက်သည်။ သေတ္တာကို ကျောခိုင်းလိုက်သည်။

လူကြီးနှုတ်ဖျားမှ ဖွင့်ပြောလာသော အကြောင်းအရာများကိုသာ တန်ဖြာသိချင်ပါသည်။

"ကိုယ်နှင့်မဆိုင် ခွင့်မပိုင် ဆွဲကိုင်မကြည့်ရ" ဟူသော တန်ဖြာ ငယ်ငယ်ကတည်းက ခေါင်းထဲ ရောက်ခဲ့သည့်စကားအတိုင်း တန်ဖြာ ဆက်လက်လိုက်နာကျင့်သုံးရမည်သာ။

"လာဟော့ . . တို့လည်း အောက်ဆင်းရအောင်"

တန်ဖြာ မိမိကိုယ်မိမိ စိတ်မချ။ ကြာလျှင် သေတ္တာကို ဖွင့်မိသွားလိမ့်မည်။ ထို့ကြောင့် သော့မခတ်ထားသောသေတ္တာ၏ ဖြားယောင်းခြင်းနှင့် အဝေးဆုံးနေရာသို့ ခေတ္တထွက်သွားခြင်းသည် အကောင်းဆုံးဖြစ်ပေမည်။

တန်ဖြာ အောက်သို့ ဆင်းခဲ့သည်။

အောက်ရောက်တော့ ထုံးစံအတိုင်း စမ်းချောင်းလေး ရှိရာသို့ ထွက်ခဲ့သည်။

အတွေးများက ကပ်ငြိပါလာသည်ဆိုတော့ ခပ်မဆိတ် တိတ်တိတ်ကလေး လျှောက်လာသည်။

"ဟင် . ."

တန်ဖြာ အံ့သြရသည်။ တစ်ခါမှ မထင်မှတ်ထားသော မြင်ကွင်းကို တွေ့လိုက်ရသည်။

စမ်းချောင်းနားက ကျောက်တုံးပေါ်တွင် ခြေဆင်းထိုင်ရင်း ရေထဲသို့ တောစံပယ်ပန်းကလေးများကို တစ်ပွင့်ချင်း နှေးကွေးစွာ





မျှောနေသော လူကြီးကို တွေ့ရခြင်းကြောင့်ဖြစ်သည်။

တန်ဖြာ အသက်ပင် ရဲရဲမရှူဝံ့။ လူကြီးတွေ့သွားမှာ စိုးရိမ်သည်။

စိတ်ကူးယဉ်ဆန်သောလုပ်ရပ်များကို ညင်သာစွာ ပြုတတ်သူတို့၏နှလုံးသားသည် နူးညံ့ပျော့ပျောင်းတတ်သည်ဟု တန်ဖြာ ယုံကြည်သည်။

လူကြီးလက်ထဲ၌ စံပယ်ပန်းများ ကုန်သွားသောအခါ တန်ဖြာက ဂုမ္ဘာန်အား စံပယ်ပန်းခိုင် သုံးလေးခက်ကို ဂုမ္ဘာန်ပါးစပ်၌ တပ်ကာ မေးငေါ့ပြလိုက်သည်။

စကားပြောခဲသော လူသားနှစ်ဦးကြား၌ ခွေးလာဖြစ်နေရသော ဂုမ္ဘာန်သည် လူ့မျက်နှာရိပ် မျက်နှာကဲကိုလည်း ကောင်းစွာ အကဲခတ်တတ်ပြီဖြစ်ရာ လှစ်ခနဲ ပြေးထွက်ကာ လူကြီးအနား ရောက်သွားသည်။

"ဂုမ္ဘာန်"

လူကြီး ရုတ်တရက် အံ့အားသင့်သွားသည်။

နောက် ဂုမ္ဘာန်ပါးစပ်မှ ပန်းများကို လှမ်းယူပြီး နောက်သို့ လှည့်ကြည့်ပေမည်။ ထိုအခါ လူကြီးပြုံးလိုက်သလား၊ မျက်မှောင်ချိုးလိုက်သလား၊ ပန်းတွေ ရေထဲ ပစ်လိုက်သလား၊ ဘာဖြစ်သွားသနည်း၊ တန်ဖြာ ဘာမှမသိနိုင်တော့။

တန်ဖြာ ကျောခိုင်းထွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





(၁၄)

လူကြီး မြို့တက်သွားသည်။ တန်ဖြာ သတိနှင့် နေရသည်။ တောကောင်များထက် ဆိုးရွားသော မနုဿမှုဆိုးကို ကြောက်ရသည်။ ကိုကြည်မောင် ရောက်လာလျှင် မည်သို့ လုပ်ရမည်နည်း။

နံရံ၌ ချိတ်ထားသော မေ့ဆေးသေနတ်ဆီသို့ ရောက်သွားသည်။ လူကြီး ထားသွားခြင်းဖြစ်သည်။

"အန္တရာယ်ကြုံလာလျှင် ပစ်သာချလိုက်"

သေနတ်ပစ်နည်းလည်း သင်သွားပေးခဲ့သည်။ သိရှခက်သော လူကြီး၏နှလုံးသားကို အနေနီးစပ်ခြင်းကြောင့် ဖြစ်လာတတ်





သည်ဆိုသော သံယောဇဉ်နှောင်ကြိုး ရစ်ပတ်နေပြီလား၊ မိမိအပေါ် သူ စိတ်မချနိုင်ခဲ့ပါလား။

တန်ဖြာ မထင်။ သံယောဇဉ်ဆိုသည် အနေနီးစပ်ခြင်းနှင့်လည်း မသက်ဆိုင်ပါ။ ခံယူတတ်သော နှလုံးသားအနုအရင့်နှင့်သာ ဆိုင်ပါသည်။ သံယောဇဉ်ဟူသောစကားသည် ဆန်းကြယ်သည်။ မမြင်နိုင်အောင် သေးငယ်မှုန်ဝါးပေမည်။ မှန်းဆ၍ မသိနိုင်အောင် အမှုန်အမွှားလေးဖြစ်မည်။ သို့သော် ဖြတ်တောက်၍မရအောင် ကြီးကျယ်ခိုင်မာလွန်းသော သံမဏိကြိုးမျှင်ကြီးထက် သန်မာခိုင်မာလွန်းလှသည်ဟု တန်ဖြာထင်သည်။

စကားကို တစ်ပတ်လုံးနေမှ တစ်ခါလောက် ပြောဖော်ရသော လူကြီးအပေါ် သတိရစိတ်က စက္ကန့်နှင့်အမျှ ဖြစ်ပေါ်နေသည်။ မှန်ကတေ ဥပမိရုပ်နှင့် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကြား လှစ်ခနဲ ပေါ်လာသော သွားစွယ်တန်းဖွေးဖွေးနှင့် လူကြီးအပြုံးသည်လည်းကောင်း၊ မျက်မှောင်ချီကာ အလိုမကျဟန်ဖြင့် ကြည့်တတ်သော လူကြီးအကြည့်သည်လည်းကောင်း စိတ်ကြေးမုံပြင်တွင် ထင်ဟပ်နေလေပြီ။

"ဝုတ်. . ဝုတ်. ."

ဂုမ္ဘာန်က ဝရန်တာမှ ဟောင်လိုက်သည်။ ရန်သူတွေ့နေပြီလား။ ရန်လိုသောဟောင်နည်းတော့ မဟုတ်။

"ဂုမ္ဘာန် ဘာလဲ"

တန်ဖြာက ပြောပြောဆိုဆို ထွက်ကြည့်လိုက်သည်။

"အီး. . အီး"

ဂုမ္ဘာန်က တန်ဖြာအမေးကို တအီးအီး လုပ်ပြီး အောက်သို့ ပြေးဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်. ."

တန်ဖြာလှမ်းကြည့်လိုက်သည်။

ရင်၌ အပျော်စည်တော်ယွန်းလေပြီ။

"ဟယ်. . . ပြန်လာပြီ"

ထွက်သွားသည်မှာ ရက်ပိုင်းပင် မရှိသေး၊ လူကြီးပြန်လာသည်။ တဒင်္ဂအတွင်း လူကြီး ဘာများ ကျန်၍ ပြန်လာသနည်းဟူသောအတွေးကြောင့် အပျော်စည်တော်ယွန်းမှု ရပ်ဆိုင်းသွားသည်။

"ဟော့. ."

အခေါ်အဝေါ် အနည်းငယ် ပြောင်းသွားခဲ့သည်။

"ဟော့" နောက်မှ "မိန်းမ" ပါမလာခဲ့တော့။

လူကြီးလက်ထဲ၌ နှင်းဆီပန်းများနှင့် ဝေးကွာနေသည်မှာ ကြာမြင့်ခဲ့သော တန်ဖြာမျက်ဝန်းသည် လင်းလက်လာသည်။

"လာယူ. . ."

ခေါ်သံသည် မနူးညံ့ မသိမ်မွေ့ပါ။ သို့သော် ထိုနောက်ပါး၌ ပါလာခဲ့သော စေတနာတန်ဖိုးသည် ဖြတ်တောက်၍ရနိုင်ပါမလား။

တန်ဖြာက ကမန်းကတန်း ဆင်းသည်။ စိတ်လှုပ်ရှားမှုကြောင့် ကြိုးလှေကားပေါ်မှ ချော်ကျသွားသည်။

"အမယ်လေး. ."

သတိဟူသည် စိတ်လှုပ်ရှားလာသည့်အခါ အသိတရားမှ ထွက်ပြေးသွားတတ်သည်။

"ဟာ. ."

အင့်ခနဲအသံနှင့်အတူ တန်ဖြာခန္ဓာ မြေကြီးနှင့် ထိတွေ့





သွားသည်။ ပူခနဲ ဖြစ်သွားသည်မှအပ ထူးထူးခြားခြားတော့ မနာကျင်လိုက်ပါ။

"ထလို့ရသလား"

တန်ဖြာ အသိလက်လွတ်ဖြစ်သော်လည်း လူကြီးက မဖြစ်။ တန်ဖြာအပါး ကျွန်ရရ လျှောက်လှမ်းလာပြီး လှမ်းမေးလိုက်သည်။

"ဟုတ်. :"

တန်ဖြာ အားယူထကြည့်သည်။ ရုတ်တရက်တော့ မရ။

"ထ. ."

ရုတ်တရက် လက်တစ်ဖက်နှင့် ဆွဲယူပွေ့ဖက်ခြင်းကို ခံလိုက်ရသည်။ လှုပ်ခါသွားသောရင်ကို တည်ငြိမ်ရန် ကြိုးစားရင်း မတ်တတ်ရပ်နိုင်အောင် ကြိုးစားလိုက်ရသည်။

တန်ဖြာ ရပ်သွားနိုင်သည်နှင့် လူကြီးက ဖေးမထားသော လက်ကို ဖြုတ်လိုက်သည်။

"ရော့. . ."

တစ်ခွန်းတည်းသောစကားနှင့် ကမ်းပေးလာသော ပန်းစည်းကို တန်ဖြာ လှမ်းယူလိုက်သည်။

"ဆိုး. . သင့်ခံ. ."

တန်ဖြာနှုတ်မှ ရုတ်တရက် ထွက်သွားသည်။ လူကြီးက မပြုံးမရယ် ခပ်တည်တည်နှင့် နေပြီးမှ. .

"နှင်းဆီကြိုက်တတ်မယ် ထင်လို့ တွေ့တာနဲ့ ဝယ်လာခဲ့တာ"

စကားဆုံးသည်နှင့် ချာခနဲ ပြန်လှည့်သွားလေသည်။

သင်းပျံ့မွှေးထုံသော နှင်းဆီရနံ့ကို ခံယူရင်း ကြက်သေသေ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့စက ကြမ်းတမ်းခက်ထန်သော အရိုင်းအစိုင်း လူသား ကြီး၏အပြုအမူသည် အံ့သြဖွယ်ကောင်းအောင် နူးညံ့သိမ်မွေ့ ကဗျာဆန်နေသည်။

"နှင်းဆီကြိုက်တတ်မယ်ထင်လို့" ဟူသောစကားသည် မိမိ အပေါ် သတိတရ ရှိနေခြင်းကို ဖော်ဆောင်သည်ပေ့ါ။

တကူးတက တစ်ခေါက်ပြန်ပို့ပေးခြင်းသည် တန်ဖိုးထား ခြင်း၊ ဂရုတစိုက် ရှိခြင်းကို ဖော်ဆောင်နေပြန်သည်။

တန်ခြာ လူကြီးကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ ငေးကြည့်နေမိသည်။

မြင်ကွင်းမှ ပျောက်ကွယ်သွားမှ ငှက်ပျောဖက်စိမ်းစိမ်း ကြားမှ ရောင်စုံနှင်းဆီများကို ငုံ့နမ်းလိုက်သည်။

ပြီးတော့ ပြုံးရယ်ကာ. . .

"တွေ့လား ဂုမ္မာန်၊ နင့်သခင်က ငါ့ကို သတိရလို့ ပန်းဝယ် လာပေးတယ်၊ နင့်ဖို့ ဘာမှမပါဘူး တွေ့လား"

ဂုမ္မာန်ကိုသာ ပုဏ္ဏားတိုင်ထား ကြွားဝါလိုက်ပြီး ပြေးထွက် ခဲ့သည်။ ဘုရားစင် မရှိသဖြင့် ပန်းများကို ရေပုံးထဲ စိုက်ကာ အလှကြည့်ထားလိုက်သည်။

"ပန်းတွေ ပေးရုံပဲလား၊ ပန်းအိုးပါ ဝယ်ခဲ့ပါတော့လား"

တန်ခြာရင်ထဲ ပျော်ရွှင်ချမ်းမြေ့ကြည်နူးမှုများက လှိုင်းထ လျက် ရှိနေသည်။

လောကကြီးက ဒီလိုကော့လည်း အလှတရားများနှင့် ပြည့်နှက်နေပါလား။

တစ်ခါတစ်ရံ စိတ်ကူးယဉ်ဆန်ဆန် အပြုအမူလေးများ လောက် ကြည်နူးစေတတ်သော အပြုအမူမျိုး မရှိနိုင်ဘူးဟု ထင်ပါ





သည်။

"အား. . . ပန်းပေးတယ်ဆိုတာ အရှုံးပေးခြင်းရဲ့သင်္ကေတ တစ်မျိုးဆိုတာ သိရဲ့လား မစ္စတာဟတ်ရဲ့"

"အိ. . ."

"အံမယ်. . မင်းက မစ္စတာဟတ်လား"

"အိ. . အိ. ."

"ပြောလိုက် မင်းသခင်ကို၊ ပန်းပေးတယ်ဆိုတာ အရှုံးပေး တာ၊ တို့ကို အရှုံးပေးပြီ မဟုတ်လားလို့"

တန်ခြာ ရွှင်လန်းစွာဖြင့် ဂုမ္မာန်၏လည်ဆံမွေးများကို ပွတ်သပ်ကာ စကားဆိုလိုက်သည်။ ထို့နောက် ရေပုံးထဲ၌ ဖြန့်ကား နေသောနှင်းဆီများကို ငုံ့နမ်းလိုက်ပြန်သည်။

"နှင်းဆီ ကြိုက်တတ်တာကိုတောင် အထင်နဲ့ သိနေရင် နှလုံးသားထဲက ကိန်းအောင်းနေတဲ့အရာကိုရော သိပါတော့လား မစ္စတာဟတ်ရယ်"

ဤစကားကိုတော့ ရင်တွင်း၌သာ ပြောကြားလိုက်သည်။ လူစကား ပြန်မပြောတတ်သော်လည်း နားလည်နေသည့် ဂုမ္မာန် သိမှာကိုပင် စိုးထိတ်သည်မှာ မိန်းမသားများ၏ ရှက်တတ်သော သဘာဝ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## (၁၅)

"အပေါ်မှာ ဘယ်သူမှ မရှိဘူး၊ ရှင် မတက်လာနဲ့နော်၊ တက်လာရင် ကျွန်မ ပစ်ထည့်လိုက်မှာ"

တန်ခြာက သေနတ်ကို မောင်းတင်ကာ ခပ်တည်တည်နှင့် ချိန်ရင်း ပြောလိုက်သည်။ ဟန်ကိုယ့်ဖို့ဆိုသလို မှင်သေသေနှင့် ခပ်တင်းတင်းကလေး လုပ်ထားလိုက်သည်။

ကိုကြည်မောင်မှာ တက်ဟန်ပြင်ထားသောခြေလှမ်း တုံ့ခနဲ ဖြစ်သွားရသည်။

အကြည့်ကတော့ သားကောင်းချောင်းသောမုဆိုး၏





မျက်လုံးမျိုးဖြစ်သည်။

လက်ကို မတုန်အောင် သတိထားလိုက်သည်။ သေနတ်ပစ်တတ်သလား မပစ်တတ်လားကို ကိုကြည်မောင် လုံးဝမရိပ်မိစေရန် တန်ခြာ သတိထားလိုက်ရသည်။

ဟန်ကိုယ့်ဖို့ဆိုသောစကားနှင့်အညီ တန်ခြာ ရှုတင်းတင်းလေး နေလိုက်သည်။

"ညှော်သည်ကြိုဆိုပုံက လှပလှချည်လား တန်ခြာ"

တန်ခြာအမည်ကိုတောင် သိနေပြီဆိုလျှင်တော့ ဤပုဂ္ဂိုလ် လင့်စင်ပေါ် ရောက်လာလျှင် လုံးဝမလွယ်ကူတော့မှန်း တန်ခြာ နားလည်လိုက်ပြီ။

"ထိုက်တန်တဲ့ကြိုဆိုမှုပဲ၊ ရှင်တက်မလာနဲ့၊ မစွတာဟုတ်မရှိဘူး၊ ကိစ္စရှိရင် သူရှိတဲ့အချိန်မှ လာ"

"သူနဲ့ ကိစ္စရှိတာမှ မဟုတ်ဘဲ၊ တန်ခြာနဲ့ပဲ ကိစ္စရှိတယ်"

"အပိုတွေ ပြောမနေနဲ့၊ ရှင်မပြန်ဘူးလား ပြန်မလား"

"ခဏလေးပါ. . . ကိုယ်ဆွေးနွေးစရာရှိလို့"

"လက်မခံနိုင်ဘူး. . . အေးအေးဆေးဆေး ပြန်နော်"

"မပြန်ဘူးဆိုရင်ရော"

ပြောပြောဆိုဆိုနှင့် ကြိုးလှေကားပေါ်မှ တက်လာရန် ကြိုးစားသော ကိုကြည်မောင်ကို သေနတ်နှင့် အသေအချာ ချိန်လိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

"တစ်"

တန်ခြာက ချိန်ရင်း ခပ်တင်းတင်း အမှတ်စဉ် ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှလည်း လုပ်ပါလေ"

ကိုကြည်မောင်ကလည်း ဟန်မပျက် ဆက်တက်လာသည်။

"နှစ်"

တန်ဖြာလည်း ခပ်ပြတ်ပြတ်။

ကိုကြည်မောင်က နောက်တစ်ထစ်အတက်. . .

"သုံး. ."

"ဒိုင်း. ."

တန်ဖြာပခုံးကို သေနတ်ဒင်ဖြင့် ဆောင့်ဆွဲထိမှုကြောင့် အရိုးကြေမတတ် ဝေဒနာ ခံစားလိုက်ရသည်။

မျက်စိများလည်း ပြာဝေသွားသည်။ ကျည်ဆန်သည် ကိုကြည်မောင်နှင့် အဝေးဆုံးနေရာမှ ဖြတ်ပြေးသွားပုံရသည်။

"ဟား. . . ဟား. . . . ဟား"

ချောင်ပိတ်မိသော သားကောင်ကို အားရကျေနပ်သည့်အလား ပီတိသံကြီးနှင့် ရယ်မောနေသော ကိုကြည်မောင်သည် ကြိုးလှေကားတစ်ဝက် ရောက်လာသည်။

"ဝုတ်. . . ဝုတ်"

"နေ. . ဂုမ္ဗာန်. . နင်မသွားနဲ့၊ လူစိတ်ရှိတာ မဟုတ်ဘူး"

ကိုကြည်မောင်လက်ထဲမှ ဓားတဝင်းဝင်းကို တွေ့သဖြင့် ဂုမ္ဗာန်အတွက် စိုးရိမ်စွာ တားမြစ်ရင်းမှ ခေါင်းထဲ လင်းခနဲ ဖြစ်သွားသည်။

တဲထဲ အမြန်ပြေးဝင်လာပြီး သားထစ်ဓားမကြီး ယူကာ ကြိုးလှေကားရင်းကို အားနှင့် ခုတ်လိုက်သည်။

"ဟော့. . . မလုပ်နဲ့လေ"

ကိုကြည်မောင် ဒီတစ်ခါမှ မျက်လုံးတကယ်ပြူးလေပြီ





တစ်ဖက်ကြိုးပြတ်သွားသဖြင့် သူ ဟန်ချက်ပျက်နေသည်။ တန်ဖြာ နောက်တစ်ဖက်ကို အားနှင့် ဆက်တိုက် ခုတ်ထစ်လိုက်သည်။

"ထောက်. ."

"အား. ."

"အဟင်း. . . ဟင်း. . . အဲဒါမှ ခွေးကျဖက်ကျ ခေါ်သယ်".

တန်ဖြာက ကိုးရိုးကားရား ကျသွားသော ကိုကြည်မောင်ကို ကြည့်ကာ အားပါးတရ ပြောဆိုရယ်မောလိုက်သည်။

ရယ်ရင်းမှ တွေးမိသည်။ တန်ဖြာ အောက်သို့ ဘယ်လို ဆင်းရမလဲ။ ရေချိုးသွားရန်ပင် ခက်နေပြီ။

လူကြီးပြန်မလာမချင်း တန်ဖြာအောက်မဆင်းရဲတော့ပေ။

လူကြီးသွားသည်မှာ သုံးရက်ရှိပြီ။ ပြန်လာသင့်ပြီ ထင်သည်။ ကိုကြည်မောင်က ဖုတ်ဖတ်ခါ ထလိုက်သည်။

"တန်ဖြာ"

"ဘာလဲ"

"ခင်ဗျားဟာ လှသလောက် အကြင်နာတရား ကင်းမဲ့လှသည်လား"

"တွေ့တဲ့အတိုင်းပဲ"

"မင်းအကြောင်းတွေ မစ္စတာဟတ်ကို ပြောလိုက်မယ်"

"ပြောလည်း အပိုပဲ. . . သူသိပြီးသား"

"သူ မသိပါဘူး၊ မစ္စတာဟတ်က ရှုပ်ရှုပ်ယှက်ယှက် လုံးဝပတ်မခံဘူး၊ မင်းအကြောင်းကို ခရေစေ့တွင်းကျ သူ သိတာမဟုတ်လို့ မင်းကို လက်ခံထားတာ ဖြစ်မယ်"

"ဒီမှာ ကိုကြည်မောင်၊ ဒါ ကျုပ်တို့ကိစ္စပါ၊ ခင်ဗျားကိစ္စက



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ပြန်သွားတာ အကောင်းဆုံးလို့ ကျုပ်ထင်တယ်၊ ဒီတော့ လာလမ်းအတိုင်းပဲ ပြန်ကြွသွားပါ”

ပြောပြောဆိုဆိုနှင့် တစ်လှမ်းချင်း လှမ်းလာသောလူကြီးကို တွေ့လိုက်ရသဖြင့် တန်ဖြာ အားတက်သွားသည်။ တစ်ဆက်တည်း ကြေကွဲမှုအဖြစ် ပေါ်လာသည်။

တန်ဖြာအကြောင်းတွေ လူကြီးသိသွားပြီဆိုလျှင် တန်ဖြာကို လက်ခံပါ့ဦးမလား၊

တန်ဖြာရင်ထဲ လျှောင်လှိုင်း ဖြစ်ပေါ်နေလေပြီ။

ကိုကြည်မောင် ထုတ်ပေးသော စာရွက်စာတမ်းများကို လူကြီးက လှမ်းမယူချေ။

“မိန်းဆိုတာ မာယာများတယ်၊ ခင်ဗျားကို လိမ်ညာပြီး မာယာသုံးကောင်းသုံးလိမ့်မယ်၊ ဒီတော့ ဒီသတင်းစာဖြတ်ပိုင်းတွေက သက်သေခံအဖြစ် စကားပြောလိမ့်မယ်”

“ကျုပ်သိပြီးပြီလို့ ပြောပြီးပြီကော ကိုကြည်မောင်၊ မလိုဘူးဗျ၊ လောကမှာ အမှန်တရားကို ဖော်ထုတ်တဲ့နေရာမှာ နှုတ်တစ်ရာ စာတစ်လုံးဆိုပေမယ့် ကျုပ်က ကာယကံရှင်ရဲ့မနောမှန်နဲ့ ထွက်လာတဲ့ နှုတ်စကားကို တန်ဖိုးထားတယ်၊ ကျုပ်တို့ကိစ္စကြားမှာ ခင်ဗျားဘာမှ ဝင်လှုပ်ရှားစရာ မလိုဘူး၊ ပွဲကြည့်ပရိသတ်အနေနဲ့ အေးအေးသာ စောင့်ကြည့်ပါလို့ ကျုပ် နောက်ဆုံးပြောမယ်”

လူကြီးက တန်ဖြာ ချထားသောကြိုးကို ကောက်ကိုင်လိုက်သည်။ ပြီးတော့ လင့်စင်ပေါ် သို့ မော့ကြည့်လိုက်သည်။ သူ၏စူးရှသောအကြည့်ကြောင့် တန်ဖြာကိုယ်သည် သေးငယ်ပြီး အငွေ့အဖြစ် ပျံ့ထွက်သွားလျှင် ကောင်းလိမ့်မည် ထင်သည်။

လူကြီးနှင့် ရင်ဆိုင်ရမည့်ပြဿနာသည် ကျားရဲ့ထက်





ဆိုးရွားလိမ့်မည် ထင်သည်။

“ဟော့..”

အမည်သိလျှက်နှင့် အမည်မခေါ်သောလူကြီးကို အသည်း[illegible]ားမိသည်။

“ကျုပ်ခိုးစင်နားမှာ ချိတ်ထားတဲ့သံချိတ် ပစ်ချလိုက်”

“ဟုတ်ကဲ့..”

တန်ဖြာ ရှာဖွေရသည်။ တွေ့ပြီ။ ကျောက်ဆူးသဏ္ဌာန် သံချိတ်ခပ်လေးလေးကို ဖြုတ်ယူကာ အောက်သို့ ပစ်ချလိုက်သည်။

မြေကြီးများ ဖွာခနဲ လွင့်စဉ်ထွက်သွားသည်။

လူကြီးက အသာကောက်ယူလိုက်သည်။

“ခင်ဗျားပြဿနာ ခင်ဗျားမရှင်းရင် ကျုပ်ကတော့ တာဝန်သိ ပြည်သူအနေနဲ့တော့ အစိုးရကို သတင်းပေးရမှာပဲ”

“ဒါ ခင်ဗျားအပိုင်း၊ ကျုပ်အပိုင်းက ကျုပ်လုပ်ဆောင်မယ်”

ကိုကြည်မောင်၏ ရိုတိတိမျက်နှာကို ငရဲမီးရှို့လျှင် ပက်ပက်[illegible]ဒိတ်ပင် ပေါက်သွားသည်။ ယောကျ်ားများ ဒေါသမျိုသိပ်ပြီး ပြန်အလှန်ပြောဆိုမှုကို တန်ဖြာ စိုးရိမ်စွာ ငေးကြည့်နေမိသည်။ တစ်ဆက်တည်း ရင်ဆိုင်ရမည့် ပြဿနာအတွက်လည်း စိတ်ညစ်နေမိသည်။

“ကျွန်တော်က စေတနာနဲ့ပါ မစ္စတာဟတ်၊ တော်ကြာ ခင်ဗျားပါ တရားခံအားပေး ဖြစ်နေမှာစိုးလို့”

“ဒီမှာ ကိုကြည်မောင်၊ ကျုပ်ဟာ တရားဥပဒေကို လေးစားတဲ့လူပါ၊ ဘောင်အတွင်းက ကျုပ်ဆောင်ရွက်စရာရှိတာ ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ပြီးပြီ၊ ခင်ဗျားကို ဒီလောက်အထိ ရှည်ရှည်ဝေး



www.burmeseclassic.com

www.burmeseclassic.com



ဝေး လက်ခံစကားပြောနေရတာ ကျုပ်ဒဏ်ရာတွေကို ကုပေးဖူးတဲ့ ကျေးဇူးရှိနေလို့ဆိုတာ မှတ်ယူပြီး အေးအေးဆေးဆေးသာ ပြန်တော့ဗျာ"

"ကောင်းပြီလေ. . . ကျွန်တော်က စေတနာနဲ့ပါ မစ္စတာဟတ်"

"ဘာစေတနာလဲ. . . မစားရတဲ့အမဲ သဲနဲ့ ပက်မယ့်စေတနာလား"

ဟု တန်ဖြာစိတ်အတွင်း၌ ရန်တွေ့လိုက်သည်။ လူကြီးရောက်လာကတည်းက တန်ဖြာနှုတ်ဖျားသည် စကားပြောချင်သောအလေ့တို့ ပျောက်ကွယ်ကုန်လေပြီ။ မိမိဘာမှပြောစရာမလိုတော့။

"ဟော့. . . လွတ်လွတ်ကင်းကင်းမှာ နေကြ"

လူကြီးက ပြောပြီး တန်ဖြာ ဖြတ်ချထားသောကြိုးလှေကားကြိုးစနှင့် သံဆူးကောက်ကို ချည်နှောင်လိုက်သည်။

ကိုကြည်မောင် ကျောခိုင်းထွက်ခွာသွားသည်။ လူကြီးက လုံးဝလှည့်မကြည့်ဘဲ သူလုပ်ဆောင်စရာရှိသောကိစ္စကိုသာ အေးအေးဆေးဆေး လုပ်ကိုင်နေသည်။

ကြိုးကို လွှဲကာ သံဆူးကောက် အလေးအားတို့နှင့် မှန်းဆပစ်လိုက်သည်။ လင့်စင် သိမ့်ခနဲ တုန်ခါသွားပြီး သံဆူးသည် ဝရန်တာ သစ်သား၌ စိုက်ဝင်နေလေပြီ။

လူကြီးက ကျောပိုးအိတ်တစ်လုံး လွယ်ထားကာ ခပ်ဖြည်းဖြည်း တက်လာသည်။

တန်ဖြာက ရေနွေးကရားအိုးနှင့် ဂျီသားကင် တစ်ပန်းကန်နှင့် အသင့်စောင့်ကြိုနေလိုက်သည်။





သွေးအေးအေးနှင့် ရင်ဆိုင်နိုင်ရန် မိမိကိုယ်ကိုမိမိ အားပေးနေသေးသည်။

လက်ဖျားခြေဖျားတို့က အေးစက်နေသည်။

"ထမင်းတစ်ခါတည်း စားမယ်"

မိမိထမင်းခူးပေးခြင်းကို လက်မခံသောသူက ထမင်းစားမယ် ဆိုလာသောအခါ တန်ဖြာ ရုတ်တရက် ကြောင်သွားသည်။

ချက်ချင်းဆိုသလို ဝမ်းသာအားရ ထပြင်ပေးလိုက်သည်။ မျက်နှာသစ် လက်ဆေးပြီး တန်ဖြာ ပြင်ပေးသောထမင်းပွဲတွင် ဝင်ထိုင်သည်။

"ဟိုကောင် ဒီနေ့မှ လာသလား"

"ဟုတ်ကဲ့"

"မင်းက ဘာဖြစ်လို့ လင့်စင်ပေါ် အတက်မခံသလဲ"

"ရှင်. ."

တန်ဖြာ ရုတ်တရက် ဆိုလိုရင်းကို နားမလည်သဖြင့် 'ရှင်' ဟု ဖြစ်သွားသည်ကို မျက်မှောင်ချိုကြည့်ကာ. . .

"မင်းဟာ အိုးတိုးအတ မိန်းမ,မဟုတ်ဘူး၊ ကျုပ်မေးခွန်း ရှင်းတယ်"

"အဲလိုလူကို မယုံလို့ အတက်မခံတာ"

"ဘာဖြစ်လို့ မယုံတာလဲ"

"ဒါက ပြောပြလို့ မတတ်တဲ့ အလိုအလျောက် သိစိတ်တစ်မျိုးအရ အဲဒီလူဟာ မိန်းမနဲ့ ပတ်သက်လာရင် စိတ်မချရဘူး ဆိုတာ သိနေလို့ပဲ"

"အင်္ဂဝိဇ္ဇာ ပညာရှင် ထင်တယ်"

တန်ဖြာ ဖျတ်ခနဲ လူကြီးကို ကြည့်လိုက်သည်။ လူကြီး၏



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းက လှောင်ရိပ်မပါ။ သို့သော် ပြုံးစေ့စေ့နှုတ်ခမ်း၌ လှောင်ရိပ် ခိုတွဲနေသည်။ လှောင်ပြုံး ပြုံးတာတောင် အတော်ခံ့ညားသည့် လူပဲဟု ကောက်ချက်ချလိုက်သည်။ လူကြီးသည် ထမင်းကိုသာ ဆက်စားနေသည်။ တန်ဖြာကို ယောင်လို့မျှပင် မကြည့်တော့။

တန်ဖြာရင်ဝယ် လှုပ်ရှားမှု ဒီလှိုင်းနှင့်အတူ တရားသူကြီး၏စီရင်ချက်ကို ငံ့လင့်နေသောသူပမာ ဖြစ်နေ၏။

လူကြီး ဘာကို ဆုံးဖြတ်မည်နည်း။

လူကြီးသည် စားသောက်ပြီး ထမင်းပန်းကန်၊ ဟင်းပန်းကန်များကို ဒီတိုင်း ထားကာ ထသွားသည်။ ယခင်ကဆိုလျှင် သူ့ဘာသာ ခူးခပ်စားပြီး သူ့ဘာသာ ဆေးကြောလေ့ရှိသည်။

ယခုတော့ ထိုသို့မဟုတ် ခြားနားနေလေပြီ။ လက်ဆေးရေသောက်ပြီး ပက်လက်ကုလားထိုင်၌ သူထိုင်လိုက်သည်။

တန်ဖြာသည် စားပြီးသားပန်းကန်များကို ဆေးကြောရင်းမှ မျက်ဝန်းရိပ်တွင် ခိုးကြောင်ခိုးဝှက် ပေါ်နေသော လူကြီးပုံရိပ်တို့ကို လိုက်လံကြည့်နေလေသည်။

"ဟော့. . ."

ကိစ္စအားလုံးပြီးသည်နှင့် မယောင်မလည် လုပ်ကာ မရှိသော အဝတ်ဟောင်းများကို လိုက်လံရှာဖွေနေသူ တန်ဖြာမှာ လူကြီးအသံကြောင့် ဆတ်ခနဲ တွန့်သွားသည်။

"လာဦး. ."

"အဝတ်သွားလျှော်မလို့"

"စကားမရှည်နဲ့. . . ပြဿနာတစ်ခု ရှောင်လွှဲနေရုံနဲ့ ပြီးမလား၊ လာ. . . ထိုင်"

လူကြီးမျက်နှာ ရဲခနဲဖြစ်လာသည်။ ဒေါသဖြစ်လာသည်ဟု





ရိပ်မိလိုက်သဖြင့် တန်ဖြာ အထွန့်မတက်ဝံ့တော့ဘဲ လူကြီးနှင့် မလှမ်းမကမ်း၌ သွားထိုင်လိုက်သည်။

လူကြီးအကြည့်က စူးစမ်းသောအဖြေကို ရှာဖွေနေသော မျက်လုံးများဖြစ်သည်။

"မင်း မညာတတ်ဘူးလို့ ကျုပ်ထင်တယ်"

ယတိပြတ် ပြောလိုက်သောစကားကြောင့် တန်ဖြာ လိမ်ညာခြင်း မပြုဝံ့တော့။ တန်ဖြာ ညာလျှင် တန်ဖြာမျက်ဝန်းများက ဖော်ကောင်ပြုပေမည်။ တန်ဖြာမှ မညာတတ်ပေဘဲ။

"တန်ဖြာ အမှန်အတိုင်း ပြောမယ်၊ အဲ. . ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ဘူး"

"မင်း လူသတ်ခဲ့သလား"

စူးရှထက်မြက်သော မျက်လုံးအစုံက တန်ဖြာ၏အတွင်းစိတ်နှင့် အတိတ်က ပုံရိပ်ကို လိုက်ဖမ်းနေသည်။

တန်ဖြာက သူ့မေးခွန်းကြောင့် တုန်လှုပ်သွားသည်။

"ဟော့. . . ဖြေလေ"

"ဟုတ်. . ဟုတ်. . သတ်ခဲ့မိတယ်"

"ဘာဖြစ်လို့ သတ်တာလဲ"

တန်ဖြာရှင်ထဲ ဒေါသရက်စိတ်မီးတို့ ဟုန်းခနဲ တောက်လောင်လာသည်။ မျက်နှာပြင်တစ်ခုလုံး ရင်တွင်းမီးတို့ လောင်ထားမှုကြောင့် ရဲရဲတောက်လာသည်။

"ဘာဖြစ်လို့ သတ်တာလဲ"

ဦးခေါင်းခွံတစ်ခုလုံး၌ ထိုမေးခွန်းသည် ပဲ့တင်ထပ် မြည်ဟည်းလျက်ရှိသည်။

"ဟော့. . . ဖြေလေ၊ လူတစ်ယောက်လုံးကို ရက်ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



စက် သတ်လာပြီး အခုမှ ကြောက်နေပြီလား"

လူကြီးက ပြုံးခနဲ ရယ်လိုက်ပြီး ပြောသဖြင့် တန်ဒြာ ဆတ်ခနဲ တုန်လှုပ်သွားသည်။ ကြက်သီးမွေးညင်းများ ခေါင်းပြူထလာသည်။

လူ့အသက်ကို သတ်သောမိမိသည် သံသရာဝဋ်ဆင်းရဲ ငရဲ၌ ကျင်လည်ရဦးမည်လော။

တန်ဒြာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အံကြိတ်လိုက်မိသည်။

ဟုတ်သည်။ တန်ဒြာ လူသတ်ခဲ့သည်။


ဘာကြောင့် သတ်ခဲ့သနည်း။

ထိုမေးခွန်းသည် တန်ဒြာကိုယ်တန်ဒြာ ပြန်မေးကာ အနှောင့်အယှက်ဖြစ်နေသည်။

"သတ်သင့်လို့ သတ်တာ"

"ဟုတ်တယ်. . . ဒီလိုလူမျိုး လူ့လောကမှာ မထားသင့်ဘူး၊ ဒီကောင့်ကို သတ်လို့ ငရဲကျမယ်ဆိုရင် ကျပါစေတော့၊ တန်ဒြာ သူ့ကို သတ်သင့်တယ်. . . သတ်သင့်တယ်"






www.burmeseclassic.com

www.burmeseclassic.com





(၁၆)

"ယမုံနာ. . . ဟေ့. . . လာတွဲဦးလေကွာ၊ ထို့. . . မယား ဝတ္တရား မကျေပွန်တဲ့ကောင်မ၊ ပြောလိုက်ရင် အထက်တန်းစား အထက်တန်းစားနဲ့ မိုးပေါ်က မဆင်းတဲ့ကောင်မ၊ ခုတော့ လင် လာတာတောင် ဆီးကြိုရမှန်း မသိတဲ့(. . .)မ"

"တောက်. ."

တန်ခြာ ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်သည်။ မကြားဝံ့ မနာသာ တိုင်းထွာမှုများကို ဆက်လက်နားထောင်ရဲသော အင်အား မရှိသကဲ့သို့ ဒေါသမီးတို့သည်လည်း ဟုန်းခနဲ တောက်လောင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖခင်အိပ်ပျော်နေပါစေဟုလည်း ဆုတောင်းလိုက်သည်။

သို့သော် ဆုတောင်းချက် မပြည့်ဝချေ။ ဖခင်အခန်းမှ လှုပ်ရှားသံ ကြားလိုက်ရသည်။ တန်ဖြာ စာအုပ်ကို ပစ်ချကာ အခန်းထဲမှ ထွက်ခဲ့သည်။

"တောက်. ."

မမယမုံနာ၏တီးတိုးတောင်းပန်သံကို ပီပီသသ မကြားရချေ။

"ဟေ့. . . ဘာမှမပြောနဲ့ ဟုတ်လား၊ လူပဲ. . . လူ့အခွင့်အရေးကိုပါ မင်းက လိုက်ချုပ်ချယ်နေသလား ဂုဏ်ကြီးရှင်မမရဲ့၊ မင်းတို့အိမ်မို့လို့ (. . .)ကြီးကျယ်တာလားကွ၊ မင်း ဘယ်တုန်းက ငါ့ကို ပြန်ပြောဖူးလို့လဲ"

"မဟုတ်ပါဘူး ကိုသာလှရယ်၊ ဖေဖေ ကြားသွားရင် မကောင်းလို့ပါ"

"ကြား. . ဘာဖြစ်လဲ၊ ငါက မင်းကို မယားဝတ္တရား မကျေပွန်လို့ ဆုံးမနေတာပဲ၊ အဘိုးကြီးက ကျေးဇူးတောင် တင်ရဦးမယ်၊ ဟတ်. . ဟား. . ဟား. . ဟား. . ရွှေသမက် ငွေသမက်ကိုလေ"

တန်ဖြာ ဖခင်ကြီးအခန်း ရောက်သွားသည်။ ဖခင်သည် အခန်းအလယ်၌ ကျောက်ရုပ်ကြီးသဖွယ် ရပ်နေသည်။ မျက်နှာတစ်ပြင်လုံး ရဲရဲတောက်နေကာ မေးကြောကြီးများ ထောင်ထနေသည်။ လက်သီးတို့ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ညာလက်ထဲတွင် လိုင်စင်ဖြင့် ကိုင်ဆောင်သော ပစ္စတိုသေနတ်ကို တွေ့လိုက်ရသဖြင့်. . .

"ဒယ်ဒီ. ."





တန်ဖြာက ပြေးဝင်ကာ ဖခင်လက်မှ သေနတ်ကို လုသည်။

"ဒယ်ဒီ စိတ်ထိန်းပါ၊ ပေး. . ပေး၊ တန်ဖြာ့ကို သေနတ်ပေး"

"သမီး"

ဖခင်သည် တန်ဖြာ၏လှုပ်ရှားပြောဆိုမှုကြောင့် သတိဝင်လာဟန်ရှိသည်။

မမယမုံနာတို့၏အသံများ တစ်ချက်တစ်ချက် ထွက်လာသည်။ ပီပီသသတော့ မဟုတ်တော့ချေ။ အောက်ထပ်ရှိ သူတို့အတွက် ပေးထားသော အခန်းတွင်း ရောက်ရှိသွားပြီ ထင်ပါသည်။

စိတ်ထောင်းကိုယ်ကြေ ပါးပါးလှပ်လှပ်သာ ရှိတော့သော မမယမုံနာသည် သူ၏လင်ဆိုးကို အိပ်ခန်းတွင်း ရောက်စေရန် ခေါ်ဆောင်သွားရှာပြီ ထင်ပါသည်။

မမယမုံနာအတွက် စိတ်ထိခိုက်၊ ခံပြင်းစိတ်များကြောင့် တန်ဖြာ မျက်ရည်ကျလာသည်။

ထို့အတူ ဖခင်မျက်ဝန်း၌ မျက်ရည်များ တွေ့လိုက်ရသည်။

"သမီး. . . မနက်ဖြန် ပါရမီကို ရွှေ့ခိုင်းလိုက်တော့၊ ဒေါ်အုန်းနဲ့မောင်ဆိုင်ကို ထည့်ပေးလိုက်၊ မျက်ကွယ်မှာ နေကြပါစေတော့၊ ကြာရင် ဒယ်ဒီလူသတ်မိလိမ့်မယ်"

"ဟုတ်ကဲ့ ဒယ်ဒီ၊ ဒါပဲ ကောင်းပါတယ်"

"လစဉ်လည်း ထောက်ပံ့လိုက်"

"အဆိပ်ပင်ရေလောင်း ဖြစ်မနေဘူးလား ဒယ်ဒီ"

တန်ဖြာက မမယမုံနာယောကျ်ား၏ အဆီတဝင်းဝင်း ပြန်နေသော အော့နှလုံးနာစရာ မျက်နှာကြီးကို မြင်ယောင်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"လိုတာမရရင် ယမုံနာ အညှဉ်းဆဲခံနေရဦးမယ်လေ. . . ပေးလိုက်ပါ"

ဖခင်ကြီးက စိတ်ကို ဒုံးဒုံးချလိုက်သည့်အလား ပြောချလိုက်သကိုး။ တန်ဖြာလည်း ကိုယ်ဝန်ကြီးတကားကားနှင့် မမယမုံနာကို မြင်ယောင်ကာ သက်ပြင်းချလိုက်သည်။

"ဒယ်ဒီ ပြန်အိပ်တော့နော်"

"အင်း. . ဒုက္ခ. . ဒုက္ခ၊ ယမုံနာရဲ့ဝဋ်ကိုကလည်း ကြီးပါတယ်"

ဗေလီယံဖိုက်ပုလင်းကို ယူကာ ဆေးတစ်ပြား ထုတ်လိုက်သော ဖခင်အတွက် တန်ဖြာက အလိုက်သိစွာပင် ရေငှဲ့ပေးလိုက်သည်။

"မသောက်ပါနဲ့ ဒယ်ဒီ၊ ကျန်းမာရေး ထိခိုက်တယ်" ဟု တားလိုသော်လည်း မိမိကိုယ်တိုင်ပင် သုံးစွဲနေရသူဖြစ်သောကြောင့် စာနာစွာဖြင့် မတားရက်တော့ချေ။ ဖခင် အိပ်ယာထဲ လဲလျောင်းလိုက်သည်နှင့် တန်ဖြာက ခြေရင်းမှ စောင်ကို ရင်ဘတ်ပေါ် အထိ ညင်သာစွာ ဆွဲဖုံးပေးလိုက်သည်။

ဖခင်က ခေါင်းအုံးအောက်မှ စိတ်ပုတီးကို နှိုက်ယူကာ ရင်ဘတ်ပေါ် တင်လိုက်ပြီး တစ်လုံးချင်း အာရုံပြု စိပ်လေသည်။ မျက်လုံးမှိတ်ထားသဖြင့် တန်ဖြာ ခြေသံဖွဖွနင်းလျက် စားပွဲပေါ်မှ ပစ္စတိုကို အသာယူထွက်ခဲ့သည်။

သေနတ်ကို ဖခင်နှင့် ခွဲထားမှ တော်ကာကျမည်။ မခံချင်စိတ်၊ ခံပြင်းစိတ်များ ပြင်းထန်လာသောအခါ လက်နက်ကိရိယာများသည် အန္တရာယ်ကို အလွယ်တကူ ဖိတ်ခေါ်တတ်၏။





မိမိအိပ်ခန်းထဲ ရောက်သည်နှင့် ဗီရိုအံဆွဲ၌ သေချာစွာ သည့်လိုက်သည်။ အိပ်ယာပေါ် လှဲချလိုက်ရင်း စားပွဲတင်နာရီကို လှမ်းကြည့်လိုက်သည်။ သန်းခေါင်ယံပင် ဖြတ်ကျော်သွားလေပြီပဲ။ သက်ပြင်းချလိုက်သည်။

ရင်တွင်းမှာကား နာကျင်လျက်ရှိသည်။ ရောဂါဝေဒနာများထဲတွင်ကား စမ်းသပ်ရ အခက်ခဲဆုံးနှင့် ကုသရန် အခက်ခဲဆုံး သောဝေဒနာမှာ သောကဝေဒနာဖြစ်သည်။

မမယမုံနာကြောင့် ကူးစက်လာသော သောကဝေဒနာကို လူးလူးလိမ့်လိမ့် ဖြေဖျောက်ရန် ကြိုးစားရင်း အိပ်ဆေးတန်ခိုး ပြလာသောအခါမှ တန်ဖြာ အိပ်ပျော်ခြင်းသို့ ရောက်ခဲ့သည်။

သို့တိုင်အောင် ကံဆိုးလှသော မမယမုံနာသည် အိပ်မက်ထဲ၌ ငိုယိုနေဆဲ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





(၁၇)

"တန်ဖြာ"

"ရှင်. ."

"မမယမုံနာဆီက ဖုန်းလာတယ်"

ပိန်းပန်းပင်များကြား ခိုအောင်းချင်နေသော ခရုများကို မီးညှပ်တစ်ချောင်းဖြင့် လိုက်ဖမ်းနေရာမှ တန်ဖြာက ညှပ်ရော ပုံးပါ ပစ်ချကာ အိမ်ပေါ် ပြေးတက်ခဲ့သည်။

စိုးရိမ်စိတ်များက ဖြစ်ပေါ်လျက်ရှိသည်။ မမယမုံနာဆီမှ ဆက်သွယ်လာလျှင် သောကတစ်ခုခု ပါစမြဲပင်။ သို့သော် ရှောင်လွှဲ၍မရ။ တအူတုံဆင်း ညီအစ်မအရင်းပေပဲ။





"ဟဲလို. ."

"တန်ဖြာလား"

"ဪ. . . ဒေါ်အုံးလား၊ တန်ဖြာက မမယမုံနာမှတ်လို့၊ ဆိုပါဦး. . . ဘာကိစ္စလဲ"

"ယမုံ ဗိုက်နာချင်သလိုလို ဖြစ်နေတယ်. . . အဲဒါ"

"သူ့ယောကျ်ားရော"

"ထုံးစံအတိုင်းပေါ့. . . ဝိုင်းတစ်ခုခုမှာ ရှိမှာပေါ့"

"ဒါဖြင့် မောင်ဆိုင်ကို ပို့ခိုင်းလိုက်ပါ"

"အဲ့ဒါ ပြောမလို့ တန်ဖြာရဲ့၊ မောင်ဆိုင်ကိုတော့ တက္ကစီသွားခေါ်ခိုင်းနေတယ်၊ ကားရောင်းလိုက်ရပြီလေ"

"ဟင်. . . တောက်၊ ဟိုသေနာကောင်လက်ချက်ပဲ မဟုတ်လား"

"ဒါပဲပေါ့. . ဟော. . ယမုံ ခေါ်နေပြီ၊ ဖုန်းဆက်တယ်လို့ မပြောနဲ့နော်၊ တန်ဖြာ့ဘာသာ အလည်လာသလိုလိုနဲ့လာ၊ သူက မပြောရဘူးဆိုလို့"

"အင်း. . အင်း. . လာမယ်၊ ခု လာခဲ့မယ်"

တန်ဖြာ မျက်ရည်များ စို့လာသည်။ သို့သော် ငိုနေရုံနှင့် မပြီးနိုင်။ ယမုံနာအတွက် အရေးကြီးနေပြီ။ မမယမုံနာသည် သောကဝေဒနာကို တန်ဖြာ မသိစေရန် ဖုံးဖိပြီး သူတစ်ယောက်တည်း ခါးစည်းခံရှာသည်။

အမှန်တော့ မမယမုံနာ၌ အပြစ်မရှိ။ ငယ်စဉ်ကတည်းက အေးဆေးပြီး မိခင်ကြီး သေဆုံးသွားချိန်၌ မမယမုံနာက ဆယ့်ငါးနှစ်သမီးဖြစ်နေပြီ။ တန်ဖြာက ငါးနှစ်သမီးသာ ရှိသေးရာ မမယမုံနာသည် တန်ဖြာအတွက် မအေလိုတစ်မျိုး၊ အစ်မကြီးသဖွယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ယုယကြင်နာခဲ့ရှာသည်။ ပညာရေး၌ ပါရမီမပါသဖြင့် ရှစ်တန်း နှစ်ကြိမ်ကျသည်နှင့် ထွက်ခဲ့ပြီး ဖခင်ကြီးနှင့်တန်ဖြာတို့အတွက် စားသောက်ရေး မထပ်ရအောင် ခံတွင်းလိုက်စေရန် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ရင်း ချုပ်လုပ်ရင်းဖြင့် အိမ်တွင်းပုန်းဘဝဖြင့် သူမဘဝ ဘောင်လေးကျဉ်းကျဉ်းအတွင်း အမြင်ပါ ကျဉ်းလေသည်ကို ဒရိုင်ဘာ ကိုသာလှနောက် လိုက်ပြေးသွားမှ ဖခင်ကြီးရော တန်ဖြာပါ ယူကျုံးမရစွာဖြင့် သိရှိလိုက်ရသည်။

သမီးကို ပစ်မထားရက်သဖြင့် အိမ်သို့ ပြန်နေစေကာမူ ဒေါသတွေ အကြိမ်ကြိမ် ထွက်ရသည်။ ဒရိုင်ဘာသည် ကားပင် မမောင်းတော့ဘဲ ဘီလူးရုပ် ထွက်လာလေသည်။

ကွာရှင်းခိုင်းသော်လည်း မကွာပေ။ မမယမုံနာမှာ ရင်သွေးလွယ်ထားရင်း ဆုပ်လည်းဆူး၊ စားလည်းရူးရမည့်ဘဝတွင် ရောက်နေရရှာသည်။

တန်ဖြာ ကားကို သတိထား မောင်းရင်းမှ အတွေးအိမ်ထဲ နစ်မျောနေမိသည်။ ပါရမီခြံသို့ ရောက်လာသည်။

"တီ. . တီ. . တီ"

ဟွန်းသံပေးလိုက်သည်နှင့် ခြံထောင့်တစ်နေရာ၌ ပုန်းနေ ဟန်တူသော မောင်ဆိုင်ပြေးထွက်လာသည်။

ဒေါ်အုံးကလည်း. . .

"တန်ဖြာလာတာ အတော်ပဲ၊ ယမုံ ဗိုက်နာနေလို့ ဂျမခါနာ သွားမလို့ လုပ်နေတာ"

ရုတ်တရက် ရောက်လာသော တန်ဖြာကို ဝမ်းသာအားရ ဆီးကြိုသည့်ဟန်။

လောကဇာတ်ခုံပေါ်တွင် တန်ဖြာတို့သည် လူယုတ်မာ





တစ်ဦးကြောင့် တစ်ဦးကိုတစ်ဦး ငဲ့ညှာရင်း ဟန်ဆောင်ပညာကို သုံးနေရပါလား။

တန်ဖြာ သက်ပြင်းချလိုက်ပြီး. . .

"ဟုတ်လား. . . မမယမုံ ခေါ်လေ၊ သွားကြရအောင်၊ ကားဘယ်ရောက်သွားလဲ"

အိပ်ခန်းထဲမှ ဒေါ်အုံးနှင့် တွဲထွက်လာသော မမယမုံနာ မျက်နှာရှုံ့မဲ့လျက်. . .

"အစ်ကို ယူသွားတယ်ထင်တယ်"

"ဩော်. . . နေ့စေ့လစေ့မိန်းမကို မစောင့်တဲ့အပြင် ကားပါ ယူသွားရသလား၊ တော်တော်လူမဆန်တဲ့ကောင်"

စိတ်တိုစွာ ပြောလိုက်ပြီးမှ မမယမုံနာမျက်နှာလေး ဆိုင်းသွားသည်ကို သတိရလိုက်ပြီး. . .

"လာ. . . လာ. . . တန်ဖြာပို့ပေးမယ်"

ဟု ပြောပြောဆိုဆို ဝင်တွဲခေါ်လိုက်ရသည်။ မီးဖွားခါနီး မမယမုံနာလည်း စိတ်မဆင်းရဲစေချင်တော့။

"နောက် လိုအပ်လာရင် တန်ဖြာကို ပြောမှပေါ့ မမယမုံရယ်"

"တောက်. . . ညီမစိတ်ကို သိလို့၊ မမကို ပစ်မထားဘူး ဆိုတာ သိလို့ သူယုတ်မာနေတာ၊ မမ သေချင်တယ်၊ သေလိုက်ရင် ဝဋ်ကျွတ်သွားမယ်"

မမယမုံမှာ ပြောရင်း မျက်ရည်ကျလာလေသည်။

"အို. . . သေစကား မပြောနဲ့၊ တက်. . . တက်၊ ဒါတွေ ဘာမှ မတွေးနဲ့၊ ရင်သွေးလေး လူ့လောက ရောက်လာတော့ ဘစ်မျိုးပြောင်းလဲချင် ပြောင်းလဲသွားမှာပါ. . . ဖြည်းဖြည်းတက်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တန်ဖြာကပဲ ပြန်၍ဖျောင်းဖျယူလိုက်ရသည်။ ဖေးမကာ ကားပေါ် တင်ပေးရင်း . . .

"ဒေါ်အုံး . . . ဆေးရုံတက်ဖို့အတွက် ပစ္စည်းအစုံအလင် ပါရဲ့လား"

"ပါပါတယ်"

"ဆေးမှတ်တမ်းစာရွက်တွေရော"

"ပါတယ် . . . ပိုက်ဆံအိတ်ထဲမှာ"

ပိုက်ဆံအိတ်ကို ပိုက်ထားရင်းမှ ပြောလိုက်သည်။ မမ ယမုံနာမျက်နှာသည် ပြုံမယောင်မိုးလို ညှိုးရိပ်ဆင်နေရုံမက ပူပန်မှု ကြောင့် ဖြူရော်ရော်ဖြစ်နေသည်။ ပိုက်ဆံအိတ်ကို တန်ဖြာ ယူမှာ စိုးသဖြင့် ခပ်တင်းတင်း ဆုပ်ထားလိုက်ပုံက တန်ဖြာ မသိစေလို သော အကြောင်းအရာ ရှိနေမည်ကို ခန့်မှန်းမိလိုက်သည်။

တန်ဖြာ သက်ပြင်းသူခိုး ချလိုက်သည်။ မမယမုံနာ စိတ် ဆင်းရဲမှာစိုးသဖြင့် ဘာမှမပြောတော့ဘဲ . . .

"ကိုမောင်ဆိုင် . . . အိမ်ကို ကောင်းကောင်းကြည့်ထား လိုက်နော်၊ ဟိုပုဂ္ဂိုလ် လာရင်လည်း ပြောလိုက်ဦး"

"ဟုတ်ကဲ့ မမလေး"

တန်ဖြာက ဝတ္တရားအရတော့ မှာကြားလိုက်သည်၊ ရင်သွေးအပေါ် ထားရှိသော မိခင်မေတ္တာတရားအပေါ် အခွင့် ကောင်း ယူကာ အားနွဲ့သူ မိန်းမသားများ၏ပျော့ကွက်ကို အပိုင် ကိုင်လှုပ်ကာ နှိပ်စက်ညှင်းပန်းတတ်သူ သိုက်တူးသမားအဖြစ် ခဲ အပေါ် မုန်းတီးစိတ်က တန်ဖြာရင်မှာ တဖွားဖွား ဖြစ်ပေါ်နေ သည်။

ကလေး လူ့လောက ရောက်ပြီးမှ အချိုးမပြောင်းလှ





ဘာ့ တန်ဖြာနှင့် တွေ့တော့မည်။ စိတ်တွင်း ကြိတ်၍ စိမံကိန်း ချလိုက်သည်။

ဒီကြားထဲ စိတ်တွင်း၌ သူခိုးစကား ပွင့်ထွက်သွားသေး သည်။

"တောက် . . . မမ မွေးပြီးရင်တော့ တန်ဖြာတို့နဲ့ လာနေဦး၊ သတ္တဝါကိုတော့ လက်မခံနိုင်ဘူး"

"ညီမလေးရယ် . . . မမကံကိုက ဆိုးပါတယ်"

မမယမုံနာမှာ မျက်ရည်ကိုသာ အဖော်ပြုရသူပီပီ မျက် ရည်များ တသွင်သွင် စီးကျလာလေသည်။

"အော် . . . ဆောရီး မမ၊ တန်ဖြာ မပြောတော့ဘူး၊ မသဘော"

"မမ ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွယ်"

"တိတ်ပါ မမရယ်၊ မသိရင် မပြောပါနဲ့တော့၊ တန်ဖြာ လည်း မပြောတော့ဘူး၊ ဘုရားစာသာရွတ်"

တန်ဖြာ ရှိုက်ကြီးတငင် ငိုနေသော မမယမုံနာကို နှစ်သိမ့် ရင်း ကားကို ဂရုတစိုက် မောင်းနေရသည်။

အမှန်တော့ အိမ်ပုန်း မမယမုံနာအပေါ် အလစ်ချောင်းနေ သော ဒရိုင်ဘာ ကိုသာလှက ကိုယ်ထိလက်ရောက် စော်ကားလိုက် သဖြင့် ရှက်ပြီး လိုက်ပြေးရခြင်းဖြစ်ကြောင်းကို နောက်မှ တန်ဖြာ သိသည်နှင့် သနားကာ အိမ်သို့ပြန်ခေါ် ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မမယမုံနာသည် သူ့ဘဝကို သူတစ်ယောက်တည်း ခါးစည်းခံရှာ သည်။ တန်ဖြာတို့သားအဖကို ဒုက္ခမပေး၊ ဤသည်ကို သိရလေလေ ကျုံးမရ ဖြစ်ရလေလေနှင့် တန်ဖြာပါ မမယမုံနာကို လိုက်လံ ဖွေ့ယူနေမိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မမယမုံ. ."

"အင်. ."

"တန်ဖြာအတွက် တူလေးပဲ မွေးပေးနော်"

"ဟင်. . . ညီမလေးရယ်"

မမယမုံနာက ယူကျုံးမရ အသည်းခိုက်သွားသည့်အလ တန်ဖြာပခုံးပေါ် မျက်နှာလေး အပ်ကာ သည်းသည်းထန်ထ ငိုလေသည်။

"ဟောတော့. . . ပြောကာမှ ငိုတော့တာပဲ၊ တူလေ တန်ဖြာ လိုချင်တယ်. . . မွေးပေးနော်"

"အဟင်း. . အင်း. . အင်းပါ ကလေးရယ်၊ မမကိုယ်တို လည်း သားလေးပဲ လိုချင်တယ်၊ သမီးလေးဆိုရင် မမလို ဘဝဆိုး တွေ့မှာ ကြောက်လွန်းလို့၊ ဒါပေမယ့်လည်း သမီးလေးဆိုရင် ဒ စာနာပြီး ဝဋ်ကို ကြောက်မလားလို့ သမီးပဲ မွေးပေးလိုက်ချင်တယ်"

မမယမုံနာက တန်ဖြာပခုံးစွန်းထက်မှ ခွာကာ ပြောလို သည်။

ဖြူရော်ရော်ဖြစ်နေသော မမကိုယ်သည် အေးနေသ ယောင်ဖြစ်နေ၍ စိုးရိမ်ကာ. . .

"မမ အနွေးထည် ဝတ်လိုက်ပါလား"

"အိုကွယ်. . . ပူလိုက်တာ၊ မမရင်ထဲ ဒီလောက်ပူနေတ ကို"

တန်ဖြာ မမကို ငဲ့စောင်းကြည့်လိုက်သည်။ ချွေးသီးချွေ ပေါက်များနှင့် မျက်ရည်များ ကူးလူးကာ မဟာမိတ်ပြုနေသေ မမယမုံနာ၏မချိပြုံးမျက်နှာကို တွေ့လိုက်ရသည်။

"မမရယ်. . . အားမငယ်နဲ့၊ တန်ဖြာတို့ ရှိတယ်၊ ဟော.





ဆေးရုံတောင် လှမ်းမြင်ရပြီ"

"ညီမလေး"

"ရှင်. ."

"မမ ဒယ်ဒီနဲ့ကလေးကို ဒုက္ခမပေးချင်တော့ပါဘူး၊ မမ သားလေးကိုသာ"

"အာ. . . မဟုတ်တာ၊ မမတို့သားအမိလို့ ပြောစမ်းပါ မမ ရာ၊ စိတ်ချ. . . တန်ဖြာတို့ စောင့်ရှောက်ပေးမယ်၊ ဟိုပုဂ္ဂိုလ်ကိုသာ အချိုးပြောင်းခိုင်းရမှာပေါ့၊ လာ. . လာ. . မမ သိပ်နာနေသလား၊ မျက်နှာကြီး ရှုံ့လို့"

တန်ဖြာက အပြုံးမျက်နှာ ဖန်ဆင်းကာ အားပေးရင်း မမ ယမုံနာကို တွဲချလိုက်သည်။ ချိုင်းကြားမှ ပိုက်ဆံအိတ်ကိုလည်း အမှတ်မထင် လုယူရင်း. . .

"ပေးပါ. . . တန်ဖြာ ကိုင်ခဲ့ပါ့မယ်"

ဒေါ်အုံးက ခြင်းတောင်းတစ်ဖက်နှင့် မမယမုံနာကိုပါ ဝင်တွဲသည်။ မေတ္တာတွေ ဝိုင်းရံလျှက်ကြားမှ အပူမီး တောက်နေရ ရှာသူ မမယမုံနာ၏ကံကြမ္မာက ဆိုးရွားလွန်းလှသည်။

တန်ဖြာကိုယ်တိုင် မျက်ရည်လည်မိသည်။

မမယမုံအလစ်၌ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သောအခါ စာရွက်စာတမ်းများမှအပ ငွေဆို၍ လေးဆယ့်ငါးကျပ်တန်တစ်ရွက် သာ ပါရှာသည်။


"ဖြစ်ရလေတယ် မမယမုံရယ်"



www.burmeseclassic.com

www.burmeseclassic.com





(၁၈)

ဒုက္ခသည် ဘယ်သောအခါမှ ထီးတည်း မလာ၊ အပေါင်းအဖော်များနှင့် ပျော်ပါးစွာ ရောက်ရှိလာသည်ထင့်။

မမယမုံနာသည် သမီးလေးတစ်ဦးကို လူ့လောကသို့ အရောက်ပို့ဆောင်အပြီးတွင် သူရင်ဆိုင်နေရသော ဝဋ်ဆင်းရဲအပေါင်းကို ကျော်ခိုင်းထွက်ခွာသွားလေသည်။

သမီးလေးလည်း အသားဝါရောဂါ ပါလာသဖြင့် ကလေးအထူးကုများ၏ကုသမှုကို ခံယူနေစေရသည်။

မမယမုံနာ၏လင်ဆိုး ယစ်ထုပ်ကြီးက ဥပဒေအရ ပိုင်ဆိုင်





ထားသောမယားဖြစ်၍ သူနှင့် ဆိုင်သည်ဆိုကာ အလောင်းမြေမကျမချင်း အိမ်မှမခွာတော့။ အမူးပါးက မျက်ရည်အရွဲသားငိုပွဲဆင်သည်ကို မြင်ရလေတော့ တန်ဖြာမှာ ဝမ်းနည်းရမည့်အစားဒေါသအမျက်ထောင်းထောင်း ထဖြစ်ရ၏။ ဆွေမျိုးမိတ်သင်္ဂဟများအလယ် အရှက်မကွဲစေရန် မနည်းအောင့်အည်းနေရသည်။

မယားသေလျှင် လင်သာ ဆိုင်သည်ဟူသောသဘောဖြင့် ခပ်တည်တည် မျက်နှာပြောင်တိုက်နေသော ယစ်ထုပ်ကြီးသည် မမယမုံနာ၏ရက်လည်ဆွမ်းကျွေးသည့်နေ့တိုင်အောင် မစောင့်နိုင်ဘဲ အမွေစကားဆိုလေ၏။

"ဟော့. . . ရှိသမျှစည်းစိမ်အားလုံးဟာ ငါရှာဖွေထားတာ၊ ငါ့နာမည်နဲ့ချည်းပဲ၊ ငါ မသေသရွေ့ အမွေပေးစရာ မလိုဘူး၊ သမီးတွေ တစ်ပြားမှ ရှာထားတာ မပါဘူး၊ ဆိုင်လည်း မဆိုင်ဘူး၊ မင်းလိုဆန်ကုန်မြေလေး ပေးမယ့်အစား ငါအကုန်လှူပစ်မယ်ကွ၊ သွား. . . မင်း ငါ့အိမ်ပေါ်က ဆင်းသွား၊ ဒီကောင့်မျက်နှာ မကြည့်ချင်ဘူး. . ဆွဲထုတ်သွားကြစမ်း"

ဖခင်ကြီးက ပြတ်သားစွာ ပြောဆိုပြီး တပည့်များအား ဆွဲထုတ်သွားစေသည်။

"ငါ့သမီး ရက်မလည်သေးလို့ အောင့်အည်းနေတာကို ကန်းတက်တယ်၊ အလကား ဖဲသမား အရက်သမား"

အမူးသမားသည် ရှန်းရင်းကန်ရင်းနှင့် ပါသွားလေသည်။ တန်ဖြာ ကျေနပ်စွာ ပြုံးလိုက်မိသည်။ မမယမုံနာ သေသွားပြီး ပထမဦးဆုံးအကြိမ် ပြုံးခြင်းဖြစ်ပေသည်။

မမယမုံနာ ဝိညာဉ်ကလေးသည် ကြေကွဲစွာ ငိုနေမည်လား၊ ဝမ်းသာစွာ ပြုံးနေမည်လားကိုတော့ တန်ဖြာ မခန့်မှန်းတတ်



www.burmeseclassic.com

www.burmeseclassic.com



ချေ။

တက္ကသိုလ်ကျောင်းသူ တန်ခြာမှာ မမယမုံနာကြောင့် ယောက်ျားများအပေါ် အထင်ကြီး၍မရဘဲ ရစ်ဝဲလာသော ကိုကိုမောင်မောင်တို့ကို ခါးသီးစွာ ငြင်းပယ်ခဲ့သည်။

ယောက်ျားတွေ မကောင်းပါဘူးဟုတော့ လှေနံဓါးထစ်သူမမှတ်ပါ။ သို့သော် မမယမုံနာကြောင့် ယောက်ျားများကို ရွံသွားသည်တော့ အမှန်ပင်ဖြစ်သည်။

ပိုဆိုးသည်က. . .

ကိုသာလှသည် ကလေးကို သူ့ခွင့်ပြုချက် မပါဘဲ ဘယ်သူ့လက်မှ မအပ်ရ၊ သူသည် ကလေးဖခင် ဖြစ်နေခြင်းကြောင့် တရားဝင် ပိုင်ဆိုင်သည်ဟု သွားရောက်အရေးဆိုထားခြင်းပင်။

သည်တော့ တန်ခြာတို့မှာလည်း ကလေး၏ကျန်းမာရေး အခြေအနေနှင့် ဆေးကုသမှုကို ဆေးရုံ၌သာ နှစ်ရှည်လများ ခံယူနေရမည်ဟု အကြောင်းပြကာ ဆေးရုံ၌သာ ထားစေသည်။ ဆရာဝန်များနှင့် နားလည်မှု ယူထား၍လည်း ရရှိနေခြင်းဖြစ်သည်။

ထိုအခါကျမှ ကိုသာလှ ပျောက်ကွယ်သွားသည်။

စိတ်ချရသောအနေအထား ရောက်မှ တန်ခြာတို့ ကလေးကို အိမ်ခေါ်ရသည်။ နာနီတစ်ဦးလည်း ငှားထားသည်။ ခြောက်လလောက်အထိ အခြေအနေတွေ အေးဆေးငြိမ်သက်နေပြီးကာမှ ကြမ္မာမုန်တိုင်းသည် ဝုန်းဒိုင်းကြဲကာ လျှပ်တစ်ပြက်အတွင်း ဝင်ရောက် မွှေနှောက်သွားခဲ့လေသည်။

"ကလေးအိပ်နေတုန်း ကျွန်မ အင်္ကျီအပ်ထားတာလေး သွားရွေးလိုက်ဦးမယ်နော် မမ"

"အေး. . အေး. . ငါရှိနေသားပဲ"





နာနီအပြင်သွားခြင်းကို တန်ခြာ ရှောရှောရှုရှု ခွင့်ပြု...က်ပြီး ကလေးနှင့်အတူ ကျန်ရစ်ခဲ့သည်။

ဖခင်က လေးညခရီးထွက်သွားသည်။ တိုက်တာ အ...ဘက်အအုံ ကန်ထရိုက်တစ်ဦးဖြစ်သူ ဖခင်သည် ရန်ကုန်၊ ...လေးတွင်မက တောင်ကြီး၊ ပြင်ဦးလွင်အထိ လုပ်ငန်းရောက်ရှိ...နေလေပြီး တပည့်တပန်းများနှင့် မျက်နှာမလွှဲဘဲ ကိုယ်တိုင်...တ်တိုင်းကျ ဦးစီးတတ်သော ဖခင်ကြီး၏စေတနာကြောင့် လုပ်ငန်း...မှာ အောင်မြင်ပြီး ငွေတို့သည် ဒီရေအလား တိုးတက်လျက်ရှိသည်။ ...ခုလည်း ပြင်ဦးလွင်၌ တိုက်ငါးလုံး ဆောက်လုပ်မှုကို စစ်ဆေးရန် ...ွက်သွားသည်မှာ နှစ်ရက်ရှိပြီ။

တန်ခြာက သစ်သားပုခက်လေးအတွင်း အိပ်ပျော်နေ...သော တူမငယ်ကို ငုံ့ကြည့်ပြီး ဝတ္ထုစာအုပ်တစ်အုပ်ဖြင့် အိပ်ယာ...ပေါ်သို့ အညောင်းပြေ လှဲလိုက်ပြီးမှ အိပ်ပျော်သွားမှာစိုးပြန်သည်။

ဒေါ်အုံးကလည်း တောခဏပြန်သွားသည်။ မသန်းက...သည်း သိမ်ကြီးဈေးသို့ ကုန်ခြောက်များ တစ်လစာ သွားဝယ်သည်။ ...ို့ကြောင့် အိမ်မှာ တန်ခြာတစ်ယောက်တည်း ရှိသည်။

ခြံထဲမှာတော့ မာလီ ရှိနေသည်။ သို့သော် တန်ခြာ အိပ်...ပျော်သွား၍မဖြစ်။ သမီးလေးကို အင်္ကျီချုပ်ပေးရန် သတိရလိုက်...သဖြင့် ဗီရိုအတွင်း အစလေးများကို ထုတ်ယူနေစဉ်. . .

"ဂျလောက်"

တံခါးပိတ်သံကြောင့် တန်ခြာ နောက်သို့ အလန့်တကြား ...လှည့်ကြည့်လိုက်သည်။

"ဟင်. . . ရှင်"

တန်ခြာ မျက်လုံးအစုံ ပြူးထွက်သွားသည်။ ကိုသာလှကို



www.burmeseclassic.com

www.burmeseclassic.com

သရဲသဘက်အလား ထိတ်လန့်စွာ တွေ့လိုက်ရသည်။ အရက်နံ့ကလည်း ထောင်းခနဲ ဆိုးရွားစွာ ဖုံးလွှမ်းသွားသည်။

"အံ့သြသွားသလား တန်ဖြာ"

"ရှင်. . ရှင်. . ဘာလာလုပ်တာလဲ၊ ထွက်သွားစမ်း၊ ရှင်နဲ့ ဘာဆိုင်လို့ အိမ်ပေါ် တက်လာတာလဲ. . . ထွက်သွား"

တုန်လှုပ်မှုကို မပေါ်လွင်စေရန် အတတ်နိုင်ဆုံး ဖုံးဖိပြီး အကြောက်အလန့် မရှိသည့်အလား ရင်ဆိုင်လိုက်သည်။

"အဟင်း. . ဟင်း. . ငါက အလုပ်တစ်ခုကို မပိုင်ဘဲ ဘယ်တော့မှ မလုပ်ဘူး တန်ဖြာ၊ ဒီအိမ်ကြီးမှာ မင်းတစ်ယောက်တည်း ရှိနေမယ့်အချိန်ကို ငါစောင့်ခဲ့တာ ကြာပြီ၊ အခုမှပဲ ဆိုက်ဆိုက်မြိုက်မြိုက် မုတ်ဆိတ်ပျားစွဲတော့တာပဲ၊ အဟားဟား. . . မင်းလည်း ယမုံနာနေရာ ရောက်ရဦးမှာပေါ့"

"ဘာလဲ. . . လူယုတ်မာ ထွက်သွားစမ်း၊ ငါ့ကို ယမုံနာလို ထင်ရင် နင်မှားသွားမယ်၊ ခု ထွက်သွားလို့ ပြောနေတာ မကြားဘူးလား"

တန်ဖြာ အားကုန် ဟစ်အော်ကာ အော်ပြောသည်။ ခြံထဲမှ မာလီ ကြားရန်လည်း ရည်စူးခြင်းဖြစ်သည်။

ဖွင့်လျက်ရှိသောဗီရိုနှင့် ကျောကပ်ထားရင်း လူယုတ်မာ သိုက်တူးသမားကို မျက်ခြည်မပြတ် စောင့်ကြည့်နေရသည်။ အန္တရာယ်နှင့် အဆိုးရွားဆုံး ရင်ဆိုင်နေရချိန်၌ ကြောက်လန့်ခြင်းသည် အရှုံးကို ဖိတ်ခေါ်တတ်ခြင်းဖြစ်ကြောင်း တန်ဖြာ သဘောပေါက်သဖြင့် သတိကြီးစွာ ရင်ဆိုင်နေရသည်။

"အဟတ်ဟား. . . နင်အော်လည်း အပိုပဲ တန်ဖြာ၊ မာလီကောင်လည်း ငါ ခေါင်းရိုက်ခွဲခဲ့လို့ ခုလောက်ဆိုရင် ကြွယ်ပေါင်းစုံ





မြင်ပြီး လောကသစ် ရောက်နေလောက်ပြီ"

အာလေးလျှာလေးနှင့် ပြောရင်း အခန်းတွင်း လှမ်းဝင်လာသည်။ အိပ်ပျော်နေသောသမီးကို ငုံ့ကြည့်ပြီး. . .

"လှလိုက်တာ. . . သမီးလေးက အမေအလှရော အဖေအလှရော ပေါင်းစပ်ထားတော့ လှထွဋ်ခေါင်လေး ဖြစ်နေတယ်၊ နင့်တူမ နင်မချစ်ဘူးလား"

တန်ဖြာ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး နည်းပရိယာယ်တစ်မျိုး ပြောင်းလိုက်သည်။

"ကိုသာလှ သမီးအကြောင်း ဆွေးနွေးချင်တယ်ထင်တယ်"

"ဒါပေါ့. . . ဒါပေါ့"

မျက်ထောင့်နီနှင့် အရက်ခိုး တရှာခိုး ဝေနေသော မျက်နှာကြီးကို ရွံ့ရှာစက်ဆုပ်စွာ သတိထားကြည့်ရင်း. . .

"ဒါဖြင့်လည်း ဧည့်ခန်းက သွားစောင့်နေပါ၊ တန်ဖြာ ဆင်းလာခဲ့မယ်"

လေပြည်သွေးကြည့်သည်။ ထိုအခါ. . .

"ဟတ်. . ဟား. . ဟား. . တန်ဖြာ၊ မင်းတို့ လူလည်ကျတယ်ဆိုတာ ငါအိပ်နေသလောက် ရှိပါတယ်ကွာ၊ မင်းက ယမုံနာလောက် မလှပေမယ့် လှတော့ လှပါတယ်. . . ငါယူနိုင်ပါတယ်ကွာ"

"ရှင်. . ရှင်. . မယုတ်မာနဲ့၊ ရှေ့ကို တစ်လှမ်းမတိုးလာနဲ့နော်"

"အချိန်က သိပ်မရှိဘူးလေ၊ မင်းအချစ်နဲ့ မတွေ့ဖူးသေးတော့ မာနိုင်သေးတာပေါ့. . . အချစ်အရသာခံ"

"တောက်. . တော်တော်. . လူယုတ်မာ၊ ယုတ်မာတာ အချစ်မဟုတ်ဘူး၊ ရှင်. . ရှေ့တိုးမလာနဲ့နော်"


www.burmeseclassic.com

www.burmeseclassic.com



ဇီးနိုးထဲမှ ပစ္စည်းများကို လက်နောက်ပြန်ဆွဲထုတ်ပြီး ရှေ့သို့ ဖြည်းဖြည်းချင်း လှမ်းလာသော လူယုတ်မာကို ပစ်ပေါက်ရင်းမှ ဖျတ်ခနဲ တစ်စုံတစ်ရာကို သတိရလိုက်သည်။

"ဟတ်. . ဟ. . . ဟား. . ပန်းနဲ့ ပေါက်တာလား တန်ဖြာ၊ မြင့်မိုရ်တောင်ကို ဆီးစေ့နဲ့ ပေါက်တာပေ့ါ။ ဟား. . ဟား. . ဟား"

"အဲ. . ."

သမီးလေး လူးလွန့်သဖြင့် ကိုသာလှမျက်လုံးက သမီးဆီ ရောက်သွားစဉ် တန်ဖြာသည် အံဆွဲဖွင့်ကာ ဒယ်ဒီပစ္စတို နှိုက်ယူ လိုက်သည်။

"ဩော်. . ဩော်. . မင်းက သေနတ်နဲ့ပေ့ါ. . . ရမလား"

ပြောပြောဆိုဆို ကိုက်နှစ်ကိုက် အကွာအဝေးသာ ရှိသော တန်ဖြာထံ လူချင်း ပူးရန် ခုန်အုပ်လိုက်စဉ် တန်ဖြာက သတိကြီးစွာ ခလုတ်ပေါ်မှ လက်ညှိုးကို ကွေးချလိုက်သည်။

"အား. ."

ရင်ဘတ်တစ်ခုလုံး သွေးများ ပွက်ခနဲ ထပြီး မိမိရှေ့သို့ ပြူးကျယ်သောမျက်လုံးအစုံဖြင့် ငိုက်ဆင်းကျလာသော ခန္ဓာကိုယ် ကြီး မပိစေရန် ကမန်းကတန်း ရှောင်လွှဲလိုက်ရသည်။

ဗုန်းခနဲ ကျပြီး တုတ်တုတ်မျှ မလှုပ်တော့သော ကိုသာလှ ၏အလောင်းကို ကြည့်ကာ တန်ဖြာ တဒင်္ဂ မှင်သက်မိသည်။

"ငါ. . ငါ. . လူသတ်မိပြီ၊ ဘုရား. . ဘုရား. . ငါ ထောင် ကျတော့မယ်၊ အို. . မဖြစ်ဘူး. . မဖြစ်ဘူး၊ ထွက်ပြေးမှ"

တန်ဖြာ သတိကြီးစွာဖြင့် ဂျင်းအိတ်ထဲ အဝတ်သုံးလေးစုံ နှင့် မှတ်ပုံတင်တစ်ခု ထိုးထည့်ပြီး ထွက်ခဲ့သည်။

သေနတ်ကိုလည်း ယူခဲ့သည်။





နောက်ဖေးလှေကားမှ ပြေးဆင်းခဲ့ပြီး သေနတ်ကို ရေတွင်း ထဲ ပစ်ချလိုက်သည်။ အသံတိတ်ကိရိယာ တပ်ဆင်ထားသော သေနတ်ဖြစ်သဖြင့် သေနတ်သံကို ပတ်ဝန်းကျင်က မကြား၊ အခြေ အနေအားလုံး ကောင်းမွန်နေသည်ကို အခွင့်ကောင်းယူကာ တန်ဖြာ သည် ရန်ကုန်မြေမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးနိုင်ခဲ့သည်။

ကံကြမ္မာကပဲ တန်ဖြာဘက်က ဖေးမထားလေရော့ သလား မသိ။ မြစ်ကြီးနားကို ရထားအဆင့်ဆင့်ဖြင့် ပါလာခဲ့ပြီး မြစ်ဆုံ၌ ဆိုက်ထားသော ပွဲချိတ်ကလေးတစ်စင်းပေါ် တက်ပြီး ပုန်းအောင်းလိုက်ပါလာခဲ့ခြင်းဖြင့် တန်ဖြာဘဝသည် လူကြီးလက်ထဲ သို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ရာဇဝတ်ဘေး ပြေးမလွတ်ဘူးဆိုသည်ကို တန်ဖြာ နား လည်ပါပြီ။

သို့သော် သာမန်လူသားပေပဲ။ ထောင်ကို ငရဲအလား ကြောက်ရွံ့သည်တော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com





(၁၉)

မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ သို့သော် ရှိုက်သံမထွက်။ ခံရခက်သောဝေဒနာ ရင်မှာ စူးနင့်နာကျင်လာသောအခါ မူးဝေအော့အန်ချင်လာသည်။ ပျို့လာသဖြင့် တန်ဖြာ လူကြီးရှေ့မှ ထထွက်ခဲ့သည်။ ဝရန်တာကို ဖက်ကာ အန်လိုက်သည်။ လေနှင့်အတူ စားထားသည်တို့ ပြန်အန်ထွက်သည်။

"ဝေါ့. ."

ကျောကို ဖိနှိပ်ပေးကာ ရေတစ်ခွက် ကမ်းပေးသော လူကြီးအပြုအမူကြောင့် တန်ဖြာမျက်လုံးမှာ ဝိုင်းစက်သွားသည်။





အံ့အားသင့်ခြင်းကြောင့် မယုံကြည်နိုင်သည့်အလား လူကြီးကို မော့ကြည့်သည်။

"ပလုတ်ကျင်းလိုက်"

လူကြီးက နှစ်သိမ့်သောအပြုံးနှင့် သူ့အား ပြုံးပြပြီး ပြောလိုက်သည်။

တန်ဖြာရင်ထဲ သိမ့်ခနဲ ကြည်နူးလှုပ်ရှားသွားသည်။ ပြုံးယောင်သန်းသွားသောမျက်လုံးများက တန်ဖြာ နှလုံးသားခံစားချက်ကို ဖော်ကောင်လုပ်မှာစိုးသဖြင့် တန်ဖြာ မျက်နှာလွှဲကာ ပလုတ်ကျင်းလိုက်သည်။

လူကြီးပြန်မထွက်သွားပါ။ သူ့အပါး၌ ရပ်နေဆဲဖြစ်သည်။

ပလုတ်ကျင်း ရေတစ်ငုံခန့် သောက်အပြီးတွင်. . .

"နေသာရဲ့လား"

"ဟုတ်ကဲ့. ."

"တန်ဖြာ. ."

"ရှင်. ."

လူကြီးအမူအရာသည် နူးညံ့သိမ်မွေ့နေပြန်သည်။ တန်ဖြာ၏မော့အကြည့်ကို ကရုဏာသက်စွာ တုံ့ပြန်ကြည့်ပြီး မျက်လုံးကို မဖယ်ရှား။

တန်ဖြာကသာ မျက်လွှာချလိုက်သည်။

ရင်ခုန်လှိုက်မောလာခြင်းကို တန်ဖြာ ရင်ဆိုင်နေရသည်။

"သတ်သင့်တယ် ထင်လို့ သတ်ခဲ့ပြီးမှ ဥပဒေအရ ရင်မဆိုင်ဘဲ ဘာလို့ ရှောင်ပြေးလာခဲ့ရတာလဲ"

"ရုတ်တရက်တော့ ထောင်ကျမှာ ကြောက်တဲ့စိတ်ကြောင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ကော"

"တန်ဖြာ အဖမ်းခံပါ့မယ်"

"ဒီလိုဆို မနက်ဖြန် ကျုပ်ကိုယ်တိုင် မြစ်ကြီးနား ရဲစခန်းကို လိုက်ပို့ပေးမယ်"

"တန်ဖြာကို လက်ထိပ်တွေနဲ့ ရန်ကုန်ကို ဖမ်းသွားမှာလား"

တန်ဖြာ တုန်လှုပ်စွာ မေးလိုက်မိသည်။

လူကြီးက မျက်နှာလွှဲကာ. . .

"ဒါတော့ တတ်နိုင်သမျှ ကြိုးပမ်းပေးပါ့မယ်၊ တန်ဖြာနဲ့ ပတ်သက်တဲ့အမှုက ဘယ်လိုအမှုဖွင့် သတ်မှတ်ထားသလဲဆိုတာ မသိရသေးဘူး"

ယခင်နဲ့ ခြားနားစွာ စိတ်ရှည်လက်ရှည် စကားပြောလာသောလူကြီးကို တန်ဖြာ ခိုးကြည့်မိသည်။ လူကြီးမျက်နှာမကောင်းချေ။ တန်ဖြာအပူတွေ လူကြီးကို ကူးစက်သွားလေပြီထင့်။

"တန်ဖြာ အောက်ဆင်းဦးမယ်"

"ဘာလုပ်မလို့လဲ"

"စမ်းချောင်းလေးတွေရယ် ပန်းလေးတွေ၊ တောအုပ်လေးတွေ ကျေးငှက်သာရကာလေးတွေအားလုံးပါပဲ၊ တန်ဖြာ ယဉ်ပါးခဲ့ဖူးတဲ့နေရာလေးတွေကို လိုက်နှုတ်ဆက်မလို့ပါ"

တန်ဖြာက စိတ်ကူးယဉ်ဆန်ဆန် ပြောလိုက်မိသည်။ အမှန်တော့ တန်ဖြာရင်ထဲ ရှုံးသွပ်မတတ် ခံစားနေရခြင်းကို တန်ဖြာ ထုတ်ဖော်မပြောတတ်။

ယမုံနာ အိမ်ထောင်မကျခင်က လွတ်လပ်ပျော်ရွှင်ခဲ့သော တန်ဖြာ၊ ဤနေရာလေးကို ရောက်ရှိပြီး သောက၊ ဒုက္ခဟူသမျှကို ယာယီမေ့ပျောက်ထားနိုင်ခဲ့သောတန်ဖြာ၊ ယခုတော့. . .





သောကမီးပင်လယ်ထဲ တစ်ဖန်မျောရဦးမည့်အတွက် တန်ဖြာ ရှုံးသွပ်မတတ် ခံစားနေရပါသည်။

လှပစွာ ကခုန်တတ်သော ပန်းကလေးများ၊ တေးသီဆိုတတ်သော စမ်းချောင်းကလေးများတောင်မှ တန်ဖြာရင်ကို ကြည်နူးမှု မဖန်တီးနိုင်တော့ချေ။

လွတ်လပ်စွာ ငိုရှိုက်လိုက်မိသည်။ လူကြီးရှေ့၌ ဟန်ဆောင်ထိန်းချုပ်ရသမျှတို့ ပွင့်ထွက်သွားရလေပြီ။

လှပမှုလေးတွေ၊ ကြင်နာမှု အစပျိုးလေးတွေ ရရှိလာကာမှ ခွဲခွာခြင်းကို ရရှိလေပြီ။ ခွဲခွာခြင်းနောက်ကွယ်၌ ထိတ်လန့်ဖွယ်ရာ အမှောင်ထုသည် တန်ဖြာကို ဆီးကြိုနေလေပြီ။

လက်ထိပ်တန်းလန်း သံတိုင်ကြားက အဝတ်ဖြူများနှင့် ထောင်သားများ။ ထို့ပြင် ခြေကျင်းဝတ်ကြီးများ တချွင်ချွင် တချွမ်ချွမ်နှင့် အလုပ်ကြမ်း လုပ်နေသော ထောင်သားများ။

"အို. ."

အနိဋ္ဌာရုံမြင်ကွင်းများက တန်ဖြာကို အတွေးအိမ်၌ ခြောက်လှန့်လျက်ရှိရာ. . .

သည်းကြွေမတတ် ငိုကြွေးရင်းမှ ရုတ်ခြည်း သတိရလိုက်သည်။ ရှုံးမတတ် ခံစားရသော လောလောဆယ် ဝေဒနာ၊ နောင်ခံစားရမည့် အကျဉ်းစံ ဂေဒနာတို့ကို ကြောက်လန့်မှုက ကြီးစိုးကာ ခြောက်လှန့်နေသဖြင့် တန်ဖြာ စမ်းချောင်းထဲ ဆင်းချလိုက်သည်။ ရေစီးသန်သကဲ့သို့ ရေညှိတက်နေသော ကျောက်တုံးများကို နင်းကာ ရေနက်ပိုင်းရှိရာသို့ ဝိညာဉ်မဲ့လူသားပမာ လျှောက်လှမ်းနေမိသည်။

"ဟော့. . မိန်းမ. ."

နောက်ပါးမှ ကပ်လျက်ပေါ်လာသော လူကြီးအသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖြာ ပို၍ထိတ်လန့်သွားသည်။ ရှေ့သို့ အားသွန်ပြေးခဲ့သည်။ ခါးလယ်ရောက်နေသော ရေစီး၏တိုးဝှေ့မှုကို ယိုင်လဲမသွားစေရန် ကြိုးပမ်းရင်း ရေနက်ဆီသို့ ပြေးခဲ့သည်။

"တောက်. . . ရပ်စမ်း"

လူကြီး၏ဒေါသတကြီးအသံနှင့်အတူ ညာလက်မောင်း တင်းခနဲ ဖြစ်သွားသည်။ ဟန်ချက်မညီညာမှုကြောင့် ယိုင်လဲသွားကျ သည်။ ရုန်းထွက်ရန် ကြိုးစားရင်း ရေထဲ နှစ်ဦးစလုံး လဲကျသွား သည်။

ရေမကူးတတ်သော တန်ဖြာမှာ ရေမွန်းသည်။ သို့သော် ပိုနက်ရာသို့သာ ရုန်း၍တိုးနေမိသည်။

"တန်ဖြာ. . . မင်းနော်"

လူကြီးက သူ့ကို ဆွဲယူ၍ ရေတိမ်ရာသို့ ဆွဲသည်။ တန်ဖြာ အားကုန်ရုန်းသည်။

"တောက်. . . သည်မိန်းမ"

"ဖြန်း. ."

ဘယ်ဘက်ပါးပြင် ပူခနဲဖြစ်သွားပြီး ကြယ်စုံလပေါင်း ဝန်းရံလျက် တန်ဖြာ လေဟာနယ်သို့ လွင့်ပါသွားလေသည်။ (စိတ်လျှော့ချလိုက်သည်နှင့်)







(၂၀)

တန်ဖြာကို ကလေးတစ်ဦးလို ပွေ့ချီလျက် စမ်းချောင်းထဲမှ ကုန်းပေါ် သို့ တက်ခဲ့သည်။

နူးထွေးညှံ့သက်နေသောပါးပြင်ကို မညှာမတာ ရိုက်ချ လိုက်သည်နှင့် သတိလစ်သွားရှာသည်။ ဤမိန်းမ ဖယောင်းပမာ ပျော့ပျောင်းနူးညံ့လွန်းသည်ကို သူသိပါသည်။ မရိုက်ရက်ပါ။ သို့သော် ကိုယ့်ကို ရေနှစ်သတ်ရန် ကြံစည်နေသူ တန်ဖြာကို ယခုလို မှ အကြမ်းမကိုင်လျှင် မရတော့သဖြင့် သူ ရိုက်လိုက်မိလေပြီ။

လင့်စင်ရှိရာသို့ တောက်လျှောက်ချီလာရင်း လော[illegible]ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေတ္တအဆက်အသွယ် ပြတ်နေရှာသော သူမကိုသာ ငေးကြည့်နေမိသည်။

အလှနှင့် မတန်အောင် ကြမ္မာဆိုး၏နှိပ်စက်ညှဥ်းပန်းမှုကို ခံနေရရှာသော သူမကို သနားကြင်နာခြင်းကြီးစွာဖြစ်မိသည်။

တစ်ဆက်တည်း သူမနှင့် ခွဲရမည့်အရေးအတွက်လည်း ရင်ထဲ၌ လစ်ဟာခံစားလာရသည်။ သူမကို ထောင်ထဲ မပို့ရက်ပါ။ သို့သော် တောထဲ၌လည်း မထားရက်။

လင့်စင်ပေါ် တက်ရန် သူမကို ပခုံး၌ ပြောင်းထမ်းလိုက်သည်။ သူမ၏နူးညံ့သောအသားအရည်သည် သူ့ရင်ကို လှုပ်ရှားရိုက်ခတ်မှု မဖြစ်စေပါ။ ကရုဏာမှိုင်းကြသော တစိမ့်စိမ့် ရွာသွန်းလျက်ရှိသည်။

လင့်စင်ပေါ် အရောက် တန်ဖြာကို မီးဖိုဘေးက ဖျာပေါ် ချထားလိုက်သည်။ အဝတ်စိုများကို ချွတ်၍လဲပေးရလောက်အောင် သူ သမာဓိ မခိုင်ပါ။

ဆံပင်များကိုတော့ ခြောက်အောင်သုတ်ပေးမိလိုက်သည်။ ထိုစဉ်မှာပင် သူမ ပြန်လည်သတိရလာသည်။ တစ်ဆက်တည်း မျက်ရည်များက တလိမ့်လိမ့် စီးဆင်းလာခြင်းကြောင့် သူမ၏ခံစားနေရသော ဝေဒနာရပ်ကို သူ နားလည်သဘောပေါက်မိသည်။

"ငိုမနေနဲ့ . . . ငိုနေလို့ အနာဂတ် လှသွားမှာ မဟုတ်ဘူးထ . . . အဝတ်စို လဲလိုက်ဦး"

ပြောပြောဆိုဆို ဆွဲထူထလိုက်သည်။ အရုပ်ကြိုးပြတ်ပါလာသောတန်ဖြာသည် မထိန်းနိုင်ဘဲ သူ့ရင်ခွင်ထဲ ယိုင်လဲသွားသည်။ သူ့ရင်၌ နွေးခနဲဖြစ်သွားပြီး ကတုန်ကယင် ခံစားလိုက်ရသည်။





ရင်ခွင်တွင်း နွေးထွေးစိုစွတ်မှုနှင့်အတူ တသိမ့်သိမ့် တုန်သော ခန္ဓာကိုယ်လေးကြောင့် သူမကို တွန်းဖယ်ပစ်ရန် ရည်စူးထားသောလက်တို့သည် ဘေး၌ တန်းလန်းချထားလိုက်သည်။

"ငိုမနေနဲ့ . . . မယ် . . . အအေးမိသွားမယ်၊ အဝတ်လဲလိုက်ဦး"

ထိုစကားပြောပြီး သူမကို ရင်ခွင်မှ ညင်သာစွာ ခွာထုတ်လိုက်သည်။ ယခင်စိတ်နှင့်သာဆိုလျှင် သူမကို အော်ငေါက်ခဲ့ထုတ်ရိုက်နှက်မိလိမ့်မည်။ ယခုတော့ ကြမ်းတမ်းသောခရီးကြမ်းကို လျှောက်လှမ်းခဲ့ရရှာသော သူမကို ကရုဏာစိတ်ဖြင့် အပြစ်မဆိုရက်တော့ပါ။

လောကကြီး၌ သနားစရာမိန်းမများလည်း ရှိတတ်ပါလားဟု သူ သဘောပေါက်တတ်သည်။ မြွေပွေးလို မိန်းမသားများလည်း ရှိတတ်သကဲ့သို့ သိုးအုပ်ငယ်လို အပြစ်ကင်းစင်သော မိန်းမသားများလည်း ရှိတတ်ပါသေးသည်။ တန်ဖြာသည် သိုးငယ်လေးပါ။ သိုးငယ်လေးအပေါ် သူ မရက်စက်ချင်ပါ။

"တန်ဖြာ . ."

"ရှင် . ."

"မင်း တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူတစ်ယောက် မဟုတ်လား"

သူမ၏ကျောင်းသားကတ်၌ ဓာတုဗေဒ နောက်ဆုံးနှစ် ကျောင်းသူဖြစ်ကြောင်း ပါရှိသဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ခေါင်းညိတ်ရုံညိတ်ပြီး သူ့ရင်ခွင်မှ အသာတကြည် ခွာထွက်လိုက်သည်။ စီးကျနေသောမျက်ရည်များကို သူမဘာသာသူမ သုတ်ရှာသည်။

ယောင်ကိုင်းနေသော ဘယ်ဘက်ပါးပြင်ကို ထိမိစဉ် သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ အတန်ငယ် ရှုံ့သွားသည်။

"ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ ဘယ်လောက် အပြစ်ကြီးလဲ မင်းသိလား"

တန်ဖြာ ငြိမ်သက်နေသည်။ ခေါင်းညိတ်ခေါင်းခါခြင်းအမူ ကိုပင် သူမမှာ ပြုနိုင်သောအင်အား ရှိဟန်မတူပါ။

"ဗုဒ္ဓဘာသာတရားတော်မှာတော့ အပြစ်ကြီးတယ်၊ အဖန် ငါးရာ ငါးကမ္ဘာအထိ အထုံပါသွား ဝဋ်ဆင်းရဲ ခံနေရလိမ့်မယ်"

"ဒါဖြင့် တန်ဖြာ သူ့အသက် သတ်ခဲ့တာရော"

"သေစေလိုတဲ့ရည်ရွယ်ချက်မှ မရှိဘဲ ကိုယ့်အရှက် ကိုယ့် ဘဝကို ကာကွယ်စောင့်ရှောက်ရင်း ဖြစ်သွားတဲ့ကိစ္စပဲ၊ သံသရာဝဋ် ဆင်းရဲမှာ ကျင်လည်စရာအကြောင်း မရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် ပညာတတ်မိန်းမတစ်ဦးဖြစ်တဲ့ မင်းဟာ ဥပဒေဘောင်အတွင်းက နေ ရဲရဲရင့်ရင့် ရင်ဆိုင်ဖို့ လိုတယ်လို့ ကျုပ်ထင်တယ်၊ ယူဆတယ်၊ ကိုင်း. . . အဝတ်လဲလိုက်ဦး၊ အအေးမိသွားမယ်"

"တန်ဖြာ မသိလို့ တစ်ခုမေးမယ်နော်၊ လူကြီး စိတ်မဆိုးနဲ့ နော်"

မျက်ရည်များ ခန်းခြောက်ပြီး သောကရိပ် အနည်းငယ် ကင်းစင်သွားပုံရသော တန်ဖြာမျက်နှာကြောင့် သူ စိတ်အတန်ငယ် ကြည်လင်သွားသည်။

"မေး. ."

"သူတစ်ပါးအသက်တွေကို ကြိုတင်ကြံရွယ်ချက်နဲ့ လိုက်လံ သတ်ဖြတ်နေတဲ့ မုဆိုးတွေကကော ဝဋ်မလည်ဘူးလား ငရဲမကျဘူး လား"

"ဘာ. ."





သူ တုန်လှုပ်သွားသည်။ ရုတ်ချည်း ဒေါသတကြီး ဖြစ်သွား ကာ သူမ လက်မောင်းနှစ်ဖက်ကို အားနှင့် ဆုပ်ကိုင်ခါယမ်းလိုက် ရင်း. . .

"မင်း ကျုပ်ကို ဆရာလုပ်တာလား"

"မဟုတ်ပါဘူး. . . တန်ဖြာ မသိလို့ မေးတာပါ၊ ခွင့်လွှတ် ပါ. . . မေးမိတာ ခွင့်လွှတ်ပါ၊ လူကြီးစိတ်ဆိုးမယ် မထင်လို့ မေးမိ တာပါ. . . ခွင့်လွှတ်ပါ"

မျက်ရည်ကြည်လက်လက်နှင့် တောင်းပန်တိုးလျှိုးလာ သော သူမကို ကြည့်ရင်း ဒေါသ ချက်ချင်းပင် ပြေပျောက်သွား သည်။ သို့သော် တုန်လှုပ်မှုက ကျန်ရစ်ခဲ့သည်။ နှလုံးသားကို ထိမိ သွားသည့်စကားလုံးများပင်။ တန်ဖြာက သူမေ့လျော့နေသော အကြောင်းတရားများကို မီးမောင်းထိုးပြလိုက်သည်။

သူ့လုပ်ငန်းနှင့် ပတ်သက်၍ တုန်လှုပ်ခြင်းကို ပထမဦးဆုံး အကြိမ် ဖြစ်ပေါ်ခြင်းဖြစ်သည်။ အားအင်မဲ့သလို ခံစားလိုက်ရပြီး တန်ဖြာလက်မောင်းကို ဆုပ်ကိုင်ထားမိသောလက်တို့ ပြုတ်ကျသွား သည်။

"တန်ဖြာ တောင်းပန်ပါတယ်နော်. . . ခွင့်လွှတ်ပါ"

ထပ်ဆင့် တိုးလျှိုးတောင်းပန်ရှာသော တန်ဖြာကို သူ ခွင့်လွှတ်ပါသည်။ ကျေးဇူးတောင် တင်သွားသေးသည်။ သူမေ့လျော့ နေသောအချက်ကို တန်ဖြာက ထောက်ပြသွားခဲ့သည်ပဲ။ သူ သက်ပြင်းချလိုက်သည်။

"ကိုင်း. . . အဝတ်လဲတော့"

"ဟုတ်ကဲ့. . ဩော်. ."

တန်ဖြာက လှည့်သွားဟန် ပြင်ပြီးမှ တစ်စုံတစ်ရာ ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



ချင့်ချိန်လိုက်သည်။ တစ်ဆက်တည်း ပြောလိုက်ပါက သူကြိုက်ပါ့မလားဟု စဉ်းစားဟန်ရှိသည်။

တန်ခြာ သူ့ကို လန့်နေသည် ထင်ပါ၏။ သူကလည်း လန့်စရာကောင်းလောက်အောင် ရက်စက်ခဲ့သည်များ ရှိခဲ့သည်ကိုး။

ထို့ကြောင့်. . .

"ဆို. . ."

"တန်ခြာကိုသာ ပြောနေတယ်၊ လူကြီးကကော အခုထိ အဝတ်တွေ မလဲသေးဘူးလား"

"ဟင်. . ."

လူကြီး ဒုတိယအကြိမ် အံ့ဩတုန်လှုပ်မိသွားပြန်သည်။ ကိုယ့်အခြေအနေကို ကိုယ် ဥပေက္ခာပြုမိလောက်အောင် တန်ခြာက ကြီးစိုးလွှမ်းမိုးသွားခြင်းကို သူခံလိုက်ရလေပြီထင့်။ ဘာကြောင့်နည်း။ သံယောဇဉ်မြစ်ဖျား၏အစပေလော။

"အင်း. . . မင်းသာ အရင်လဲပါလေ"

ပြောပြောဆိုဆို ကျောခိုင်းပြီး ဝရန်တာဘက် ထွက်ခဲ့သည်။ သူမ အဝတ်အစား လွတ်လွတ်လပ်လပ် လဲပါစေတော့။

တန်ခြာအပေါ် သံယောဇဉ် မတွယ်လိုပါ။ သံယောဇဉ်ကြိုးသည် မမြင်နိုင်အောင် သေးငယ်သည်။ သို့သော် အင်မတန်ကြောက်စရာကောင်းလောက်အောင် ခိုင်မြဲလွန်းလှသည်။ ထို့ကြောင့် တန်ခြာအပေါ် သူ သံယောဇဉ် မထားလိုပါ။ သို့သော်. . .

သူ့ခြေထောက် နွေးထွေးသွားသည်။ သူ ငုံ့ကြည့်လိုက်သည်။ ဂုမ္ဗာန်. . .။

ဂုမ္ဗာန် ဆာနေရှာပြီထင့်။ လူတွေက သူ့အပွန်္နင့်သူဖြစ်၍ ဆာလောင်ခြင်းကို မေ့လျော့နေသည်။ ဂုမ္ဗာန်ကတော့ အပူကင်းသူဖြစ်၍ အချိန်တန် ဆာပေမည်။





"ဩော်. . . မင်းက ဆာနေပြီလား၊ ကျွေးမယ်. . . ခဏနေဦး"

ဂုမ္ဗာန်ကို နှစ်သိမ့်မိလိုက်သည်။ တစ်ဆက်တည်း လူကြီးပြုံးလိုက်မိသည်။

"ဩော်. . . ဒါလည်း သံယောဇဉ်ကြိုးတစ်ချောင်းပါပဲလား"


လူ့လောက သံသရာအတွင်း ကျင်လည်ကျက်စားနေရအောင် အပြုနိုင်ဆုံးအရာမှာ သံယောဇဉ်သာ ဖြစ်ချေသည်ပေ့။



www.burmeseclassic.com

www.burmeseclassic.com





(၂၁)

အိပ်ပျော်ခြင်းသည် လောကရှိနေသူတို့အတွက် မဆိုင်။ တန်ဖြာ အသာလေး ထလိုက်သည်။ သေတ္တာခြားထားသည့် လူကြီး တစ်ဖက်စီ၌ ငြိမ်သက်စွာ အိပ်ပျော်နေဟန်တူသော လူကြီးကို အသာအကဲခတ်လိုက်သည်။

အိပ်ပျော်နေခြင်းလား။ အိပ်ချင်ဟန်ဆောင်နေခြင်းလား ကိုတော့ တန်ဖြာ ခွဲခြားမသိနိုင်ပြီ။

လူကြီးကို မမှုတော့။ အိပ်ယာထဲမှ အသာခွာထွက်ခဲ့သည်။ တောပန်းရနံ့တို့က လေပြည်ဆောင်ယူလာတိုင်း သင်းပျံ့နေသည်။





သဘာဝအလှတို့ကို ထားရစ်ခဲ့ရတော့မည်။ ဝရန်တာ၌ ခြေဆင်းထိုင်ရင်း အုပ်မိုးထားသော သစ်ပင်ရိပ်ကြားက ချောင်း ကြည့်နေသော လရောင်ရိပ်ကို မကြည့်မမွေ့နိုင်ပြီ။

တစ်ဆက်တည်း ပကာသန လုံးဝမရှိဘဲ လုံခြုံအေးချမ်း နွေးထွေးစွာ စားသောက်နေထိုင်ခဲ့ရသော ဤလူကြီး၏ကွန်းခိုရာမှ ထွက်ခွာသွားဖို့အရေး ရတက်မအေးအောင်ဖြစ်နေရသည်။

မှီထိုင်နေသောနံရံနှင့်အတူ လင့်စင်ကလေး အနည်းငယ် လှုပ်ရှားမှု ရှိသွားသဖြင့် လူကြီးထလာပြီဟု သိလိုက်သည်။ မုဆိုးပေ မယ့် ချွတ်ခနဲ အသံကြားသည်နှင့် မျက်စိဖွင့် နားစွင့်ပြီး အသင့် အနေအထား ရှိတတ်သည်ပဲ။

"ညဉ့်နက်ပြီ. . . မအိပ်သေးဘူးလား"

"အိပ်လို့မရသေးလို့ပါ"

"ရှေ့လျှောက် ရင်ဆိုင်ရမယ့်ပြဿနာတွေ ရှိတယ်မဟုတ် လား၊ ကျန်းမာရေး ဂရုစိုက်မှာပေါ့"

"ဟုတ်ကဲ့. ."

သို့သော် ထိုင်နေရာမှ မရွေ့လျားမိသေး၊ သက်ပြင်းချသံ နှင့်အတူ တန်ဖြာအပါး၌ လာထိုင်သည်။ တန်ဖြာက မေ့လျော့ ဆင်းထိုင်နေမိသောခြေထောက်ကို ရုတ်သိမ်းကာ ကျုံ့ကျုံ့လေး ပြင်ထိုင်ရင်း လူကြီးကို ငေးကြည့်လိုက်မိသည်။

"မစ္စတာဟတ်"

"အဟင်း. . . ဟင်း၊ ကျုပ် အဲဒီအချက်ကိုတော့ သိပ် သဘောကျတယ်"

"ရှင်. ."

ခံစားနေရသော သောကဝေဒနာအစုစုတို့ လွင့်ပါး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားလေပြီ။ အုံ့ဆိုင်းခြင်းနှင့်အတူ ရင်ခုန်ခြင်းဝေဒနာ ဖြစ်ပွားလာပြန်သည်။ နှစ်လိုဖွယ်စကားတို့ကို လူကြီးဆိုတော့မည်လေပြီ။ ထိုအခါကျမှ လူကြီးနှင့် ခွဲခွာရမည့်အရေးအတွက် တမ်းတလွမ်းမောမှုကို မခွဲခြားနိုင်သည်အထိ ခံစားနေရကြောင်း လူကြီးကမှတော့ သိမည်မထင်။

"မင်းဟာ သာမန်မိန်းမနဲ့ မတူတာ အမှန်ပဲ"

ချီးကျူးစကားပြောတော့ တန်ခြာ ရင်ခုန်ဝမ်းသာရမည်လော။

"ဟုတ်တယ်... မင်းဟာ ရုပ်ကောင်းတယ်၊ သတ္တိလည်း ကောင်းတယ်၊ ပြီးတော့ ခိုင်မာတဲ့စိတ်ဓါတ်ရှိတယ်"

တန်ခြာမျက်နှာ နီသွေးဆင်သွားသည်။ လရောင်၏ ကြိုကြားအရိပ်အောက်သာ မဟုတ်ပါလျှင် တန်ခြာမျက်နှာ ဘယ်နားဝှက်ထားရမည်နည်း။ တန်ခြာတစ်ယောက် ဝှက်ထားချင်သော နေရာရှိပါသည်။ သို့သော် ထိုနေရာသည် မတော်ပါ။ အဘယ်ကြောင့်ဆိုသော် လူကြီး၏ရင်ခွင် ဖြစ်နေခြင်းကြောင့်ပင်။

"ဘာကြောင့် ကျုပ်ပြောတာလဲဆိုရင် မင်းကျုပ်သေတ္တာကို လုံးဝဖွင့်မကြည့်ဘူးဆိုတာ သိနေလို့ပဲ"

"ဘာကြောင့် ပြောနိုင်သလဲ"

"ကျုပ်သေတ္တာကို ကျုပ် အမှတ်တမဲ့ထားသလိုပြုပြီး မင်းကို စမ်းချင်လို့ သော့မခတ်ဘဲ ထားခဲ့တာပဲ၊ မင်းလုံးဝမဖွင့်ဘူးဆိုတာ ကျုပ်သိနေတယ်"

"ကာယကံရှင်ရဲ့ ခွင့်ပြုချက်မရတဲ့ အပြုအမူဟာ လူမှုရေးစည်းကမ်းဖောက်ဖျက်ရာကျမှာပေါ့၊ အမှန်တော့ တန်ခြာ ဖွင့်ကြည့်ချင်ပါတယ်၊ သိလည်း အရမ်းသိချင်တယ်၊ ဒါပေမယ့်..."





တန်ခြာ စကားမဆက်မိတော့။ ထိုအခါ လူကြီးက လှုပ်လှုပ်ရှားရှားဖြင့်

"ဒါပေမယ့် ဘာဖြစ်သလဲ၊ ဟင်း... ဘာဖြစ်သလဲ ပြောစမ်း"

"ကိုလေး... လူကြီး စိတ်ဆိုးမှာ ကြောက်လို့"

"အဟင်း... ဟင်း... ဟုတ်တယ်၊ အဲ့ဒီတုန်းကသာ မင်း ကျုပ်သေတ္တာကို ဖွင့်ခဲ့ရင် မင်းကို အထင်သေးပြီး စိတ်ဆိုးသွားမှာ အမှန်ပဲ၊ ဒါပေမယ့် မင်းမဖွင့်ခဲ့ဘူး၊ သာမန်မိန်းမတွေရဲ့ စပ်စုတတ်တဲ့စိတ်မျိုးကို မင်းထိန်းချုပ်နိုင်စွမ်းရှိလို့ မင်းကို ကျုပ် ဆက်,လက်ခံထားခဲ့တာပဲ"

ထင်တော့ ထင်ပါသည်။ လူကြီးသည် သာမန်ဓါတ်မျော် မဟုတ်ဘူးဟူ၍။

"တကယ်လို့ တန်ခြာ ဖွင့်ခဲ့ရင် နှင်ထုတ်ပစ်မှာပေါ့"

"ဒါပေါ့"

"တော်ပါသေးရဲ့"

တန်ခြာက ကလေးသဖွယ် ပြောလိုက်မိသည်။ ထိုအခါ လူကြီးက ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

"အဟင်း... ဟင်း... ဒါပေမယ့် အခုလည်း မင်းကို ကျုပ် နှင်နေပြီ၊ မင်းကိုမှ ဆက်လက် လက်မခံနိုင်တော့ဘူး၊ ဘာထူးသေးသလဲ၊ မင်း ကျုပ်ကို မစိတ်ဆိုးဘူးလား... စိတ်မနာဘူးလား"

"စိတ်ဆိုးရမယ်... စိတ်နာရမယ် ဟုတ်လား"

"ဟုတ်တယ်... မင်းကို ကျုပ် ရေထဲပစ်ချဖူးတယ်၊ ရိုက်ခဲ့ဖူးတယ်၊ နှင်ထုတ်ခဲ့ဖူးတယ်၊ အခု ထောင်ထဲ ပို့တော့မယ်၊ ဒါတွေ မင်းစိတ်နာသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအပြုအမူအားလုံးဟာ တန်ဖြာဘဝကို ပျက်စီးသွားစေတာမှ မဟုတ်ဘဲ၊ စိတ်နာစရာကိစ္စမှ မဟုတ်တာ"

"ဟာကွာ. . . မင်း"

"အို. ."

အမှတ်မထင်သောဖြစ်ရပ်ကလေးပါ။ တန်ဖြာရှေ့ လူကြီး ဒူးထောက်လျက် ရှိသွားပြီး တန်ဖြာပခုံးကို ဆွဲပွေ့လိုက်သည်။ ထူပူ မှင်သက် ရှက်အားပိုသွားမိသဖြင့် 'အို' ဟူသော အာမေဋိတ်ပင် ထွက်သွားသည်။

"သဘောထားကြီးလှချည်လားကွာ. . . ကျုပ်ဘဝထဲ မင်း ဘာလို့များ အစောကြီး မရောက်ခဲ့တာလဲ တန်ဖြာ၊ ဟင်. . . ပြောစမ်း၊ မင်း ဘာလို့ အစောကြီး မရောက်ခဲ့တာလဲ"

"ဟို. . ဟို. . တန်ဖြာမပြောတတ်. ."

"မင်းပြောတတ်ပါတယ်. . . ပြောစမ်းပါ၊ မင်း ကျုပ်ကို စကားတွေ ပြောစမ်းပါ"

မချင့်မရဲ တန်ဖြာပခုံးကို ဆွဲခါယမ်းလိုက်သော လူကြီး၏ အပြုအမူက ကြမ်းတမ်းပါသည်။ သို့သော် တန်ဖြာ နာကျင်သည်ဟု မပြောရက်ပါ။ ကြည်ဖြူသောစိတ်က ဖြစ်ပေါ်လျက်ရှိသည်။ ဤသည် အချစ်ကြောင့်ပေလော။

"တန်ဖြာ. ."

"ရှင်. ."

"ကိစ္စအားလုံးပြီးရင် ကျုပ်ဆီ ပြန်လာခဲ့ပါလား"

လူကြမ်းကြီး၏အပြုအမူသည် ဤမျှ နူးညံ့သိမ်မွေ့လိမ့်မည်ဟု တန်ဖြာ မထင်မှတ်ခဲ့ပါ။

"ပြောလေ"





"ဘာပြောရမှာလဲ"

"ကျုပ်ဆီ ပြန်လာဖို့. . . မလာဖို့"

ကြမ်းတမ်းစွာ ဆုပ်ထားသောလက်သည် ဖွဖွကလေး အသွင်ပြောင်းသွားပြီး မျှော်လင့်ချက်ကြီးစွာဖြင့် တန်ဖြာအား ကြည့်နေသည်။

ဝိုးတဝါးလရောင်၏အောက်၌ ချစ်သူရှာရမည်လား၊ လရောင်သည် လှည့်စားတတ်သော သဘောရှိသည်။ လရောင် အောက်၌ တန်ဖြာအဖြေမပေးချင်ပါ။ လရောင်၏ဆွဲဆောင်မှုဖြင့် အရာရာသည် ကြည်မွေ့လှပနေခြင်းသည် စစ်မှန်သောအချစ်မှ ဟုတ်ပါ့မည်လား။

"ဟော့. . . ပြောလေ"

"တန်ဖြာ မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ",

"အနာဂတ်က ဘယ်လိုအခြေအနေမှန်းမှ မသိတာ"

"မင်းပြောတာတွေ အမှန်ဆိုရင်. ."

"တန်ဖြာ လိမ်မပြောတတ်ဘူး"

"ယုံပါတယ်. . . ဒါကြောင့် မင်းအတွက် အလားအလာ ကောင်းပါတယ်၊ ကျုပ်ပြောရဲတယ်၊ သက်သေခိုင်မာရင် မင်းအမှု ကွင်းလုံးကျွတ် လွတ်နိုင်တယ်"

"အပိုင်ပြောရဲလှချည်လား"

"ပြောရဲဆို ကျုပ်က ဥပဒေနဲ့ ကျောင်းနေခဲ့ဖူးတာကိုး"

အတိတ်ကို သူ့ဘာသာသူ အစဖော်လာခြင်းအတွက် တန်ဖြာ ဝမ်းသာသွားသည်၊ သို့သော် တိတိကျကျ မဟုတ်၍. . .

"လူကြီးအကြောင်း တန်ဖြာ သိခွင့်မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လား"

စူးစူးစိုက်စိုက် ကြည့်ရင်း မေးလိုက်သောကြောင့် တန်ဖြာ မျက်နှာအထားရ ခက်သွားသည်။ လရောင် မှလင်းတဲ့လှည့် လင်းတဲ့လှည့်လေးကိုမြင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။ တန်ဖြာ ရှက်စိတ်ဖြင့် လက်ဖျားခြေဖျားတို့ အေးစက်နေသည်။

"သိချင်တာပေါ့"

နွဲ့သလိုလိုများ ဖြစ်နေသလား။ ရုတ်တရက် ပြောင်းလဲလာသော အခြေအနေကြောင့် တန်ဖြာ အခြေအနေအရပ်ရပ်ကို မေ့လျော့ကာ ရင်ခုန်လိုက်မောခြင်းဖြင့် ရှက်သွေးမွှန် လျှက်ရှိချေပြီ။

"ဘာဖြစ်လို့ သိချင်တာလဲ"

"အဲဒါတော့ တန်ဖြာမပြောတတ်တော့ဘူး"

"မပြောတတ်ရင် မသိချင်နဲ့တော့"

"ဟင်. ."

"ဟုတ်တယ်လေ ဒီအချိန်မှာ ဘာမှမထူးဘူး မနက်ဖြန် မင်းနဲ့ကျုပ် ခွဲခွာရမှာပဲ"

"တန်ဖြာကို လိုက်ပို့ပေးမယ်ဆို"

"ဟုတ်ပါတယ် . . ပို့ပေးမှာပါ။ စိတ်ချရတဲ့အနေအထားမျိုး ရောက်တဲ့အထိ ကျုပ်စောင့်ရှောက်ပေးပါ့မယ်၊ အဲဒါ ဘာဖြစ်လို့လဲ မင်းသိလား"

"ဟင့်အင်း. ."

"မင်းကို သိပ်ယောင်ဖြစ်မိလို့"

တန်ဖြာရင်ထဲ နွေးခနဲ ခံစားလိုက်ရသည်။ အေးချမ်းလိုက်သည့်စကားလေး။ လရောင်နည်းတူ အေးမြပါပေသည်။

"ပြီးတော့ မင်းမရှိရင် ကျုပ်ဘဝကြီး ပြည့်စုံမယ် မထင်





တော့ဘူး"

"ရှင်. ."

တောတွင်းသား လူကြမ်းမုဆိုးကြီး၏နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားများမှ ဟုတ်ပါလေစ။ တန်ဖြာ အိပ်မက်မက်နေခြင်းလား။ လရောင်၏လှည့်ဖြားမှုကို ခံနေရခြင်းလား။ တန်ဖြာ ရူးသွပ်ချင်လာပြီ။

"ဒါဖြင့်လည်း တန်ဖြာကို ဘယ်သူမှ မသိနိုင်တဲ့တစ်နေရာခေါ်သွားပါတော့လား၊ ဘာဖြစ်လို့ တောင်ထဲ ပို့ချင်ရတာလဲ"

"တန်ဖြာ မင်းဟာ နိုင်ငံရဲ့သား၊ မြန်မာနိုင်ငံသား မဟုတ်လား၊ အေး. . . နိုင်ငံသားဆိုတာ နိုင်ငံရဲ့ချမှတ်ထားတဲ့ စနစ်အောက်က ဥပဒေအတွင်းမှာ နေထိုင်ကျင့်ကြံရမယ်ကွ၊ ဥပဒေမဲ့ ဘောင်မဲ့ စကားတွေ မပြောနဲ့၊ ကျုပ်ဟာ တောထဲမှာ လာနေတယ်၊ ပိုင်စင်ရှာသွေနှုတ်ကို ကိုင်ဆောင်တယ်၊ အမဲလိုက်ခွင့်ရှိတဲ့တောမှာ အမဲလိုက်တယ်၊ ကျုပ်ဟာ ဥပဒေဘောင်က ထွက်နေတဲ့လူ မဟုတ်ဘူး၊ လူတွေနဲ့ အဆက်အဆံ မလုပ်ချင်လို့ အေးအေးချမ်းချမ်း လာနေတဲ့သူ၊ မင်းက ဥပဒေဘောင်က ထွက်ပြေးလာတဲ့သူအဖြစ် ငါလက်မခံနိုင်ဘူး၊ နိုင်ငံတော်က ချမှတ်တဲ့အပြစ်ဒဏ်ကို ခံယူပြီးမှ ကျုပ်ဆီ လာပါ၊ ကျုပ် အချိန်မရွေး လက်ခံမယ်၊ နားလည်ရဲ့လား၊ ဟော့ . . ငိုနေပြန်ပြီလား၊ ငါ့ ဖမ်းနည်းစရာ မဟုတ်ဘူး၊ ကျုပ် အမှန်အတိုင်း ပြောတာ"

လူကြီးတစ်စိတ်ရှည်လက်ရှည် စကားဆိုရင်း ကြေကွဲမှုဖြင့် မျက်ရည်သွင်သွင်စီးလာသော တန်ဖြာကို ဖက်ကာ နှစ်သိမ့်စကားဆိုရန် ကြိုးစားသည်။

မွှန်းမွှေးသောရင်ခွင်၌ ဖက်ဖဲရင်း နေချင်သော်ငြားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖြာ ရှုးသွပ်ချင်လာပြီ။

"တိတ် . . တိတ်၊ ဒါ ငိုစရာမဟုတ်ဘူး၊ ကျုပ် မင်းအမှုကို တတ်နိုင်သမျှ လိုက်လုပ်ပေးမယ်၊ မင်းဖခင်ကြီးကလည်း မင်းကို ပစ်မထားဘူး၊ ကဲ . . . အိပ်တော့နော်၊ မနက်ဖြန် ခရီးထွက်ရအောင်"

"မအိပ်တော့ဘူး"

တန်ဖြာ သူ့ရင်မှ အသာရုန်းထွက်ရင်း ပြောလိုက်သည်။ လူကြီးစကားကို နားလည်ပါသည်။ သို့သော် သူနှင့်ချင်သည်။ အချစ်တစ်ခွန်းမှ မပါဘဲ ရင်ဖွင့်သွားသည်။ ဤသည်ကိုလည်း မကျေနပ်ချင်။

လူကြီး၏အပြုံးကို လှစ်ခနဲ တွေ့လိုက်ရသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများကြားမှ ညီညာဖြူဖွေးသော သွားစွယ်တန်းလေး၏အလှက လူကြီး၏ကျက်သရေကို အားဖြည့်ပေးထားသည်။

"ဟော့ . . . ဟော့၊ အိပ်မယ်လို့ ပြောနေတယ်"

"တန်ဖြာမှ မအိပ်ချင်သေးတာ"

ရင်ခုန်လှိုက်မောခြင်းဖြင့် တန်ဖြာ တုန်ယင်စွာ စကားဆိုလိုက်သည်။

"ထကွာ . . . တော်ကြာမှ ကျုပ်ကို အဆိုးမဆိုနဲ့နော်၊ ကျုပ်က စိတ်ရှည်တာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ . . . လူကြီးဘာသာ အိပ်ပါလား"

"ဆိုင်တာမဆိုင်တာ နားမလည်ဘူး၊ မင်းဖျားနာတော့ ကျုပ်ပဲ ဗျာများရဦးမှာ၊ ကဲ . . . ကြာတယ် . . . လာ"

ပြောပြောဆိုဆို တန်ဖြာကို ဆတ်ခနဲ ဆွဲယူပွေ့ချီလိုက်





သည်။

"အို . ."

ရှက်ရွံ့ကြောက်လန့်ခြင်းနှင့်အတူ တန်ဖြာ မျက်လုံးအစုံမှိတ်လိုက်သည်။

"ခေါင်းမမာနဲ့ . . . ခေါင်းမာရင် ကိုယ်ပဲ နစ်နာတယ်ဆိုတာ မင်း သဘောပေါက်ထားလိုက်"

"လွှတ်ပါ . ."

"လွှတ်မှာပေါ့ . . . မင်းအိပ်ယာမှ မရောက်သေးဘဲ"

တန်ဖြာ လူကြီးကို မကြည့်ရဲ။ ပြင်းထန်စွာ လှုပ်ရှားနေသော ရင်ခုန်သံကို လူကြီးကြားသွားမှာကို စိုးရွံ့နေသည်။

ကျောပြင်နှင့်အိပ်ယာ ထိတွေ့မှုကို တန်ဖြာ သိလိုက်ရစဉ် ပါးပြင်၌ နွေးခနဲ ဖြစ်သွားသည်။ လူကြီး၏နှာခေါင်း တန်ဖြာ ညာဘက်ပါးပြင်၌ နစ်မြုပ်သွားခြင်းပင်။

တဒင်္ဂလေးပဲ အနမ်းချက်ချင်းပျောက်ကွယ်သွားသည်။ သို့သော် ပါးပြင်လေးက ထူပူဆဲပင်။

"ကျုပ်ဆီ ပြန်လာမယ်လို့ ကျုပ် မျှော်လင့်နေချင်တယ် တန်ဖြာ၊ ကိုင်း . . . အိပ်တော့နော် . . . ဂွတ်နိုက်"

မေတ္တာရနံ့သင်းသော ရှင်းသန့်သည့်စကားဆိုကာ တန်ဖြာကို စောင်ကလေး ခြုံပေးပြီး သူ့နေရာဆီသို့ သူသွားအိပ်သည်။

မယုံကြည်နိုင်လောက်အောင်ပင် တန်ဖြာ ခံစားလိုက်ရသည်။ လူကြီး၏အမူအရာနှင့် မေတ္တာတရားသည် ဆန်းကြယ်လွန်းလှပါတကား။

ကြည်နူးလှိုက်မော ကြိုတင်လွမ်းဆွတ်မှုနှင့်အတူ မျက်ရည်မိုး ရွာသွန်းရင်း တန်ဖြာ အိပ်ပျော်ရန် ကြိုးစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးကား ငြိမ်သက်လျက်ရှိသည်။

အိပ်ပျော်နေသလား၊ တန်ဖြာအကြောင်းပဲ တွေးနေသလား တန်ဖြာမသိနိုင်ပြီ။







(၂၂)

“လာ. . . သွားကြရအောင်”

တန်ဖြာ ဘုရားစင်အဖြစ် ဖန်တီးထားသော ဘုရားပန်းချီကားရှေ့၌ ဦးချလိုက်သည်။ လူကြီးက စိတ်ရှည်လက်ရှည် စောင့်စားနေလိုက်သည်။

သူမ မှာသဖြင့် သူဝယ်လာပေးသော ဘုရားပုံတော်ကားချပ်ကို ခေါင်းရင်းတွင် ချိတ်ဆွဲသဖြင့် သူကလည်း ပန်းအိုးတင်ရန် စင်ကလေးတစ်ခု ဖန်တီးပေးခဲ့လိုက်သည်။ တောပန်းလေးများကို ဘုရားပန်းအဖြစ် ဖန်ခွက်ကလေးတွင် မနေ့က တင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု သူမ ထွက်သွားရတော့မည်။

လူကြီး စိတ်မကောင်းနိုင်ပါ။ တစ်လအတွင်း ဖြစ်ပေါ်လာသော သံယောဇဉ်ကား သူ့ဘဝကိုပါ တစ်စတစ်စ လွှမ်းမိုးပြောင်းလဲလာပေသည်။

သူမ ဘာတွေ ဆုတောင်းနေသနည်း။

သူ ငေးကြည့်နေမိသည်။

ပုဆစ်ဒူးတုပ်ထိုင်ပြီး လက်အစုံကို ကြာဖူးသဖွယ် ချီလျက် ဘုရားရှိခိုးနေသော မြန်မာအမျိုးသမီး၏ ကျက်သရေ အလှတန်ဆောင်ကို မီနိုင်သော အလှတရား ရှိနိုင်ပါ့မလား။

သူ့ရင်အစုံ၌ တဒင်္ဂ ချမ်းမြေ့ကြည်လင်သွားသည်။ ကြက်သီးမွေးညှင်းများ ထောင်ထအောင် ပီတိသဒ္ဒါဖြစ်မိသည်။

ပန်းပေါင်းစုံ၏ရနံ့က သင်းထုံလျက်ရှိသည်။

သြော်. . . စကားစိမ်းရနံ့များပေပဲ။

စကားစိမ်း၊ စကားဝါတို့သည် ဤတောအုပ်အတွင်း အလေ့ကျ ပေါက်နေသည်။

တန်ခြာ ဘုရားအာရုံပြုနေသော ပုံရိပ်ကို မျက်နှာလွှဲကာ ဘုရားပုံတော် ပန်းချီကားချပ်ဆီသို့ အကြည့်ရောက်သွားသည်။

"ဟင်. ."

သူဝယ်တုန်းက အမှတ်မထင် ရှိခဲ့သောပုံသည် အခု အသက်ဝင် လှုပ်ရှားနေသယောင် ပြုလိုက်မိသည်။

ပန်းပေါင်းစုံဖူးပွင့်နေသော တောအုပ်တွင် သမင်၊ ကျားဒရယ်၊ မြွေ၊ ဆင်၊ ချေငယ်၊ ဆိုင်၊ ဆတ်၊ ဥဒေါင်းနှင့် ကျေးငှက်သာရကာတို့ အေးချမ်းစွာ ကျက်စားနေပုံကို နောက်ခံပြုထားသည်။

အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားသခင်၏မေတ္တာဖြန့်ကျက်မှု





ဝယ် တိရစ္ဆာန်အချင်းချင်း ရန်ပြု အနိုင်ကျင့်ခြင်း မရှိပါဘဲ ရှိနေလေပြီ။ မေတ္တာ၏အောင်နိုင်ခြင်းပေလော။

သူ့ရင်ထဲ စိုးထိတ်ခြင်းနှင့်အတူ မျက်နှာလွှဲလိုက်သည်။

မျက်စိရှေ့ဝယ် ဝါဝါသဏ္ဌာန်လေး လှုပ်ရှားသွားသည်။

တန်ခြာသည် အဝါရောင်ပြေးသော ပါတိတ်ဝမ်းဆက်တစ်စုံကို ဝတ်ဆင်ထားသည်။

"သွားရအောင်"

တန်ခြာသည် တည်ငြိမ်စွာ စကားဆိုကာ ထလိုက်သည်။

သူ အံ့ဩသွားရသည်။ ကြေကွဲစွာ ရှိုက်ငိုမည်လား ထင်မှတ်ခဲ့သော်လည်း တန်ခြာသည် တည်ငြိမ်နေပေသည်။ သူချီးကျူးမိသည်။

"ပေး. . . အိတ်"

"နေပါစေ. . . လုံချည်တွေ ပါတယ်"

"လုံချည်တွေ ပါတော့ ဘာဖြစ်သလဲ"

"ငရဲကြီးမှာပေါ့"

"သူများအသက် သတ်နေတဲ့သူအတွက် ဒီထက်ကြီးစရာ ငရဲရှိသေးသလား"

"မဟုတ်ဘူးလေ. . . တန်ခြာ ငရဲကြီးမှာ၊ လူကြီးက ဘုန်းနိမ့်မှာ"

"ဘုန်းအနိမ့်အမြင့်ကို ဘာနဲ့ တိုင်းတာထားသလဲ"

"ဟောရှင်. . . တန်ခြာမပြောတတ်တော့ဘူး"

စိတ်ရှုပ်ထွေးသွားဟန်နှင့် တန်ခြာ ညည်းညူလိုက်သည်။ သူပြုံးလိုက်မိသည်။

"ရှေးလူကြီးတွေ ပြောခဲ့ခြင်းနဲ့ တိုင်းတာတာပေါ့၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား"

"ဟုတ်မယ်ထင်တယ်"

"ဟုတ်မယ်ထင်တယ်ဆိုတာ မရေရာတဲ့အလုပ်ပဲ၊ ပေး. . အိတ်၊ မရေရာတဲ့အတွက် မင်းလည်း ငရဲမကြီးဘူး၊ ကျုပ်လည်း ဘုန်းမနိမ့်ဘူး၊ မင်း လေးမယ်"

သူက လက်ကမ်းသည်။ သို့သော် တန်ခြာက ကမ်းမပေး။

"အစက တန်ခြာဘာသာ သယ်ခဲ့တဲ့အိတ်ပဲ. . နိုင်ပါတယ်"

"နိုင်တာ သိတယ်၊ အစ မင်းတစ်ယောက်တည်း ကျုပ်နဲ့ ဘာမှမဆိုင်သေးဘူး၊ အခု မင်းနဲ့ကျုပ် ရင်းနှီးသွားပြီ၊ ဒီတော့ မင်း အိတ်ကို ကျုပ်သယ်ပေးချင်တယ်"

သူ၏ကဗျာမဆန်သောအပြောကို တန်ခြာက နှစ်ခြိုက်သည့်အလား ပြုံးလိုက်သည်။

"ရင်းနှီးတာနဲ့ သယ်ပေးချင်ရောလား"

"ဒီလိုပဲ ယူဆတယ်လေ"

"အစကတော့ တန်ခြာကို မနိုင်တဲ့ဝန်တွေကို ခိုင်းစေခဲ့ပြီးတော့"

"အဲ့ဒီတုန်းက မင်းကိုမှ ကျုပ်လက်မခံနိုင်သေးဘဲ၊ ဒါပေမယ့် ကျုပ် အဲ့ဒီထဲကိုက အလျှော့ပေးခဲ့ပါတယ်၊ မင်းသိပ်လန့်နေမှန်း သိလို့လေ၊ မြွေတုန်းက မှတ်မှတ်ရရပါပဲ၊ မင်း လန့်ပြီး ကျုပ်ဘဝထဲက ထွက်ပြေးသွားအောင် မြွေနဲ့ ပတ်မလို့တောင် စိတ်ကူးသေးတာ"

"ရှင်. ."

တန်ခြာက ထိတ်လန့်သော မျက်လုံးအစုံဖြင့် ကြည့်သည်။ ထိုအခါ သူက ပြုံးလိုက်ပြီး. . .





"ဒါပေမယ့် ကျုပ်လုပ်ခဲ့လို့လား၊ အဲဒီထဲက မင်းကို လိုက်လျှောခဲ့မိတာ ကျုပ်ကိုယ်ကျုပ်ပဲ သိနေတယ်၊ ကဲ. . . ပေး"

တန်ခြာ ကမ်းပေးလိုက်သည်။ 'ကန်တော့နော်' ဟု အားနာစွာ ပြောရင်းမှ တစ်စုံတစ်ခုကို သတိရသည့်အလား. . .

"နေဦး. . . တန်ခြာ ကန်တော့ချင်လို့"

"မဟုတ်တာ. . . ကျုပ်လို ငါးပါးသီလ မလုံတဲ့လူမျိုးက ကန်တော့မခံထိုက်ဘူး ထင်တယ်"

"တန်ခြာအသက်သခင်ကျေးဇူးရှင်ပါ၊ တန်ခြာ ကန်တော့ပါရစေ"

"စိတ်ချမ်းသာသလို လုပ်ဗျာ၊ ကျုပ်ပါးစပ်ကတော့ ဆုမပေးတတ်ဘူးနော်"

သူ ရှက်ကိုးရှက်ကန်းဖြစ်မိသည်မှာ အမှန်ပင်ဖြစ်သည်။ လူ့လောက၏နူးညံ့သိမ်မွေ့မှုများကို သူ မခံစားခဲ့ဖူးပါချေ။

တန်ခြာ သူ့ခြေရင်း၌ ဝပ်တွားဦးခိုက်စဉ် ကတုန်ကယင်နှင့် တစ်မျိုးကြီး ခံစားလိုက်ရသည်။ ပီတိပေလား၊ ကြေကွဲမှုပေလား၊ သူ မပိုင်းခြားတတ်ပါ။

သို့သော် မျက်ရည်လည်နေသော တန်ခြာကို ညင်သာစွာ ဆွဲထူလိုက်သည်။

သံယောဇဉ်မလေး။ သူ့ဘဝကို နွယ်တစ်မျှင်လို လာရောက် ရစ်ပတ်နှောင်ဖွဲ့သွားသော သံယောဇဉ်မလေးကို ရဲလက်သူ လိုက်အပ်ရတော့မည်။ ကြေကွဲမှု ပြင်းထန်နေသော ဝေဒနာရပ်ကို ဖုံးဖိမျိုသိပ်ထားလိုက်ရသည်။

သူ. . သူမကို အရင်ဆင်းစေသည်။

"ဂူမှာန်ကော"



www.burmeseclassic.com

www.burmeseclassic.com



"သူ မလိုက်ရမှာစိုးလို့ ရှေ့က အရင်သွားနှင့်တယ်"

"သြော်. ."

ခွဲရခါနီးဖြစ်သောကြောင့် သူမ နားခိုခဲ့ရာနေရာလေးကို ရီဝေသောမျက်လုံးအစုံဖြင့် လိုက်လံကြည့်နေသည်။ သူ မတားရက်ပါ။ စိတ်ရှည်လက်ရှည် စောင့်စားနေသည်။ နေပင် သစ်ပင်ဖျားထိပ် ရောက်တော့မည်။

သူမ ထွက်သွားတော့. .

တံခါးမကြီးကို သူ ပိတ်ရန်ပြင်လိုက်စဉ်. . .

"နေပါဦး. . . ခဏ. . . ခဏ"

သူမ အတွင်းထဲ ပြန်ပြေးဝင်သွားသည်။ နောက် စင်တစ်စင်ပေါ်မှာ တင်ထားသောအရာကို သွားယူသည်။ ပလတ်စတစ်ထဲ ထည့်ထားသည်။ 'ဘာများလဲ' ဟု သူလိုက်ကြည့်သည်။

"ဘာလဲ"

"နှင်းဆီပန်းခြောက်တွေ"

"ဘာလုပ်ဖို့လဲ"

"ကြိုက်လို့ သိမ်းထားတာ"

မိန်းမသားများ၏အတွင်းသဘောကို သူနားမလည်တော့ပါချေ။ နှင်းဆီပန်းခြောက်ကို အမြတ်တနိုးထား သိမ်းဆည်းသယ်ဆောင်သွားလောက်ရအောင် ဘယ်လောက်အဖိုးတန်နေပါသနည်း။ သူ စဉ်းစား၍မရအောင်ပင် ဖြစ်နေမိသည်။ သို့သော် ဘာမှမပြောဘဲ သူမ ဂျင်းအိတ်တောင်းကာ ထည့်လိုက်မှုကို သူ ကြည့်သာစွာ ခွင့်ပြုလိုက်သည်။

"ကိစ္စအားလုံး ပြီးပြီလား"

"ပြီးပြီ"





"ပိတ်လိုက်တော့မယ်"

"ဟုတ်ကဲ့"

သူမက ပြောပြောဆိုဆို အရင်ဆင်းသွားနှင့်သည်။ မျက်ရည်မကျသော်လည်း ရင်တွင်း၌ ငိုပွဲဆင်နေသည်ဟု ယူဆမိသည်။ အဘယ့်ကြောင့်ဆိုသော် သူမမျက်လုံး မှိုင်းဝေနေသောကြောင့်ဖြစ်နေသည်။

သူ ရှေ့က သွားရမည်လား၊ နောက်က သွားရမည်လား၊ သူ ဝေခွဲ၍မရ။

ခေါ်လာတုန်းက ထမ်းခေါ်လာခဲ့သဖြင့် ပြဿနာမရှိ။ ယခု. . .

"လာ. . . ကျုပ်နောက်ကသာ လိုက်ခဲ့"

သူက ရှေ့က သွားသည်။ သူမ နောက်က လိုက်သည်။ ငွေထော်ကူးတို့ဆိပ်ကို တစ်ဖာလုံခန့် လွန်ပြီး မလိခမြစ်ကို ဆန်တက်ပြီး သူ့လင့်စင်တဲနှင့် အနီးဆုံး မြစ်ကမ်းဘေး၌ သူ့လှေကို ဆိုက်ထားသည်။ ရေစီးနှင့် မျောပါမသွားစေရန် ကမ်းပါးပေါ် တင်ခဲ့ရသည်။ ထိုနေရာသို့ ရောက်ရန် တစ်မိုင်ခန့် လျှောက်ရဦးမည်။

သူတဲချနေထိုင်ရာဒေသသည် မေခ-မလိခ မြစ်နှစ်သွယ်ကြား တြိဂံနယ်မြေဖြစ်သည်။ ရွှေတြိဂံနယ်မြေမဟုတ်၊ မြစ်နှစ်မွာကြားနယ်မြေဖြစ်သည်။ ငွေထော်ကူးတို့ဆိပ်နှင့် မြစ်ဆုံကြား ရွှေကျောင်စခန်း ရှိသည်။ နောက် ငွေထော်ကူးတို့မှ (၂၆)မိုင်အကွာ ခင်ဂျုန်စခန်းသို့ လမ်းဖောက်ထားသည်မှအပ ထင်ထင်ရှားရှားလမ်းမရှိ။

ကိုကြည်မောင်က မြစ်ဆုံရွာတွင် နေသည်။ ကျန်းမာရေးမှူးဖြစ်သည့်အပြင် ဤဒေသ သစ်တောထွက်ပစ္စည်းများကို လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူပြီး မြို့သို့ တစ်ဆင့်ပြန်ရောင်းသော ကုန်သည်လည်းဖြစ်သည်။

သူကတော့ ကိုကြည်မောင်ကို မရောင်း။ သူကိုယ်တိုင် မြစ်ကြီးနား တက်ရော**း**လေ့ရှိသည်။ မြစ်ဆုံမှာ အဆင်ပြေလျှင် မြစ်ဆုံမှာ ရောင်းချင်ရောင်းသည်။

ရောက်တတ်ရာရာ သူနှင့် ဤဒေသလုပ်ငန်းအကြောင်း တန်ဖြာကို ပြောပြမိသည်။

အခြားအကြောင်း။ အခြားအကြောင်းဆိုသည်မှာ သူ၏ အတိတ်အကြောင်းနှင့် သူ ယခုလို နေရခြင်းကို မပြောဖြစ်ခဲ့။

တန်ဖြာကလည်း မမေး။

တန်ဖြာ စကားနည်းနေသည်။

စကားတွေ သူသာ ဖောင်ဖွဲ့နေမိသည်။ တန်ဖြာ ခံစားနေရမည့် ဝေဒနာရပ်တွေ လျော့ပါးစေရေး သူကြိုးပမ်းနေကြောင်း တန်ဖြာက သိမည်မထင်။

"အမေ့. ."

"ဟင်. ."

တန်ဖြာ၏အာမေဍိတ်သံကြောင့် သူ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

ဖိနပ်ပါးနှင့်တန်ဖြာ ဖိနပ်ပြတ်ပြီး ညောင့်စူးသွားခြင်း ဖြစ်သည်။

ရှုံ့မဲ့ကာ မျက်ရည်ဝိုင်းနေခြင်းကို ထောက်၍ သူမ၏ နာကျင်မှုဝေဒနာကို သူခန့်မှန်းမိလိုက်သည်။

"ပြစမ်း. ."

"နာတယ်"





ဝါးရုံဆူးက သူမ၏ဘယ်ခြေဖဝါးကို မညှာမတာ ဖောက်ထွင်းထားသည်။ သူ မုဆိုးဒူးထောက် ထိုင်လိုက်ပြီး ခြောင့်ကို ဆွဲနုတ်လိုက်သည်။

"အား. ."

သွေးများ ဖြာထွက်သွားသည်။ ဘေးဘီသို့ သူ မျက်စိကစားလိုက်သည်။ တွေ့ပြီ၊ လောလောဆယ်တော့ ပရဆေးပင် တစ်မျိုး တွေ့လိုက်သည်။ ထိုအရွက်သည် အဆိပ်အတောက်ပြေသည်။ ကချင်အမျိုးသားကြီးတစ်ဦး ပြောဖူးသည်ကို အမှတ်ထားမိသဖြင့် သူ ခူးကာ အရွက်များကို ရေဘူးမှ ရေဖြင့် ဆေးပြီး ပွတ်ချေလိုက်သည်။ စိမ်းစိမ်းအရည်များ ထွက်ပြီးကျလာသည်နှင့် တန်ဖြာဒဏ်ရာဝထဲ အရည်ညှစ်ထည့်ပေးသည်။

"အား. . . စပ်လိုက်တာ"

တန်ဖြာ ရှုံ့မဲ့သွားသည်။

"ကျွတ်. . . ပျောက်သွားမှာ"

"စပ်တယ်"

"ကလေးလိုပဲ"

ဖြေသိမ့်မှုစကားများသည် ဘယ်လိုပေါ်ပေါက်လာမှန်း သူပင် မသိလိုက်။ သ နှုတ်ဖျားမှ ထွက်သွားတတ်သည်။

"အား. . ကျွတ်. . အရမ်းခံရခက်တယ်"

သူမခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်နေသည်။ နှုတ်ခမ်းလေး ဖြူနေသည်ကို ထောက်ရှု၍ ခံရခက်နေရှာမှန်း သူသိပါသည်။

ဒဏ်ရာဝကို ချေထားသောအရွက်များနှင့် အုံပြီးနောက် သူ့လွယ်အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ကာ ချည်နှောင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . နှမြောစရာကြီး"

တန်ဖြာ အံ့အားသင့်သွားသလို ဖြစ်ပြီး ပြောလိုက်သည်။ သူက ဂရုမစိုက်ဘဲ. . .

"ဒဏ်ရာသက်သာဖို့ထက် ဘာပစ္စည်းမှ အရေးမကြီးဘူး။ မင်း ခြေတပေါင်ကျိုး လျှောက်ရလိမ့်မယ်. . . ဖြစ်မလား"

သူက ဖေးမ ရပ်စေသည်။ ပြတ်သွားသောဖိနပ်ကို ကြည့်ပြီး သူ စိတ်မကောင်းဖြစ်ရသည်။

ဖိနပ်တစ်ရံတည်းနှင့် ရေချိုးလည်း စီးနေရခြင်းကို သူ သတိပြုကာ ထပ်ဝယ်ပေးဖို့ ကောင်းသည်။ မေ့လျော့ခဲ့ခြင်းအတွက် သူ့ကိုယ်သူ အပြစ်တင်မိသည်။

"ဖိနပ်ကို ချိတ်နဲ့ တွယ်မှထင်တယ်"

"မတွယ်နဲ့တော့. . . ပေး. . . ဖိနပ်"

"ရှင်. ."

တန်ဖြာ ခြေထောက်မှ ဖိနပ်ကော ပြတ်နေသောဖိနပ်ကိုပါ ဆွဲယူပြီး လွှင့်ပစ်လိုက်မိသည်။ ကြိမ်တောသို့ သွားချိတ်နေသည်။

"လာ. ."

"အို. ."

ခွေ့ခနဲ ပွေ့ကာ ပခုံးပေါ် ထမ်းလိုက်သည်။

"အား. . ကန်တော့. . ကန်တော့. . ငရဲကြီးတော့မှာပဲ"

"လာပြန်ပြီ ဒီငရဲ၊ ကျုပ်ကြည်ဖြူလို့ ကျုပ်ထမ်းတာ ဘာဖြစ်သလဲ၊ မင်းက နိုင်ထက်စီးနင်း ခိုင်းတာမှ မဟုတ်ဘဲ၊ နေရာတကာမှာ ငရဲ. . ငရဲနဲ့ဆိုရင် ဘာမှ လုပ်စရာတောင် ရှိတော့မှာ မဟုတ်ဘူး၊ လူ့လောကဘောင်ဟာ သိပ်ကျဉ်းမြောင်းလွန်းတယ်၊ အနှောင်အဖွဲ့တွေ သိပ်များတယ်၊ ဒါကြောင့် လူတွေကြားထဲ မနေ





ချင်တာ"

"ဒါဖြင့် တောထွက်ပြီး ရသေ့ဝတ်လိုက်ပါလား"

"အဲဒီလောက် ပါရမီ မရင့်သန်သေးလို့ပေါ့၊ ရသေ့ဝတ်ပြီးကာမှ မင်းလို မာတုကာမနဲ့ တွေ့လို့ ဈာန်လျှောရမယ့်အဖြစ်မျိုး ကျုပ်အရောက်မခံနိုင်သေးလို့ မဝတ်ခဲ့တာ၊ ဟင်း. . ဟင်း. . ကျုပ်မှန်တယ်ထင်တယ်"

"ဘာကိုလဲ. . . မှန်တယ်ဆိုတာ"

"ရသေ့မဝတ်တာလေ"

"ခု. . ဈာန်လျှောလို့လား"

တန်ဖြာအမေးကြောင့် သူပျော်ရွှင်သွားသည်။ တန်ဖြာယခုလို သောကဝေဒနာ မေ့ပျောက်နေခြင်းကိုသာ သူမြင်လိုသဖြင့် ရောက်တတ်ရာရာ တမင်ပြောဆိုနေခြင်းဖြစ်ကြောင်း တန်ဖြာက သိမည်မထင်။

"ရသေ့မဟုတ်လို့ ဈာန်လျှောတယ်လို့ သုံးလို့မရပေမယ့် လူသားဖြစ်တဲ့ ကျုပ်ခံယူချက်တွေ မင်းကြောင့် ပြောင်းကုန်တယ်"

"ပြောင်းကုန်အောင်လည်း တန်ဖြာ ဘာမှမလုပ်ရပါလား"

"မင်းက ဘာမှမလုပ်ဘူး၊ အင်း. . . ဟုတ်မှာပေါ့၊ မင်းက ကျုပ်ကို ဘာမှမဆွဲဆောင်ဘူး၊ အဲဒီမဆွဲဆောင်ခြင်း မာယာမများခြင်းကပဲ ကျုပ်ကို ကြွေအောင်ခြွေသွားတာ"

"တန်ဖြာကို ရည်းစားစကား ပြောနေတာလား"

"တောပျော်ကြီးရဲ့ရင်တွင်းစကားလို့သာ မှတ်ယူလိုက်ပါ"

တိတ်ဆိတ်ခြင်း ကြီးစိုးသွားပြန်သည်။ ခွဲခွာမှုကို တွေးမိသောအခါ သူ စိတ်မကောင်းဖြစ်မိသည်။

"လူကြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆို. ."

"တန်ဖြာကိုကော မမေးတော့ဘူးလား"

"ဘာကိုလဲ"

"တန်ဖြာက လူကြီးအပေါ် ထားတဲ့သဘောထား"

သူ့ရင်ထဲ တစ်မျိုးဖြစ်သွားသည်။

"ကျုပ်မသိချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်မျှော်လင့်နေချင်လို့"

"ဘာကို မျှော်လင့်မှာလဲ"

"မင်း ကျုပ်ဆီ ပြန်လာခြင်းကို"

တန်ဖြာ၏သက်ပြင်းချသံ သူကြားလိုက်ရသည်။

"မင်းမရှိတဲ့နောက် ကျုပ်ဘာသာကျုပ် မင်းရဲ့အရိပ်ကလေးတွေ ရှာဖွေပြီး စဉ်းစားမျှော်လင့်နေချင်တယ်၊ အဟင်း. . . လူဆိုတာ မျှော်လင့်ခြင်းနဲ့ အသက်ရှင်ကြတယ် မဟုတ်လား၊ ကျုပ်လည်း လူပဲလေ. . . သာမန်လူပဲ"

သူ လှေထားရာသို့ လှမ်းမြင်နေရသည်။

"ဝုတ်. . . ဝုတ်"

ဂုမ္ဘာန်က ပြေးလာပြီးကြိုသည်။

"ဘာဖြစ်လာတာလဲ သခင်"

ဟု မေးနေသည်ဟု သူမှတ်ယူထားသောကြောင့်. . .

"ဝါးခြောင့်စူးလို့ ဂုမ္ဘာန်၊ မင်းကမှ စောင့်ပြီးမခေါ်ဘဲ"

"သူ့သခင်နဲ့ တူတူပဲ၊ နောက်ကို လုံးဝလှည့်မကြည့်ဘဲ သွားပြီးတော့"

တန်ဖြာစကားကြောင့် သူပြုံးလိုက်မိသည်။





"သည်နားမှာ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေ၊ ကျုပ် လှေသွားချလိုက်ဦးမယ်၊ ဂုမ္ဘာန် စောင့်နေ"

တန်ဖြာကို သစ်ငုတ်တစ်ခု၌ ထိုင်နေစေပြီးမှ အိတ်များကိုပါ ဖြုတ်ချပြီး သူ၏ ကမ်းစပ်၌ တင်ထားသောလှေကို တွန်းချလိုက်သည်။ နောက် လှေဦးကို ကြိုးနှင့် ချည်ကာ သစ်ပင်ကို ကြိုးစနှင့် နှောင်ထားရပြန်သည်။ ပြီးမှ ကျောက်ဆောင်တစ်နေရာကြားတွင် ဝှက်ထားသောစက်ကို သွားယူပြီး တပ်ဆင်ရပြန်သည်။ သည်နေရာ၌ ကျောက်ဆောင်ရှိသဖြင့် စက်နှင့် သုံး၍မရသေး။ လှော်တက်ကိုသာ အားထားရသည်။ ငွေထော်ကူးတို့ဆိပ် ရောက်မှ စက်နှင့်မြစ်ဆုံရွာအထိ မောင်းနှင်သွားနိုင်သည်။

"ကိုင်း. . . လာ"

သည်တစ်ချီတွင်တော့ မထမ်းတော့ဘဲ ကလေးတစ်ဦးလိုပင် ပွေ့ချီလိုက်သည်။ ပန်းဆီရောင် ပြေးသွားသော ပါးပြင်မို့မို့က နမ်းချင်စရာကောင်းလွန်းလှသည်။ သို့သော် သူ့စိတ်ကိုသူ ထိန်းချုပ်နိုင်သည်။ မေတ္တာတရားကို ထိတွေ့နမ်းရှိုက်ခြင်း၊ သွေးသားယူခြင်းဖြင့် နှောင်ဖွဲ့မထားလိုပါ။

မေတ္တာတရား၏နက်ရှိုင်းမှုနှလုံးသားမှ နင့်နင့်သီးသီးပေါက်ဖွားလာသောမေတ္တာတရား၏ တုံ့ပြန်သက်ရောက်မှုကိုသာ ရယူလိုပါသည်။

လှေဝမ်းထဲ၌ ညင်သာစွာ ချပေးလိုက်သည်။

ရေစုန်ကို သူမျှောရပေဦးမည်။

ထို့အတူ တန်ဖြာသည်လည်း သူပြုခဲ့သောဘဝရေစုန်၌ မျှောရပေဦးမည်။

နာကျင်သောနှလုံးသားဖြင့် သူ တန်ဖြာကို အကဲခတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ငြိမ်သက်စွာဖြင့် တစ်နေရာကို ငေးစိုက်ကြည့်နေသော သူမသည် ပစ္စုပ္ပန်အနေအထားကို ကြည့်ခြင်း မဟုတ်နိုင်ဘူး သူ ထင်ပါသည်။

သူမကိုယ်စား အပြစ်ဒဏ်ကို သူ လွှဲပြောင်းယူလို့ရလျှင် ယူလိုက်ချင်ပါသည်။

သူ သက်ပြင်းငွေ့ငွေ့ ချလိုက်သည်။ သူ အိတ်များ တင်ပြီး ချိန်မှာ ဂုမ္ဘာန်က လေ့ပေါ် ခုန်တက်လိုက်သည်။


လူစကား နားလည်သည့်အလား ခုတော့ နောက်ဆုံး တက်ပါလား။ သူပြောလိုသော်လည်း တန်ဖြာ၏အတွေးအိမ်လေး ပျက်ပြယ်မှာစိုးသဖြင့် ငြိမ်သက်ပြီး ထိုးဝါးနှင့်ထိန်းပြီး မလိခမြစ်ကို စုန်ခဲ့လေသည်။

ရင်ထဲ၌ အားပေးစကား ပြောကြားနေမိသည်။

"မုန်တိုင်းနောက်က လေပြည်ညင်း ရှိပါတယ် တန်ဖြာ"







(၂၃)

မြစ်ဆုံ၏အလှတရားတို့သည် ငေးမောကြည့်ရှုလောက်အောင် သာယာရှုမော တင့်တယ်မဆုံး ရှိနေသည်မှာ မှန်သည်။

သို့သော် တန်ဖြာအတွက် သဘာဝ အလှတရားကို ခံစားနိုင်သော အသိတရား မရနိုင်တော့ချေ။

"ဩော်. . . သည်လူ လာစောင့်နေတာကိုး"

လူကြီးနှုတ်ဖျားမှ ညည်းတွားသလို အသံထွက်လာခြင်းကြောင့် တန်ဖြာ လူကြီးကို မော့ကြည့်လိုက်သည်။ တစ်ဆက်တည်း လူကြီးမျက်လုံး ဆိုက်ရောက်ရာသို့ လိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြည်မောင်"

"ဟုတ်တယ်. . . ခင်ဗျားတို့အတွက် လိုအပ်တဲ့အကူအညီ ရှိရင် ပေးရအောင် စောင့်နေတာဗျ"

"အတော်ပဲ ကိုကြည်မောင်၊ မြစ်ကြီးနား သွားမယ့် ကား တစ်စင်းရှိရင် လိုချင်တယ်ဗျာ. . . အမြန်ရှာစမ်းပါ"

"ရမယ်. . . ကျွန်တော် အခုပဲ သွားလိုက်မယ် မစ္စတာ ဟတ်၊ ဒါထက် ခင်ဗျားတို့ ဘယ်မှာ စောင့်နေမလဲ"

"ဇော်ဂန်တို့အိမ်မှာ စောင့်မယ်ဗျာ"

"အိုကေ. ."

မိန်းမသားတစ်ဦးကို ထောင်ထဲ ပို့မည့်ကိစ္စကို သူတို့ သွေးအေးစွာ ဆောင်ရွက်နိုင်ကြသည်ကို တန်ဖြာ အံ့အားသင့်ရသည်။

အနာရှိန်ကြောင့်လား မသိ။ ဖျားချင်သလိုလို ခံစားနေရသည်။ အာခေါင်များ ပူခြစ်လာသကဲ့သို့ ခြေဖျားလက်ဖျားများ အေးချင်လာသည်။

"ဆရာ သည်တစ်ခေါက်တော့ စောလှချည်လား၊ ဘာ ပစ္စည်း ပါသလဲ"

ကူးတို့ဆိပ်၌ တွေ့ရသောလူငယ်တစ်ဦးက လှမ်း၍နှုတ်ဆက်သည်။

"အတော်ပဲ ဘရမ်း၊ ငါ့ကို သည်ပစ္စည်းတွေ ခန်ဖန်တို့အိမ် ပို့ပေးစမ်းပါ၊ ငါ့မိန်းမ နေမကောင်းဖြစ်နေလို့ ငါချီခဲ့ရမယ်"

"ဘုရားရေ. . . ငါ့မိန်းမဆိုပါလား"

တန်ဖြာ ရင်တွင်း၌ တအံ့တဩ ပြောကြားလိုက်မိသည်။ ထူပူရှိန်းတိန်းတိန်းဖြစ်သွားသည်။

ဘရမ်ဆိုသူက တန်ဖြာအိတ်နှင့် လူကြီးအိတ်ကို လာယူ





သည်။ တန်ဖြာကို အကဲခတ်သောမျက်လုံး၊ လူကြီးကို အားကျသော အပြုံးနှင့် မျက်နှာက ပြီတီတီ ရှိနေသည်။

"မစ္စတာဟတ်က ဒါကြောင့် မိန်းမတွေကို အရေးမလုပ် တော့တာကိုး"

"ဘာကြောင့်လဲကွ"

"ပြိုင်ဘက်ကင်းတဲ့ အလှဘုရင် ရထားမှတော့ ကျန်တဲ့ မိန်းမတွေကို ယောင်လို့တောင် ကြည့်စရာမှ မလိုတော့ဘဲ"

"ဒါပေါ့ကွာ"

လူကြီးက လိုက်လျောညီထွေ ပြောနေသော်လည်း မျက်လုံး က ပြုံးယောင်မသန်းပါ။

"ဩော်. . . ဘရမ်"

"ဗျာ. ."

"ငါ့အတွက် ဆိုင်ကယ်တစ်စီး ရှာလာခဲ့စမ်း၊ ဓါတ်ဆီ အပြည့် ဖြည့်ခဲ့နော်"

"ဟုတ်ကဲ့ ဆရာ"

"ရော့. . . ငွေယူသွား"

နှစ်ရာတန်ငါးရွက်ကို ဘရမ်အား ထုတ်ပေးလိုက်သည်။ လူကြီး၏အပြောအဆို အပြုအမူကို တန်ဖြာ နားမလည်သဖြင့် ငေးကြည့်နေလိုက်သည်။

"ဘရမ်"

"ဗျာ. ."

"မြစ်ကြီးနားကို လိုက်ချင်တဲ့လူတွေ ကော်ဂန်တို့အိမ် သွား ကြ၊ ကိုကြည်မောင်ကို ကားရှာခိုင်းထားတယ်၊ ငါ အဲဒီကားနဲ့ လိုက် ဖြစ်တော့မှာ မဟုတ်ဘူး၊ ငါ့မိန်းမ ဖျားနေတော့ အမြန်ဆုံး မြစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နားဆေးရုံ ပို့မှဖြစ်မယ်၊ ဆိုင်ကယ်သာ အမြန်ဆုံး ရှာခဲ့"

"စိတ်ချ ဆရာ. . ဟို. ."

ဘရမ်းက လူကြီးနား ကပ်ကာ ကချင်စကားပြောလိုက်ရာ သဘောကျသည့်အလား တဟားဟား ရယ်မောလေသည်။

ရယ်လိုက်တိုင်း ပုလဲသွယ်တန်းလေးများ အစီအရီ ဝင်း လက်သွားပုံက လူကြီး၏မနောစိတ်ကို ဖွင့်လှစ်ပြသည်နှင့်ပင် တူနေသည်။

လူကြီးက ဘရမ်ပခုံးကို ပုတ်လိုက်ရင်း. .

"မင်းကတော့ လုပ်တော့မယ်. . . သွားတော့ကွာ"

ဘရမ်က ရယ်မောရင်း ကျောပိုးအိတ်နှစ်လုံးကို စလွယ် သိုင်း လွယ်လျက် ထွက်ခွာသွားသည်။

လူကြီးက ဘရမ်နောက်ကျောကို အတန်ကြာ ငေးမောနေပြီးမှ တန်ဖြာဘက်သို့လှည့်လာသည်။ အပြုံးအရယ်မရှိ ခပ်တည်တည်ပင်။ တတ်လည်းတတ်နိုင်တဲ့လူကြီးဟု တန်ဖြာ တွေးလိုက်မိသည်။

"မြစ်ကြီးနား ရောက်မှ ဖိနပ်ဝယ်ပေးတော့မယ်၊ ခုတော့ ဒီအတိုင်းပဲ ထမ်းသွားရမှာပဲ"

"လူတွေကြားထဲ"

မြစ်ဆုံရွာရှိ လူနေအိမ်ခြေကြား၌ သူထမ်းခေါ်ခြင်းကို တန်ဖြာ မလိုက်ရဲပါ။

"လူပဲ. . . လူကြားထဲ မသွားလို့ ဘယ်ကြားထဲ သွားရမှာလဲ ကိုယ်မှ မလျှောက်နိုင်ဘဲ"

"ရှက်စရာကြီး"

"ဒါ ရှက်စရာလား၊ သူ့မိန်းမ နေမကောင်းလို့ ခြေထောက်





မလျှောက်နိုင်လို့ သူ့ယောကျ်ား ထမ်းခေါ်တယ်၊ ဒါ လူ့သဘာဝ တရားတစ်ခုပဲ ထင်တယ်၊ ဒါ ရှက်စရာ မဟုတ်ဘူးလို့ ကျုပ်ယူဆတယ်၊ ကျုပ်တို့တောထဲမှာတော့ မင်းမရှက်ဘူး မဟုတ်လား"

"လူတွေမှ မရှိတာ"

"ခုလည်း လူတွေကို သစ်ပင်တွေလို့ သဘောထားလိုက်ပေါ့. . ဟုတ်လား၊ တောထဲ နေရတဲ့ လွတ်လပ်တဲ့ အလှတရား တစ်ခုပေါ့၊ အဲ. . သူပုန်နဲ့ မတွေ့ရင်တော့ အလှတရားတွေ ပြည့်နေတယ်၊ တွေ့ရင်တော့ အနိဋ္ဌာရုံလို့သာ မှတ်လိုက်တော့၊ ကဲ. . ပြောနေ ကြာတယ်၊ လာ. . ရှက်ရင် ပွေ့သွားမယ်၊ မျက်စိမှိတ်လိုက်ခဲ့"

နှစ်လိုဖွယ်ကောင်းသောစကားများကို ပြောတတ်လိမ့်မည်ဟု တန်ဖြာမထင်မှတ်ခဲ့ပါ။ ဂုမ္ဘာန်က လှေထဲ ကျန်ခဲ့သည်ကို စိတ်မကောင်းခြင်းကြောင့် တန်ဖြာ မနှုတ်ဆက်တော့။

လူကြီးရင်ခွင်ဝယ် လိုက်ပါရခြင်းကပင်လျှင် အရှက်တရားများကိုပါ လွင့်ပါးစေသည်။ ဒိုင်းသဖွယ် ကာကွယ်ပေးနိုင်သော ရင်ခွင်ကြီးဝယ် ထာဝရ ခိုဝင်လိုသောစိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်။ အားကိုးခြင်းသည် ချစ်ခြင်းမှ ပေါက်ဖွားလာသည်လော။

တန်ဖြာ မျက်လုံးစုံမှိတ်ထားပါ။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးမျှင်များကြားမှ စူးရှထက်မြက်သောမျက်လုံး၊ နီထွေးသောနှုတ်ခမ်း၊ နက်မှောင်ထူထဲသောမျက်ခုံး၊ ပေါ်လွင်သောနှာတံတို့နှင့် လူကြီးသည် ချောမောခံ့ညားနေသည်။ အချစ်ကြောင့် အရာရာ သည် လှပလာခြင်းပေလား။

"မစ္စတာဟာတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆို. ."

သူ့ကို ဖျတ်ခနဲ ကြည့်ရင်း ခပ်ပြတ်ပြတ် 'ဆို' လိုက်ပြန်သည်။

"မှတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေ ဖယ်ရှားပစ်လို့ မရဘူးလားဟင်"

"တမင်ထားတာ"

"ဘာဖြစ်လို့လဲ"

"ကျုပ်အလှကို အဲဒီအရာတွေနဲ့ ဖုံးထားတာ"

"ဟင်. ."

"ဟုတ်တယ် မိန်းမရဲ့ တန်ခြာ. . မိန်းမတွေဟာ ကျုပ်ရဲ့ရုပ်အလှနဲ့ငွေအလှကို မက်မောတတ်ကြလို့ ကျုပ်ရဲ့ရုပ်အလှနဲ့ ငွေအလှကို တမင်ဖုံးအုပ်ထားတာ"

"အဲဒီလိုမိန်းမထဲ တန်ခြာမပါဘူးနော်"

"ဒါဖြင့် တန်ခြာက ဘာကိုကြိုက်သလဲ"

တန်ခြာ နှစ်ခြိုက်သော နှစ်လိုဖွယ်အပြုံးကို ပြုံးပြီး မေးလိုက်သည်။

"တိရစ္ဆာန်သတ်တာကလွဲရင် ကျန်တဲ့စိတ်ထားအားလုံးကို ကြိုက်တယ်"

"မင်းပြောမှပဲ ကျုပ်လုပ်ငန်းကို စွန့်လွှတ်ရမလို ဖြစ်နေပြီ"

"အဲဒါ အကောင်းဆုံးပဲပေါ့"

"အကောင်းဆုံးဆိုတာ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ခြင်းတစ်ခုပဲ ရှိတယ် တန်ခြာ၊ အဲဒီခက်ခဲနက်နဲတဲ့တရားကိုမှ ကျုပ်အားမထုတ်နိုင်သေးတဲ့အပြင် သံယောဇဉ်နွယ်မင်းက ကျုပ်ကို လာဖွဲ့နေပြန်ပြီ၊ ရုန်းထွက်ဖို့ ကြိုးစားရဦးမယ်





ထင်တယ်"

"ဒါက လူကြီးသဘောပေါ့"

တန်ခြာက မချိပြုံး ပြုံးလိုက်သည်။ ကိုယ့်ကိုယ်ကို အထင်ကြီး၍တော့ မဟုတ်ပါ။ တန်ခြာကို လူကြီးမေ့ပျောက်သွားနိုင်မည် မဟုတ်ဟု တန်ခြာ ယူဆမိသည်။

အဘယ့်ကြောင့်ဆိုသော် တန်ခြာ ဤခက်ထန်သော တောပျော် မုဆိုးကြီးကိုမှ နှစ်နှစ်ကာကာ စွဲစွဲလန်းလန်း ချစ်မိနေခြင်းကြောင့်ဖြစ်သည်။

သို့ဆိုလျှင် မေတ္တာဟူသည် အပြန်အလှန် သက်ရောက်တတ်သော သဘောရှိသည်ဟူသော နိယာမတရားသာ မှန်ကန်ပါက လူကြီး တန်ခြာကို ဘယ်သောအခါမှ မုန်းမေ့သွားလိမ့်မည် မဟုတ်ပါ။

"လူကြီး"

"ဆို. ."

"တန်ခြာကို ဘာဖြစ်လို့ လူကြီးနဲ့ အဝေးဆုံးနေရာ ရောက်အောင် ပို့ဆောင်တာလဲ"

"အနီးဆုံးနေရာပါ. . . ဥပဒေမဲ့ တန်ခြာနဲ့ ဥပဒေဘောင်အတွင်းက ကျုပ်ဟာ အဝေးဆုံးဖြစ်နေတယ်၊ တန်ခြာ နိုင်ငံတော်က ပေးတဲ့အပြစ်ဒဏ်ကို ခံယူပြီးရင် ဥပဒေဘောင်အတွင်းက လူဖြစ်သွားပြီ၊ ဒါဆိုရင် မင်းနဲ့ကျုပ် အနီးဆုံး ဖြစ်သွားပြီ၊ ကျုပ်ပြောတာ နားလည်တယ်နော်"

တန်ခြာ ပြုံးရွှင်၍ ခေါင်းညိတ်လိုက်သည်။ ထိုစဉ် မျက်ရည်အိုင်ထွန်းလာသဖြင့် လူကြီးလက်မောင်းကို မျက်နှာအပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုခြင်းနဲ့ သောကထွက်ပေါက်ပေးတာ မိန်းမသားတွေရဲ့ သဘာဝ ဖြစ်လို့ မင်း ငိုချင်သလောက်ငိုပါ၊ ဒါပေမယ့် မင်းဟာ မင်းအနာဂတ် လှပစေရေးအတွက် မင်းကို ရဲလက်အပ်ရတယ်လို့ မင်း မှတ်ယူထားနိုင်ရင် မင်း ငိုစရာ မလိုတော့ဘူး ထင်တယ်"


ချစ်သူနှင့် ခွဲခွာရခြင်းအတွက် ငိုကြွေးနေခြင်းဖြစ်ကြောင်းကို လူကြီးသိအောင် မပြောချင်ပါ။ လူကြီးသည် သူ့ရင်တွင်း ခံစားချက်ကိုသာ ဖော်ပြပြီး မိမိခံစားချက်ကိုမှ မမေးဘဲ။ မိန်းမသားများသည် ရင်တွင်းခံစားချက်ကို မေးသူမရှိဘဲ ပြောပိုင်ခွင့် မရှိအောင် ဘယ်သူကများ အစပြုသတ်မှတ်ခဲ့လေသနည်း။ မိန်းမသား ဖြစ်ခဲ့ခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ် တန်ဖြာ စိတ်ပျက်မိလိုက်သည်။

သို့သော် တန်ဖြာ ရဲလည်း မကြောက်တော့ပါ။ ထောင်ကိုလည်း မမှုတော့။ ကြီးမားသောစွမ်းအင်တစ်ခု ရရှိနေလေပြီ။

ထိုစွမ်းအင်သည် အချစ်ဖြစ်သည်ဟု တန်ဖြာ ယုံကြည်မိသည်။







(၂၄)

ဘာကြောင့်-ကိုကြည်မောင်ကို မှာထားသောကားနှင့် မလိုက်ဘဲ ဆိုင်ကယ်နှင့် စောစီးစွာ ထွက်ခဲ့ကြောင်းကို တန်ဖြာ မခန့်မှန်းတတ်။

လူကြီးကို မေးလိုသော်လည်း ရင်မှာ တနုံ့နုံ့နှင့် ဖြစ်ခြင်းကြောင့် မမေးမိတော့။

သို့သော် တောင်တက် လူသွားလမ်းတစ်ခုကြား ချိုးဝင်ပြီး မောင်းသောအခါ. . .

"ကျုပ်ခါးကို မြဲမြဲဖက်ထားနော်၊ ပြုတ်ကျသွားရင် ဘာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူတယ်"

"အိုး . . ဘယ့်နှယ့်စကားလဲ၊ တာဝန်မယူဘူးပြောပါ"

"ကျုပ်ပြောတာ မမှားဘူး . . တာဝန်ယူတယ်"

"တစ်မျိုးကြီးပဲ"

"မတစ်မျိုးနဲ့လေ၊ မင်း မတော်တဆ ပြုတ်ကျသွားရင် ကျုပ်က ပစ်ထားရမှာလား၊ တာဝန်ယူ ပြုစုရမှာပဲ၊ ဒါကြောင့် တာဝန်ယူတယ် ပြောတာ . . ဘာမှားလို့လဲ"

တန်ဖြာ ကိုယ့်ဘဝအခြေအနေကို မေ့လျော့ကာ ရယ်မော လိုက်မိသည်။ ဟုတ်ပေသားပဲ။ လူကြီးပြောသည်မှာ ဓမ္မဓိဋ္ဌာန် ကျကျ ရှိသည်။

"အဲ . . တစ်ခုတော့ ရှိတယ်၊ ကျုပ်အပြုစုအယုယ ခံချင် ရင်တော့ ဖက်မထားနဲ့ပေါ့ . . မဟုတ်ဘူးလား"

"ဘာကြီးမှန်းလည်း မသိဘူး"

တန်ဖြာက လူကြီးကျောကို ထုကာ ခရာချင်သည်။ သို့သော် မိန်းမသားများ နွဲ့ဆိုးမှုကို ကလက်သည်ဟုများ ထင်သွား မှာလား တွေးမိလိုက်သဖြင့် ထိန်းချုပ်လိုက်ရသည်။

"တင်းတင်းသာ အားမနာတမ်း ဖက်ထားနော် . . မောင်းပြီ"

တန်ဖြာ တအားဖက်ထားလိုက်သည်။ လူကြီးသည် အခုကိုး မဲ့တော့ သွားခြင်းမဖြစ်နိုင်ဟု တန်ဖြာ ယူဆထားသည်။

ကွေ့ကောက်ဆက်သော တောလမ်းထိပ် တောင်ကုန်းမြင့် တစ်ခုအရောက် သူ ဆိုင်ကယ်ရပ်လိုက်သည်။

"မင်းကိုယ်တွေ နွေးနေသေးတယ်၊ ဖျားချင်နေပြီ ထင် တယ်"





"ဖျားချင်တာ မဟုတ်ဘူး . . ဖျားနေတာ"

"မြစ်ကြီးနား ရောက်ရင်တော့ ဆေးခန်းအရင်သွားလိုက် တာပေါ့"

ကညင်ပင်ကြီး၏အရိပ်၌ ရပ်ထားပြီး . .

"လာကြည့်စမ်း . . သြော် . . နေ . . နေ"

ဖိနပ်မပါခြင်းကို သတိပြုမိသွားပြီး စွေ့ခနဲ မြက်ခင်းပေါ်၌ ချပေးလိုက်သည်။

"တွေ့လား ကားလမ်းကို"

တန်ဖြာ ခေါင်းညိတ်လိုက်သည်။ ဘာတွေ လျှောက်လုပ်နေ သလဲဟု တန်ဖြာ တွေးမိလိုက်သော်လည်း မမေးမိ။ အဓိပ္ပါယ်မဲ့တော့ မဟုတ်နိုင်။ အကြောင်းတစ်ခုခု ရှိနိုင်သည်။

"လူတွေရဲ့အကြောင်းကို လက်တွေ့ကျကျ သိမြင်စေချင် လို့ပဲ၊ ရုပ်ရှင်ဆန်ဆန် ဇာတ်လမ်းတစ်ခု မြင်ရလိမ့်မယ် . . ကြည့်နေ"

တန်ဖြာက နားမလည်နိုင်သေးသောမျက်လုံးဖြင့် လူကြီး အား မော့ကြည့်လိုက်သည်။ လူကြီးက တန်ဖြာအား ကြည့်မနေ။ ကွေ့ကွေ့ကောက်ကောက် ရှိနေသော ကားလမ်းကလေးကိုသာ လှမ်းမျှော်ကြည့်နေသည်။ တစ်စုံတစ်ရာကိုလည်း တွေးနေသည့် အလား မျက်မှောင်ချီထားသည်။ နောက် နာရီကို ငုံ့ကြည့်လိုက်၊ လမ်းကို ကြည့်လိုက်နှင့် ရှိနေရာ တန်ဖြာက စိတ်မရှည်တော့သဖြင့်

"ဘာကိုစောင့်နေတာလဲ"

"ကားကိုလေ"

"ဘာကားလဲ"

"ကိုကြည်မောင်ကို ရှာဖွေခိုင်းထားတဲ့ကား"



www.burmeseclassic.com

www.burmeseclassic.com



"မစီးဘဲ ဘာလို့ ရှာခိုင်းတာလဲ"

"သိချင်လို့"

"ဘာကို သိချင်တာလဲ"

"ကိုကြည်မောင်အကြောင်း"

"ဒီလူလည်း လူယုတ်မာပဲ ဖြစ်မယ်"

"သူ့စီးပွားရေးအတွက် အမြတ်ရဖို့ ခေါင်းပုံဖြတ်တာကို ကျုပ်မပြောဘူး၊ ဝယ်သူနဲ့ရောင်းသူ ကြည်ဖြူမှု ရှိရင် တရားမျှတတယ်၊ သေနတ်ထောက်၊ ဓါးပြပြီး အဆမတန် ဈေးနှိမ်ဝယ်တာမှ မဟုတ်ဘဲ၊ မုဆိုးတွေ တောင်ယာခုတ်၊ ပျားဖွတ်သမားတွေက သူကြိုက်တဲ့ဈေးနဲ့ နှိမ်ပြီး တန်ဖိုးဖြတ်လည်း ရောင်းတယ်၊ ဒါက ကြီးကျယ်တဲ့အပြစ် မဟုတ်ဘူး၊ ရောင်းသူတွေရဲ့သဘောပဲ၊

ကိုယ်ကတော့ သူ့ဆီ မရောင်းဘူး၊ ကိုယ်ကိုယ်တိုင် အပင်ပန်းခံပြီး မြစ်ကြီးနား တက်ရောင်းတယ်၊ ဒါပေမယ့် အခြားလူတွေကို ကိုယ့်လိုပဲ မြစ်ကြီးနား တက်ရောင်းပါလား မတိုက်တွန်းချင်ဘူး၊ ပိုကောင်းတာ မန္တလေးအထိ တက်ရောင်းရင် ပိုပြီးဈေးကောင်းရတယ်၊ ကျုပ်ကတော့ လူတွေနဲ့ ကင်းလေ ကြိုက်လေမို့ မတက်တာ၊ ဟော. . . ကားတစ်စီး မြင်သလား၊ အဲ့ဒါ မြစ်ကြီးနားဘက်က လာတာ. . . ကြည့်နေ"

သူသည် ပြောပြောဆိုဆို တန်ဖြာဘေးတွင် ခြေပစ်လက်ပစ် ထိုင်ရင်း စိမ်ပြေနပြေ ကြည့်နေသည်။

ထူးဆန်းဖွယ်ရာမြင်ကွင်းများကို မြင်ရတော့မည်လား။ တန်ဖြာလည်း ရင်ခုန်စွာ စောင့်မျှော်နေမိသည်။

"ဟော. . . ကျုပ်တို့ လာခဲ့တဲ့လမ်းကို ကြည့်လိုက်စမ်း"

ဂျစ်ကားနီတစ်စီး လာလေပြီ။





မြစ်ကြီးနားဘက်မှ လာသော ဂျစ်ကားအစိမ်းက ကန့်လန့်ဖြတ် တားဆီးလိုက်သည်။ ဂျစ်ကားနီလေး ရပ်တန့်သွားသည်။

"အဟတ်. . ဟား. . ဟား. . ဟား၊ တော်တော်ရယ်စရာကောင်းတဲ့ ကိုကြည်မောင်ပဲ"

ဂျစ်ကားစိမ်းထဲမှ လက်နက်ကိုင် လူသုံးလေးဦးသည် ဂျစ်ကားနီအတွင်းမှ လူများကို ဆင်းခိုင်းသည်။ ဂျစ်ကားနီထဲတွင် ဇော်ဂန်အပါအဝင် မြစ်ဆုံမှ လူကြုံလိုက်လာသော ကချင်အမျိုးသား အမျိုးသမီးကြီးငယ်တို့ အပြည့်ပါလာသည်။ သို့သော် ကိုကြည်မောင် မပါ။

ဂျစ်ကားစိမ်းထဲမှ လူတို့ ခေါင်းချင်း ရိုက်ကုန်သည်။ ပြီးတော့ လူများကို ပြန်တက်ခိုင်းသည်။ ဂျစ်ကားစိမ်း မြစ်ဆုံဘက် ထွက်သွားသည်။ ဂျစ်ကားနီက မြစ်ကြီးနားဘက် ဆက်သွားသည်။

"ဘာလဲ. ."

"အဟင်း. . ဟင်း. . မင်းသဘောမပေါက်ဘူးလား တန်ဖြာ"

"ဟင့်အင်း"

"အဲ့ဒါ ပြန်ပေးဆွဲခိုင်းတာ"

"ဘယ်သူ့ကိုလဲ"

"အလှဘုရင်မလေးကို"

"အလှဘုရင်မလေး ပါမလာဘူးလား"

တန်ဖြာက နဝေတိမ်တောင်ဖြစ်ကာ မေးလိုက်သည်။ ထိုအခါ လူကြီးက ပြုံးလျက် တန်ဖြာအား စွေ့ခနဲ ပွေ့ကာ ဆိုင်ကယ်ပေါ် ပြန်တင်လိုက်ရင်း. . .

"ဘယ်ပါလာမလဲ၊ မနုဿမုဆိုး ကိုကြည်မောင်ရဲ့မြှုလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုသိထားလို့ အလှဘုရင်မကို ကျုပ်က ဦးအောင် ခိုးထုတ်ခဲ့ပြီ ကိုး"

"အို. ."

ခုမှ တန်ဖြာ သဘောပေါက်မိသည်။

"ကိုကြည်မောင်က မင်းကို မျက်စိကျသွားတယ်ဆိုတာ ကျုပ်ရိပ်မိလိုက်ကတည်းက မင်းအကြောင်း သူစုံစမ်းတော့မယ် ဆိုတာလည်း ကျုပ်သိလိုက်တယ်၊ ဒါကြောင့် ကျုပ်လည်း စုံစမ်းရ တယ်၊ ကျုပ်က တပန်းသာတာက မင်းလိပ်စာကို မင်းမှတ်ပုံတင် အရ သိနေလို့ပဲ၊ ကျုပ်လည်း ပြန်လာပြီး သတိကြီးစွာနဲ့ သူ့ခြေလှမ်း စောင့်ကြည့်ပြီး မင်းကို သတိထား ကာကွယ်လိုက်ရတာ၊ သူကတော့ မင်းကို ရဲလက်အပ်မှာ မဟုတ်ဘူး၊ အမှောင်တွင်း ထားပြီး တိတ် တိတ်ပုန်းမယား လုပ်ထားမှာ"

"အို. ."

"ကျုပ်ပြောတာ ရိုင်းသွားသလား၊ ရိုင်းချင်လည်း ရိုင်းမယ် လေ၊ ဒါ အမှန်ကို ပြောတာပဲ၊ မြစ်ဆုံမှာ လာကြိုလိုက်ကတည်းက သူ့ခြေလှမ်းကို ကြိုတင်တွက်ဆကြည့်လိုက်တယ်၊ မှားချင်လည်း မှားသွားနိုင်လို့ ကြိုမပြောခဲ့ဘူး၊ ဒါပေမယ့် မင်းကို မထိခိုက်အောင် တော့ ကျုပ်ဉာဏ်နဲ့ စီစဉ်လိုက်တာပဲ"

"ရဲကို အကြောင်းကြားပြီး တစ်ခါတည်း ဖမ်းခိုင်းဖို့ ကောင်းတယ်"

"ကိုကြည်မောင် ပါမလာဘူးလေ၊ ဒါတွေက ရဲအလုပ်ပါ၊ ကျုပ်အလုပ် မဟုတ်ဘူး၊ သူ့အကုသိုလ် သူအကျိုးပေးလိမ့်မယ်၊ ကိုင်း. . . သွားရအောင်၊ ထုံစံအတိုင်း ကျုပ်ခါးကို မြဲမြဲဖက်ထား နော်၊ အဲ. . . ဒီတစ်ခါ ကိုကြည်မောင်နဲ့ တွေ့ရင်တော့ စကား





ဘစ်ခွန်း ပြောလိုက်ရင် ကိစ္စပြတ်သွားပါလိမ့်မယ်"

"ဘာစကားလဲ"

"ဩော်. . . ကိုကြည်မောင်၊ ခင်ဗျားကောက်ကျစ်စဉ်းလဲ တဲ့အကြံတွေ လက်လျှော့လိုက်တော့ တန်ဖြာဟာ ကျုပ်နဲ့ တရားဝင် လက်ထပ်ပြီးလို့ ကျုပ်နဲ့. . ."

"အို. . . တော်ပါတော့"

"တစ်ခါတစ်ရံ မုသားစကားလေးတွေဟာ ကိုယ့်ကို အကာ အကွယ်ပေးတတ်ပါတယ် တန်ဖြာ"

ထိုစကားကို လေးနက်စွာ ပြောပြီး ဆိုင်ကယ်ကို ဝူးခနဲ မောင်းထွက်ခဲ့သည်။ အဆင်းလမ်းဖြစ်၍ တန်ဖြာကိုယ်ခန္ဓာသည် လူကြီးကျောပြင်နှင့် ရင်းနှီးစွာ ထိကပ်လျက်ရှိရာ တန်ဖြာ ရင်ဖိုနေမိ သည်။ ဒုက္ခပါပဲ၊ စက်သံကြားက ကျယ်လောင်စွာ ဖောက်ထွင်း ထွက်ပေါ်နေသောရင်ခုန်သံကို လူကြီးကြားသွားမှဖြင့်. . .။

တန်ဖြာ ရှက်နေမိသည်။


ရှက်ခြင်းသည်လည်း ချစ်ခြင်း၏သင်္ကေတတစ်မျိုးဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com





(၂၅)

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

ဂုမ္ဘာန် မေးနေလေပြီ။ သူ မည်ကဲ့သို့ ဖြေကြားရမည် မသိအောင် ဖြစ်နေသည်။

ဂုမ္ဘာန်က သူ့ခြေထောက်ကို ခေါင်းဖြင့် ပွတ်သပ်ပြီး တအီအီနှင့် ချွဲနေပြန်သည်။ နောက်ပြီး သူ့ကို မော့ကြည့်ကာ တဝုတ်ဝုတ် လုပ်သည်။

"မင်းသခင်မကို ငါ ထောင်ထဲ ပို့ခဲ့ပြီကွာ. . . မေးမနေနဲ့တော့"





ဂုမ္ဘာန်ကို စိတ်တိုစွာ ခြေထောက်နှင့် ခတ်ထုတ်လိုက်သည်။ နာကျင်မည်တော့ မဟုတ်ပါ။

လှေပေါ် တက်ခဲ့သည်။ ရင်မှာ နာကျင်လစ်ဟာလျက်ရှိသည်။ လှေပေါ် ရောက်တော့လည်း စက်မနှိုးဘဲ ငူငူကြီး ထိုင်နေမိသည်။

"ဗျို့. . . ဆရာကြီး ပြန်တော့မလို့လား"

ဇော်ဂန်အမေးကို 'အေး' ဟု တစ်ခွန်းတည်းသာ တုံ့ပြန်လိုက်သည်။

"ဆရာ့မိန်းမကော ပြန်မလိုက်ဘူးလား"

"သူ့အဖေဆီ သွားလည်တယ်"

"ဆရာ့မိန်းမ လှတယ်နော်"

"အေး. . . သွားမယ်"

အလွမ်းနာပေါ် ပို၍နာကျင်စေရန် ဆွနေလေရော့လား၊ သူ စိတ်ပျက်စွာနှင့် စက်နှိုးကာ ကမ်းမှ ခွာခဲ့သည်။

ဂုမ္ဘာန်သည် လှေပေါင်ကို ခေါင်းတင်ကာ ကမ်းသို့ မျှော်ရင်း လိုက်ပါလာသည်။

"မျှော်မနေနဲ့. . . မင်းသခင်မ မလိုက်လာနိုင်တော့ဘူး"

မချိတင်ကဲ သူပြောလိုက်ရင်း မြစ်ကြီးနား ရဲစခန်း၌ စစ်ချက်ပေးအပြီး အနာရှိန်ဖြင့် အဖျားတက်ကာ သတိလစ်သွားခဲ့သည်။ ဖြစ်ချင်တော့ ငှက်ဖျားပါ ဝင်ရောက်သွားသဖြင့် မြစ်ကြီးနားဆေးရုံတင်ရသည်။ ထိုမှ မှုခင်းကိုလည်း မှုခင်းဖြစ်ပွားရာ ရန်ကုန်ကမာရွတ် ရဲစခန်းက လွှဲပြောင်းယူသဖြင့် ရန်ကုန်သို့ ပို့ရမည်။ သူ အကြောင်းကြားမှုနှင့် တန်ဒြာဖခင်ကြီးနှင့် ဆွေမျိုးမိတ်သဟာ ရှေ့နေရှေ့ရပ်များပါ ရောက်ရှိလာပြီး အာမခံ ရရှိရေး ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရန်ကုန်သို့ ခေါ်သွားတော့သည်။

သူတို့ရောက်ရှိလာကတည်းက အဖျားရှိန်ဖြင့် သတိလစ်နေသော တန်ဖြာအပါးက သူထွက်ခွာခဲ့သည်။

သူ မလိုအပ်တော့ပါ။ တန်ဖြာဖခင်သည် တန်ဖြာအတွက် အကောင်းဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းသွားလိမ့်မည်ဟု သူ ယုံကြည်သည်။

တန်ဖြာ ကုတင်ဘေးမှာ ရပ်နေသော သူ၏အသွင်အပြင်ကို တအံ့တသြ ရှိနေစဉ်မှာပင် သူထွက်ခဲ့သည်။

"နေပါဦး မောင်ရင်"

တန်ဖြာဖခင်ဖြစ်ဟန်တူသူက သူ့အား ကမန်းကတန်း တားသည်။ တန်ဖြာဖခင်ဖြစ်ကြောင်း သူ အတပ်ပြောနိုင်သည်က တန်ဖြာနှင့် ရုပ်ချင်း ဆင်ခြင်းကြောင့်ဖြစ်သည်။

"တန်ဖြာဖခင် ထင်ပါတယ်၊ ဦးတို့ ရောက်လာပြီဆိုရင် ကျွန်တော်မလိုအပ်တော့ပါဘူး၊ တန်ဖြာမိတ်ဆွေ မုဆိုးကြီးပါ၊ တန်ဖြာမေးရင် ပြန်သွားပြီလို့သာ ပြောလိုက်ပါ"

ထပ်မံတားဆီးခြင်းကို သူလက်မခံဘဲ တာဝန်ကျေရဲ့ကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

အပြန်လမ်းတလျှောက်လုံး ရင်ထဲမှာ လစ်ဟာ၍နေသည်။ သူ့အသည်းနှလုံး ကျန်ရစ်ခဲ့သည်ကိုး။

သတိလစ်၍ ကယောင်ကတမ်း ပြောစဉ်. . .

"လူကြီး. . လူကြီး. . ကြောက်တယ်၊ တန်ဖြာကြောက်တယ်"

"လူကြီး. . လာပါ၊ တန်ဖြာဆီ လာပါ"

"မစွတာဟတ်"





"ဟတ်. ."

"လူကြီး"

ဟုသာ တွင်တွင်ယောင်လေ့ ရှိသည်။ နားပိတ်ထားသည်။ အကြားအာရုံ၌ ပဲ့တင်ထပ်ဆဲ။

ထို့ပြင် ဆေးပိုက်တန်းလန်းဖြင့် အဖျားရှိန်ဖြင့် မိန်းမောနေသောမျက်နှာလေးက သူ့မျက်ဝန်းရိပ်၌ ခိုတွဲပါလာသည်။ မျက်ဝန်းမှိတ်လိုက်သည်။ နှလုံးသားအာရုံ၌ မြင်နေရဆဲ။

"ခက်ပြီ တန်ဖြာရယ်၊ မင်းဟာ ကျုပ်ဘဝကို ဒီလောက်ထိအောင် ပိုင်စိုးသွားရသလား"

သူ ရင်တွင်းစကားတို့ ဖွင့်ထွက်သွားသည်။ ဂုမ္ဘာန်က ခေါင်းထောင်၍ သူ့အား ငဲ့စောင်းကြည့်သည်။ ပြီးတော့ မျက်နှာငယ်လေး လုပ်ကာ လှေပေါင်၌ ခေါင်းပြန်တင်သည်။

"ဩော်. . . မင်းလည်း လွမ်းတယ်ပေါ့၊ မင်းလွမ်းတာက သာမန်ပါ၊ ငါလွမ်းတဲ့အလွမ်းက ဘဝပျက်မတတ်ပါကွာ. . . ဘဝပျက်မတတ်ပါ"

စိတ်ပျက်စွာဖြင့် ရမ်တစ်ပုလင်း ဖောက်သောက်လိုက်သည်။ ခရီးသွားရင်း သူ မသောက်ချင်ပါ။ သို့သော် နေရထိုင်ရခက်နေသည်။ ရေထဲပဲ ခုန်ချ ကူးခတ်လိုက်ရမည်လား။ တန်ဖြာဆီပဲ ပြန်ပြေးသွားပြီး အစောင့်အကြပ်ကြားက လုယူကာ လူသားအားလုံးနှင့် ဝေးရာသို့ ခေါ်ဆောင်ထွက်ပြေးသွားရမည်လား။

ခံရခက်မှု ဝေဒနာရပ်များကို ထိန်းချုပ်နိုင်ခြင်းအလို့ငှာ သူ အရက်သောက်လိုက်မိလေပြီ။

ဂွေထော် ကူးတို့ဆိပ်ကို လွန်လာပြီး မကြာခင် သူ လှေထားရာနေရာဆီသို့ ရောက်သည်။ ဆောင်ရွက်နေကျအရာများကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်အပြီး သူ့ကျောပိုးအိတ် သူထမ်းကာ ပြန်ခဲ့သည်။

တန်ဖြာနှင့် သူလာခဲ့သောလမ်း။ တန်ဖြာကို သူထမ်းခေါ်ခဲ့သောလမ်း။ အား. . . မြင်မြင်သမျှ လွမ်းစရာကြီးပါလား တန်ဖြာ။

တန်ဖြာခြေထောက် ပြောင့်စူးသောနေရာအရောက် သူရပ်လိုက်သည်။ ဝန်းကျင်ကို လှည့်ပတ် မျက်စိကစားလိုက်သည်။

"ဟော. . . ဖိနပ်လေးတွေ"

ကြိမ်ရုံတွင် သွားရောက်ချိတ်နေသော ဖိနပ်တစ်ဖက်ဆီကို သွားယူလိုက်မိသည်။ တန်ဖြာပစ္စည်းလေး။

သူ့ဥပေက္ခာပြုထားမှုဝယ် ဆင်းဆင်းရဲရဲနှင့် နေရရှာသော ချစ်သူ၏ဖိနပ်ကလေး။ ပြတ်လုပြတ်ခင်ဖြစ်နေသော ဖိနပ်တစ်ဖက်၊ တစ်ရန်လုံးကို ယုယစွာ ကိုင်တွယ်ကြည့်မိသည်။

"ဝုတ်. . . ဝုတ်. ."

"သခင် ရူးနေသလား" ဟု ဂုမ္ဗာန်မေးနေသည်ထင့်။

"ဟုတ်တယ်. . . ငါရူးနေပြီ ဂုမ္ဗာန်၊ သည်တစ်ခါတော့ အချစ်ရူး အလွမ်းရူးဖြစ်နေပြီ"

သူ ဂုမ္ဗာန်ကို ပြောလိုက်ပြီး ဖိနပ်ကို ကျောပိုးအိတ်ထဲ ထည့်လိုက်သည်။ ချစ်သူ၏အငွေ့အသက်လေးများ ရှိနေနိုင်သော ဖိနပ်လေးကို ချစ်သူကိုယ်စား အမှတ်တရ သိမ်းဆည်းထားလိုက်တော့မည်။

သူ ဆက်လျှောက်ခဲ့သည်။ တောပန်းများကို မြင်လျှင် မကြည့်မိစေရန် သတိထားရသည်။ ပန်းကြိုက်သောချစ်သူက ပန်းများ လျှောက်ခူးကာ ရှိသမျှပုလင်းနှင့် အလှထိုးစိုက်ထားတတ်သည်ကို သတိရနေပြန်သည်။





"ခက်ပြီ ဂုမ္ဗာန်၊ ငါတော့ တောပြောင်းမှနဲ့ တူတယ်"

"ဝုတ်. . . ဝုတ်"

"ဟုတ်တယ်. . ဂုမ္ဗာန်၊ သူ့အရိပ်တွေ ငါ့ကို ခြောက်လှန့်နေပြီ"

အလွမ်းသောကကို ရင်ဝယ် ပိုက်မိသူအတွက် အဖော်ဆိုတာ ရှိနေသင့်သည်။ ရင်ဖွင့်လိုက်ရလျှင် သောကများ အတန်ငယ် သက်သာသွားတတ်သည်ဟု အချို့က ပြောကြသည်။ ဖြစ်နိုင်သည်။ ယခု သူခံစားနေရသမျှကို ဂုမ္ဗာန်ကို ဖွင့်ပြောလိုက်ရသဖြင့် မဆိုစလောက်လေးတော့ သူ့ရင် ပေါ့ပါးသွားသည်။

လင့်စင်ဆီသို့ သူရောက်လာသည်။ မတက်ချင်သေး။ စမ်းချောင်းဘက် ထွက်ခဲ့သည်။ သည်စမ်းချောင်းထဲမှာ တန်ဖြာပါးကို သူ ရက်ရက်စက်စက် ရိုက်နှက်ခဲ့ဖူးသည်။

"မုန်းလို့မှ မဟုတ်ဘဲ၊ မင်းရေနစ်သေသွားမှာစိုးလို့ပါ တန်ဖြာ"

သူ တောင်းပန်လိုက်သည်။

စမ်းချောင်းကို သူကျောခိုင်းလိုက်သည်။ လင့်စင်နှင့် မလှမ်းမကမ်း မြေပြင်ကွက်လပ်သို့ ရောက်လာသည်။

ဤနေရာ၌ မြွေကို ကြောက်လန့်နေသောတန်ဖြာကို မြွေအတင်းကိုင်ခိုင်းခဲ့သည်။ ထိုအခါ ပျို့အန်လာသော တန်ဖြာပုံရိပ်ကလေး သူ့ကို ခြောက်လှန့်ပြန်သည်။

"အဲသည်ကတည်းက မင်းကို ကျုပ်လျှော့ခဲ့ဖူးပါတယ် တန်ဖြာ၊ အဲသည်ကတည်းက ကျုပ်မသိစိတ်ကို မင်းအနိုင်ရနေပါပြီ"

လင့်စင်ပေါ် တက်ခဲ့သည်။ ပိတ်ထားသောတံခါးကို ဖွင့်ရန် သူ တုံ့နှေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မရှိတဲ့နေရာမှာ ကျုပ်ဘယ်လိုနေရမလဲ တန်ဖြာ"

တံခါးကို ဖွင့်လိုက်သည်။ ပြတင်းပေါက်များလည်း ဖွင့်လိုက်သည်။ ဘုရားစင်လေး၌ တန်ဖြာ ထိုးသွားသော ဘုရားပန်းကလေးများ ညှိုးနွမ်းလျက်ရှိချေပြီ။

ရှိပါစေတော့။ သူ လဲရန် စိတ်မကူးတော့ပါ။ တန်ဖြာလက်နှင့် ထိုးသွားသော ပန်းအိုးကလေး။ သည်အတိုင်းပဲ အလွမ်းပြေကြည့်ရန် သူ ထားလိုက်တော့မည်။ အလွမ်းကတော့ ပြေမည်မဟုတ်ပါ။

အလွမ်းများ မပြေသည့်အပြင် တန်ဖြာ့ပုံရိပ် ခြောက်လှန့်နေတတ်သော ဤနေရာမှ သူ စွန့်ခွာပြေးရမည်လား။ မဖြစ်နိုင်။ တန်ဖြာ လာခဲ့လျှင်. . . လာပါ့မလား. . .။

သူ အရက်ပုလင်း ဖွင့်လိုက်ပြန်သည်။ မူးနေချင်သည်။ မူးလျှင် အိပ်ပျော်သွားလိမ့်မည်။ ထိုအခါ တန်ဖြာ့ကို ခေတ္တခဏတော့ သူ မေ့ပျောက်သွားလိမ့်မည်ထင်သည်။

သို့တိုင်အောင် အိပ်မက်ထဲအထိ လိုက်လံနှိပ်စက်နေဦးမှာလား တန်ဖြာ။







(၂၆)

ခေတ်ကပဲ ပြောင်းလဲသွား၍လား၊ ဖခင်နှင့် အကျိုးတော်ဆောင်တွေရဲ့အစွမ်းကုန် ကြိုးစားမှုကြောင့်ပေလား မသိ၊ ဆေးကုသမှု ခံယူ၍ သက်သာစ ပြုသည်မှ အစပြု၍ အမှုစစ်ဆေးမှုကို တန်ဖြာ ခံလိုက်ရသည်။ အကျဉ်းထောင်၌ သက်သာစွာ နေရသည်။

အပတ်စဉ် ဆက်၍ ရုံးချိန်များတွင် သက်သေများအား အပြန်အလှန် စစ်ဆေးမေးမြန်းခြင်းတို့ ပြုလုပ်ခြင်းကိုလည်း တန်ဖြာ စိတ်မဝင်စားနိုင်။

ငူတူတူ ငိုင်တိုင်တိုင် ဖြစ်နေသော တန်ဖြာအား ဆောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများက 'လွတ်မှာပါ' ဟူ အားပေးရင်း တတ်နိုင်သမျှ ကြိုးပမ်းပေးကြသည်။

သို့သော် တန်ဖြာ အမြင်ချင်ဆုံးမျက်နှာ မမြင်ရ။ ထို့အပြင် မမယမုံနာကိုယ်စား ထားရစ်ခဲ့သောတူမလေးမှာ မွေးကတည်းက ပါလာသော အသည်းရောင်အသားဝါရောဂါ ဦးနှောက်အမှေးရောင်ရောဂါများ စုံလင်စွာဖြင့် ဆေးဝါးများကို အနိုင်ယူကာ သေမင်းက ဖိတ်ခေါ်သွားခဲ့ပြန်သည်ဟု သိရသဖြင့် တန်ဖြာ ဖြေဆည်ရာမဲ့ ခံစားနေရသည်။

နာနီ သက်သေအဖြစ် ထွက်ဆိုမှုက အိပ်ခန်းအတွင်း၊ ဗီရိုတွင်းမှ ပစ္စည်းများ ပြန့်ကျဲနေခြင်း။

မာလီက သစ်ပင်မြေဆွနေစဉ် အနောက်မှ အရိုက်ခံရပြီး နာရီပေါင်းများစွာ သတိလစ်ခဲ့ရကြောင်း။

သေသူက ကြိုတင်ကြံစည်မှုများဖြင့် တန်ဖြာအား လာရောက်စော်ကားရန် ကြံစည်မှုမှာ သိသာထင်ရှားနေလေပြီ။

တရားသူကြီး၏စီရင်ချက်ချမှတ်ရာတွင် ခိုင်လုံသော အကြောင်းပြချက်များကို ဖတ်ပြမှုကို မကြားတစ်ချက် ကြားတစ်ချက်နှင့်ဖြစ်နေသည်။

ရုတ်တရက် မှုခင်းဖြစ်ပွားပြီး ကြောက်လန့်တကြား ထွက်ပြေးတိမ်းရှောင်ခဲ့သည်မှာ မှန်သော်လည်း သွေးအေးကာ သတိရလာသည်နှင့် မည်သူမှ သတင်းမပေးရဘဲ တာဝန်သိ နိုင်ငံသားပီပီ ကိုယ်တိုင်လာရောက်အဖမ်းခံခြင်းမှာ ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားတစ်ဦး ပီသရာ ရောက်သည်။

ထို့အပြင် တရားခံသည် နိုင်ငံတော်က ဖွဲ့စည်းပေးသော လူငယ်အသင်းအဖွဲ့အစည်းများ၌ ခေါင်းဆောင်တစ်ဦးဖြစ်ရုံမက





စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ရပ်ကွက်မြို့နယ်တွင် တက်ကြွစွာ ပါဝင်ထမ်းဆောင်ခဲ့သော ကျောင်းသူတစ်ဦးဖြစ်ကြောင်း ရပ်ကွက်လူကြီးများ၏ထောက်ခံချက်များအရ သိသာထင်ရှားသည်။

ဥပဒေ၏ကျယ်ပြန့်သောသဘောတရားများကို တန်ဖြာ အံ့အားသင့်ရသည်။ အကျိုးတော်ဆောင်များ၏အတတ်ပညာကလည်း စေ့စပ်သေချာလှပေသည်။

မိမိအတွက် အကျိုးတော်ဆောင်ပေးသော ဗဟိုတရားရုံးရှေ့နေကြီး ဦးမောင်မောင်(သထုံ)၏နေရာတွင် လူကြီးကို အစားထိုး ကြည့်မိသည်။

လားလားမှ မသက်ဆိုင်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် လူကြီးသည် မောင့်ကျက်သရေခေါင်းပေါင်း၊ တိုက်ပုံနက်၊ စတစ်ကော်လံဖြူနှင့် လားလားမှ မသက်ဆိုင်၊ တန်ဖြာ ပြုံးလိုက်မိသည်။

ချက်ချင်းမဲ့သွားသည်။

လူကြီး သူ့အား ပစ်ထားရက်သည်။ တကယ်တမ်းသာ တန်ဖြာကို ချစ်သည်ဆိုပါက တန်ဖြာအတွက် သူ ဝိုင်းဝန်းကြိုးပမ်း ပေးသင့်သည်။

ယခုတော့ . .

"ဟေး . ."

ဝမ်းသာအားရ အာမေဋိတ်သံများကြောင့် တန်ဖြာ ရုတ်တရက် ကြောင်သွားသည်။

တရားသူကြီး ကျောခိုင်းထွက်သွားသည်။ တန်ဖြာ အချစ်ဆုံးသူငယ်ချင်း မသက်က တန်ဖြာကို လာနမ်းသည်။

ဒယ်ဒီက တန်ဖြာကို မျက်ရည်ဝိုင်းနေသောမျက်လုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးကြီး ကြည့်ကာ ခေါင်းကို လာပုတ်သည်။

"ဘာတွေလဲ"

ကောင်းသောစီရင်ချက် ချသွားပြီဟု သိလိုက်ရသည်။

သို့သော်. . .

"သမီး မကြားလိုက်ဘူးလား"

တန်ခြာအကျိုးတော်ဆောင်ကြီး ဦးမောင်မောင် ဝါရင့်သူ ပီပီ တန်ခြာ၏လွင့်ပါးသွားသောအာရုံကို သတိပြုမိပုံ ရဟန်တူသည်။ တန်ခြာအား ဖြိုးဖြိုးကြီး ကြည့်ကာ မေးလိုက်သည်။

"ဟင့်အင်း. . . တန်ခြာ မကြားလိုက်ဘူး"

"လွတ်ပြီလေ. . . လွတ်သွားပြီ"

"တရားသေ လွတ်သွားပြီ တန်ခြာရဲ့"

သူငယ်ချင်းများက ဝမ်းသာအားရ ဝင်ပြောကြသည်။ တန်ခြာ ကြောင်နေဆဲ။

"မိမိအရှက် အသက်ကို ခုခံကာကွယ်ပိုင်ခွင့်အရ ခုခံကာကွယ်ခြင်းဖြစ်တဲ့အတွက် သမီးလုံးဝလွတ်သွားပါပြီ"

"ဟုတ်. . . ဟုတ်ကဲ့"

တန်ခြာ ကြောင်အအဖြစ်နေသည်။

ဝမ်းသာစွာ ခုန်ပေါက်လိုက်ရတော့မည်လား။ ဝမ်းသာလွန်း၍ မျက်ရည်ကျပါသည်ဆိုပြီး ငိုချလိုက်ရမည်လား။ တန်ခြာ မသိတော့ပြီ။

"အမှတ်မထင်တဲ့ ထိတ်လန့်စရာကိစ္စတွေ ကြုံတွေ့လိုက်ရတော့ သမီးလည်း ခပ်ကြောင်ကြောင် ဖြစ်သွားတယ်နဲ့ တူပါတယ်၊ ကိုင်း. . . ဒယ်ဒီတို့ ပြန်ကြရအောင်၊ အားလုံးကို ဖိတ်ပါတယ်၊ ဒီညနေ အင်းလျားလိတ်မှာ ညနေစာ သုံးဆောင်ဖို့ ကြွခဲ့ကြပါ၊





ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့၊ ဆက်ဆက်နော်"

ဖခင်ကြီးက ပျော်ရွှင်စွာဖြင့် အားလုံးကို ဖိတ်ကြားသည်။ ဥပဒေသည် လူသားများကို လုံခြုံစိတ်ချမှု ပေး၏။ တန်ခြာ ပျော်ရမည်လား။ လွတ်လပ်ပေါ့ပါးသွားသည်မှာ မှန်သော်လည်း စိတ်က ကျဉ်းကျပ်လျက်ရှိသည်။ တန်ခြာစိတ်ကို ဘယ်သူနှောင်ဖွဲ့ထားလေသနည်း။

ဝမ်းသာအားရ နှုတ်ဆက်သူများကို ဖြိုးသာ ပြနေသည်၊ တန်ခြာစိတ်တို့ မကြည်လင်ပါ။

အိမ်ပြန်ခရီးလမ်းတလျှောက် ကားပေါ်၌ ဒယ်ဒီနှင့် ကြီးကြီးတို့ ဖောင်ဖွဲ့ရယ်မောလာကြသည်။

တန်ခြာလည်း ရယ်မောချင်သည်။ ရယ်မော၍မရပါ။

"သမီး အိမ်ရောက်ပြီ. . . ဆင်းတော့လေ"

"ဟုတ်ကဲ့ ဒယ်ဒီ"

တန်ခြာ ကားပေါ်မှ သံပတ်ပေးထားသော စက်ရုပ်အလားဆင်းခဲ့သည်။ လွတ်လပ်ခြင်း၏အရသာကို ခံစား၍မရ။

"အချိန်သိပ်မရဘူး သမီး၊ တအောင့်နားပြီး ရေမိုးချိုးပြီးရင် ဒင်နာသွားရအောင်"

"ဟုတ်ကဲ့ ဒယ်ဒီ"

တန်ခြာ ဇည့်ခန်းကို ဖြတ်ပြီး အပေါ်ထပ်လှေခါးပေါ်သို့ တက်ခဲ့သည်၊ နောက် တစ်စုံတစ်ရာကို သတိရလိုက်သဖြင့် နောက်သို့ လှည့်ကာ အောက်သို့ ငုံ့ကြည့်ပြီး လှမ်းအော်လိုက်သည်။

"ဒယ်ဒီ. ."

"ဘာလဲ သမီး"

"သမီးအရင်အခန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . ဒယ်ဒီနဲ့ မျက်နှာချင်းဆိုင်အခန်းကို ရွှေ့ထားပေးတယ်"

"ကျေးဇူး ဒယ်ဒီ"

တန်ဖြာ တစ်ထစ်,တက်လိုက်သည်။ ရပ်လိုက်ပြန်သည်။

"ဩော်. . . ဒယ်ဒီ"

"ဘာလဲ သမီး"

"ဟို. . ဟိုလေ. ."

တန်ဖြာ စကားဆက်ရန် ခက်သွားသည်။

"ပြောလေ သမီး"

ဒယ်ဒီ အားမရစွာနှင့် လှေခါးရင်းအထိ လျှောက်လာပြီး မေးလိုက်သည်။

"မြစ်ကြီးနားတုန်းက သမီးရဲ့ကျောပိုးအိတ်ကော"

"ရှိတယ်. . . သမီးဗီရိုထဲမှာ"

"အား. . . တော်ပါသေးရဲ့"

ရင်တွင်း၌ ပြောပြီး ဘဝင်ကျသွားသည့်အလား သက်ပြင်းချပြီး ပြေးတက်ခဲ့သည်။

ဒယ်ဒီပြောသော တန်ဖြာ့အခန်းထဲ ဝင်ခဲ့သည်။ တတ်နိုင်သမျှ သစ်လွင်တောက်ပ သန့်ရှင်းပြီး စိတ်ကြည်နူးစေရန် ဖန်တီးပေးထားသည်။ နှင်းဆီရောင်စုံ အလှပန်းအိုးက တန်ဖြာစားပွဲပေါ်တွင် ဝံ့ထည်စွာ နေရာယူနေသည်။

လူကြီးပေးသော ပန်းစည်းကို သတိရကာ လွမ်းဆွတ်မှုဝေဒနာကြောင့် ရင်တွင်း နာကျင်မှု ဖြစ်ပေါ်လာသည်။

ဗီရိုကို ဖွင့်လိုက်သည်။ အဝတ်အစားများ အစီအရီ ရှိနေသည်။ ရယ်ဒီမိတ်အသစ်များလည်း တိုးပွားနေသည်။ ဗီရိုအောက်





ထပ်၌ ခရီးဆောင်အိတ်အသေးများ ရှိနေသည်။ ဂျင်းအိတ်ကလေး လျှော်ပြီး ခေါက်လျက်သား တွေ့ရသည်။

"ဒေါ်အုံး. . . ဒေါ်အုံးရေ"

ကြားပုံမလား။ အခန်းဝကို ပြေးထွက်ပြီး. . .

"ဒေါ်အုံး. . . မသန်း"

"ဒေါ်အုံး. ."

"မသန်း. ."

"ဝေ့. ."

"ရှန်. ."

ထူးသံများနှင့်အတူ ပြေးတက်လာသောခြေသံများကို ကြားလိုက်ရသည်။

"ဘာလဲ တန်ဖြာ"

"ဘာလိုချင်လို့လဲ မမလေး"

ပြိုင်တူမေးသံများနှင့်အတူ ဒေါ်အုံးနှင့်မသန်းက သူ့အား ကြည့်နေသည်။

ရုတ်တရက် တန်ဖြာ ဖြေရန် ခက်နေသလို ရှက်သလိုလိုလည်း ဖြစ်သွားသည်။ သို့သော် ကြာရှည်မအောင့်နိုင်ဘဲ. . .

"ပန်းထုပ်ရော"

"ဘာပန်းထုပ်လဲ"

ပြိုင်တူမေးပြန်သည်။

"ဂျင်းအိတ်ထဲက ပန်းခြောက်ထုပ်လေးကို မေးတာ"

"ဒယ်ဒီ သိမ်းပေးထားတယ် သမီး၊ အံဆွဲထဲမှာ ရှိတယ်"

ဘယ်အချိန်က ရောက်နေမှန်း မသိသော ဖခင်က အခန်းဝမှ လိုက်ကာကို အသာပင့်ကာ ဝင်ပြောလိုက်မှ တန်ဖြာ ဇက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ပုဝင်သွားသည်။

တော်သေးသည်။ ဖခင်က အမှုမဲ့အမှတ်မဲ့ မထားဘဲ သိမ်းဆည်းပေးထား၍ အကယ်၍ ရှုပ်လိုက်တာဟု ဆိုပြီး လွှင့်ပစ်လိုက်လျှင် တန်ခြာ ဆွေးရတော့မည်။

လူကြီးကိုယ်စား အမှတ်တရပစ္စည်းလေးများ ရှိနေခြင်းက အလွမ်းဖြေသိမ့်နိုင်မည်လား။ စိတ်ကူးယဉ်ဆန်ခြင်းလား၊ စွဲလန်းခြင်းလား မသိနိုင်သော မိမိကိုယ်မိမိ အံ့သြရသည်။

ဗီရိုအံဆွဲကို သော့ဖွင့်ပြီး ဆွဲကြည့်လိုက်သည်။ နှင်းဆီပန်းခြောက်များ ထည့်ထားသော ပလတ်စတစ်အိတ်ကလေးက သူ့အားနှုတ်ဆက်နေလေသည်။

"ကျွန်မ ဘာလုပ်ပေးရဦးမလဲ မမလေး"

မသန်းအသံထွက်လာမှ မသန်းနှင့်ဒေါ်အုံး ရှိနေခြင်းကိုသတိရကာ. . .

"ဩော်. . . ဘာမှမလိုတော့ဘူး၊ သွားနိုင်ပြီ"

"တန်ခြာ တစ်ခုခု သောက်မလား"

"အင်း. . . ကောင်းသားပဲ၊ ပက်စီသောက်ချင်တယ်"

ရင်ထဲ ပူနေသလိုလိုဖြစ်၍ တောင်းလိုက်မိသည်။ အမှန်တော့ အစားအသောက်သည်ပင်လျှင် တန်ခြာအတွက် အရေးမပါတော့သလို ဖြစ်နေမိသည်။

နှင်းဆီပန်းခြောက်အိတ်ကလေးကို ညင်သာယုယစွာ ကိုင်တွယ်ကြည့်လိုက်သည်။

ဖခင်ကို ကျေးဇူးတင်သွားသည်။ သမီးများ၏ကိုယ်ပိုင်အခွင့်အရေးအရ စွဲလန်းပိုင်ဆိုင်မှုကို မပိတ်ပင်သည့်အပြင် ထိန်းသိမ်း စောင့်ရှောက်ပေးထားသည်။





ပန်းခြောက်များကိုတောင် အခက်အခဲကြားက တယုတယ သိမ်းဆည်းထားသည်ဆိုကတည်းက ထိုပန်းခြောက်လေးများတွင် တန်ဖိုးမဖြတ်နိုင်သော အကြောင်းအရာများ ပါဝင်နေမည်ကို ဖခင်သိပေမည်။

တန်ခြာ ရှက်ပြုံးနှင့် ပန်းအိတ်ကလေးကို ပြန်ထည့်လိုက်သည်။

ရှက်နေ၍မရ။ ဒယ်ဒီကို မေးစရာတွေ အများကြီး ရှိနေသေးသည်။

လောလောဆယ်တော့ ခဏနားလိုက်ဦးမယ်။ အိပ်ရာပေါ်သို့ တန်ခြာ ပစ်လှဲချလိုက်သည်။

လင့်စင်ပေါ်က အိပ်ရာလေးကိုပင် လွမ်းမိလိုက်သေးသည်။

ခက်နေပြီ လူကြီးရယ်။ စိမ်းစိမ်းကားကား ပစ်ထားရက်လိုက်တာ။ နေစိမ့်လွန်းအားကြီးပါတယ်။

ပြီးတော့ ပြောင်းပြန်။

မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာရမယ်တဲ့လား. . . ။


ဝေးသေး. . . ။



www.burmeseclassic.com

www.burmeseclassic.com





(၂၇)

"တန်ဖြာ. . "

"ရှင်. . . ဒယ်ဒီ"

"မမယမုံနာဆီ သွားချင်သေးလား"

"မသွားတော့ပါဘူး"

မမယမုံနာအုတ်ဂူသို့ သွားရောက်ခြင်းသည် အဟောင်းမှ အသစ်တစ်ဖန် ဝေဒနာဖြစ်သွားနိုင်သည်။

"ဘေဘီလေးကိုလည်း ယမုံဘေးမှာပဲ ဂူသွင်းပေးလိုက်





တယ်၊ သူတို့သားအမိ တမလွန်ဘဝမှာ ဆုံစည်းရအောင်လေ"

ဒယ်ဒီက ရှာကြံပြီး ဖြေသိမ့်စကားဆိုနေသည်။ မမယမုံနာ သမီးလေးကို အမည်ပင် မပေးရသေး။ 'ဘေဘီလေး' ဟုသာ ခေါ်ခဲ့သည်။ လူ့လောကကို ဒုက္ခပေါင်းစုံကြားက ရောက်ရှိလာပြီး ရောဂါဝေဒနာများ ပိုက်ကာ ငိုခြင်း၊ အိပ်ခြင်း၊ ဆေးကို နို့ဘူးထက် ပိုသောက်ရခြင်းဖြင့် ခုနစ်လသာ အလည်ရောက်လာပြီး ထွက်ခွာသွားရှာသည်။

"ဘေဘီလေးလည်း ဝဋ်ကျွတ်သွားတာပေါ့ ဒယ်ဒီ၊ အသက်ရှင်နေရင်တော့ လူစဉ်မမီ၊ ဉာဏ်မမီတဲ့ဘဝမျိုးပဲ ရလိမ့်မယ်လို့ ဆရာဝန်ကြီးက သမီးကို ပြောလိုက်တယ်"

"ဒယ်ဒီလည်း သိပါတယ်၊ ဒါပေမယ့် ဒယ်ဒီလည်း အတတ်နိုင်ဆုံးတော့ ကြိုးစားပေးခဲ့တယ် သမီး၊ အထုံပါလာတော့လည်း မရဘူးပေါ့ကွယ်၊ ဒါထက် ဒယ်ဒီလည်း တိုက်တွေ ပစ်ထားရတာ ကြာပြီ. . . သွားကြည့်ဦးမှ၊ သမီးလိုက်ဦးမလား"

"မလိုက်တော့ဘူး ဒယ်ဒီ"

"ကျောင်းပြန်ဖွင့်ရင် သမီးပြန်တက်မယ် မဟုတ်လား"

"စဉ်းစားလိုက်ဦးမယ် ဒယ်ဒီ"

ဒယ်ဒီ မျက်ခုံးပင့်ကာ သူ့အား အကဲခတ်သလို လှမ်းကြည့်သည်။ တန်ဖြာ မသိကျိုးနွံပြုလိုက်သည်။ ပျော်ရွှင်ခြင်းကို ဟန်ဆောင်၍ပင် မပြုနိုင်သော တန်ဖြာအနေအထားကို ဖခင်ပီပီ ရိပ်မိနေလိမ့်မည်။

"ဒယ်ဒီ ဘယ်ဘက် သွားမလို့လဲ"

"ရုံးခန်းနဲ့ သုဝဏ္ဏာဘက်ပဲ ဒီနေ့ သွားမယ်၊ သမီး ဘာမှာဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



တန်ဖြာ စဉ်းစားလိုက်သည်။ မေးရကောင်းနိုး မကောင်းနိုးကို သူ မဆုံးဖြတ်တတ်။

"မှာစရာ မရှိရင် ဒယ်ဒီသွားမယ်"

ဒယ်ဒီက ထိုင်ရာမှ ထလိုက်သည်။ တန်ဖြာပါ လိုက်ထသည်။

"ဒယ်ဒီလည်း ဒီလက်ခံလက်စ တိုက်တွေ ပြီးရင် အနားယူတော့မယ်၊ သမီးရှေ့ရေးအတွက် ရှယ်ယာလောက်ပဲ ဝင်ထားပြီး အေးအေးချမ်းချမ်း ခမ္ပမိတ်ဆွေများနဲ့ တရားအားထုတ်မယ်၊ လှူဒါန်းစရာရှိ လှူဒါန်းမယ် စိတ်ကူးထားတယ်"

တန်ဖြာ ကြက်သီးများ ဖြာခနဲ ထသွားသည်။ ပီတိဖြစ်သွားခြင်းဖြစ်လိမ့်မည်။ ဖခင်၏ကျေးဇူးတရားကြီးမားမှုကို တန်ဖြာ နားလည်သည်။ ယခုလိုစကား ကြားရသောအခါ ဖခင်အတွက် ဂုဏ်ယူဝမ်းသာသောပီတိကို ခံစားလိုက်ရသည်။

အသက်(၆၀)စွန်းရုံသာ ရှိသေးသောဖခင်သည် နှစ်ပေါင်း (၄၀)ကျော် အိမ်ထောင်ဦးစီးတာဝန်ကို ကျေပွန်စွာ ထမ်းခဲ့ပြီးပေပြီ။ ယခုလည်း တန်ဖြာ တစ်သက်စားမကုန်အောင် စီမံပြီးမှ သံသရာအတွက် သူ့အတွက် အလုပ်လုပ်ရှာတော့မည်။ စိတ်တွင်းမှ သာဓုသုံးကြိမ် ချလိုက်မိသည်။

သူမေးလိုသောစကားအတွက် တွန့်ဆုတ်သွားမိလေသည်။ နှုတ်မှာ အာစေးထည့်ထားသကဲ့သို့ လေးလံသွားသည်။

ဒယ်ဒီ့လက်ဆွဲအိတ်ကို ကားပေါ် တင်ပေးပြီးသည့်တိုင်အောင် တန်ဖြာရပ်နေမိသည်။

"တန်ဖြာ. ."

"ရှင်. ."





"သမီး ဒယ်ဒီ့ကို ဘာမေးစရာရှိနေသလဲ"

"ဟို. ."

တန်ဖြာ မျက်နှာထူပူသွားသည်။ မိဘများသည် သားသမီးများ၏မျက်နှာကို ကြည့်ရုံနှင့် ရင်တွင်း ခံစားချက်ကို အကဲခတ်နိုင်စွမ်း ရှိကြသည်ထင်သည်။

"မေးစရာရှိ မေးလေ. ."

"ဟိုလေ. ."

မြီးကောင်ပေါက်လေးတစ်ဦးနှယ် တန်ဖြာ ရှက်ရွံ့နေမိသည်။ အားတင်းလိုက်သည်။ ဖခင်က အားပေးပြုံး,ပြုံးကာ. . .

"ဒယ်ဒီ့မှ မမေးရင် ဘယ်သူ့မေးမလဲ သမီး"

"ဟို. . . တန်ဖြာ မြစ်ကြီးနားမှာ အဖမ်းခံတဲ့အကြောင်း၊ ဆေးရုံတင်ထားတဲ့အကြောင်းတွေကို ဘယ်သူက ဒယ်ဒီကို သတင်းပေး ဆက်သွယ်သလဲ. . . အဲဒါ. . ."

ဝါကျချော်မွေ့ခြင်းမှ ဖြစ်ရဲ့လားမသိ။ တန်ဖြာစကားတို့ ထစ်ငေါ့နေသည်။

"မြစ်ကြီးနား ရဲစခန်းရုံးက စခန်းမှူးကိုယ်တိုင် အကြောင်းကြားပေးတာပဲ သမီး၊ ဘာဖြစ်လို့ မေးတာလဲ သမီး"

"ဟင်. . . ဘာမှမဖြစ်ပါဘူး"

တော်ထိပ်သို့ ကြိုးစားပမ်းစား တက်လာသောသူ၏ ခြေကုန်လက်ပမ်းကျမှုမျိုးကို တန်ဖြာ ခံစားလိုက်ရသည်။

မျှော်လင့်ချက် ကုန်ဆုံးသွားသကဲ့သို့ ဖြစ်သွားသည်။ ပစ်လှဲကာ ငိုချလိုက်ချင်သည်။

ဖခင်က ကားထဲ ဝင်ထိုင်လိုက်ပြီး ကားတံခါးကို ပိတ်လိုက်သည်။ ငိုချင်စိတ်ကို ဖုံးဖိရင် ကြိုးစားပြုံးနေသော တန်ဖြာမျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကို စေ့စေ့ကြည့်ကာ ပြုံးလိုက်သည်။

တန်ဖြာ ရင်ဆိုင်ရန် မဝံ့မရဲဖြစ်၍ မျက်လွှာချပြီး အိမ်ထဲ ပြန်ဝင်ရန် လှည့်လိုက်သည်။

"ဪ. . . သမီး"

တန်ဖြာ ခြေလှမ်းတွန့်လိုက်သည်။ ဖခင်ထံမှ ထွက်လာမည့်စကားကို စောင့်သည်။ ထွက်မလာသဖြင့် နောက်သို့ လှည့်ကာ ဖခင်ကို ရင်ဆိုင်လိုက်သည်။

"ဒယ်ဒီတို့ မြစ်ကြီးနားဆေးရုံ ရောက်တော့ သမီးကို ဂရုတစိုက် စောင့်ကြည့်နေတဲ့ လူတစ်ယောက်ကို တွေ့ခဲ့တယ်"

"ဟင်. . . ဟုတ်လား ဒယ်ဒီ"

ဝမ်းသာအားရ တန်ဖြာ မေးလိုက်မိသည်။ ရင်မှာ 'ဒိန်းတပ်တပ်' စစ်ချီနေပြီ။ ပျော်ရွှင်သွားမှုက ဖုံးဖိမရ။ မျှော်လင့်ချက်ရောင်နီများ ဖြစ်ထွန်းလာသည်။

"သူ. . သူ ဘယ်သူလဲဟင်"

"အဲဒါ ဒယ်ဒီက သမီးကို ပြန်မေးရမှာ"

"ဟင်. ."

အပျော်စမ်းချောင်းလေး တန့်သွားပြန်သည်။

"ဒယ်ဒီ့ကို သူ ဘာမှမပြောဘူးလား"

"ပြောတော့ ပြောတယ်"

စက္ကန့်များသည် ကြာရှည်စွာ ဖြတ်သန်းတတ်သည်ထင့်။ တန်ဖြာ စိတ်မရှည်ချင်တော့။

"ဘာ. . ဘာပြောလဲ ဒယ်ဒီ"

"တန်ဖြာမိတ်ဆွေ မုဆိုးကြီးပါ၊ တန်ဖြာမေးရင် ပြန်သွားပြီလို့သာ ပြောလိုက်ပါတဲ့၊ အဲဒီလိုပဲ ပြောပြီး ပြန်သွားတယ်"





"ဟင်. . . ဒယ်ဒီတို့ မတားဘူးလား"

တန်ဖြာက စိတ်ပျက်သွားပြီး အားမလိုအားမရ ဖခင်ကို အပြစ်ဆိုသံနှင့် မေးလိုက်မိသည်။

"တားသေးတယ်. . . အကျိုးအကြောင်း မေးမယ်လို့၊ ဒါပေမယ့် လုံးဝလှည့်မကြည့်ဘဲ ထွက်သွားတယ်၊ ဒယ်ဒီလည်း ဘာမှမတတ်နိုင်တော့ဘူး၊ တားဆီးလို့ ရမယ့်လူစားလည်း မဟုတ်ဘူး ထင်လို့ ဒယ်ဒီလည်း ဆက်မတားတော့ဘူး"

တန်ဖြာ အရုပ်ကြိုးပြတ် ပစ်လှဲချလိုက်ချင်သည်။ ငိုချင်းချ ငိုလိုက်ချင်သည်။

လူကြီးရက်စက်သည်။

"အဲ့ဒါကြောင့် သမီးကို ဒယ်ဒီက ပြန်မေးမယ်လို့ စိတ်ကူးထားတာ၊ အမှုကိစ္စ လုံးပန်းနေရတာနဲ့ မမေးဖြစ်သေးတာ"

"ဘာကိုလဲ ဒယ်ဒီ"

"သူ ဘယ်သူလဲ"

"တန်ဖြာကို ကူညီစောင့်ရှောက်ထားတဲ့ မိတ်ဆွေပါ"

"သူ့နာမည် ဘယ်သူလဲ"

တန်ဖြာ ငိုချင်ရက်လက်တို့ ဖြစ်သွားသည်။ မျက်ရည်များ ရစ်ဝဲလာသည်။

"မသိဘူး ဒယ်ဒီ"

"တကယ်မသိဘူးလား"

တန်ဖြာ ခေါင်းငုံ့လိုက်သည်။ မျက်ရည်တွေ ဖခင်မြင်မှာ စိုး၍။ သို့သော် မျက်ရည်ပွင့်နှစ်စက် တန်ဖြာခြေဖမိုးပေါ် ခုန်ဆင်းလာသည်။

"သမီးနဲ့ တစ်လလောက် အတူနေခဲ့တဲ့သူအကြောင်း သမီး



www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့တာ သမီးညံ့တာပဲ"

မိန်းမသားများ မာနအကြောင်းကို ဖခင် သိနိုင်မည် မဟုတ်သဖြင့် တန်ဖြာ ဘာမှပြန်မပြောလိုက်ပါ။ သို့သော်. . .

"ဒယ်ဒီကတော့ သိလိုက်တယ်"

"ရှင်"

တန်ဖြာ ခေါင်းပြန်ထောင်လာသည်။ မျက်ရည်ဝိုင်းသော မျက်လုံးအစုံသည် ရွှန်းလက်လာသည်။

ဒယ်ဒီက ပြုံးပြုံးကြီး တန်ဖြာကို စိုက်ကြည့်သည်။ ပြီးတော့ ခေါင်းကို ဆတ်ခနဲ ညိတ်ကာ. . .

"သူ့နာမည်က ထွဋ်ခေါင်တဲ့ သမီး၊ သူ့အကြောင်းတွေက"

ဒယ်ဒီက စကားကို ရပ်ကာ နာရီကို ငုံ့ကြည့်လိုက်သည်။

"ဟာ. . . အချိန်မရတော့ဘူး တန်ဖြာ၊ ဒယ်ဒီ သွားတော့မယ်၊ ပြန်လာမှ အေးအေးဆေးဆေး ပြောတာပေါ့"

တန်ဖြာ ဆွေ့ဆွေ့ခုန်သွားသည်။

"ဟာ. . . ဒယ်ဒီကလည်း နေပါဦး"

"မဖြစ်ဘူး. . မောင်ဆိုင်. . မောင်းတော့၊ ပြန်လာမှ သမီး. . . ဟုတ်. . ဟား. . ဟား"

ဖခင်က လက်မြှောက်ကာ ပြုံးရွှင်စွာဖြင့် ကားနှင့် ပါသွားသည်။

တန်ဖြာ ဆွေ့ဆွေ့ခုန်မတတ်ဖြစ်ရင်း ကျန်ခဲ့သည်။ ဖြစ်နိုင်လျှင် ဒယ်ဒီ့ကားနောက်က ပြေးလိုက်သွားချင်သည်။

"ဒယ်ဒီ အားကြီး ဆိုးတယ်၊ ဘာမှန်းလည်း မသိဘူး၊ သူများ သိချင်နေတာကို"

မကျေမချမ်း ပွစိပွစိ လုပ်လိုက်သည်။ ပြီးတော့ ဝမ်းသာစွာဖြင့် အိမ်ထဲ ပြေးဝင်ခဲ့သည်။ စိတ်တွင်း၌. . .





"ထွဋ်ခေါင်တဲ့လား"

"လူကြီးနာမည် ထွဋ်ခေါင်၊ လိုက်တယ် မာနထွဋ်ခေါင်ပဲ"

ပျော်ရွှင်မှုများ ပြန်လည်ရရှိလာသည်။

"ဒေါ်အုံးရေ. . . ဒေါ်အုံး"

"ဝေ့. . ဝေ့. ."

"ဒီနေ့ ဘာဟင်းချက်. ."

တန်ဖြာ မီးဖိုခန်းထဲ ပြေးဝင်ကာ ဒေါ်အုံးကို နောက်မှ သိုင်းဖက်ရင်း မေးလိုက်သည်။

"တန်ဖြာအကြိုက် ဆိတ်ကာလီစာလေ"

"ဟင့်အင်း. . . တန်ဖြာမကြိုက်တော့ဘူး"

"ဟင်. . ဒါဖြင့် ဘာကြိုက်သွားပြန်သလဲ"

"ဂျီသားဟင်း"

"ဂျီသားက ရနိုင်ပါ့မလား၊ ရှာတော့ ရှာကြည့်ဦးမယ်လေ"

"နေပါစေတော့. . . အလကား စတာ၊ ဘာချက်ချက် စားမယ်၊ ဂျီးမများတော့ဘူး"

ဘဝပေးသောသင်ခန်းစာများ တန်ဖြာ ရရှိခဲ့ပြီ။ ဒေါ်အုံး အပါးမှ ခွာခဲ့သည်။

"မသန်း"

"ရှင်"

"ငါလှန်းခိုင်းထားတဲ့ ကတ္တီပါဖိနပ်လေးကော"

မြမာလာ ကတ္တီပါဖိနပ်ကြိုးနီနီလေးသည် တန်ဖြာ၏ အမှတ်တရပစ္စည်းဖြစ်ကြောင်း မသန်းက မသိ။ နိုင်ငံခြားမှ တိုက်ရိုက်လာသော လေဒီရှူး ဝိတ်ကာဖိနပ်များကိုသာ စီးတတ်ခဲ့ပြီး ယောင်၍မျှပင် ဖုန့်မသုတ်ခဲ့သော တန်ဖြာသည် မြမာလာဖိနပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသုတ်ရုံမက ရေဆေးကာ. . .

"မသန်း. . . နေလှန်းပေး၊ တစ်နေ့လုံး နေပူမယ့်ဆီ ရွှေ့လှမ်းပေးနော်၊ ခြောက်ရင် ငါ့ကို ပြန်ပေး"

ဟု ဆိုခဲ့သည်။

မသန်း တအံ့တဩ ဖြစ်ခဲ့သော်လည်း ဘာမှပြန်မပြောရဲသဖြင့် ခိုင်းသည့်အတိုင်းသာ လုပ်ပေးခဲ့သည်။

ဆေးရုံမှထောင်၊ ထောင်မှ ရုံးချိန်းထုတ်တိုင်း စီးခဲ့ရသော ဖိနပ်ကလေးဖြစ်၍ အမှတ်တရ ဖြစ်နေခြင်းထက် လူကြီးကိုယ်တိုင် ဝယ်ယူပြီး သူ့ရှေ့ ဒူးထောက်ကာ သူ့ခြေထောက်ကို ဆွဲယူစီးစေခဲ့သောဖိနပ်ဖြစ်ခြင်းကြောင့် အမြတ်တနိုး အမှတ်တရ သိမ်းဆည်းထားလိုခြင်းက ပိုလေသည်။

သူ့ဘဝ အကျဉ်းစံဘဝ ဆူးခင်းလမ်းကို လူကြီး၏မေတ္တာတရားဖြင့် ဝယ်ပေးသော ဤဖိနပ်လေးဖြင့် လျှောက်လှမ်းခဲ့ရခြင်းကပင် အားအင်တစ်ရပ် ရရှိစေခဲ့တတ်ကြောင်းကို မိမိသာလျှင် အသိဆုံးဖြစ်ခဲ့သည်။

"ရော့. . . မမလေး ခြောက်သွားပြီ"

"အိုကေ. ."

ဖိနပ်လေးကို တယုတယ ကိုင်ကာ အပေါ်တက်ခဲ့သည်။ အဝတ်ဗီရိုထဲမှ အကျီထည့်ထားသော ပလတ်စတစ်အိတ်တစ်လုံးကိုယူ၊ ပရုတ်လုံးထဲမှ ပရုတ်လုံးနှစ်လုံးကို ယူပြီး ဗီရိုပြန်ပိတ်လိုက်သည်။

ဖိနပ်ကို ပလတ်စတစ်အိတ်ထဲ ထည့်ပြီး ပရုတ်လုံးပါ ထည့်လိုက်သည်။ ထို့နောက် မှန်တင်ခုံနား၌ ထောင်ထားလိုက်သည်။

အိပ်ရာပေါ် လှဲကာ ဖိနပ်ရှိရာ လှမ်းကြည့်လိုက်သည်။





လူကြီး၏ရုပ်သွင် ရစ်ဝဲပေါ်လာသည်။

"နေနိုင်လိုက်တာ. . . အသည်းမရှိတဲ့အတိုင်းပဲ"

တွေးမိကာ လွမ်းမျက်ရည်များ သီသီဝေ့လာသည်။

"ထွဋ်ခေါင်ဆိုတဲ့လူကြီးရယ်. . . မာနထွဋ်ခေါင် တက်နေသလား၊ အချစ်စစ်မှာတော့ မာနမထားသင့်ပါလား"

တန်ဖြာ တီးတိုးညည်းတွားလိုက်သည်။ တစ်ဦးတည်း နေရခြင်းက အလွမ်းပိုလာသည်။

တန်ဖြာ တယ်လီဖုန်း ကိုင်ကာ ခလုတ်နှိပ်လိုက်သည်။

"ဟဲလို. . . ဒယ်ဒီလား"

"ဟုတ်တယ် သမီး. . . ဘာကိစ္စရှိလို့လဲ"

တန်ဖြာ ပြုံးဖြီးဖြီးနှင့်. . .

"ဟို. . လူကြီး၊ အဲ. . ထွဋ်ခေါင်အကြောင်း သိချင်လို့ပါ ဒယ်ဒီ"

"ဒယ်ဒီ အခုပဲ အပြင်ထွက်မလို့ မောင်ဆိုင်တောင် ကားစက်နှိုးနေပြီ သမီး"

"ဟင်. . . ဒယ်ဒီကလည်း၊ ခဏလေးပဲဟာ"

"ဖုန်းနဲ့ ပြောလို့မကောင်းဘူး၊ ပြီးတော့ ခဏလေး ပြောလို့လည်း မပြီးဘူး၊ ဒါပဲနော်. . . ဒယ်ဒီသွားလိုက်ဦးမယ်"

"ဂျလောက်"

ဒယ်ဒီ ဖုန်းချသွားလေပြီ။ တန်ဖြာ ဖုန်းခွက်ကို ကိုင်ရင်းမှ ရင်တွင်း ခိုးလိုးခုလု ဖြစ်ကျန်ခဲ့သည်။

"သိချင်မှန်း သိလို့ ဒယ်ဒီ အားကြီး ဈေးကိုင်တယ်၊ နေပါစေ. . . မမေးတော့ဘူး"

ဆုံးဖြတ်သလို ပြောပြီး ဖုန်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီး. . . တန်ခြာအဖြစ်တွေ မြင်လှည့်စမ်းပါဦး၊ လူကြီးကတော့ ဘာလုပ်နေသလဲ၊ အမဲလိုက်ရင်း ပျော်နေမှာပေါ့ ဟုတ်တယ်. . . သူက မုဆိုးပဲ၊ မုဆိုးဆိုတာ တောလိုက်နေရရင် ပျော်နေမှာပါ၊ မေ့မယ်. . . တန်ခြာကို ဥပေက္ခာပြုထားရက်တဲ့ လူကြီးကို မေ့ထားတာ အကောင်းဆုံးပဲ"

စိတ်တွင်း ဆုံးဖြတ်ချက် ချပြီး အိပ်ရာထက် မှောက်အိပ်လိုက်သည်။ မျက်လုံးမှိတ်ထားသည့်ကြားက မျက်ရည်စက်တို့သည် အတင်းတိုးထွက်လာသည်။

အချစ်သည် မေ့ထား၍ရနိုင်ကောင်းသောအရာ မဟုတ်ပေ။







(၂၈)

"ဘယ်လိုလဲ မစ္စတာဟာတ်ရဲ့၊ အခုတလော အမဲလိုက်ထွက်တာ မတွေ့ရပါလား"

ကိုကြည်မောင်နှင့် မုဆိုးအချို့ သူ့လင့်စင်အောက်မှ လှမ်း၍နှုတ်ဆက်လိုက်သည်။

ထုံးစံအတိုင်း ကိုကြည်မောင်သည် အပြစ်လုံးဝကျူးလွန်ထားခြင်း မရှိသည့်လူ၏ဟန်ပန်မျိုးနှင့် ရှိနေချေသည်။ ဟန်ဆောင်ကောင်းသောလူတစ်ယောက်ပင်။

"အေးဗျာ. . . ခုတလော ပျင်းတာနဲ့ မလိုက်ဖြစ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဆီက ပျင်းတယ်ဆိုတဲ့စကား ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

"အမှန်တော့ ပျင်းတာ မဟုတ်ဘူးဗျ. . . လွမ်းနေတာ၊ ကျုပ်ချစ်သူကို ကျုပ်လွမ်းနေလို့ ဘာမှမလုပ်ဖြစ်ဘဲ အရက်သောက်လိုက်၊ စားလိုက်၊ အိပ်လိုက်နဲ့ ဇရက်မင်းစည်းစိမ် ခံနေတာ၊ အလွမ်းအရသာကို ရင်ကွဲပြီး ခံစားနေတာပဲဗျ၊ ခင်ဗျားလို သွေးသားအပေါ်ယံအလှကို ချစ်တတ်တဲ့လူမျိုးကို ပြောလည်း နားလည်မှာမဟုတ်ဘူး၊ ကျုပ် တန်ဖြာကို ချစ်တဲ့အချစ်က သူ့အလှလည်း မဟုတ်ဘူး၊ သူ့အသွေးအသားလည်း မဟုတ်ဘူး၊ သူ့ရဲ့နှလုံးသားထဲက ပေါက်ဖွားလာမယ့် အချစ်ကို လိုချင်လို့ ကျုပ် မနေတတ်မထိုင်တတ်ဖြစ်နေတာ၊ လွမ်းတယ်ဗျာ. . . ကျုပ်ချစ်သူကို သိပ်လွမ်းနေတယ်"

ဟု ရင်တွင်းစကားများကိုသာ ဆိုနေသည်။

"လာစမ်းပါ မစ္စတာဟတ်ရာ၊ ကျွန်တော်တို့နဲ့ ပျော်ပျော်ပါးပါး လိုက်ခဲ့စမ်းပါ၊ ဇော်ဂန်တို့အိမ်မှာ မနက်ဖြန် ဆွတ်မနော‌ပွဲကျင်းပ,မလို့တဲ့၊ ခင်ဗျားကို ဖိတ်ခိုင်းလိုက်တယ်"

"အေးဗျာ. . . မနက်ဖြန် လာချင်တဲ့စိတ် ရှိရင်တော့ လာခဲ့မယ်၊ အခုတော့ ကျုပ်ရေချိန်ကိုက်နေတယ်"

ဆွတ်မနောပွဲဆိုသည်မှာ ဥစ္စာခနေ တိုးပွားကြွယ်ဝလာသည့်အခါ ကျင်းပသည့် ပွဲအမျိုးအစားဖြစ်သည်။ ခေါင်ရည် အဝသွားသောက်ပြီး မူးမူးနှင့် လိုက်ကရလျှင် ကောင်းမည်လား စဉ်းစားမိသေးသည်။

"လုပ်လှချည်လား ဆရာသမားရဲ့၊ မယားကို လွမ်းတာနဲ့အရက်ကြီးပဲ ဖိသောက်နေသလား"

"ဟုတ်တယ် ကိုကြည်မောင်၊ ချစ်တတ်တဲ့ ကျုပ်နှလုံးသား





ကို အရက်နဲ့ စိမ်နေတာ၊ ခံနိုင်ရည် ရှိလာမလားလို့"

"ရှုပြီလားဗျ"

"ပိုလွမ်းလာတယ်ဗျာ. . . ဟား. . . ဟား"

သူ မူးမူးနှင့် အော်ရယ်လိုက်သည်။

"လာလေ. . . သောက်ကြဦးမလား"

"အချိန်မရတော့ဘူး. . . သည်ကောင်ကြီး ဖျက်ရဦးမယ်၊ သွားလိုက်ဦးမယ်၊ လာဖြစ်အောင် လာဗျာ"

"ကြိုးစားမယ်ဗျာ"

ကိုကြည်မောင်တို့လူသိုက်သည် ကျားသစ်တစ်ကောင်ကို ဝါးလုံးလျှို ထမ်းလျက် ထွက်ခွာသွားလေသည်။

တိတ်ဆိတ်ခြင်း ကြီးစိုးသွားသည်။

လူ့လောကကြီး၌ အခိပ္ပါယ်မဲ့စွာ သူ ပြုမူနေထိုင်နေမိပြီလား။ သူ ဝရန်တာလေးတွင် ထိုင်ရင်း စဉ်းစားလိုက်သည်။

တန်ဖြာ မကြိုက်ဘူး ထင်သဖြင့် သူ တောလိုက်ထွက်မည်ဟု ထွက်ခွာသွားပြီးတိုင်း ကျည်တစ်တောင့်မှ မဖြုန်းဘဲ ပြန်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သားကောင်ကို ချိန်ပြီးတိုင်း. . .

"ငရဲကြီးမှာပေါ့"

ဟု ပြောခဲ့ဖူးသည့် တန်ဖြာ့အသံလေးကို ကြားယောင်လာပြီး သူ သားကောင်ထမ်း ပြန်လာတိုင်း မဝံ့မရဲနှင့် တွန့်ဆုတ်နေတတ်သော တန်ဖြာပုံရိပ်သည် သူ့ကို ဟန့်တားနေသဖြင့် သူ သားကောင်များကို ဘေးမဲ့ပေးကာ နောက်ကြောင်းပြန်လှည့်လာခဲ့သည်ချည်းပင်။

"မင်း ကျုပ်ကို အနိုင်ကျင့်လှချည်လား တန်ဖြာ၊ ကျုပ်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကမောက်ကမ ဖြစ်သွားအောင် မင်းလုပ်ထားတယ်၊ ကျုပ်ဆီ လည်း မင်းပြန်မလာပါဘူး”

သူတစ်ယောက်တည်း သူရူးတစ်ယောက်ပမာ ရေရွတ် လိုက်သည်။

“မင်း ကျုပ်ဆီ ဘာဖြစ်လို့ ပြန်မလာတာလဲ”

“ဝုတ်. .”

ဂုမ္ဘာန် သူ့ကို မော့ကြည့်ပြီး ဟောင်လိုက်သည်။

“မင်းသခင်မ ကျုပ်ကို မုန်းသွားပြီထင်တယ်”

“ဝုတ်. .”

“မင်းကော မလွမ်းဘူးလား”

“ဝုတ်. . ဝုတ်. .”

“လွမ်းတယ်. . . မင်းလွမ်းတာက နည်းနည်းပါ၊ ငါလွမ်း တာကလေ. . . ငါ့အသည်းတွေ ကြေပျက်ကုန်ပြီ ထင်တယ်၊ သူ့အမူ က လွတ်နိုင်တဲ့အမှုပါ၊ ခုလောက်ဆိုရင် သူလွတ်နေပြီကွ၊ ဒါပေမယ့် ငါ့ဆီ မလာဘူး၊ ဘာဖြစ်လို့ မလာသလဲလို့ မင်းထင်သလဲ၊ ပြောစမ်း မင်းထင်တာ ပြောစမ်း ဂုမ္ဘာန်”

ဂုမ္ဘာန်လည်ဆံမွေးကို ပွတ်ပေးရင်း ဂုမ္ဘာန်ဘေးတွင် လဲ လျောင်းချလိုက်သည်။

“အိ. . . အိ”

ဂုမ္ဘာန်က သူ့ကို ခေါင်းနှင့် တိုးဝှေ့ကာ နှစ်သိမ့်ပေးနေ သည်။

“ငါသိတယ် ဂုမ္ဘာန်၊ ငါ့လို လူကြမ်းမုဆိုးကြီးကို သူ ဘယ်ယူ ရဲမလဲ”

“ဝုတ်. .”





“နောက်ပြီး အရက်အိုးကြီးလို့ သူထင်မှာပဲ၊ ငါက သူ့ကို ဂရုမစိုက်ဘဲ အရက်သောက်မိတာကိုး၊ ဒါကလည်း သူနဲ့ ပတ်သက် ပြီး စိတ်လှုပ်ရှားမိလို့ သောက်မိတာပါကွာ၊ ငါ့ကို အရက်အိုးကြီးလို့ ထင်ပြီး စိတ်ပျက်သွားပြီလား မသိဘူး၊ မင်း ရှင်းမပြလိုက်ဘူးလား ဂုမ္ဘာန်၊ ငါ အရက်ကို ကြိုက်လို့ သောက်တာ မဟုတ်ဘူး ဟိုတုန်းက အဲ. . မင်းသခင်မနဲ့ မတွေ့ခင်တုန်းက သိပ်အေးလာတဲ့အခါမှ သောက်တယ်၊ မင်းသခင်မ ရောက်လာကော့ စိတ်လှုပ်ရှားတဲ့အခါ မှာ သောက်ပြီးအိပ်လိုက်တယ်၊ အခုသောက်တာက သူ့ကို လွမ်းလို့ အလွမ်းပြေမလားလို့ သောက်တာပါကွာ၊ ဒီအကြောင်းတွေ မင်း သွားပြောပေးပါလား”

“ဝုတ်. . . ဝုတ်”

“သူ မကြိုက်တဲ့အရက် မသောက်နဲ့၊ သူ့ခဲအိုအရက်သမား ယစ်ထုပ်ကြီးကို မုန်းသလို ငါ့ကိုမုန်းလိမ့်မယ် ဟုတ်လား၊ ဟုတ်နိုင် တယ်. . . ငါ မသောက်တော့ဘူး၊ ဒါဖြင့် မနက်ဖြန် ဇော်ဂန်တို့ မနော့ပွဲကို ငါ အရက်တွေ သွားဝေငှပစ်လိုက်မယ်၊ ခေါင်ရည်က လည်းမှူး အရက်လည်း မှူးကြပေါ့”

သူသည် အရူးတစ်ယောက်လို ခံစားချက်များကို ဂုမ္ဘာန်ကို ဖွင့်ဟလိုက်ပြီး ဝရန်တာလေး၌ အိပ်ပျော်သွားလေသည်။


အိပ်ပျော်ခြင်းသည် သူ့အတွက် ခေတ္တမျှတော့ အလွမ်း ထွက်ပေါက်လေးဖြစ်ရသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## (၂၉)

"မမေးတော့ပါဘူး" ဟု ဆုံးဖြတ်ထားသဖြင့် တန်ဖြာ ငြိမ်သက်နေရသည်။ သို့သော် ရင်တွင်း၌ ဂနာမငြိမ်တော့။

ဖခင်ကလည်း တန်ဖြာခံစားချက်ကို မသိလေရော့သလား။ သို့တည်းမဟုတ် တန်ဖြာအမေးကိုပဲ စောင့်နေရော့သလား။ သို့မဟုတ် တမင်ဥပေက္ခာပြုထားလေတာလား။ တန်ဖြာ မသိနိုင်ပြီ။

ဖခင်က ထမင်းစားသောက်ပြီး သတင်းစာ ဖတ်ပြီးသွားသည့်တိုင်အောင် စကားစမလာသေးဘဲ စာအုပ်ဗီရိုထဲမှ ဘုရားစာအုပ်တစ်အုပ်ကို ရှာဖွေနေပြန်သည်။





"ဒုက္ခပါပဲ" တန်ဖြာရင်တွင်း ညည်းတွားလိုက်သည်။ လက်ထဲမှ မဂ္ဂဇင်းစာအုပ်မှ စာများကိုလည်း မမြင်ချင်တော့။

ဒယ်ဒီကို စိတ်ကောက်ချင်လာပြီ။ သက်သက်လုပ်နေတာ။

တန်ဖြာစိတ်ကို ဒယ်ဒီ မသိဘဲ နေမည်မဟုတ်။ သိနေလို့လည်း လူကြီးအကြောင်းကို ဒယ်ဒီစုံစမ်းထားခြင်းဖြစ်မည်။

"ဒယ်ဒီ. ."

"ဘာလဲ သမီး"

"တန်ဖြာ အပြင်သွားကြည့်ဦးမယ်"

"ရှစ်နာရီတောင် ထိုးပြီးနေပြီ. . . ဘယ်သွားမလို့လဲ"

တန်ဖြာ နှုတ်ခမ်းအနည်းငယ် စူနေသည်ကို ဒယ်ဒီ မသိမဟုတ်၊ သိမည်။ တန်ဖြာအလိုမကျ၍ ရမယ်ရှာကာ အပြင်ထွက်မည်ဆိုသည်ကိုလည်း သိမှာပါ။ ဒယ်ဒီက ပါးသည်မှ လှစ်နေသည်။

"သက်သက်တို့အိမ်"

"အရေးကြီးလို့လား. . . ဖုန်းဆက်ပြောလည်း ရသားနဲ့"

"ပျင်းလို့"

"ဗွီဒီယို ကြည့်ပါလား"

"ကြည့်ချင်ဘူး"

"ဘာဖြစ်လို့လဲ. . . အခွေတွေ မကြိုက်လို့လား၊ ဒါဖြင့် ကြိုက်တဲ့အခွေပြော၊ ဒယ်ဒီ မောင်ဆိုင်ကို ငှားခိုင်းလိုက်မယ်"

"မကြည့်တော့ဘူး. . . သွားလည်း မသွားတော့ဘူး၊ အိပ်ပဲအိပ်တော့မယ်၊ အိပ်နေတာ အကောင်းဆုံးပဲ"

ဖခင်ကို အလိုမကျ၍ ဆိုးနွဲ့မိသည်။ ထိုအခါ ဖခင်အ ပြုံးပြုံးကြီး လုပ်ကာ တန်ဖြာကို မျက်မှန်ချွတ်၍ကြည့်လိုက်သည်။

တန်ဖြာ ငိုချင်နေပြီ။ စိတ်လည်း ကောက်နေပြီ။ တန်ဖြာ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးရမှာ ရှက်လို့ မမေးခြင်းကိုလည်း ဒယ်ဒီ သဘောပေါက်သင့်သည်ပေ့ါ။ ဖခင်တစ်ဦးက သမီးဖြစ်သူ သူ့ချစ်သူအကြောင်း ထပ်ခါတလဲလဲ မေးရခြင်းမှာ ဘယ်လောက် မျက်နှာပူစရာကောင်းသော အလုပ်ပါလဲ။

တန်ဖြာ မဂ္ဂဇင်းကို ပစ်ချပြီး အပေါ်တက်ရန် ထွက်ခဲ့သည်။

"တန်ဖြာ. ."

လှေကားထစ် ရောက်မှ ဒယ်ဒီက လှမ်းခေါ်သည်။

တန်ဖြာ ရပ်လိုက်သည်။ ထူးတော့ မထူး။

"ဟား. . . ဟား. . . ဟား"

ဒယ်ဒီက ရယ်မောပြီး သူ့ဆီ လျှောက်လာသည်။ တန်ဖြာ ငိုချင်နေပြီ။

"သမီး. . ဒယ်ဒီ့သမီးပါ"

တန်ဖြာ မျက်နှာလည်း ပူလာသည်။ ဖခင်ရှေ့၌ ချစ်သူအတွက် ယောက်ယက်ခတ် ဂနာမငြိမ် ခံစားနေရခြင်းအတွက် ရှက်ရွံ့စွာ ခံစားလာရသည်။

"သမီး ဘယ်လိုခံစားနေရတယ်၊ ဘာတွေသိချင်နေတယ် ဆိုတာ ဒယ်ဒီသိပါတယ်၊ သမီးစိတ်ကောက်တာ မတွေ့ရတာကြာလို့ ဒယ်ဒီ စ,လိုက်တာ"

တန်ဖြာ စူနေသောနှုတ်ခမ်း လျော့ကျသွားသည်။ နှုတ်ခမ်းလေး ကွေးညွတ်ကာ ပြုံးလာသည်။ သို့သော် မျက်နှာလေး မီးဟပ်ခံရသည့်နှယ် ပူနေသည်။

"ရော့. . . သမီး"

တန်ဖြာ လှည့်ကြည့်လိုက်သည်။ ဖခင်က သားရေအနက်





ရောင်ဖုံးနှင့် မှတ်တမ်းစာအုပ်တစ်အုပ်ကို လှမ်းပေးသည်။

တန်ဖြာ ရုတ်တရက် နားမလည်နိုင်သေး။ ကြောင်သွားသဖြင့် လှမ်းမယူမိ။

"မောင်ထွန့်ခေါင်အကြောင်း ဒယ်ဒီပြောပြတာထက် သူကိုယ်တိုင် ရေးတဲ့ဒိုင်ယာရီကို ဖတ်ကြည့်ရင် ပိုပြီးမှန်ကန်ပြည့်စုံလိမ့်မယ်"

"ဟင်. ."

အံ့အားသင့်ခြင်းကြီးစွာဖြင့် ဖခင်ကို မျက်လုံးအဝိုင်းသား တန်ဖြာ ကြည့်နေမိသည်။

"စီးပွားရေးထဲမှာ လောဘတကြီး နှစ်မြှုပ်ခဲ့မိပြီး သမီးတွေအပေါ် မိခင်နေရာပါ ယူပြီး မအုပ်ချုပ်နိုင်ခဲ့တဲ့ ဒယ်ဒီအပြစ်ကြောင့် ယမုံနာ ဘဝဆုံးခဲ့ရတယ်၊ သမီးဘဝလည်း ကံကောင်းလို့ ရေတိမ်မနစ်ခဲ့ရတာတွေဟာ ဒယ်ဒီပေ့ါဆမှုကြောင့်လို့ ဒယ်ဒီယူဆတယ်၊ ဒါကြောင့် ဒယ်ဒီဘဝမှာ တွယ်တာစရာဆိုလို့ သမီးတစ်ယောက်တည်း ရှိတဲ့နောက် သမီးရဲ့ဘဝအတွက် ဖခင်နေရာရော မိခင်နေရာကော. . အဲ. . သူငယ်ချင်းနေရာပါ ဒယ်ဒီ ယူပြီး လေ့လာရတယ်၊ ယမုံနာလို အဖြစ်မျိုး လုံးဝအဖြစ်မခံနိုင်ဘူး၊ သမီး အဖျားကြီးပြီး သတိလစ်နေစဉ်မှာ တမ်းတမ်းတတ ယောင်တဲ့ 'လူကြီး' ကို အခြေခံပြီးတော့ ဒယ်ဒီလိုက်စုံစမ်းရတော့တာပဲ"

တန်ဖြာ ခေါင်းကလေး ငုံ့ရင်း နားထောင်နေလိုက်သည်။ လှေခါးရင်းလက်တန်းက ဘုလုံးကို အမိပွါယ်မဲ့ လက်သည်းနှင့် ကုတ်ခြစ်နေမိသည်။ မီးပုံထဲ ထိုင်နေရသလိုပါပဲလား။ မျက်နှာလွှဲလိုက်တာ။

"မောင်ထွန့်ခေါင်ရဲ့အဖေဆီက ရခဲ့တဲ့ ဒိုင်ယာရီပါ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို ပြဖို့ ဒယ်ဒီ ခေတ္တငှားခဲ့တာ၊ သမီးဖတ်ပါ၊ ဖတ်ပြီးမှ သမီးဆုံးဖြတ်ပါ၊ အဲ. . . သမီးဆုံးဖြတ်ချက်ကိုတော့ ဒယ်ဒီကို အရင်ဦးဆုံး ဖွင့်ပြောရမယ်"

တစ်သက်နှင့်တစ်ကိုယ် မခံစားဖူးသောဝေဒနာရပ်တို့ တန်ခြာတစ်ကိုယ်လုံး ပျံ့နှံ့ခံစားနေရသည်။ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ ရောထွေးနေသည်။

"ရော့. . . ယူလေ သမီး"

ဖခင်ကို မဝံ့မရဲ ကြည့်ကာ စာအုပ်ကို ရိုသေစွာ လှမ်းယူလိုက်သည်။

ဖခင်က နှစ်သိမ့်ပြုံး ပြုံးကာ. . .

"ဒယ်ဒီကို ရှက်စရာ မလိုဘူး၊ ဒါ သဘာဝတရားပဲ၊ သမီး သေသေချာချာ ဖတ်ပြီး ခေါင်းအေးအေးထား စဉ်းစားဆုံးဖြတ်ပါ ကိုင်း. . သွား. . သွား"

ဖခင်ပြောပြီး ပြန်လှည့်ထွက်သွားသည်။ တန်ခြာ စာအုပ်ကလေးကို ကြည့်ပြီး ရင်ထဲ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလိုက်ရသဖြင့်. . .

"ကျေးဇူးတင်ပါတယ် ဒယ်ဒီ"

ဟု ပြောပြီး လှေကားထစ်များကို ခြေထောက်နှင့် ထိတွေ့ခြင်း ရှိမရှိပင် မသိတော့ဘဲ ပြေးတက်ခဲ့သည်။

"လူကြီး" အကြောင်း သိရတော့မည်။

နာမည်တောင် ကပ်စေးနည်းတဲ့လူကြီး၊ ခုတော့ ဘာတတ်နိုင်သေးသလဲ၊ နာမည်တင်မက လူကြီး၏ကိုယ်ရေးရာဇဝင်ကိုတောင် သိရတော့မည်။

တန်ခြာ အိပ်ခန်းတံခါးကို ပိတ်ကာ စာအုပ်ကလေး ရင်





ဝယ် ပိုက်ကာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

မိမိဘဝကို စိုးမိုးအနိုင်ယူနေတဲ့လူကြီး၏ဘဝသည် လူတို့ကို စွန့်ခွာပြီး တောတွင်း၌သာ နေရအောင် အဘယ်မျှ ဆိုးရွားနေပါသနည်း။

တန်ခြာ ဒိုင်ယာရီ ပထမ စာမျက်နှာကို ဖွင့်ဟလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





## (၃၀)

"အမေ"

ဟုတ်သည်၊ အမေပါ။ မမှတ်မိစရာ အကြောင်းမရှိ အမေ့ဘယ်ဘက်ပါးပြင်၌ ထင်းခနဲ ရှိနေသော စံပယ်တင်မှဲ့က သက်သေခံနေသည်။ စီးကရက် လက်ကြားက မချဘဲ လှပစွာ ဖွာရှိုက်နေသော အမေ့ဟန်ပန်သည် ယခင်အတိုင်းပင်။ အမေ့ဘေး၌ ယှဉ်တွဲလိုက်ပါသွားသော လူကြီးတွေကတော့ အမြဲပြောင်းလဲနေတတ်သည်။

ရှက်ဒေါသဖြင့် မျက်ရည်များ ရစ်ဝဲလာရသည်။ ငါသိ





သည်၊ ငါ့မျက်နှာပြင်တစ်ခုလုံး နီရဲနေတော့မည်။ အမေ့အမွေအနှစ်ဖြစ်သော ငါ့မျက်နှာသည် ချောသည်။ ငါ့အသားသည် ဖြူဖွေးသည်။ ဒေါသဖြစ်လျှင်ဖြစ်စေ၊ ရှက်လျှင်ဖြစ်စေ၊ နီရဲသွားတတ်အောင် ဖြူသည်။

"မောင်. . ဘာဖြစ်လို့လဲ"

ဒေစီ၏အမေးကို ငါက. . .

"ခေါင်းကိုက်လာတယ် ဒေစီ၊ အိမ်ပြန်ချင်ပြီ၊ ရုပ်ရှင်မကြည့်တော့ဘူး"

ဟု ပြောလိုက်သည်။ အမေ့မျက်နှာနှင့် တူသော ငါ့မျက်နှာကို ဖျက်ဆီးပစ်ချင်လောက်အောင် ငါခံစားနေရသည်။ ငါ ဘာကိုမှ ဆက်မလုပ်ချင်တော့။

"ဒါဖြင့်လည်း မောင်ပြန်လေ၊ ဒေစီကို လက်မှတ်ပေးထားခဲ့၊ ဘွတ်ကင်က ခဲရာခဲဆစ် လုပ်ထားရတာ နှမြောစရာကြီး၊ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ ကြည့်လိုက်မယ်"

ဒေစီကို အံ့အားသင့်ရသည်။ ဒါလား ချစ်သူ။ သို့သော် ငါ ဘာမှမပြောဘဲ ဘွတ်ကင်လုပ်ထားသော လက်မှတ်တို့ကို ပေးပြီး စကော့ဈေး၌ သူ့ကို ထားခဲ့ကာ ပြန်ခဲ့သည်။

ကားကို ဂရုတစိုက် မောင်းရင်း ရင်မှာ နာကျင်မှုဝေဒနာကြောင့် မျက်ရည်များ ဝဲနေသည်။

"အမေ"

အသက်လေးဆယ် ရှိရောပေါ့၊ တည်ငြိမ်သင့်ပါပြီ၊ အတည်တကျ ယောကျ်ားတစ်ဦးဦးကိုတော့ ယူသင့်ပါပြီ။

ခံစားရသောဝေဒနာတို့ကို သူငယ်ချင်းတွေကို ပြောရမှာလည်း ရှက်စရာကောင်းသည်။ ချစ်သူကိုလည်း ဖွင့်မပြောချင်။



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးကြမည်ကို ငါစိုးရိမ်သည်။ ထို့ကြောင့် ငါခံစားနေရသော ခံစားမှု မှန်သမျှကို ဤဒိုင်ယာရီနှင့်သာ ဖွင့်လှစ်လိုက်သည်။

ဤဒိုင်ယာရီလေးသာ ငါ၏ခံစားမှု ဟစ်တိုင် ထွက်ပေါက်ကလေးပါ။

စာကျက်၍မရတော့။

ငါငယ်စဉ် မှတ်မိလောက်သည့်အရွယ်က အမေ့ကို ပြန်မြင်ယောင်မိသည်။

အမေသည် အဖေ ခရီးထွက်သွားတိုင်း သူတစ်ယောက်တည်း မအိပ်။ အဖေ့အိပ်ယာ၌ လူတစ်ယောက် အမြဲရှိနေတတ်သည်။

"နင့်အဖေကို ပြန်မပြောနဲ့၊ ပြောရင် ဒါကြည့်ထား"

လိပ်ကျောက်မီးကို ယမ်းပြသောအမေ့ကို ငါငယ်စဉ်ကတည်းက ကြောက်ခဲ့သည်။ အမေသည် ငါ့ကိုတော့ တစ်ခါမျှ မရိုက်ပါ။ သို့သော် အိမ်ဖော်များကို ရိုက်သည်ကိုတော့ ငါမြင်ရသဖြင့် ကြောက်လန့်ကာ ငါမမေးခဲ့၊ အမေနှင့် ဝေးရာ၌သာ ငါနေခဲ့သည်။

အကျင့်စာရိတ္တ ယုတ်ညံ့ပျက်စီးသော မိန်းမတစ်ယောက်၏သားဖြစ်ရခြင်းကို အနာကြည်းဆုံး၊ အမုန်းတီးဆုံးပင်။

ငါ ခုနစ်နှစ်သားအရွယ်မှာ လော်လီဖောက်ပြားနေသော အမေ့ကို အဖေ လက်ပူးလက်ကြပ် မိသွားခဲ့သည်။ ရှုန်းရင်းဆန်ခတ်ဖြင့် ကြောက်မက်ဖွယ်၊ ရှက်လန့်ဖွယ်ရာပင်။ အဖေ့လူယုံတော်ကြီး ဘကြီးထိုက် အဆွဲမြန်၍ အဖေ လူသတ်မှု မကျူးလွန်သွားခြင်းဖြစ်သည်။

ထို့နောက် အမေ့ကို အိမ်က နှင်ချလိုက်သည်။





ထိုအခါ အမေက ရပိုင်ခွင့်များကို တောင်းသည်။ အဖေကလည်း ပေးပါသည်။

အံ့ဩဖွယ်ကောင်းသည်မှာ အမေတောင်းသော ရပိုင်ခွင့်ထဲတွင် သားဖြစ်သူ 'ငါ' မပါခြင်းပင်။

အမေ့ရုပ်ရည်၊ အမေ့အသားအရည်နှင့် အမေ့အလှကိုသာ ငါ မပိုင်ဆိုင်ရပါလျှင် အမေ့သားဟု ငါယုံကြည်လိမ့်မည် မဟုတ်ပါ။

ထိုစဉ်ကစ၍ အမေသည် ငါတို့အိမ်မှ ထွက်သွားသည်မှာ မှန်သော်လည်း အပုပ်နံ့လှိုင်သော အမေ့သတင်းများက ထွက်ခွာမသွားခဲ့ပါ။

ယောကျ်ားများကို တရားဝင် အတည်တကျ မယူတတ်သော အမေ့ကြောင့် ခံတွင်းပျက် ဆက်ရက်တောင်ပံကျိုးများကိုသာ လက်ခံရင်း ဘဝပျက်နေခဲ့သူတစ်ယောက်။

ထိုအကြောင်းများကို လူသိမှာ ရှက်သော ငါသည် ပြင်ဦးလွင်မှာ အဖေဝယ်ထားသော ခြံ၌သာလျှင် သွားနေရင်း ဆယ်တန်းအောင်ခဲ့ရသည်။ အဲသည်က အိမ်စောင့် အဘလုံသည် ငါ့ကို အမဲလိုက်ပညာရပ်များ သင်ကြားပေးခဲ့သည်။

အဖေလည်း အမေနှင့် ကွဲပြီး နှစ်နှစ်အကြာတွင် နောက်မိန်းမတစ်ယောက် ယူခဲ့သည်။ အဖေ့ငယ်ရည်းစားဟု ဆိုသည်။ ထိုမိန်းမသည် အမေနှင့် မတူ။ အဖေ့အပေါ် သစ္စာရှိသည်။

သို့သော် ငါ့ကို အဖေ့ကွယ်ရာ၌ ဆူပူကြိမ်းမောင်း အပြစ်ရှာတတ်သည်။ ရိုက်နှက်ခြင်းတော့ မပြုရဲ။ ငါက ဗလကြီး၍ ဖြစ်သည်။ ထို့အပြင် ထိုမိန်းမသမီးကိုတော့ ငါကြည့်မရခဲ့။ ငါ့ထက် သုံးနှစ်သာ ကြီးသည်။

မမ . . မမ . . နှင့် ငါ့အားလည်း မောင်ဟု ခေါ်သည်



www.burmeseclassic.com

www.burmeseclassic.com



အမေ့လိုပင် လှသည်။ အမေနှင့် တူသလိုလို ငါထင်မိသဖြင့် ငါ သူတို့နှင့် မနေချင်၍ ပြင်ဦးလွင်မြို့၌သာ နေခဲ့ခြင်းဖြစ်သည်။

ယောကျ်ားများ၏ဘဝကို မိန်းမများသည် ကြိုးကိုင် ခြယ်လှယ်တတ်သည်။ ထိုသို့ခြယ်လှယ်နိုင်ရန် မာယာလက်နက်မျိုးစုံ သုံးတတ်သည်။ အထိ၊ အတွေ့၊ အငို၊ အရယ်အပြုံး၊ ညှုလုံးများ ဘယ်ကဘယ်လို ဖြစ်ပေါ်လာသော ပညာရပ်များနည်း။ အံ့ဖွယ်ရာ ကောင်းလွန်းလှသည်။

အဘယ်ကြောင့်ဆိုသော် ငါ ဆယ်တန်းအောင်သောနှစ် မှာပင် အဖေနောက်မိန်းမ ကွယ်လွန်ပြီး လပင် မလည်သေး၊ ထိုမိန်းမ သမီးသည် အဖေ့တရားဝင်မယား ဖြစ်လာခြင်းကြောင့် ပင်။

ဒါကြောင့်လည်း The sea, and fire, and women are three evils.

"ပင်လယ်၊ မီးနှင် မိန်းမတို့သည် မကောင်းဆိုးရွားသုံးခု ဖြစ်သည်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ပင်လယ်နှင့်မီးကိုတော့ မကြုံဖူး၍ ငါမသိ။ သို့သော် မိန်းမများကိုတော့ ပြောနိုင်သည်။

လောကကြီးမှာ ကြောက်လန့်ဖွယ်ရာ အကောင်းဆုံးသော မကောင်းဆိုးရွားများပင်ဖြစ်သည်ဟု။







(၃၁)

မိန်းမများ စက်ဆုပ်ရွံရှာမှုဖြင့် တတ်နိုင်သမျှ ကင်းကင်း နေလိုသော်လည်း ဆယ်တန်းအောင်ပြီး ဥပဒေတွဲ့ယူမည်ဟု ဆုံး ဖြတ်ခဲ့မှုကြောင့် ရန်ကုန်တက္ကသိုလ်သို့ လာရောက်တက်ရသည်။ အဖေသည် သူ့အိမ်မှာသာ နေစေသည်။

အဖေ့မိန်းမ ခင်မမကို ရှောင်ရှားရသည့် ဝဋ်ဒုက္ခကလည်း ကြီးမားလှသည်။ မိန်းများ၏ရမ္မက်မီးသည် ကြောက်စရာကောင်း လွန်းလှသည်။

အဖေ့ကွယ်ရာ၌ ခင်မမသည် ငါ့အား မာယာအမျိုးမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းသွင်းရန် ကြံစည်ခြင်းကြောင့် ငါ အဖေ့ကို ပြောင်ဖွင့်ပြောကာ အဆောင်နေဖို့ ပြောခဲ့ရသည်။

"အဖေ့မိန်းမက အကျင့်ကောင်းတာ မဟုတ်ဘူး၊ သူ့နဲ့သား တစ်မိုးအောက်မှာ မနေချင်ဘူး၊ သားသူငယ်ချင်းတွေနဲ့ အပြင် ဆောင်မှာ သွားနေမယ်"

အဖေက ဝတ္တရားကျေပါသည်။

"အဆောင်ငှားနေစရာ မလိုဘူး သား၊ သားအတွက် အဖေ အိမ်တစ်လုံး ဝယ်ပေးမယ်၊ ထမင်းချက်နဲ့ ဒရဝမ်တစ်ယောက်ပါ ထားပေးမယ်"

"တော်ပါပြီ. . . မိန်းမဆိုရင်တော့ ထမင်းချက်လည်း မထည့်ပေးနဲ့၊ သားဘာသာ ချက်စားမယ်"

"မဟုတ်တာ သားရယ်၊ သားက ကျောင်းသားပဲ၊ ကျောင်း စာသာ ကျက်ပါ၊ ထမင်းချက် အဝတ်လျှော်ဖို့ ယောကျ်ားလေး တစ်ယောက် ရှာပေးမယ် ဟုတ်လား၊ သားကားကတော့ သားစီးနေ ကျ ဆန်နီပဲ ယူသွား"

အဖေသာ မရှိလျှင် ငါ့ဘဝ ပျက်စီးလိမ့်မည် ထင်ပါသည်။ ငါ့အပေါ် ကောင်းခဲ့သော အဖေ့ကို ငါ ငဲ့ကွက်ပြီး အဖေ့မယား ခင်မမ၏ အဖေ့ကွယ်ရာဖောက်ပြားမှုကို ငါ ဥပေက္ခာပြုထားလိုက် သည်။

သို့သော် ခင်မမကိုတော့ သတိပေး ခြိမ်းခြောက်ခဲ့သည်။

"နင် မှောက်ဇာတ်ခင်းနေတာတွေကို ရပ်တန်းက မရပ်ရင် တစ်နေ့ ငါနဲ့ တွေ့မယ်" ဟုသာ။

အဖေ စိတ်ထိခိုက်မှာစိုး၍ မပြောခဲ့ပါ။ တော်တော်စိတ် ပျက်စရာကောင်းသော မိန်းမများပင်။





ဤကြားထဲ ငါ ချိန်ဘာဆင်းတော့ ဒေစီနှင့် ရင်းနှီးခဲ့ရ သည်။ ချိန်ဘာဆရာက ကားရှိသော ငါ့အား ကားမရှိ နွမ်းပါးသော ဒေစီနှင့် တွဲ၍ ရုံးချိန်းများ လွှတ်လေ့ရှိသည်။ ငါ့ကားနှင့် ဒေစီ ပါတတ်သည်။

ဆရာ့ကို ငါ မငြင်းချင်၊ တပည့်ကောင်း ပီသချင်သည်။ ဒေစီက ဆင်းရဲသူ၊ မိခင်မုဆိုးမကို လုပ်ကျွေးရင်း စာပေးစာယူဖြင့် ဥပဒေဘွဲ့ ရခဲ့ရှာသူ ဖြစ်သည်ဆိုတော့ ငါ့အသိုင်းအဝန်းက မိန်းမ များနှင့် မတူဟု ငါယူဆခဲ့သည်။

ခရစ်ယာန်ဖြစ်သည်။ နာမည်က ဘိုဆန်သည်။ ကရင် မြန်မာကပြားဖြစ်သည်။ သို့သော် ဝတ်စားဆင်ယင်ပုံက မြန်မာဆန် ပြီး ဆံပင်အရှည်ကြီးနှင့် ဖြစ်သည်ဆိုတော့ ငါ ဒေစီကို အထင်ကြီး သွားခဲ့သည်။

သို့သော် လူတစ်ဦးတစ်ယောက်၏အရည်အချင်းကို ဝတ်စားဆင်ယင်မှုက အဆုံးအဖြတ် မပေးတတ်ကြောင်း ငါသိ လိုက်ရပြန်သည်။

နောက်ကျသွားပြီ။

ဒေစီနှင့်ငါ ချစ်သူဖြစ်ပြီး ဒေစီအပြောအဆို အယုအယ အထိအတွေ့တို့၌ ငါ သာယာခဲ့သည်။

စိတ်ထဲ မတင်မကျ ဖြစ်ရသဖြင့် ဒေစီ ရုပ်ရှင်လွှတ်ချိန်ကို ငါသွားစောင့်ကြည့်ခဲ့သည်။

ထင်သည့်အတိုင်း ဒေစီသည် အမျိုးသားတစ်ယောက်နှင့် တွဲ၍ထွက်လာသည်။ ထိုအမျိုးသား၏လက်မောင်းကို ဒေစီ ခိုတွဲ ထားသည်။ ငါ့လက်မောင်းကို ခိုတွဲပြီး ငါ့ရင်ခွင်ကို ခိုကာ ငါ့ အနမ်းကို မက်မက်မောမော ခံယူတတ်သော ဒေစီသည် အခြား



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ဦးလက်ကို ခိုတွဲဖို့ ဝန်မလေးပါလား။ သို့ဆိုလျှင်. . .

ဒေစီကို ရှံ့ရှာမှုဖြင့် ချိန်ဘာဆက်မဆင်းခဲ့တော့။ အကြောင်းပြချက်တွေပင် မပေးတော့ဘဲ ဒေစီကို ဖြတ်တောက်ခဲ့လိုက်သည်။

တစ်ချိန်တည်းမှာ အမေ့နာရေး ပါလာသည်။ အဖေက ငါ့အား သွားရောက်ရန် ပြောသည်ကို ငါ ခါးသီးစွာ ငြင်းပယ်ခဲ့သည်။

အံ့ဩဖွယ်ကောင်းသည်က အမေ့ထံမှ ရှေ့နေတစ်ဦး ရောက်လာပြီး အမေပိုင်ဆိုင်သမျှ တိုက်တာ၊ ကားနှင့် အတွင်းပစ္စည်း၊ ဘဏ်မှ ငွေများအားလုံးသည် ငါ့နာမည်နှင့် အမေ ထားရစ်ခဲ့သည်။

ဘာလုပ်ရမှာလဲ၊ သည်ဥစ္စာနေမျှားကို ငါယောင်၍ပင် လှည့်မကြည့်။ ငါလိုချင်သည့်အရာမှာ ဒါတွေမဟုတ်။

အကျင့်စာရိတ္တကောင်းသော မိခင်၏မေတ္တာတရား။

အမေ့အသုဘ မသွားခဲ့၊ အမေ့ဂူလည်း မသွားခဲ့ပါ။ ငါ့ဘဝမှာ အမေပျောက်ဆုံးခဲ့သည်မှာ ကြာပြီ။

ချိန်ဘာမဆင်း။ အမေ့အသုဘ ရှောင်သည့်အနေဖြင့် ပြင်ဦးလွင်ကို ထွက်ခဲ့သည်။ အဘလုံလည်း ကွယ်လွန်ပြီးဖြစ်သဖြင့် ပြင်ဦးလွင်အိမ်ကြီး၌ အိမ်စောင့်အဖြစ် နေရင်း အမဲလိုက်ရင်းဖြင့် အပျော်ကို ရှာဖွေယူရသည်။

အဖေ့ဆီက အမြန်လာရန် သံကြိုးရိုက်ခေါ်သဖြင့် ငါပြန်ခဲ့သည်။

ဒေါသတရားတို့ အထွတ်အထိပ်သို့ ရောက်ရသည်။

သားကြောဖြတ်ထားသော အဖေ၏မယား ခင်မမ၌





ကိုယ်ဝန်ရှိနေသည်။ ထိုကိုယ်ဝန်သည် ငါနှင့် ရသောကိုယ်ဝန်ပါဟု ခင်မမက ဝန်ခံခဲ့သည်တဲ့၊ အဖေက ငါ့အား ခေါ်မေးခြင်းပင်။

ငါ့ငယ်ထိပ် မြွေပေါက်ခံလိုက်ရသလို ဖြစ်သွားသည်။ ဘာဆိုဘာမှ မမြင်ဘဲ ခင်မမကို သတ်ရန် ကြိုးစားလိုက်မိသည်။ ရှုန်းရင်းဆန်ခတ်ဖြစ်ရင်း ခင်မမ ထွက်ပြေးရာမှ လှေကားပေါ်မှ လိမ့်ကျသေဆုံးသွားခဲ့သည်။

သူ့အကုသိုလ် သူ့အားအကျိုးပေးသွားလေပြီ။ ဖောက်ပြန်ချင်သူနှင့် ဖောက်ပြားပြီး ဥစ္စာများစွာပိုင်သူ ငါ့အား အပိုင်သိမ်းရန် ယုတ်မာသူ၏အမိုက်ဇာတ် သိမ်းသွား၏။ သို့သော် ငါ့အား အထင်မှားကာ ခေါ်မေးရက်သောအဖေကို စိတ်နာသည်။

"ခင်မမ" သေဆုံးသည့်အရေးမှာ မည်သူ့ပယောဂမှ မပါဟု မျက်မြင်သက်သေများ၏ထွက်ဆိုမှုဖြင့် ရဲက အမှုပိတ်လိုက်သည်နှင့်တပြိုင်နက် ငါ အဖေ့ကို ကျောခိုင်းလိုက်သည်။

အဖေတင်မက မိန်းမဟူသော မကောင်းဆိုးရွားများ ရှိရာ လူ့လောကကို အပြီးတိုင် ငါ ကျောခိုင်းထွက်ခွာလိုက်တော့မည်။

ဟုတ်သည်။ မနက်ဖြန်ပဲ ငါသွားမည်။


ထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com





(၃၂)

ရင့်ခုန်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ တန်ခြာ လူကြီး၏ဒိုင်ယာရီလေးကို ပိတ်ပြီး ရင်ဘတ်ပေါ် အသာတင်လိုက်သည်။

မိန်းမများအပေါ် နာကြည်းမည်ဆိုလည်း နာကြည်းထိုက်ပါသည်။ လူကြီးက ဆိုးဝါးသောမိန်းမများနှင့်သာ တွေ့ခဲ့သည်ကိုး။

ဒါကြောင့် လူကြီးသည် မိမိထံမှ သွေးသားထက် စစ်မှန်သောနှလုံးသားနှင့် မေတ္တာတရားကိုသာ တမ်းတမ်းတတ အလိုရှိခြင်းဖြစ်ပေမည်။

"သတိရလိုက်တာ လူကြီးရယ်၊ အဲ. . . အလွမ်းက





ပိုတယ်"

တန်ခြာ တမ်းတမ်းတတ ပြောဖြစ်မိသည်။ ဖြစ်နိုင်မည်ဆိုလျှင် လူကြီးဆီသို့ ချက်ချင်းပြေးလိုက်သွားချင်သည်။

သို့ဆိုလျှင် လူကြီးက ဝမ်းသာစွာနှင့် ဆီးကြိုမှာလား၊ သို့တည်းမဟုတ် မိမိအား သူ့စည်းစိမ် မက်မောသူအဖြစ်များ သံသယ မျက်လုံးနှင့် ကြည့်ဦးမှာလား။ ထိုမျက်လုံးမျိုးနှင့်သာ တန်ခြာကို ကြည့်လျှင် ချက်ချင်းသေဆုံးသွားနိုင်သည်။

သူ ဘာလုပ်ရမည်နည်း။

ဣန္ဒြေသိက္ခာကို ထိန်းသိမ်းတတ်သော မိန်းမသားများ၏ ခံစားမှုကို လူကြီးနားလည်ပါက အဘယ်မျှ ကောင်းမည်နည်း။

ဒယ်ဒီကတော့ တန်ခြာကို ဆုံးဖြတ်ခိုင်းထားသည်။ တန်ခြာ ဆုံးဖြတ်ချက်အပေါ် ဒယ်ဒီက စဉ်းစားပေးလိမ့်မည်။

တန်ခြာ မဆုံးဖြတ်တတ်။

လူကြီးကို ချစ်သည်မှန်၏။ သို့သော် သူ့အချစ်အပေါ် လူကြီးအထင်သေးမှာ ကြောက်သည်။

တန်ခြာချစ်သည့်အချစ်၌ လူကြီး၏စည်းစိမ်မပါ။ ဘွဲ့မပါ။

ရိုးသားတည်ကြည်ဖြောင့်မတ်ပြီး သိက္ခာသမာဓိ ရှိသော တောပျော်မုဆိုးကြီး မစ္စတာဟတ်ဆိုသည့် 'လူကြီး' ကိုသာ ချစ်သည်။

'ထွဋ်ခေါင်' ကို မချစ်။

'လူကြီး' ကိုသာ ချစ်သည်။

ဆုံးဖြတ်ရ ခက်ခဲလွန်းသဖြင့် တန်ခြာ အိပ်မရ။

ကျောင်းဆက်တက်ဖို့အရေးလည်း တန်ခြာခေါင်းထဲမှာ မရှိတော့။ တန်ခြာခေါင်းထဲ ရှိနေသည်မှာ တစ်ခုတည်းသာ၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီ မြန်ဖို့ . . မပြန်ဖို့။

"ဒေါက်. . ဒေါက်. . သမီး. . တန်ခြာ"

"ရှင်. ."

"သမီးအိပ်မပျော်ဘူးဆိုတာ ဒယ်ဒီသိနေတယ်"

တန်ခြာ စာအုပ်ကို ခေါင်းအုံးအောက် ထိုးထည့်လိုက်ပြီး တံခါးဖွင့်လိုက်သည်။

"သမီးကို ဒယ်ဒီပြောဖို့ နည်းနည်းကျန်သွားလို့"

တန်ခြာ ငြိမ်နေသည်။

"မောင်ထွဋ်ခေါင်အဖေ ဘုန်းကြီးဝတ်သွားပြီ၊ သူ့ပစ္စည်းဥစ္စာတွေလည်း မောင်ထွဋ်ခေါင်ကိုပဲ လွှဲပေးထားခဲ့တယ်၊ မောင်ထွဋ်ခေါင်နဲ့သမီး ယှဉ်လိုက်ရင် သူက သမီးထက် ငါးဆလောက် ပိုကြွယ်ဝလိမ့်မယ်"

"ဒါတွေ သမီးဘာလုပ်ရမှာလဲ"

တန်ခြာ၏မာနခေါင်းက ပြူထလာသည်။

"ဒယ်ဒီ သိသားပဲ၊ ဒါပေမယ့် ပြည့်စုံအောင် ပြောပြတာ၊ ဒယ်ဒီက မောင်ထွဋ်ခေါင်အကြောင်း စုံစမ်းရှာဖွေသလို သူ့ရဲ့ အမွေထိန်းရှေ့နေတွေကလည်း မောင်ထွဋ်ခေါင်ကို ရှာဖွေနေတယ်၊ အဲ့ဒါ ဒယ်ဒီ သတင်းပေးလိုက်လို့ သူတို့ မနက်ဖြန် မောင်ထွဋ်ခေါင်ဆီ လိုက်သွားလိမ့်မယ်"

"ဟင်. ."

တန်ခြာတစ်ကိုယ်လုံး သွေးကြောလှည့်ပတ်မှုသည် ယခင်ကထက် အဆတစ်ထောင် ပိုကာ မြန်ဆန်လေပြီ။

"အဲဒါကြောင့် သမီး အကြာကြီး ဆုံးဖြတ်လို့ ရမှာ မဟုတ်ဘူး၊ မနက်ဖြန် သူတို့ မသွားခင် ဒယ်ဒီဆီကိုတော့ ဝင်ခဲ့လိမ့်မယ်"





"တန်. . တန်ခြာ"

"ဒီည စဉ်းစားပါလေ၊ မနက်ကျမှ အဖြေပေး"

ဒယ်ဒီ ထွက်သွားဟန်ပြင်ပြီးမှ. . .

"ဪ. . . မောင်ထွဋ်ခေါင်ရဲ့ဒိုင်ယာရီလေး သမီးပဲ သိမ်းထားလိုက်တော့၊ သူ့အဖေဘုန်းကြီးကလည်း အပြီးတိုင် စွန့်လိုက်ပြီးသား ဖြစ်နေတော့ သမီးပဲ သိမ်းထားလိုက်ပါ"

"ဟုတ်. . ဟုတ်ကဲ့ ဒယ်ဒီ"

"ဆုံးဖြတ်ပြီးတာနဲ့ အိပ်ပျော်အောင် အိပ်လိုက်နော် သမီး"

"ဟုတ်ကဲ့"

"ဂွတ်နိုက်. . သမီး"

"ဂွတ်နိုက်. . ဒယ်ဒီ"

တန်ခြာ တံခါးပြန်ပိတ်လိုက်သည်။

တန်ခြာ မည်သို့ ဆုံးဖြတ်ရမည်နည်း။

မေတ္တာအရေးအခင်းသည် ခံစားတတ်သောသူများ အတွက် လွယ်ကူစွာ ဖြေရှင်း၍ရသောအရာ မဟုတ်ပေ။

အမှားတစ်ခု ကျူးလွန်မိလိုက်သည်နှင့် တစ်သက်တာ ခံစားသွားရမည်ဖြစ်ပေသည်။

တန်ခြာ အလေးအနက် ထားကာ စဉ်းစားသည်။

တန်ခြာအတွက်ထက် လူကြီးအတွက်ကို ပို၍ဦးစားပေး စဉ်းစားသည်။ အဘယ်ကြောင့်ဆိုသော် လူကြီးကို တန်ခြာချစ်သည်ထက် ပို၍ ချစ်နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com





(၃၃)

"ရော့. . . ယူပါ ဘရမ်၊ ကျုပ်လက်ဆောင်"

သူပေးလာသော အမဲလိုက်သေနတ်ကို မယုံကြည်နိုင်သည့်အလား ဘရမ်က လှမ်းမယူသေး။

"ဟ. . . မယုံဘူးလား၊ ကျုပ်က ကလေးလို ပေးပြီးသားပစ္စည်း ပြန်တောင်းမှာ မဟုတ်ဘူး ဘရမ်၊ လူကြီးစကားပါကွ၊ ရော့. . . ယူ"

"တကယ်နော် ဆရာ"

"တကယ်ပါကွ"





လူကြီးက အမဲလိုက်ပစ္စည်းများကို ကျေနပ်စွာ ရှာဖွေပေးလိုက်သည်။ ဘရမ်က ဝမ်းသာအားရ ယူသည်။ ဇော်ဂန်တို့အဖွဲ့က အရက်ပုလင်းများနှင့် ဂျီသားခြောက်၊ ဆတ်သားခြောက်များကို သိမ်းဆည်းထုပ်ပိုးယူသည်။

လူကြီးက ပြုံးလျက် ငေးကြည့်နေသည်။ ဘာမှမပြော။ နှမြောတွန့်တိုခြင်း လုံးဝမရှိ။

တိရစ္ဆာန်တွေ လိုက်သတ်တဲ့စိတ်ကလွဲရင် အားလုံးကြိုက်တယ်ဟူသော တန်ဖြာအသံလေး ကြားယောင်နေသည်။

"ဒီဘုရားပုံတော်နဲ့ ပန်းအိုးလေးကော"

"ဟော့. . ဟော့. . အဲဒါတော့ မထိနဲ့"

တန်ဖြာ့လက်နှင့် တပ်ဆင်သွားသော ဘုရားပုံတော်နှင့် ပန်းချီကားလေး။ သူမလက်ကလေးနှင့် ကပ်သွားသော ဘုရားပန်းအိုးလေး။ ဘယ်သူမှ ထိတာ သူ မကြိုက်နိုင်သဖြင့် အလျင်စလို တားဆီးမိသည်။

ဇော်ဂန်တို့က အံ့အားသင့်သောမျက်လုံးများဖြင့် သူ့အား ကြည့်သည်။ အဖိုးတန်ပစ္စည်းများကို ရက်ရောစွာ အလှူကြီး ပေးနေသော သူသည် တန်ဖိုးမကြီးမားသောအရာကျတော့ နှမြောတွန့်တိုနေသည်ကို အံ့အားသင့်ကြခြင်းဖြစ်မည်။

လောကကြီး၌ တန်ဖိုးကို ငွေကြေးနှင့် ဆုံးဖြတ်သူများ ရှိသကဲ့သို့ အမှတ်တရ၊ အစွဲအလမ်း၊ အထိမ်းအမှတ် ဟူသောတန်ဖိုးနှင့် ဖြတ်သူများလည်း ရှိသည်။

သူသည် ဒုတိယ အမျိုးအစားတွင် ပါဝင်သွားလေပြီ။

"ဒီဖိနပ်ပြတ်တစ်ရန်ကကော"

"ဟော့. . ထားထား. . ဘာမှမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူရှုံးတစ်ယောက်လို့ ထင်ကောင်း ထင်သွားလိမ့်မည်။ အမှန်လည်း ရှုံးနေပါပြီ၊ အချစ်ရှုံး . . .။

အဝတ်အစား၊ ကျောပိုးအိတ်တစ်လုံးစာသာ ပစ္စည်းများမှလွဲ၍ သူဘာမှမယူတော့။ သို့သော် ဖိနပ်ကလေးကိုတော့ ပလတ်စတစ်နှင့် ထည့်ပြီး ကျောပိုးအိတ်ထဲ ထည့်လိုက်သည်။ ဘုရားစင်မှ ခြောက်သွေ့ကြွေကျနေသော စကားစိမ်းပွင့်ခြောက်လေးတစ်ပွင့်ကိုသာ ကောက်ယူပြီး အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်သည်။

တန်ဖြာကိုယ်စားပါ။ နှလုံးသားနှင့် အနီးကပ်ဆုံးနေရာ၌ထားရှိခြင်းဖြစ်သည်။

"မင်းတို့တွေ တောလိုက်ရင်း နားခိုနိုင်အောင် ကျုပ်ထားခဲ့မယ်. . . မဖျက်ဆီးပစ်ကြနဲ့"

"စိတ်ချပါ မစ္စတာဟတ်ရာ၊ ခင်ဗျားရဲ့အချစ်အိမ်လေးကို ကျွန်တော်တို့ ဘယ်လိုဖျက်ဆီးရက်ပါ့မလဲ၊ ဟန်းနီးမွန်း ထွက်လာတဲ့စုံတွဲရှိရင် လမ်းညွှန်ပေးလိုက်မယ်၊ ဟား. . . ဟား"

'အချစ်အိမ်' ။ သူ့စိတ်အတွင်း၌ ရေရွတ်လိုက်သည်။ မေတ္တာအိမ်ကလေးပါ။ ဤအိမ်လေးအတွင်း၌ ချစ်သူမိန်းကလေးအပေါ် ရှင်းသန့်သောမေတ္တာတရားများဖြင့် သစ္စာစောင့်ထိန်းခဲ့သည်ကို သူ့ကိုယ်စောင့်နတ်သာ အသိဆုံးဖြစ်ချေသည်။

ဘာမှမပြောဘဲ 'လာဟေ့ ဂုမ္ဘာန်၊ တို့ သွားနှင့်မယ်' ဟုဆိုကာ ဆင်းခဲ့လေသည်။

"မနောပွဲကို ဝင်နွှဲရမှာနော် မစ္စတာဟတ်"

သူ ဘာမှမပြော၊ နောက်ကို လှည့်မကြည့်ဘဲ ထွက်ခဲ့သည်။

သူ တွယ်တာကွန်းခိုရာ အိမ်လေးကို သူကျောခိုင်းခဲ့သည်။

သူ့အမြတ်နိုးဆုံးဟု ထင်သောလုပ်ငန်းကို စွန့်လွှတ်ခဲ့သည်။





သူ့အယူအဆများကိုလည်း စွန့်ခဲ့လေပြီ။

သူ့ခြေလှမ်းတို့သည် သူ့ကိုယ်သူထက် ပိုချစ်သော ချစ်သူဆီသို့ ဦးတည်လျက်ရှိသည်။

အချစ်ကြောင့် မာနတရားတို့ ကင်းကွာခဲ့လေပြီ။

အချစ်သည် အပြစ်ကင်းစင် ရှင်းသန့်စွာ ရှိနေသော စိတ္တဇနာမ်တစ်ခုသာဖြစ်သည်။

အချစ်က မနစည်းစိမ်၊ အသပြာငွေ၊ ဂုဏ်ဒြပ်၊ မာနတရားတို့နှင့် ဖုံးလွှမ်းအနိုင်ယူ၍မရနိုင်ပါ။

"ဪ. . . ဇော်ဂန်"

လှမ်းသောခြေလှမ်းတို့ တုံ့ဆိုင်းပြီး လင့်စင်ဆီသို့ လှည့်ကြည့် မော့ကာ တောင်းလိုက်သည်။

"အဲဒီမှာ ဂျုတ်ရှိတယ်"

"ဘာဂျုတ်လဲ"

"ဟာ. . . မုတ်ဆိတ် ပါးမြိုင်းမွေး ရိတ်ဖို့ပေါ့၊ အဲဒီဘူး ပစ်ချလိုက်စမ်းကွာ"

"နေဦး. . . ရှာလိုက်ဦးမယ်၊ ကျွန်တော့်အိမ်ရောက်မှ လုပ်လေဗျာ၊ အိမ်မှာ ရှိတယ်"

"ပစ်သာ ပစ်ချလိုက်စမ်းပါ"

သူသည် စကားပြင်မပြောတတ်၊ ဇော်ဂန် ရှာဖွေပြီး ပစ်ချပေးလိုက်သည်။

စမ်းချောင်းလေးဆီ သူထွက်ခဲ့သည်။

တန်ဖြာ ရေချိုးရာ၊ အဝတ်လျှော်ရာ၊ ထိုင်၍ တွေဝေမောနေရာ၊ ပန်းများ မျှောရာ၊ တိတ်တဆိတ် ငိုကြွေးတတ်သောနေရာလေး၌ သူ မှတ်မှတ်ရရ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ကျင်စွယ်များကို ရှင်းလင်းသုတ်သင်လိုက်သည်။

အမွေးအမှင်တွေနှင့် ဖုံးအုပ်နေခြင်းကြောင့် သူ့ရုပ်သွင်ကိုတောင် ထင်ရှားရှင်းလင်းစွာ မတွေ့ဖူးခဲ့သော တန်ဒြာသည် သူ့ကို မြင်လျှင် မှတ်မိပါ့မလားဟု သူ တွေးတောမိလိုက်သည်။

အရင်သွားမည်ဆိုသော သူသည် နောက်မှာ ကျန်ရစ်ခဲ့လေပြီ။

တန်ဒြာအရိပ်ကလေး တွေ့နိုး စမ်းချောင်းအနီး ရှာဖွေနေမိသည်။

ဤရေစီးထဲ တန်ဒြာကို သူရိုက်နှက်ခဲ့ဖူးသည်ကို နာကျင်စွာ သတိရလိုက်မိသည်။

"ကျွန်တော်တို့ သွားနှင့်ပြီဗျို့ မစ္စတာဟတ်"

သူ လက်သာ ထောင်ပြလိုက်သည်။ လှည့်၍ပင် မကြည့်မိ။

ခြောက်သွေ့အက်ကွဲနေသောနှလုံးသား၌ အလွမ်းတို့သာ ကြီးစိုးနေသည်။

သို့သော် မျှော်လင့်ခြင်းဖြင့် အားမာန်အပြည့်ဖြင့် သူ ကျောက်ဆောင်ပေါ်မှ ရပ်လိုက်သည်။

ကြည်လင်သောရေပြင်ဝယ် ပါးမြိုင်းမွေးစိမ်းစိမ်းဖြင့် လူတစ်ယောက်အသွင် ပေါ်လာသည်။

ဩော်. . . ထွင့်ခေါင်ဘဝဖြင့် လူ့လောက သံသရာကြီး၌ ကျင်လည်ကျက်စားဦးတော့မှာလား ချစ်သူ။

အလွမ်းများ ပေးသော ချစ်သူ့နယ်မြေဟောင်းကို ကျောခိုင်းလိုက်သည်။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

ဂုမ္မာန်ကတောင် လှည့်ကြည့်လိုက်၊ ဟောင်လိုက်၊ သူ့ရှေ့သို့





ပြေးသွားလိုက်နှင့် သူ့ဇာတိမြေကို နှုတ်ဆက်ဖော်ရသေးသည်။

မိမိကတော့. . .

ခြေလှမ်းကျဲကြီးဖြင့်သာ လှမ်းထွက်ခဲ့သည်။

"လွမ်းလှပြီ တန်ဒြာ၊ ကျုပ် ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘူး၊ မင်း ခေါ်ခေါ်မခေါ်ခေါ် ကျုပ်လိုက်ခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com





(၃၄)

"မရဘူး မစ္စတာဟာတ်၊ ခင်ဗျား မကလို့ မရဘူး"

"လုပ်လိုက်စမ်းကွ"

သူ စိတ်ပျက်နေသည်။ ညနေစောင်းသွားသဖြင့် မြစ်ကြီးနားသို့ ဆက်သွားဖို့အရေး ကားကြုံမရှိတော့လို့ပါဟု ဝိုင်းဆွဲပြီး တားမြစ်ကြသည်။

ဇော်ဂန်တို့အိမ်ရှေ့ ကွင်းပြင်ကျယ်ကြီးတွင် မနောတိုင်များ စိုက်ထူထားသည်။

မနောတိုင်ကြီးများတွင် တပ်ဆင်ထားသော နှစ်ဖက်ပိတ်





စည်ရှည်ကြီးတစ်လုံးနှင့် မောင်းကြီးနှစ်လုံး၊ မောင်းအလတ်နှစ်လုံး၊ မောင်းငယ်တစ်လုံး၊ လင်းကွင်းတစ်စုံတို့ ရှိနေသည်။ တူရိယာအစုံ အလင်ဖြင့် တီးမှုတ်ကြသည်။ မီးတိုင်များက ပတ်ပတ်လည် စိုက်ထူထားကြသည်။

"ဟေ့လူ သောက်လေဗျာ"

မြစ်ဆုံမှ မူလတန်းဆရာ မြန်မာအမျိုးသား ကိုရွှေသောင်းက ခေါင်ရည်အိုး ချပေးရင်း တိုက်တွန်းပြန်သည်။

လူတွေအားလုံး ပျော်နေကြသည်။

လူတကာ၏အပျော်သည် သူ့ကို မကူးစက်နိုင်။

"မကောင်းဘူးလေ မစ္စတာဟာတ်ရယ်၊ သောက်လိုက်ပါ။ အရင်ပွဲတွေတုန်းက ခင်ဗျားကို အားလုံးအရှုံးပေးခဲ့ရတယ် မဟုတ်လား၊ လုပ်လိုက်စမ်းပါ. . . စံချိန်မကျစေနဲ့"

ကျောင်းဆရာလေး တိုက်တွန်းမှုကို မချိသွားဖြဲ ရယ်ရင်း မကောင်းတတ်သဖြင့် ဘရမ်ဆီမှ ခွက်ကို ယူ၍သောက်လိုက်သည်။

စိတ်တွင်း၌လည်း. . .

"ခေါင်ရည်သောက်တာနော်၊ အရက်သောက်တာ မဟုတ်ဘူး၊ တန်ခြာ ကျပ်ကို ယစ်ထုပ်ကြီးဆိုပြီး မမုန်းလိုက်နဲ့"

ကချင်ရိုးရာ မနောတီးကွက်များက ကချင်စဖွယ် ပေါ်လာသည်။

"လာဗျာ. . . ဆရာကလည်း"

ဘရမ်က သူ့ကို ဆွဲထူသည်။

"နေစမ်းပါကွ. . . ငါမကတတ်ဘူး"

"ကတတ်စရာ မလိုဘူး၊ ရှေ့ဆုံးက ဦးဆောင်သူက သွားလိမ့်မယ်၊ သူ့ကဟန်အတိုင်း ဆရာလိုက်ကပေါ့၊ သွေးပူလေ့ကျင့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်သလောက်တောင် မခက်ဘူး ဆရာရဲ့"

"ဟာကွာ. . . အရှက်ကွဲနေပါဦးမယ်"

"နောက်ဆုံးက လိုက်တာပေါ့ ဆရာရယ်၊ ရှေ့ဆုံးမှာ ကျွန်တော်တို့အတွဲရှိမယ်"

"အတွဲ"

"ဟုတ်တယ်လေ. . . စုံတွဲလိုက် ကရမှာ"

"ဟာ. . . ဒါဆို ဆောရီးပဲ၊ ခေါင်ရည်တစ်စည် ကုန်အောင် သောက်ဆို သောက်လိုက်မယ်၊ ဘယ်မိန်းမနဲ့မှ မတွဲပါရစေနဲ့"

သူ ဘရမ်လက်မှ အတင်းရုန်းကာ ခေါင်ရည်အိုးနား၌ ထိုင်ချလိုက်သည်။

လူ့အသိုင်းအဝန်းထဲ ပြန်ဝင်လျှင် လူလို ကျင့်ကြံရဦးမည်။ စိတ်ပျက်သလို ခံစားလိုက်ရသည်။ သို့သော် ကခုန်နေသူများကို ကြည့်ရတာတော့ ပျော်စရာကောင်းသည်။

ကိုယ့်အတွဲနှင့်ကိုယ် ကခုန်ကြခြင်းကြောင့် မျက်နှာလေးများ ကြည်လင်ဝင်းပကာ ပျော်ရွှင်နေကြသည်။ ဒေါသအမျက်တို့ ကင်းစင်ကာ ပျော်စရာအတိသာ ဖြစ်နေသည်။

ကိုကြည်မောင်သည် သူ၏သူနာပြုဆရာမလေးနှင့် တွဲ၍ လိုက်ပါကနေသည်။

"လာပါ မစ္စတာဟာတ်၊ ကျွန်တော့်ကို ခင်ရင် ပြည်မ မပြန်ခင် နှုတ်ဆက်တဲ့အနေနဲ့ ကပေးပါ၊ ဒါမှ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံသွားလိမ့်မယ်၊ ကျွန်တော့်ကို ခင်ရင် မငြင်းပါနဲ့"

"ဒုက္ခပေးတဲ့ကောင်တွေ"

သူ ခေါင်ရည်တစ်ခွက် ထပ်မော့လိုက်သည်။ စိတ်လည်း ရှုပ်သွားသည်။ ပျော်သလိုလည်း ဖြစ်နေသည်။ ဒေါသမောဟတွေ





ကင်းစင်နေသောနေရာသည် ပျော်စရာနေရာဖြစ်သည်။

မီးတိုင်အောက်တွင် ယောကျ်ားနှင့်မိန်းမ ယှဉ်တွဲကခုန်နေခြင်းသည် မေတ္တာရနံ့လေးများနှင့် ရှင်းသန့်နေသည်၊ ရမ္မက်မီး မပါ။

"ဆရာ ဘယ်သူနဲ့ တွဲချင်သလဲပြော၊ ကျွန်တော်ရအောင် ရှာပေးမယ်"

ဇော်ဂန်ကတစ်ဖက်၊ ဘရမ်ကတစ်ဖက် တွဲခေါ်ရင်းမှ ဘရမ်က မေးသည်။

"ဟတ်. . ဟား. . ဟား၊ မင်းတို့ ငါတွဲချင်တဲ့လူကို ရအောင် မရှာပေးနိုင်ပါဘူးကွာ"

"ဘာလို့ မရှာပေးနိုင်ရမလဲ၊ ရအောင်ရှာပေးမယ်"

"တော်စမ်းပါ"

တန်ဖြာကို သတိရစိတ်ဖြင့် ရင်တွင်း၌ ဗလောင်ဆူလာသည်။ ခုနေ တန်ဖြာနှင့် တွဲကရလျှင် တစ်ညလုံး မအိပ်ဘဲ ကပစ်လိုက်မည်။

"ပြောလေ ဆရာ"

"မင်းအနူးနဲ့ပဲ တွဲကမယ်ကွာ"

"ဟတ်. . ဟား. . ဟား၊ ဆရာကတော့ လုပ်တော့မယ်"

"ဘာဖြစ်လို့လဲကွ. . . အဘွားကြီးတွေ မကရဘူးလို့ တားမြစ်ထားလို့လား၊ ဒါဖြင့် ငါမကတော့ဘူး"

ဘရမ်က ရယ်သဖြင့် သူက ရှုတင်းတင်း လုပ်ကာ ဈေးကိုင်လိုက်သည်။

ချစ်သူနှင့် ဝေး၍ အလိုမကျဖြစ်နေသော သူ့ဟန်ပန်သည် ကလေးဆိုးကြီးနှင့် တူကောင်းတူနေမည်။ မတတ်နိုင်၊ ကချင်မ



www.burmeseclassic.com

www.burmeseclassic.com



လှလှလေးများက သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

"ရပါတယ် ဆရာ၊ အနူးကို သွားခေါ်လိုက်ဦးမယ်"

ဘရမ်မိခင် အသက်(၆၀)ကျော် အဘွားကြီးကို ဒုက္ခပေးလိုက်ရသဖြင့် စိတ်မကောင်း၊ သို့သော် မတတ်နိုင်။ အဘွားကြီးနှင့်တွဲကတာ အကောင်းဆုံးဖြစ်မည်ပင်။ ဘရမ်မိခင်နှင့် သူက ခင်နေသည်။

ဇော်ဂန်လက်မှ ခေါင်းရည်တစ်ခွက် ယူသောက်လိုက်ပြန်သည်။ ခေါင်းသည် ရီတီတီအမြင်သည် ဝေဝါးဝါး။

"ကိုင်း. . . ဝင်ကြရအောင်"

ဇော်ဂန်တို့အတွဲက လိုက်ဝင်သည်။ နောက် ဘရမ်တို့အတွဲ နောက်ဆုံး သူနှင့်အနူး။

"ဝင်ခဲ့လေ ဆရာ"

"အေး. . လာ. . အနူး"

သူ့ဘေးမှ ကချင်ဝတ်စုံနှင့် အနူးက လိုက်ပါလာသည်။ ဘရမ် ခြေကားလျှင် သူလိုက်ကားသည်။ ဘယ်ခြေမြှောက်လျှင် သူ လိုက်မြှောက်သည်။ လက်ထောင်လျှင် သူလိုက်ထောင်သည်။ ခက်တော့ မခက်။ ပျော်စရာကောင်းသား။

"အဲ. ."

ဘရမ်က တစ်ဖက်လှည့်သည်။ သူလိုက်လှည့်သည်။ ဘေးမှ အနူးခြေထောက် တက်နင်းမိသွားသည်။

"ကန်တော့ အနူး. . . ဟင်"

အနူးလည်း မဟုတ်။ ကချင်မ ငယ်ငယ်လှလှလေး၊ လှတာမှ တန်ဖြာနီးပါး။

ဟင်. . . တန်ဖြာနီးပါးမဟုတ်၊ တန်ဖြာနှင့် ချွတ်စွပ်တူ





သည်။

"လိုက်ကလေ ဆရာ"

ဘရမ်က သတိပေးမှ မကဘဲ ရပ်မိနေသည့်အဖြစ်ကို သတိရကာ ဘရမ်ကို ကြည့်လိုက်၊ ကလိုက်၊ ဘေးမှ ကချင်မလေးကို ကြည့်လိုက်၊ ကလိုက်နှင့် သူ အတော်ဒုက္ခရောက်နေသည်။

"အို. . . ဆောရီး"

ကချင်မလှလှလေးကလည်း မကတတ် ကတတ်။ သူ့ခြေထောက် နင်းမိသွားသဖြင့် တောင်းပန်သည်။

ဟော. . . တန်ဖြာအသံနှင့် တူနေပြန်သည်။

ခေါင်းရည်မူးမူးနှင့် သူရူးနေပြီလား၊ ကြားချင်သောအသံကို ကြားနေပြီလား။

သူ ယခုမှ အကြီးအကျယ် ဒုက္ခရောက်နေပြီ၊ ဇောချွေးများ ပြန်လာသည်။

မျက်နှာချင်းဆိုင် ကဟန်သို့ ကူးသောအခါ အားမနာတမ်း သူကြည့်မိသည်။

"တန်ဖြာ"

သူ့နှုတ်ဖျားမှ အသံထွက်သွားသည်။

သူ့ရှေ့မှ ကချင်မလေးသည် မထူး၊ သူ့ကိုလည်း မကြည့်။ ခက်နေပြီ။

မီးတိုင်အလယ် ကခုန်ရင်း ဇောချွေးပြန်ကာ စိတ်ဓါတ်ကျနေသူမှာ သူတစ်ယောက်တည်း။

ရှေ့မှ ကချင်မလေးကို လက်ဆွဲကာ စည်းဝိုင်းအပြင်သက်သို့ ခေါ်ထုတ်သွားပြီး မေးလိုက်ချင်သည်။

သို့သော် တန်ဖြာမဟုတ်လျှင် ခက်မည်။



www.burmeseclassic.com

www.burmeseclassic.com



မူးမူးနှင့် အမြင်မှားနေက ခက်မည်။

တော်ကြာ ဓလေ့ထုံးစံများကို ကျူးလွန်မိသည်ဆိုကာ ယူလိုက်ရသောဓလေ့ ရှိပါက သူ့အတွက် ခက်သွားမည်။ အရမ်း မလှုပ်ရှားရဲ။

ကချင်မလေးကလည်း ခပ်တည်တည်။

"ဘရမ် . ."

"ဗျာ . ."

"မင်းအနူးဆို"

"အနူးက မောမောနဲ့ အိပ်နေပြီ"

"ဒါဖြင့် သူဘယ်သူလဲ"

"မြင်တဲ့အတိုင်းပဲ ဆရာ"

"ဟော့ကောင် . . . ငါထွက်သွားလို့ရသလား"

"မရဘူး ဆရာ၊ ထွက်သွားရင် အရှုံးပဲ၊ ရှုံးတဲ့လူက ခေါင်ရည်တစ်စည်လုံး မကုန်မချင်း သောက်နေရတယ်"

"ဗုဒ္ဓေါ"

သူ အကြီးအကျယ် ဒုက္ခရောက်နေသည်။ ဘရမ် ခြိမ်းခြောက်တာလား၊ ရှေ့မှ ကချင်မလေးက ပြုံးစိစိ။

"ကျုပ်ရူးသွားပြီထင်တယ် တန်ဖြာ၊ မြင်မြင်သမျှမိန်းမကို တန်ဖြာလို့ ကျုပ်မြင်နေရင် မင်းဆီ မလိုက်တော့ဘဲ တံတားလေး တန်းသွားရင် ကောင်းမယ်ထင်တယ်"

စိတ်တွင်း၌ ပြောကြားရင်း ဘရမ် ကသည့်အတိုင်း လိုက်ကနေရသည်။ ဘေးမှ မချောလေးကို ခိုးကြည့်ရင်း သဲလွန်စက လည်း ရှာရသေးသည်။

တူသည်မှ တန်ဖြာနှစ်ကိုယ်ခွဲလား ထင်ရသည်။





နှင်းမိပြန်ပြီ။ ဟော . . သဲလွန်စ တွေ့ပြီ၊ မြမာလာ ကတ္တီပါ သဲကြိုးနီ ဖိနပ်လေး။

"အို . ."

တန်ဖြာအသံ၊

တန်ဖြာအစစ်၊ ဘာလဲ ဘာရမလဲ။

ဘာမှစဉ်းစားမနေတော့ဘဲ တန်ဖြာလက်ဆွဲကာ စည်းဝိုင်း အပြင်ဘက် ထွက်ခဲ့သည်။

လူကို အရှူးလုပ်ကြသည်။

"အို . . . ဘယ်လိုလူကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com





(၂၅)

တန်ခြာ လူကြီးလက်ဆွဲခေါ် ရာသို့ တရွတ်တိုက် လိုက်ပါခဲ့ရသည်။ တော်တော်ဆိုးသည့်လူကြီး။

ခုနကတော့လည်း ဒုက္ခရောက်နေလိုက်သည်မှ သနားစရာ။

ဝါးကွပ်ပျစ်လေးပေါ် ထိုင်မိကြသည်။

ဂုမ္ဘာန်က တန်ခြာခြေထောက်ကို ခေါင်းနှင့် လာဝှေ့ပြီး အမြီးနှံ့ပြသည်။ ပြီးတော့ အလိုက်တသိ ကွပ်ပျစ်လေးအောက်၌ ဝပ်စင်းငြိမ်သက်နေလေသည်။





"လူကို အရူးလုပ်တယ်"

"သိပ်ပျော်နေတယ်ပေါ့"

"ဘယ်သူလဲ"

"လူကြီးလေ"

တန်ခြာ မေးငေါ့ရင်း ဖြေလိုက်သည်။ လူကြီးက အတော်ချောသည်ပဲ။ မေးစိမ်းစိမ်းလေးနှင့်။

"ဘယ်မှာ ပျော်လို့လဲ. . . ဒုက္ခရောက်နေတာ"

"သွား. . . လူကို မမှတ်မိလောက်အောင် ဖြစ်နေပြီးတော့"

"မူးလို့ အမြင်မှားနေသလားလို့"

"သောက်တုန်းပဲလား"

"ခေါင်းရည်ပါ. . . အတင်းတိုက်တာနဲ့"

"ကိုယ်တိုင်ကလည်း သောက်ချင်ချင်နဲ့ သောက်လိုက်တယ် ပြောပါ"

"မဟုတ်ပါဘူးကွာ. . . ကျုပ် အရက်လုံးဝဖြတ်လိုက်ပါပြီ"

"ဘာဖြစ်လို့လဲ"

"မင်းမကြိုက်ဘူးထင်လို့"

တန်ခြာရင်ထဲ ကြည်နူးသွားသည်။ လူကြီး၏ချောမောခံ့ညားသောမျက်နှာကို အတိုးချ မော်ကြည့်လိုက်သည်။ တမ်းတမ်းတတ လွမ်းမောခဲ့ရသောလူကြီးရယ်။ မိန်းကလေးတန်မဲ့ မိန်းမကြိုက်တော့ မျှော်လိုက်တာ ဆိုရိုးကို ဆန့်ကျင်ကာ လိုက်လာခဲ့လပြီ၊ အထင်သေးသွားမှာလား။

"တန်ခြာ. ."

"လူကြီး. ."

"ကျုပ်ဆီ ပြန်လာတာလား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . လူကြီးဆီ၊ တောပျော်မှုဆိုးကြီးဆီ ပြန်လာတာ၊ ကိုထွန်းခေါင်ဆီ လိုက်လာတာ မဟုတ်ဘူး"

"ဟင်. . . ကျုပ်အကြောင်းတွေ သိသွားပြီ"

လူကြီးက တုန်လှုပ်သွားဟန်ဖြင့် မေးလိုက်သည်။

အကျင့်စာရိတ္တ မကောင်းသော မိခင်၏သားအဖြစ် သူ့ကို ရွံရှာမှာလား၊ အချို့လူများသည် မျိုးရိုးဗီဇကို အဓိက ထားကြသည်။ မျိုးရိုးဗီဇမှာ ဖျောက်ဖျက်နိုင်ခဲ့သည် ဆိုကြသော်လည်း စိတ်ဓါတ်မှာ အမြွာများပင် တူနိုင်ခဲ့ကြသည်။

"အားလုံးကို တန်ခြာသိခဲ့ပြီ"

"ဘယ်သူပြောသလဲ"

"သူပြောတာ. . . နေဦး"

တန်ခြာ ဇော်ဂန်တို့အိမ်ထဲ ဝင်သွားသည်။

အိတ်ကလေးတစ်လုံး ဆွဲထွက်လာသည်။ သူ့ဆီ လာတုန်းက အိတ်ကလေးပင်။ အနားပြန်ထိုင်သည်။ အိတ်ထဲမှ တစ်စုံတစ်ရာ ဆွဲထုတ်လိုက်သည်။

သားရေဖုံးအနက်နှင့် ခြောက်လက်မခန့် မှတ်စုစာအုပ်ကလေး။ မြင်ဖူးသလိုလိုဖြစ်၍ သူကြည့်လိုက်သည်။

"ဟင်. ."

"လူကြီးစာအုပ်လေ"

"ဪ. . . ဒါကြောင့် မြင်ဖူးတာကိုး"

သူက သဘောကျစွာ ပြုံးရယ်လိုက်သည်။

တန်ခြာ လူကြီးကို မြတ်နိုးစွာ ငေးကြည့်နေမိသည်။ သောကကင်းစင်ပြီး ကြည်လင်ဝင်းပစွာ ရယ်နေသော လူကြီးမျက်နှာသည် ကျက်သရေ ရှိလှပါဘိ။ ထိန်ထိန်သာနေသော လမင်း





အလှသည်ပင်လျှင် လူကြီးကြောင့် မှေးမှိန်သွားသည်ဟု ထင်မိသည်။

"အဖေရော"

"လူကြီးထွက်သွားပြီးကတည်းက ဘုန်းကြီးဝတ်သွားပြီ"

"ဪ. . . ကောင်းတာပေါ့၊ အကောင်းဆုံးအလုပ်ပဲ ဝမ်းသာစရာသတင်းပါ"

လူကြီး လိုက်လှဲဝမ်းသာသွားသည်။

"နောက်. . . လူကြီးကို တွေ့ချင်လို့ လိုက်လာတဲ့လူတွေ ရှိသေးတယ်"

"ဘယ်သူတွေလဲ"

လူကြီးက မျက်မှောင်ချိုပြီး မေးလိုက်သည်။

"တန်ခြာ့ဒယ်ဒီရယ်"

"အယ်. . . ယောက္ခမကြီး ပါတယ်၊ ဒါဖြင့်. . ."

လူကြီးက တန်ခြာဘေးမှ အနည်းငယ် ရွှေ့ထိုင်လိုက်သည်။ တန်ခြာ အသည်းယားသွားသဖြင့် အိတ်ထဲမှ တစ်စုံတစ်ရာနှင့် ဆွဲယူပေါက်လိုက်သည်။ နှင်းဆီပန်းခြောက်ထုပ်လေး။ သူ ဖမ်းယူလိုက်သည်။

"ဘာလို့ ရွှေ့သွားတာလဲ"

"ယောက္ခမကြီး ပါတယ်ဆိုတော့ ရိုသေမှုနဲ့ သူ့သမီးနားက ခွာထိုင်တာလေ"

"လူကြီးနော်. . . ရွှတ်နောက်နောက်နဲ့၊ ဘယ်လိုဖြစ်နေတာလဲ"

"ရူးနေတာလေ. . . အချစ်နဲ့ တွေ့လို့ လူဟာ [illegible]သွားတယ်၊ ပေါရဲသွားတယ်၊ တကယ်ပါ တန်ခြာ၊ မင်းကို [illegible]ချစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘယ်တုန်းက စချစ်ခဲ့တယ်ဆိုတာ ကျုပ်ကိုယ်ကျုပ် မသိခဲ့ပေမယ့် မင်းကို ချစ်နေပြီဆိုတာကို သိလိုက်တဲ့အချိန်တော့ ကျုပ်သိတယ်"

"တန်ဖြာလည်း. သိတယ်"

တန်ဖြာက အားကျမခံ ပြောလိုက်သည်။ အချင်းချင်းပြိုင်အနိုင်ယူလိုကြသည်မှာ ချစ်သူတို့၏သဘာဝပင်။

"ဟင်. . . ကျုပ်စိတ်ကို မင်းသိတယ်"

"ဟုတ်တယ်. . . ဒါကြောင့် တန်ဖြာက သက်သေအဖြစ်သိမ်းထားတာ၊ သူတို့ကို မေးကြည့်လေ"

တန်ဖြာက သူ့ရင်ခွင်တွင်းမှ နှင်းဆီပန်းခြောက်ထုပ်ကလေးကို မေးငေါ့ပြလိုက်သည်။ မှန်သည်။

လူကြီး ထခုန်မတတ် လှိုက်ဖိုသွားသည်။ ရင်ခုန်ခြင်း၊ ကြည်နူးခြင်း၊ ချစ်ခြင်းတို့က သူ့တစ်ကိုယ်လုံး ပျံ့နှံ့နေရာယူနေလေရာ. . .

"အို. ."

လူကြီး တန်ဖြာလက်ကို ဆွဲယူနမ်းလိုက်သည်။

တန်ဖြာက ရှက်ကိုးရှက်ကန်း ပတ်ဝန်းကျင်ကို ကြည့်သည်။ မြင်သူများလည်း ရှိသည်။ မမြင်သူများလည်း ရှိသည်။ တန်ဖြာလက်ကို သိမ်းယူလိုက်သည်။ လူကြီးက လွှတ်ပေးသည်။

"မှန်တယ် တန်ဖြာ၊ မင်းကို ထားခဲ့ပြီး ထွက်သွားပေမယ့်ကျုပ်စိတ်က မင်းဆီမှာ ကျန်ခဲ့တယ်၊ မင်းကို ကျုပ်ကျောပိုးအိတ်လေးထဲ ထည့်ပြီး ခေါ်သွားချင်တယ်၊ အဲဒါ အချစ်ပဲလို့ သိလိုက်ရချိန်မှာ မင်းကို ပန်းတွေ ပေးခြင်းနဲ့ ဖြေသိမ့်လိုက်တာ"

တန်ဖြာ ရင်ခုန်ကြည်နူးစွာ နားထောင်နေမိသည်။ ချစ်သူက ချစ်ဋ္ဌိကာ ဖွင့်ပြခြင်းကို နားထောင်ရသူ၏ကြည်နူးမှုမျိုးကို ဘယ်ကြည်နူးမှု အမျိုးအစားကမှ လိုက်မမီနိုင်ပါ။

"ကျုပ် မင်းကို သိပ်ချစ်ပါတယ် တန်ဖြာ၊ ချစ်လို့ အလင်းရောင်အောက် ပို့ခဲ့တယ်၊ ချစ်လို့ ဝါသနာပါတဲ့ အမဲလိုက်အလုပ်ကိုစွန့်လွှတ်ခဲ့တယ်၊ ချစ်လို့ မင်းဆီကို မခေါ်ဘဲ လိုက်လာတယ်၊ ကျုပ်တို့လက်ထပ်ရအောင်နော်"

လူကြမ်းကြီးသည် နူးညံ့နေသည်။ အချစ်သည် နူးညံ့သိမ်မွေ့မှုကို ဖန်တီးနိုင်စွမ်း ရှိသည်ထင်သည်။

"လိုက်လာတဲ့လူတွေ ကျန်သေးတယ်"

ရှက်ရွံ့သလိုဖြစ်မိသော တန်ဖြာက စကားလမ်းကြောင်းလွှဲလိုက်သည်။

လူကြီးက အားမလိုအားမရဖြစ်ကာ. . .

"ဘယ်သူတွေလဲ. . . ဘာလိုက်ရှုပ်တာလဲ"

"လူကြီးရဲ့အမွေထိန်းရှေ့နေတွေ"

"ဘာလုပ်ဖို့လဲ"

"အဖေ့အမွေ အမေ့အမွေတွေ လွှဲပြောင်းချင်လို့ လူကြီးကိုလိုက်ရှာနေကြတာ ကြာပြီ"

"အတော်ပဲ. . . လွှဲတာ နောက်ထား၊ လက်ထပ်စာချုပ်အရင်လုပ်ခိုင်းရမယ်၊ လာ. . . သွားစို့"

"အို. ."

တန်ဖြာလက်ကို ဆွဲပြီး ထစေသည်။

"ဘယ်လဲ"

"ဒယ်ဒီနဲ့ သူတို့က မြစ်ကြီးနားမှာ ကျန်ခဲ့တယ်၊ ခရီးပန်းလို့အနားယူနေကြတယ်"







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မင်းကရော ခရီးမပန်းဘူးလား"

"မပန်းပါဘူး"

"ဘာဖြစ်လို့လဲ"

"သိသားနဲ့"

တန်ဖြာ ရှက်သွေးဖြာနေသည်။ လူကြီးက တစိမ့်စိမ့် ကြည့်နေသည်။ လရောင်အောက်၌ ချစ်သူရှာ ဟူသောစကားပုံတစ်ခုက မှန်လေသည် မမှန်လေသည်ကို မသိ။

လရောင်အောက်မှာ ရှက်သွေးဖြာနေသော ချစ်သူသည်သာ ကမ္ဘာမှာ အလှဆုံးချစ်သူဖြစ်သည်ဟု သူထင်သည်။

ကွပ်ပျစ်ပေါ်ရှိ သူ့ကျောပိုးအိတ်ထဲ ထိုးထည့်ထားသော ဖိနပ်ကို ထုတ်ယူကာ ပြလိုက်သည်။

တန်ဖြာက အံ့အားသင့်သွားသော မျက်ဝန်းဝိုင်းလေးဖြင့် ကြည့်သည်။

"ချစ်သူကိုယ်စား အလွမ်းပြေ သိမ်းထားခဲ့တာလေ"

"လူကြီးရယ်"

တန်ဖြာ ပတ်ဝန်းကျင်ကို မေ့သွားပြီး တမ်းတခဲ့သော ချစ်သူရင်ခွင်ကြီးထဲသို့ ဝင်လိုက်မိသည်။

လူကြီးက ဖိနပ်လေးနှင့် ပန်းခြောက်ထုပ်လေးကို ကွပ်ပျစ်ပေါ် ပစ်တင်လိုက်ပြီး ရင်ခွင်တွင်း တိုးဝင်လာသောချစ်သူကို ယုယစွာ ပိုက်ထွေးလိုက်သည်။

"လူကြီး. ."

"အင်. ."

"တန်ဖြာ လာတာ ထွဋ်ခေါင်ဆိုတဲ့လူဆီ မဟုတ်ဘူးနော်၊ လူကြီးဆိုတဲ့ တန်ဖြာချစ်သူဆီကို"





"သိပါတယ် တန်ဖြာ. . . ကျုပ်သိပါတယ်၊ ကျုပ်ကိုယ်တိုင်လည်း တန်ဖြာဆိုတဲ့ချစ်သူဆီ လိုက်လာခဲ့ပြီပဲ၊ ကျုပ်အချစ်ကို နားလည်လက်ခံတယ်နော်"

"မေးဖို့ လိုသေးလား"

"ဟာ. . . ဆရာတို့၊ လာ. . . လာ၊ ဒီကချိုးထဲ လိုက်ဝင်က"

ဘရမ် အူယားဖားယား ပြေးလာပြီး လာခေါ်သဖြင့် သူတို့လူချင်း ခွာလိုက်သည်။

"ဘာလဲကွ"

သူက ကျွဲမြီးတိုသံနှင့် မေးသည်။

တန်ဖြာက ကြည်နူးစွာ ရယ်မောလိုက်သည်။

"ဒီအကထဲ ဝင်ကပါ. . . သိပ်နိမိတ်ကောင်းတယ်"

"ဘာအကမို့လို့လဲ ဘရမ်"

တန်ဖြာက မေးလိုက်သည်။ ဘရမ်က. . .

"အောက်ချင်းငှက်အကပါ"

တန်ဖြာနှင့်လူကြီး မျက်လုံးဆုံသွားသည်။ ချစ်သူအပေါ် သစ္စာထားသည့်သူများထဲတွင် အောက်ချင်းငှက်မောင်နှံကို မီသူမရှိပါဟု စာဆိုရှိခဲ့သည်ပဲ။

တစ်ဦးကိုတစ်ဦး ရာသက်ပန် ချစ်ကြည်မြတ်နိုး သစ္စာထားသွားမည်ဟု ရှန်းလက်နေသောမျက်လုံးများဖြင့် ကတိသစ္စာပြုရင်း. . .

လက်ချင်း တွဲကာ မနောပွဲ ကျင်းပ,ကခုန်နေရာဆီသို့ လှမ်းဝင်သွားကြသည်။

ရှေ့လူများကို ကြည့်၍ ကကြိုးပြောင်းလျှင် လိုက်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း ပျော်ရွှင်စွာ ရယ်မောလျက် ကခုန်နေကြသည်။

ဝါးကွပ်ပျစ်အောက်လေး၌ အိပ်နေသောဂုမ္ဘာန်က တစ်ရေးနိုးလာပြီး ကွပ်ပျစ်ပေါ် လှမ်းကြည့်သည်။ သခင်နှင့်သခင်မကို မတွေ့ရ၊ ရပ်၍လှမ်းမျှော်ကြည့်သည်။

ရိုးရာအောက်ချင်းငှက်အက ကခုန်နေသော မောင်နှံများ အကြား ကြည်နူးနေသော သခင်နှင့်သခင်မကို တွေ့လိုက်ရသဖြင့် ဘဝင်ကျသွားသည့်အလား ပြန်ဝပ်သွားသည်။ နောက် ဆတ်ခနဲ ခေါင်းပြန်ထောင်ကာ ကွပ်ပျစ်ပေါ် ကြည့်ပြန်သည်။

"ကြည့် . . . သခင်မတို့ပစ္စည်းတွေ"

ပြန့်ကျဲနေသောနှင်းဆီပန်းခြောက်ကလေးများ၊ ဖိနပ်ပြတ် တစ်ရန်။

ဒိုင်ယာရီ စာအုပ်နက်ကလေးနှင့် ပွင့်နေသော ဂျင်းကျောပိုးအိတ်နှစ်လုံး။

ဂုမ္ဘာန် သက်ပြင်းချပြီး ကွပ်ပျစ်ပေါ် တက်အိပ်လိုက်သည်။

သခင်တို့၏ချစ်သက်သေ အထိမ်းအမှတ်ပစ္စည်းများကို စောင့်ရှောက်ရမှာ သူ့ဝတ္တရားပင်။

သခင်တို့ကတော့ ချစ်သူချင်း တွေ့ကြပြီဆိုတော့ အထိမ်း အမှတ်ပစ္စည်းကလေးများကိုပင် မေ့နေပြီထင့်။

မြပုလဲခင်

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com




www.burmeseclassic.com